ဓမ္မလမ်းစာစဉ်

# ဘဂဝန္တာဒီပနီ

## ဓမ္မကောက်နုတ်ချက်



ဒေါက်တာစိုးလွင် (မန္တလေး)

" နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ "
ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား ဤစမ္မစာစုဖြင့်
ရှိသေစွာ ကန်တော့ပါ၏။

# ဘာဝနာဒီပနီ
# စမ္မကောက်နှုတ်ချက်

ဒေါက်တာစိုးလွင် (မန္တလေး)

# မာတိကာ


ဘာဝနာ ၄၀-အမိပ္ပါယ်အကျဉ်း - ၃

ရုပ်နာမ်တို့၌ နိမိတ္တဟု စွဲလမ်းပုံ - ၆

ရုပ်၌ အနိစ္စာနုပဿနာ - ၈

၃၂ - ကောဋ္ဌာသ၌ ခတ်ခွဲပုံ -၁၅

ဣရိယာပုထ် ၄-ပါးနှင့် ရူပက္ခန္ဓာ -၁၉

သန္တတိပစ္စုပ္ပန်- -၂၃

နာမက္ခန္ဓာ ၄-ပါးတို့၌ အနိစ္စလက္ခဏာ -၂၅

မြင်-သိနှစ်ချက်ဖြစ်ပုံ -၂၆

ဝိညာဏ်နှင့်သညာအထူး -၂၈

သိမှု ၂-မျိုး -၃၀

သမ္မာဒိဋ္ဌိနှင့်မိစ္ဆာဒိဋ္ဌိ -၃၁

ကာယဝိညာဏ်သိနှင့်မနောဝိညာဏ်သိ -၃၅

စက္ခုသိ၊ မနောသိ၊ ပုဂ္ဂိုလ်သိ -၃၈

မြင်မှု, သိမှုကို တစ်ပြိုင်တည်း မှတ်ထင်ခြင်း -၃၉

နိစ္စနိမိတ်-အနိစ္စလက္ခဏာ-အနိစ္စဝိပဿနာ -၄၂

သုခနိမိတ်-ဒုက္ခလက္ခဏာ-ဒုက္ခဝိပဿနာ -၄၆

အတ္တနိမိတ်-အနတ္တလက္ခဏာ-အနတ္တဝိပဿနာ -၅၃

# ဘာဝနာဒီပနီ

## (လယ်တီဆရာတော်ဘုရားကြီး)

## ဘာဝနာ ၄၀-အဓိပ္ပါယ်အကျဉ်း

ဘာဝနာ ၄၀-ဆောင်ပုဒ်ကို အကျဉ်းပြဆိုခန်း

**ခန္ဓာ ၅-ပါး။** ။ ခန္ဓာတို့သည် -

၁။ ရူပက္ခန္ဓော - ရုပ်အစုဟူသော ရူပက္ခန္ဓာ

၂။ ဝေဒနာက္ခန္ဓော - ခံစားမှုအစုဟူသော ဝေဒနာက္ခန္ဓာ

၃။ သညာက္ခန္ဓော - အမှတ်ပြု၍ သိမှုအစုဟူသော သညာက္ခန္ဓာ

၄။ သင်္ခါရက္ခန္ဓော - စိတ်၏ စေ့ဆော်မှု, ပြုပြင်မှုအစုဟူသောသင်္ခါရက္ခန္ဓာ

၅။ ဝိညာဏက္ခန္ဓော- အာရုံကိုသိမှုအစုဟူသော ဝိညာဏက္ခန္ဓာ

ဣမေ = ဤသည်တို့ကား၊ ပဉ္စက္ခန္ဓာ = ငါးပါးသောခန္ဓာတို့တည်း။

**အနိစ္စလက္ခဏာ ၁၀-ပါး**

ဣမေ ပဉ္စက္ခန္ဓာ = ဤငါးပါးသောခန္ဓာတို့သည်-

၁။ အနိစ္စာ - မြဲခြင်းသဘော မရှိကုန်။

၂။ အဓုဝါ - ခိုင်မာခြင်းသဘော မရှိကုန်။

၃။ အသာရာ - အနှစ်သာရ မရှိကုန်။

၄။ စလာ - ရွေ့ရှားတတ်ကုန်၏။

၅။ ပလောကဓမ္မာ - ပျက်စီးခြင်းသဘော ရှိကုန်၏။

၆။ ဝိပရိဏာမဓမ္မာ - ဖောက်ပြန်ခြင်းသဘော ရှိကုန်၏။

၇။ မရဏဓမ္မာ - သေဆုံးခြင်းသဘော ရှိကုန်၏။

၈။ ဝိဘဝဓမ္မာ - ဆုံးရှုံးခြင်းသဘော ရှိကုန်၏။

၉။ သင်္ခတာ - အဖန်ဖန် ပြုပြင်အပ်ကုန်၏။

၁၀။ ပဘင်္ဂုနော - ဖရိုဖရဲ ပြိုကွဲခြင်းသဘော ရှိကုန်၏။

## ဒုက္ခလက္ခဏာ ၂၅-ပါး

ကာမေ ပဉ္စက္ခန္ဓာ = ဤငါးပါးသောခန္ဓာတို့သည်-

၁။ ဒုက္ခာ - ယုတ်မာ ညစ်ဆိုး ဒုက္ခမျိုးတို့သာတည်း။

၂။ ဘယ - ကြောက်ဖွယ်ညစ်ဆိုး ဘေးရန်မျိုးတို့သာတည်း။

၃။ ဤတီ - ထိတ်လန့်စဖွယ် အန္တရာယ်မျိုးတို့သာတည်း။

၄။ ဥပဒ္ဒဝါ - လွန်စွာကပ်ရပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးတို့သာတည်း။

၅။ ဥပသဂ္ဂါ - တွယ်တာစွဲကပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးတို့
သာတည်း။

၆။ ရောဂါ - ကျင်နာညစ်ဆိုး ရောဂါမျိုးတို့သာတည်း။

၇။ အာဗာဓာ - နှိပ်စက်ညစ်ဆိုး အနာမျိုးတို့သာတည်း။

၈။ ဂဏ္ဍာ - မဖွယ်ရုပ်ဆင်း ထွက်မြင်းအနာမျိုးတို့သာတည်း။

၉။ သလ္လာ - စူးဝင်ညစ်ဆိုး မြားငြောင့်မျိုးတို့သာတည်း။

၁၀။ အဃာ - အကျိုးယုတ်, အကျိုးမဲ့မျိုးသာတည်း။

၁၁။ အတာဏာ- စောင့်ရှောက်မဲ့လျှင်း ဘေး၏အသင်းတို့သာတည်း။

၁၂။ အလေဏာ- ကွယ်ကာမဲ့လျှင်း ဘေး၏အသင်းတို့သာတည်း။

၁၃။ အသရဏာ- ကိုးရာမဲ့လျှင်း ဘေး၏အသင်းတို့သာတည်း။

၁၄။ အာဒီနဝါ - ဆိုးဝါးညစ်ကျူ အပြစ်စုတို့သာတည်း။

၁၅။ အဃမူလာ - ကျိုးမဲ့ခပင်း ဆင်းရဲခြင်း၏ အရင်းအမြစ်တို့သာတည်း။

၁၆။ ဝဓကာ - လူ, နတ်, ဗြဟ္မာ, သတ္တဝါကို နာရီမလပ် အတွင်
သတ်သည့် သူသတ်မျိုးရိုးသာတည်း။

၁၇။ သာသဝါ - အာသဝေါတရား လေးပါးတို့၏ အစီးအပွါးတို့
သာတည်း။

၁၈။ မာရာမိသာ- ကိလေသာမာရ်, မစ္စုမာရ်တို့၏ စားဖတ်, ဝါးဖတ်

သုံးသပ်နင်းနယ်ရာတို့သာတည်း။

၁၉။ ဇာတိဓမ္မာ - သတ္တဝါကို မညှာမငဲ့ အရွဲ့အစောင်း မကောင်းဆိုး ညစ် ဖြစ်ချင်တိုင်း ဖြစ်တတ်သောသဘောရှိကုန်၏။

၂၀။ ဇရာဓမ္မာ - ဆုတ်ယုတ် လျော့ပါးခြင်းသဘော ရှိကုန်၏။

၂၁။ ဗျာဓိဓမ္မာ - နာခြင်းသဘောရှိကုန်၏။

၂၂။ သောကဓမ္မာ - စိုးရိမ် ပူပန်ရခြင်းသဘော ရှိကုန်၏။

၂၃။ ပရိဒေဝဓမ္မာ - ငိုကြွေး မြည်တမ်းရခြင်းသဘောရှိကုန်၏။

၂၄။ ဥပါယာသဓမ္မာ- သက်ကြီးရှိုက်ငင် ပင်ပန်းရခြင်းသဘော ရှိကုန်၏။

၂၅။ သံကိလေသိကဓမ္မာ - တဏှာ, ဒိဋ္ဌိ, ဒုစ္စရိတတည်းဟူသော ညစ် နွမ်းခြင်း သုံးပါးကို ပွါးစီးစေတတ်သော သဘောရှိကုန်၏။

**အနတ္တလက္ခဏာ ၅-ပါး**

ဣမေ ပဉ္စက္ခန္ဓာ = ဤငါးပါးသောခန္ဓာတို့သည်

၁။ အနတ္တာ - ကိုယ်မဟုတ်ကုန်၊အစိုးမရကုန်၊အလိုသို့မလိုက်ကုန်။

၂။ ပရေ - အကျွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်းပြင်ပတို့ သာတည်း။

၃။ ရိတ္တာ - အနှစ်သာရဟူသမျှနှင့် မြူစ, မယှဉ် အစဉ်ဆိတ်ကင်း သောတရားတို့သာတည်း။

၄။ တုစ္ဆာ - ကောင်းမြတ်ချမ်းသာ မင်္ဂလာသုခဟူသမျှနှင့် မြူစမနီး အချည်းနှီးသော တရားတို့သာတည်း။

၅။ သုညာ - ထောက်ရာတည်ရာ ကိုးကွယ်ရာမျိုး တစိုးတစိမရှိ လုံးလုံး အသုံးမကျသောတရားတို့သာတည်း။

အနိစ္စလက္ခဏာ ၁၀-ပါး, ဒုက္ခလက္ခဏာ ၂၅-ပါး, အနတ္တလက္ခဏာ ၅-ပါး၊ စုစုပေါင်း ဘာဝနာ (၄၀)ဖြစ်၏။

## ရုပ်နာမ်တို့၌ နိမိတ္တဟု စွဲလမ်းပုံ
## အရိပ်နှစ်မျိုး

သစ်ပင်ရှိသော် ယင်းကိုစွဲ၍ သစ်ပင်ရိပ် ပေါ်မြဲဖြစ်၏၊ ထိုသို့ပေါ်ရာ၌ သစ်ပင်သည် အရိပ်မဟုတ်၊ အရိပ်သည် သစ်ပင်မဟုတ်၊ သစ်ပင်ကိုစွဲ၍ အရိပ်ဖြစ်၏။ သစ်ပင်, သစ်ကိုင်း, သစ်ရွက်တို့သည်လည်း အဋ္ဌကလာပ် ရုပ်အစုတို့ကို စွဲ၍ပေါ်သော အရိပ်သာတည်း၊ အဋ္ဌကလာပ် ရုပ်အစုတို့သည် သစ်ပင်, သစ်ကိုင်း စသည်တို့ မဟုတ်ကြကုန်၊ သစ်ပင်, သစ်ကိုင်းတို့သည်လည်း အဋ္ဌကလာပ်ရုပ်အစု မဟုတ်ကြကုန်။ အဋ္ဌကလာပ် ရုပ်အစုကိုစွဲ၍ သစ်ပင်, သစ်ကိုင်းစသော သဏ္ဌာန်တို့သည် ဖြစ်ပေါ်၏၊ သစ်ပင်, သစ်ကိုင်းသဏ္ဌာန်တို့ကိုစွဲ၍ သစ်ပင်ရိပ်, သစ်ကိုင်းရိပ်စသော အရိပ်တို့သည် ဖြစ်ပေါ်ကုန်၏။

## ရုပ်နာမ်မှ အရိပ် ၂-မျိုးပေါ်ခြင်း-

ဤသို့လျှင် သစ်ပင်၌ရှိသော အဋ္ဌကလာပ်ရုပ်အစုတို့မှ အရိပ်နှစ်မျိုးပေါ်၏။ သစ်ပင်သဏ္ဌာန်, သစ်ကိုင်းသဏ္ဌာန်စသော ပဌမအရိပ်သည် အဋ္ဌကလာပ် ရုပ်အစုတို့ကို မှီ၍ပေါ်၏။ သစ်ပင်ရိပ်, သစ်ကိုင်းရိပ်စသော ဒုတိယအရိပ်တို့ကား မြေပြင်၌ ပေါ်ကြကုန်၏။

ပကတိလူတို့သည် ဤဒုတိယအရိပ်ကိုသာ အရိပ်ဟုသိကြ၏၊ ပဌမအရိပ်ကို အရိပ်ဟုမသိကြ။ ထို့အတူ သတ္တဝါတို့၌လည်း-ရုပ်ခန္ဓာတို့မှ အရိပ်နှစ်မျိုး ထွက်၏၊ ဦးခေါင်းသဏ္ဌာန်, ကိုယ်သဏ္ဌာန်, ခြေသဏ္ဌာန်, လက်သဏ္ဌာန်, လည်ပင်းသဏ္ဌာန်ဟူသော အရိပ်နှင့် ပုဂ္ဂိုလ်အသွင်, သတ္တဝါအသွင်ဟူသော အရိပ်တို့ဖြစ်ကြကုန်၏။

**ပဌမအရိပ်**။ ။အကျုံးမြူ ပရမာအကျုံးမြူမျှ အထည်ဝတ္ထုဒြပ်သဏ္ဌာန်သည်ကား ပဌမအရိပ်မျိုးတည်း။

**ဒုတိယအရိပ်**။ ။နေရောင်ကိုစွဲ၍ မှန်ပြင် ရေပြင်တို့၌ပေါ်သော အရိပ်ကား ဒုတိယအရိပ်မျိုးတည်း။

**နာမ်ခန္ဓာအရိပ်-**

နာမ်ခန္ဓာတို့မှထွက်သောအရိပ်ကား မြင်သောအသွင်, ကြားသော အသွင်, ကြံသောအသွင်, သိသောအသွင်, သာယာသောအသွင်, မသာယာ သောအသွင်, အမျက်ထွက်သောအသွင်, ကြည်ဖြူသောအသွင်, မကြည် ဖြူသောအသွင် စသည်တို့သည် နာမ်ခန္ဓာတို့မှထွက်၍ ရုပ်ခန္ဓာတို့၌ ထင်သောအရိပ်တည်း။

**ခန္ဓာငါးပါးမှအရိပ်-**

ခန္ဓာငါးပါးတို့မှ ထွက်သောအရိပ်ကား ကိုယ်အင်္ဂါကြီးငယ်တို့ လှုပ်သောအသွင်, ရပ်သောအသွင်, သွားသောအသွင်, ကွေးသောအသွင်, ဆန့်သောအသွင်, ထိုထိုအမှုကို ပြုသောအသွင်, ပြောဆိုသောအသွင် စသည်ဖြင့် ထင်မြင်ကြသမျှ အလုံးစုံတို့သည် ခန္ဓာငါးပါးတို့မှ ထွက်သော အရိပ်တို့တည်း၊ ဤသို့လျှင် ခန္ဓာငါးပါးတို့နှင့်စပ်၍ ထင်မြင်ရသောအရိပ် အသွင်တို့ကို "နိမိတ္တ"ဟု ဆိုသတည်း။

---- **အနိစ္စာနုပဿနာဉာဏ် (ရုပ်နာမ်၌ အနိစ္စရှုပုံ)-**

**(သစ်ပင်၌ အမှန်ရှိရင်း)**ဖြစ်ကုန်သော **(အဋ္ဌကလာပ်ရုပ်)** တို့ကိုငှင်း, ထိုရုပ်တို့၌ရှိသော**(အနိစ္စအချက်)**ကိုငှင်း **(ဉာဏ်အမြင်)** ပေါက်သည်ရှိသော် သစ်ပင်, သစ်ကိုင်း, သစ်ရွက်, အစရှိကုန်သော ပဋ္ဌမ အရိပ်တို့သည် ဉာဏ်၌ ကွယ်ပျောက်ကုန်၏၊ **(စိတ်အာရုံမှာသာ မျက်လှည့်အသွင်)**ကဲ့သို့ ထင်မြင်ရသော **(အရိပ်မျိုး, နိမိတ်မျိုး, အသွင် သဏ္ဌာန်မျိုး)**တို့သာတည်းဟု ဉာဏ်၌ ရှင်းလင်းစွာ မြင်၏။

## မျက်လှည့်ပမာ ပုဂ္ဂိုလ်သတ္တဝါ

သတ္တဝါတို့၌ အမှန်ရှိရင်းဖြစ်သော ရုပ်ဓာတ် နာမ်ဓာတ်တို့၏ အနိစ္စအချက်ကို ဉာဏ်အမြင်ပေါက်သည်ရှိသော် ပုဂ္ဂိုလ်သတ္တဝါအစရှိကုန်သော ရုပ်နိမိတ် နာမ်နိမိတ်တို့သည် ဉာဏ်၌ ကွယ်ပျောက်ကုန်၏။

**(စိတ်အာရုံမှာ မျက်လှည့်အသွင်)**ကဲ့သို့ ထင်မြင်ရသော **(အရိပ်မျိုး၊ နိမိတ်မျိုး၊ အသွင်သဏ္ဌာန်မျိုး)**သာတည်းဟု ဉာဏ်၌ ရှင်းလင်းစွာမြင်၏။ ပုဂ္ဂိုလ်ဒြပ်၊ ပုဂ္ဂိုလ်အမူအရာ အလုံးစုံ ကွယ်ပျောက်သည်ရှိသော် ငါသူတစ်ပါး၊ ယောက်ျားမိန်းမဟူသော အသွင်သဏ္ဌာန် အရိပ်တို့လည်း ကွယ်ပျောက်ကုန်လတ္တံ့။

## ရုပ်၌ အနိစ္စာနုပဿနာ

ယခုအခါ ရူပက္ခန္ဓာ၌ အနိစ္စာနုပဿနာ ရှုပွါးနည်းကို သိသာရုံပြဆိုအံ့။

၁။ နူးညံ့, ခက်မာ ကိရိယာ၊ နှစ်ဖြာ မြေဓာတ်စစ်။

၂။ ဖွဲ့စေး, စီးယို နှစ်ပါးကို၊ ခေါ်ဆို ရေဓာတ်စစ်။

၃။ ပူမှု, အေးမှု ဤနှစ်ခု၊ ခေါ်မှု မီးဓာတ်စစ်။

၄။ ထောက်ကန်, လှုပ်ရှား ဤနှစ်ပါး၊ ခေါ်ပြားလေဓာတ်စစ်။

၅။ ထွေထွေကိရိယာ ပိုင်းခြားရာ၊ အာကာဓာတ်အစစ်။

အဏုမြူမျှ အထည်ဝတ္ထု ဒြပ်သဏ္ဌာန် နိမိတ်အသွင် ထင်မြင်လျှင် အရှိမဟုတ်ပြီ၊ အဏုမြူတစ်ခုအတွင်း၌ ကလာပ်ဖွဲ့ အများရှိ၏၊ အာကာသခြားရှိ၏၊ အစိတ်အဖြာကွဲမှုဟူသမျှသည် ကလာပ်ခြားမှ ကွဲမှုတည်း၊ အဏုမြူအမည်ကွယ်ပျောက်၍ပရမာအဏုမြူ ဖြစ်ကုန်၏။ ထိုပရမာအဏုမြူတို့ အသီးသီးစိတ်ဖြာကြလျှင် ပရမာအဏုမြူ ကွယ်ပျောက်ကုန်၏။

ဤသို့လျှင် အဏုမြူဓာတ်, အဏုမြူကလာပ်ဟူ၍မရှိ၊ နိမိတ္တမျိုးသာဖြစ်၏၊ ပရမာအဏုမြူဓာတ်, ပရမာအဏုမြူ ကလာပ်ဟူ၍မရှိ၊ နိမိတ္တ

မျိုးသာဖြစ်၏။ **(ပရမာအဏုမြူ)**ကား ပကတိမျက်စိဖြင့် မမြင်အပ်၊ **(ဒိဗ္ဗစက္ခု အဘိညာဉ်)**ဖြင့်သာ မြင်အပ်၏၊ ထိုပရမာအဏုမြူမှာပင် ပထဝီပေါင်းများစွာ, အာပေါပေါင်းများစွာ, တေဇောပေါင်းများစွာ, ဝါယောပေါင်းများစွာ, ကလာပ်ခြား အာကာသပေါင်း များစွာရှိ၏၊

ထို့အတူ နေရောင်, လရောင်, ကြယ်ရောင်, မီးရောင်, လျှပ်ရောင်တို့၌၄င်း။ သစ်ရိပ်, လူရိပ်, နေရိပ်, လရိပ်, တိမ်ရိပ်တို့၌၄င်း၊ အသံမျိုး၊ လေမျိုး၊ အနံ့အမျိုးမျိုးတို့၌၄င်း၊ မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်ဟူသော မဟာဘုတ်ရုပ်တို့သည် ပါရှိကုန်၏၊ မဟာဘုတ်ရုပ်တို့နှင့်ကင်း၍ ရုပ်ဖြစ်ခြင်းမည်သည်မရှိ၊ **(မဟာဘုတ်ရုပ်တို့သည် ခပ်သိမ်းသောရုပ်တို့၏ အထည်ခံ အမာခံ)**ဖြစ်ကြကုန်၏။ ဤသည်လည်း မဟာဘုတ်ရုပ်တို့၏ သိမ်မွေ့လှပုံကို သိမြင်ရန် အချက်တည်း။

## မဟာဘုတ်လေးပါးနှင့်အာကာသ

**အာကာသဓာတ် ၂-ပါး။** ။ အပြိုင်ဖြစ်သော ကလာပ်ဖွဲ့တို့၏ အချင်းချင်းခြားမှုနှင့် ရှေ့နောက်အစဉ်ဖြစ်သော ရုပ်ဟောင်း, ရုပ်သစ်တို့၏ ဘင်စွန်း, ဥပါဒ်စွန်းခြားမှုဟူ၍ ၂-ပါးရှိ၏။

အပြိုင်ဖြစ်သော ကလာပ်တို့၏ အချင်းချင်းခြားမှုကို ရှေး၌ အဏုမြူ, ပရမာဏုမြူတို့ကို ခွဲ၍ပြဆိုခဲ့ပြီ။ ရှေ့နောက်အစဉ်ဖြစ်သော ရုပ်ဟောင်း, ရုပ်သစ်တို့၏ဘင်စွန်း-ဥပါဒ်စွန်းခြားမှု၌ ခပ်သိမ်းသော ရုပ်နာမ်တရားတို့မည်သည် **(ကြိယာ)**မျှသာဖြစ်ကုန်၏။ ထို့ကြောင့် **(အမူအရာ)**တစ်မျိုးသည် **(ရုပ်နာမ်)**တစ်မျိုးပေတည်း။ ထိုတွင် ရုပ်အမူအရာတစ်မျိုးနှင့် တစ်မျိုး၏အကြား၌ အာကာသ ပရိစ္ဆေဒခြားမြဲတည်း။

**အာကာသခြားပုံ။** ။-လူတို့၌ အရေးပါးနှင့်အရေထူအကြား၌ အာကာသခြား၏၊ အပေါ်ရုံအရေပါးကို အသီးအခြားခွါယူလျှင်ရ၏၊ အရေထူနှင့်

အသားအကြား၌ အာကာသခြား၏၊ အရေထူကို သီးခြားခွါယူလျှင်ရ၏၊ အရိုးတို့နှင့်အသားအကြား၌ အာကာသခြား၏၊ အသားကို အသီးခြားခွါယူသော်ရ၏။ ဤအာကာသမျိုးကား ဟင်းလင်းမြင်ရသော အာကာသမျိုး မဟုတ်၊ အစွန်းနှစ်ခု ထိစပ်လျက်ရှိသော်လည်း အကြားအလပ် ကောန်ရှိ၏။

## ဓာတ်ကြီးလေးပါးနှင့် ချိပ်ခဲဥပမာ

**ပထဝီအာကာသ-** - အလွန်မာသောချိပ်ခဲကို ပြင်းစွာပူသော မီးကျီးစု၌ ကျရောက်သည်နှင့် မီးရှိန်သည် အစဉ်အတိုင်းလောင်လေရာ အအေးမီးဓာတ်သည် အစဉ်အတိုင်းချုပ်၏၊ ထို့အခါ အတူဖြစ်ဘက် ခက်မာမှုသည်လည်း အအေးမီးဓာတ်နှင့်အတူချုပ်၏။ ထို့နောက် အပူမီးဓာတ်နှင့်အတူ နူးညံ့မှု အဆင့်ဆင့်ဖြစ်ပေါ်လာသဖြင့် ချိပ်ရည်ဖြစ်လာ၏၊ စေ့စေ့ကြည့်လျှင် ခက်မာမှု ပျောက်သွားမှု, ပျော့ပျောင်းလာမှု, အစိုင်အခဲကျေသွားမှု, အရည်ဖြစ်ပေါ်မှုတို့ကို ဒိဋ္ဌမြင်ရ၏။ ခက်မာမှု အဆင့်ဆင့်ချုပ်ကွယ်၍ နူးညံ့မှု အဆင့်ဆင့် ဖြစ်ပေါ်လာ၏၊

တစ်ဖန်ရေလောင်းသော် အပူမီးဓာတ်ချုပ်ငြိမ်းပြီး အအေးမီးဓာတ် ဖြစ်ပေါ်လာပြန်လျှင် နူးညံ့မှုအဆင့်ဆင့်ချုပ်၍ ခက်မာမှုအဆင့်ဆင့် ဖြစ်ပေါ်ပြန်၏၊ ဤချိပ်ခဲ, ချိပ်ရည်ဟူသော နိမိတ္တာဓမ္မကြီးကို နှလုံးမသွင်းမူ၍ ခက်မာမှု, နူးညံ့မှုဟူသော ပထဝီဓာတ်စစ်ကိုသာ ဉာဏ်နှင့်စိုက်၍ကြည့်လေ။

**ပထဝီဓာတ် ဖြစ်ပုံပျက်ပုံ** -- ခက်မာမှုပထဝီသည် အရည်ဖြစ်သည့်တိုင် ပကတိအတိုင်း တည်နိုင်သလော၊ ခက်မာမှုပထဝီ ပျက်သွား၍ နူးညံ့မှုပထဝီ ဖြစ်ပေါ်လာခြင်းသည် ဉာဏ်၌ ထင်ရှားစွာ မြင်နိုင်၏။ ရှေးရှေး ပထဝီ ပျက်မှုအဆုံးနှင့် နောက်နောက်ပထဝီ ဖြစ်မှုအစတို့၏အကြား၌ အာကာသပရိစ္ဆေဒ အခြားရှိသည်ကို ဉာဏ်၌ မြင်ရာ၏။ ဤအာကာသ ပရိစ္ဆေဒကား အလွန်စိပ်၏၊ မျက်တောင်တစ်ခတ်မျှပင် အရာအထောင်

မကစိပ်၏၊ ဉာဏ်၌ ပထဝီကြိယာ တစ်မျိုးတစ်မျိုးအနေနှင့် ထင်ရှားရာကို သာကြည့်လေ၊ ခက်မာမှုတစ်ပိုင်း, ပျော့မှုတစ်ပိုင်း, အရည်တစ်ပိုင်း၊ ဤသို့ ၃-မျိုးပိုင်း၍ကြည့်ရာ၏။ ပျက်မှုကိုကြည့်သောအခါ တစ်ပိုင်း တစ်ပိုင်း သီးသန့်ခြား၍ကြည့်လေ။

**အာပေါအာကာသ**-- အာပေါ၌လည်း ပကတိခက်မာမှုမှစ၍ အရည်ဖြစ်သည့်တိုင်အောင် ဖွဲ့စေးမှု အာပေါဓာတ်၏ အဆင့်ဆင့် ပျောက်ပျက်သွားပုံ, ယိုစီးမှု အာပေါဓာတ်၏အဆင့်ဆင့် ဖြစ်ပေါ်သွားပုံ, တစ်ဖန် အရည်မှာရှိသော ယိုစီးမှုမှစ၍ ပကတိခက်မာမှုဖြစ်သည့်တိုင် အောင် ယိုစီးမှုအဆင့်ဆင့် ချုပ်ပျောက်ပုံ, ဖွဲ့စေးမှုအဆင့်ဆင့် ဖြစ်ပေါ် ပုံကို အာကာသပရိစ္ဆေဒနှင့် ပိုင်းခြား၍ကြည့်လေ။

**တေဇောအာကာသ** -- တေဇော အာကာသ၌လည်း အေးမှု အဆင့်ဆင့်, ပူမှု အဆင့်ဆင့်တို့ကို ပိုင်းခြားကြည့်လေ။

**ဝါယောအာကာသ**--ဝါယောအာကာသ၌လည်း ထောက်ကန် တောင့်တင်းမှု အဆင့်ဆင့်, လှုပ်ရှားမှု အဆင့်ဆင့်တို့ကို ပိုင်းခြားကြည့်လေ။

## ဓာတ်ကြီးလေးပါးနှင့်ကြိမ်လုံးဥပမာ

ကြိမ်တစ်လုံးကို ကိုင်းညွတ်ရာ၌ အလုံးအရှည်ဟူသော နိမိတ္တဓမ္မ ကြီးကို နှလုံးမသွင်းပဲ ခက်မာမှုဟူသော ပထဝီဓာတ်၌ ကြည့်ပုံကား ဖြောင့်သောအခါ၌ရှိသော ခက်မာမှုပထဝီသည် ကွေးသည့်တိုင်အောင် ပကတိအတိုင်း တည်နေနိုင်၏လောဟုဆင်ခြင်သော် စ၍ညွတ်သည်မှ အစဉ်အတိုင်း ပျောက်ကွယ်သွားသည်ကိုလည်းကောင်း, ခက်မာမှု အသစ်အသစ်တို့ အဆင့်ဆင့်ဖြစ်ပေါ်လာသည်ကိုလည်းကောင်း ဉာဏ်၌ မြင်နိုင်၏။

ထိုကြိမ်လုံးကို တစ်ဖန်ပြန်၍ဖြောင့်ရာ၌လည်း ထို့အတူကြည့်လေ။

ပထဝီအာကာသကို ခြားနားစွာထင်မြင်နိုင်ပါလျှင် ခက်မာမှုပထဝီနှင့် အတူဖြစ်သော အာပေါ, တေဇော, ဝါယောအာကာသတို့ကိုလည်း မြင်နိုင်တော့သည်။ တစ်ခုသော အမူအရာကြိယာကို ပရမတ်ဓာတ်တစ်ခု ဆိုလျှင် **(လှုပ်ရှားမှုမည်သည် ကြိယာအမျိုးမျိုး ပြောင်းလဲမှု)**ပေတည်း၊

ထို့ကြောင့် ပရမတ်ဓာတ်တစ်ခုသည် ဆံတစ်ဖျားမျှလှုပ်ရှားရိုးမရှိ၊ ပကတိမူလအတိုင်းသာပျက်၏၊ ရွေ့ရှားခြင်း ကွခြင်း ရွခြင်းဟူ၍မရှိ။ လူတို့သိမြင်နိုင်သော လှုပ်ရှားမှု, ရွေ့ရှားမှု, ဆုတ်မှု, တိုးမှုအားလုံးသည် **(ပရမတ်ဓာတ် အသစ်, အဟောင်း ပြောင်းလဲမှုသာတည်း။)**

## ဖြစ်မှု ပျက်မှု အာကာသမှု ဟူသောဓမ္မ(၃)ပါး

ချိပ်ခဲ၌ မီးပြင်းထိလိုက်သည်နှင့်တစ်ပြိုင်နက် ချိပ်ခဲအမူအရာ တစ်မျိုး ပြောင်းလဲမှုကို မျက်စိနှင့်မြင်သကဲ့သို့ အမူရာဟောင်း ပျက်သည် ကိုလည်းမြင်၏၊ အမူရာသစ် ဖြစ်သည်ကိုလည်းမြင်၏၊ **(မျက်မြင်သည် ကား ဌီခဏသို့ ရောက်ဆဲကိုသာမြင်၏၊ ပျက်မှုအစွန်း, ဖြစ်မှုအစွန်း တို့ကို မြင်ရိုးမဟုတ်၊ အစွန်းနှစ်ခုတို့၏အကြား အာကာသ ပရိစ္ဆေဒကို လည်း မြင်ရိုးမဟုတ်၊ အဟောင်း, အသစ်ဌီချင်းသာ ဆက်၍မြင်၏။)**

ထိုသို့မြင်ရာတွင် အမူအရာမတူသည်ကိုသာမြင်၍ **(မနောဒွါရ ဖြင့် ရုပ်ပြောင်းလဲမှု)**ကို လောကဉ်အလိုအားဖြင့်သိကြ၏၊ အမူအရာ ဟောင်းပျက်သည်ဟု သိကြ၏၊ အမူအရာသစ်ဖြစ်သည်ဟုသိကြ၏၊ အမူအရာခြားသည်ဟု သိကြ၏။ ယင်းတွင်-

၁။ အမူအရာ**(ဟောင်းပျက်)**သည်ဟု သိမှုကား
 **(ဘင်)**ကို သိမှုတည်း။

၂။ အမူအရာ**(သစ်ဖြစ်)**ပေါ်သည်ဟု သိမှုကား
 **(ဥပါဒ်)**ကို သိမှုတည်း။

၃။အမူအရာ**(ခြား)**သည်ဟု သိမှုကား
**(အာကာသပရိစ္ဆေဒ)**ကို သိမှုတည်း။

**မရဏဓာတ်** --အမူအရာ**(အပေါင်းပျက်မှု)**ကား မရဏဓာတ်ဟု သီးခြားဓာတ်တစ်ပါးအနေနှင့်မသိကြ၊ စိတ်၌ စွဲထင်နေသော ချိပ်အခဲပျက်မှုအနေနှင့်သာ ထင်ကြ၏။

**ဇာတိဓာတ်** - ထို့အတူ အမူအရာ**(အသစ်ဖြစ်မှု)**ကိုလည်း သီးခြားဇာတိ ဓာတ်တစ်ပါးဟုမသိကြ။

**အာကာသဓာတ်** - အမူအရာ **(ခြားမှု)**ကိုလည်း အာကာသပရိစ္ဆေဒ ဓာတ်တစ်ပါးဟု မသိကြ။

**(ချိပ်ခဲ)**ဟူသော ဧကန်ရှိမဟုတ်သည့် **(နိမိတ္တကြီး)**ကို ဉာဏ်နှင့်ဖယ်၍ ခက်မာမှု, အေးမှု, ပူမှုဟူသော ပရမတ်ဓာတ်ကို ဉာဏ်နှင့်ကြည့်တတ်မှသာ ထိုမရဏဓာတ်, ဇာတိဓာတ်, အာကာသဓာတ်တို့သည် ဓာတ်အသီးအခြားအဖြစ် သိမြင်နိုင်သည်။ ဤဓမ္မသုံးပါးကို ဉာဏ်အမြင်၌ထင်ရှားပေါ်လွင်လာအောင် အားထုတ်ရသည်၊ သတိအထူးရကြစေ။

ဤမျှဖြင့် အနိစ္စတရားသည် ငါတို့ နဂိုအသိစိတ်မှာပင် ပါပြီးသားတည်း၊ မမှီနိုင်သောတရားမဟုတ်၊ ဉာဏ်၌ **(နိမိတ္တဓမ္မကို ပယ်ရှားမှုလိုနေသည့်)** အတွက်ကြောင့်သာ **(အနိစ္စကိုမြင်လျက်နှင့် အနိစ္စမှန်းမသိ)**ကြကုန်သည်ဟု အားတက်ရန် ပြဆိုသတည်း။

## အနိစ္စလက္ခဏာကို မထင်မြင်နိုင်ပုံ

အဋ္ဌကထာတို့၌လည်း အနိစ္စလက္ခဏာသည် ဉာဏ်၌ အဘယ်ကြောင့်မထင်လေသနည်းမူကား- ဖြစ်မှု-ပျက်မှုကို **(ဓာတ်အသီးအခြားဟု ထင်ရှားအောင် နှလုံးမသွင်း)**သဖြင့်, **(သန္တတိပညတ်)**ဟူသော **(နိမိတ္တဓမ္မ)** ဖုံးနေသောကြောင့် အနိစ္စလက္ခဏာသည် ဉာဏ်၌ မထင်ခြင်းဖြစ်သည်။ ဖြစ်မှု-

ပျက်မှုကို ဓာတ်အသီးအခြားဟု ဉာဏ်နှင့်သိမ်းဆည်း၍ သန္တတိပညတ် တည်းဟူသော နိမိတ္တဓမ္မကို ဉာဏ်နှင့်ပယ်ရှားသည်ရှိသော် အနိစ္စလက္ခဏာ သည် **(ဟုတ်တိုင်းမှန်သော မိမိကိစ္စနှင့်တကွ ဉာဏ်၌ ထင်ရှားလာ၏။)**

**ဓာတ်ကြီး ၄-ပါးနှင့်ဓမ္မကြီး ၃-ပါး**

အတ္တဒိဋ္ဌိ၏ အမိသဖွယ်ဖြစ်သော **(မောဟတရားသည် ဓာတ်ကြီး လေးပါး, ဓမ္မကြီးသုံးပါးတို့ကိုဖုံး)**ထား၏။ ထို့ကြောင့် ဓာတ်ကြီး, ဓမ္မကြီး တို့ကို ကြောင်ကြောင်မြင်လျက် မသိကြကုန်၊ ကြောင်ကြောင်သိလျက် မမြင်ကြကုန်။ ဤကိုယ်ခန္ဓာသည် **(ဓာတ်ကြီးလေးပါးအစုသာတည်း ဟု သိကြလျက် ကိုယ်ခန္ဓာတစ်ခုလုံးကို လေးစိတ်ကွဲအောင် ခွဲခြမ်း၍ မမြင်ကြကုန်။)**

ခက်မာမှု-နူးညံ့မှု၊ ဖွဲ့မှု-ယိုစီးမှု၊ ပူမှု-အေးမှု၊ ထောက်ကန်မှု-တောင့် တင်းမှုတို့သည် ဒိဋ္ဌကိုယ်တွေ့သာတည်း။ ထိုအမူအရာတို့၏ပျက်မှု, ပြောင်းမှု, အမူအရာခြားမှု, ရှေ့နောက် မတူမှုတို့သည် ဒိဋ္ဌကိုယ်တွေ့သာ တည်း။ **(အမူအရာ တစ်ခုတစ်ခုကို ဓာတ်တစ်ပါးတစ်ပါးဟူ၍ ဉာဏ် နှင့်ခြားနား၍ မမြင်ကြကုန်၊)** အလုံးစုံသော အမူအရာစုကို **(နိမိတ် နှင့်တစ်ခုတည်းပြု၍)**သာ မြင်ကြကုန်၏၊ ကိုယ်ကိုစမ်းလျှင် ပူမှန်း နွေးမှန်း အေးမှန်းသိ၏၊ တေဇောဓာတ်ဟူ၍မသိကြ။

**(နိမိတ်နှင့်တစ်ခုတည်းပြု၍)** ကိုယ်ပူသည်၊ ကျောပူသည်၊ ဝမ်းပူသည် အစရှိသည်ဖြင့် သိကြ၏၊ အပူပျောက်ပြီ၊ အနွေးပျောက်ပြီ၊ အအေး ပျောက်ပြီဟု သိကြ၏။ ထိုပျောက်မှုကို တေဇော၏ချုပ်မှု ဟူသော မရဏဓာတ်ဟူ၍ မသိကြ၊ ပူလာပြီ, အေးလာပြီဟုသိကြ၏၊ ထိုဖြစ်ပေါ်မှုကို ဇာတိ ဓမ္မမျိုးဟူ၍မသိကြ။

## ၃၂ - ကောဋ္ဌာသ၌ ဓာတ်ခွဲပုံ

လူတစ်ကိုယ်၌ ကာယ ၃၂-ပါးရှိခြင်း-- ထိုအလုံးစုံကို ထင်ရှားစေခြင်းငှါ တစ်ယောက်သောသူ၏ ကိုယ်သန္တာန်၌ ကေသကာယ, လောမကာယ အစရှိဖြင့် ကာယပေါင်း ၃၂-ပါးရှိ၏၊ ကိုယ်ခန္ဓာပေါင်း ၃၂-ပါးရှိ၏ဟူလို။

## ဆံပင်၌ ကာယကြီး(၄)ပါး-

ဆံပင်တစ်ခု၌လည်း ပထဝီကာယ၊ အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယဟူ၍ ၄-ပါး ရှိ၏။

၁။ ပထဝီကာယ - ဆံပင်၌ အမာခံဖြစ်သော ခက်မာမှု အပေါင်းသည် ပထဝီကာယမည်၏။

၂။ အာပေါကာယ - ဖွဲ့စေးမှုအပေါင်းသည် အာပေါကာယမည်၏။

၃။ တေဇောကာယ - ပူမှု, အေးမှုအပေါင်းသည် တေဇောကာယ မည်၏။

၄။ ဝါယောကာယ - တေဇော၏အရှိန်ဖြစ်သော ထောက်ကန် လှုပ်ရှားမှု အပေါင်းသည် ဝါယောကာယမည်၏။

## ဆံပင်၌ ဓာတ် ၃-ပါးနှင့်နိမိတ် ၂-ပါးခွဲပုံ

ထိုကာယကြီးလေးပါးတို့၏ ဖြစ်မှု-ပျက်မှုဟူသော လက္ခဏာဓာတ် ၂-ပါးရှိ၏။ ကလာပ်ဖွဲ့ ကလာပ်ခဲတို့၏ ထက်ဝန်းကျင် ရှေ့နောက်(အခြား) ဟူသော အာကာသပရိစ္ဆေဒဓာတ်လည်းရှိ၏။ **(သဏ္ဌာန်နိမိတ်)**လည်း ရှိ၏။ ထိုသဏ္ဌာန်အတိုင်း နှစ်, လ အရှည်တည်နေသည်ဟု ထင်သော **(သန္တတိနိမိတ်)**လည်း ရှိ၏။

ထို**(နိမိတ် ၂-ပါး)**တို့သည် စိတ်တွင်ထင်သော **(ပညတ်)**သာတည်း၊ ထိုနိမိတ် ၂-ပါးတို့မှာ ဖြစ်မှုလည်းမရှိ၊ ပျက်မှုလည်းမရှိ၊ နိစ္စမျိုးသာတည်း။

ထို**(နိမိတ်နှစ်ပါး)**တို့၏**(မှီရာ ကာယကြီးလေးပါး)**၏ဖြစ်မှုကို

ထိုနိမိတ်တို့၏ဖြစ်မှုဟု ထင်ကြ၏၊ သုသာန်မြေမှာ ကာယကြီးလေးပါး၏ပျက်မှုကို ထိုနိမိတ်တို့၏ ပျက်မှုဟု ထင်ကြ၏။ ထို့ကြောင့် **(နိမိတ်ကို သာစွဲ၍)**နေသော သတ္တဝါတို့သည် တစ်ခါဖြစ်, တစ်ခါပျက်သာရှိသည်ဟု ထင်မှတ်မှားနေ၏၊

## ဆံပင်၌ သဏ္ဌာနနိမိတ်ဖုံးပုံ

သဏ္ဌာနနိမိတ်သည် ဆံပင်၌ရှိသော **(ကာယကြီးလေးပါး)**တို့ကို ဆံပင်ဟု **(တစ်ခုတည်းပြု၍)**ဖုံးလွှမ်း၏။ ဆံပင်၌ရှိသော **(ခက်မာမှု)**ကို **(ပထဝီဓာတ်)**ဟု ခွဲခြား၍မသိ၊ **(ဆံပင် ခက်မာသည်)**ဟူ၍သာ သိကြ၏။ ဖွဲ့စေးမှုကို အာပေါဓာတ်ဟု ခွဲခြမ်း၍မသိ၊ ဆံပင် ဖွဲ့စေးသည်ဟုသာသိကြ၏၊ ပူမှု, အေးမှုကို တေဇောဓာတ်ဟု ခွဲခြား၍မသိ၊ ဆံပင် ပူသည်, အေးသည်ဟုသာသိကြ၏။ ထောက်ကန်တောင့်တင်းမှုကို ဝါယောဓာတ်ဟု ခွဲခြမ်း၍မသိ၊ ဆံပင် တောင့်တင်းသည်ဟုသာ သိကြကုန်၏။

## ဆံပင်၌ သန္တတိနိမိတ်ဖုံးပုံ

သန္တတိနိမိတ်သည် ထို**(ဓာတ်ကြီးလေးပါး)**တို့၏ တစ်နာရီအတွင်း အခါတစ်ရာ, အခါတစ်ထောင်မက ချုပ်မှု, အသစ်ဖြစ်မှုတို့ကိုဖုံး၍ **(ရှေ့နောက်အစဉ်)**ဖြစ်သော **(အဟောင်းပျက်အသစ်ဖြစ်)**မှုတို့ကို ဆံပင် **(တစ်ခုတည်းပြု၍)** တစ်သက်လုံး သည်ဆံပင်ဟု ထင်မှတ်မှား၏။ ဓာတ်ကြီး ၄-ပါးတို့ကား **(အနိစ္စမျိုး)**တို့တည်း၊ နိမိတ် ၂-ပါးတို့ကား အဟုတ်ရှိမဟုတ်သောကြောင့် **(ပျက်စရာမရှိသည့်အတွက် နိစ္စမျိုး)**ဖြစ်ရသတည်း။

## ပူမှုအေးမှုတို့၏ကိစ္စ

တေဇောကာယဆိုသည်ကား-ပူမှု-အေးမှုတည်း၊ ပူမှု-အေးမှုတို့၏ ကိစ္စ ၂-ပါးသာရှိ၏။

၁။ အတူဖြစ်ဖက် ပထဝီ, အာပေါ, ဝါယောကာယတို့ကို ခဏမစဲ

ကုန်ဆုံးအောင် လောင်မှုကိစ္စတစ်ပါး။

၂။ ထိုကာယကြီး ၃-ပါးတို့ကို လောင်မိ, စွဲမိသည်နှင့်တစ်ပြိုင်နက် မီးပွါးမှုကိစ္စတစ်ပါး။

မီးပွါးမှုဆိုသည်ကား-ပူမှုအဆင့်ဆင့်၊ အေးမှုအဆင့်ဆင့် ပွါးမှုကိုဆိုသတည်း။ ပူမှု, အေးမှု **(အသစ်မီးပွါးတိုင်း ကြွင်းသော ကာယ ၃-ပါးတို့သည် အမြဲပါ၏။)** မီးပွါးမှုကို ဉာဏ်မိလျှင် ဆံပင်တစ်ခုလုံး အနိစ္စဖြစ်နေသည်ကို ထင်မြင်ကုန်၏။

## ဆံပင်၌ ဥပါဒါရုပ် ၄-ပါးခွဲပုံ

ဤဆံပင်၌ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟူသော ဥပါဒါရုပ် ၄-ပါးရှိသေး၏၊ ကာယ ၄-ပါးတို့၏ ဖြစ်မှု-ပျက်မှုကို မြင်နိုင်ပါလျှင် ဥပါဒါရုပ်တို့၏ဖြစ်မှု-ပျက်မှုကိုလည်း သိမြင်နိုင်သည်။ သို့ရာတွင် အဆင်းဟူသော **(ဝဏ္ဏဓာတ်သည် သဏ္ဌာန်နိမိတ်ကြီးနှင့် အလွန်နီးစပ်လှ၏)**၊ အဆင်းဟူသော ဝဏ္ဏဓာတ်ကို ဉာဏ်နှင့်အထူး ချေဖျက်ရလိမ့်မည်။ ပထဝီကာယပျက်မှုကိုရှုခဲ့လျှင် ဝဏ္ဏဓာတ်ပျက်မှုကိုလည်း တပေါင်းတည်းပါအောင်ရှု။ ဆံပင်၌ **(မည်းသော'အဆင်း'ကို ကြောင်ကြောင်မြင်လျက် 'ဓာတ်'ဟုမသိကြ၊)** အနံ့, အရသာ, ဩဇာတို့၌လည်း ဤနည်းတူဆိုလေ။

## ပထဝီကောဋ္ဌာသ၌ နိမိတ်ကြီး ၂-ပါး

**သဏ္ဌာနနိမိတ်**-- သဏ္ဌာနနိမိတ်သည် အဏုမြူမျှ အထည်ဝတ္ထု **(ဒြပ်သဏ္ဌာန်ထင်မြင်လာလျှင် သဏ္ဌာနနိမိတ်ကြီး)**ပင်တည်း။

**သန္တတိနိမိတ်** - ဤဝတ္ထုသည် **(တစ်မိနစ် တစ်နာရီ တည်နေ၏)** ဟု ထင်မြင်လာလျှင် သန္တတိနိမိတ်ပင်တည်း။

အမှန်ရှိသော ပရမတ်ဓာတ်တို့ကို ထိုနိမိတ်၂-ပါးတို့သည် ဖုံးကွယ်၏၊ နိမိတ္တမှောင်ကြီးကို **'ဓာတ်'**သဘာဝကိုမြင်သော **'ဉာဏ်'**ရောင်ဖြင့်ပယ်

နိုင်၏။ စိတ်၌ **(မောဟတရား)**ရှိနေသောကြောင့် ထို**(နိမိတ္တမှောင်)** တွေကို ဖန်ဆင်းနိုင်၏။ **(ဓာတ်အမြင်)**ပေါက်သော **(ဉာဏ်ပေါ်လျှင်)** ထိုမောဟတရားကြောင့်ဖြစ်သော နိမိတ္တ၂-ပါး ကွယ်ပျောက်၏။

## မီးတောက်ပမာ

မီးစာ, ဆီ, ရေနံဆီတို့ကို အစွဲပြု၍ဖြစ်တည်ရသော မီးတောက်သည် မီးစာ, ဆီ, ရေနံဆီတို့လျော့ပါးလျှင် လျော့ပါးရ၏၊ မီးစာ, ဆီ, ရေနံဆီတို့ ကုန်လျှင် သေဆုံးရ၏၊ မီးစာ, ဆီ, ရေနံဆီတို့နှင့်ကင်း၍ မျက်တောင် တစ်ခတ်မျှ မတည်တံ့နိုင်။

ရုပ်နာမ်ခန္ဓာသည်လည်း အမိဝမ်း၌ အမိမှဖြစ်သော ဥတု, အာ ဟာရတို့ကို အစွဲပြု၍ ဖြစ်တည်ရ၏၊ ထိုဥတု, အာဟာရတို့နှင့်ကင်း၍ မျက်တောင်တစ်ခတ်မျှ မတည်တံ့နိုင်။ မွေးဖွားသည်မှနောက်၌လည်း ဥတု, အာဟာရတို့နှင့်ကင်း၍ ခန္ဓာတို့သည် မတည်တံ့နိုင်။ အစားအစာ တို့မှ ဖြစ်ပွါးသော ဥတုဓာတ်မီး, အာဟာရ ဓာတ်ဆီတို့နှင့်ကင်းလျက် မိမိ တို့၏ နိစ္စသတ္တိအစွမ်း၊ အတ္တသတ္တိအစွမ်းနှင့် **(မိမိအလိုအတိုင်း)** မျက် တောင် တစ်ခတ်မျှ **(တည်တန့်နိုင်မှု)** မရှိကြကုန်။

နိစ္စကိစ္စ, အတ္တကိစ္စဆိုသည်ကား- စောင့်ရှောက်မှု, ထောက်ပံ့မှု, ပြုပြင်မှုတို့နှင့် လွတ်ကင်း၍ အနှစ်တစ်ရာ, အနှစ်တစ်ထောင်စသည်ဖြင့် **(ပကတိအတိုင်း သတ္တဝါတို့အလိုရှိသမျှ တည်နေမှု)**သည် (နိစ္စကိစ္စ, အတ္တကိစ္စ)မည်၏။

## အတ္တမဟုတ်, အလိုသို့မလိုက်

တစ်သက်လုံး ငါအလိုရှိရာပြုလာခဲ့သည်၊ အသက်ရှိသမျှ ငါအလို ရှိရာပြု၍ သွားရလိမ့်ဦးမည်ဟု ထင်ငြားအံ့။ အမှန်မှာ ကောင်းစွာ ပြုပြင် ပေးလျှင် အသက်တမ်းရှိသမျှ အလိုပါကုန်၏၊ **(ပြုပြင်ပေးမှုပင် အလိုသို့)**

လိုက်ကြ၏၊ ပြုပြင်မပေးလျှင် အလိုသို့မလိုက်၊ အလို၏အစွမ်းနှင့် **(အလိုရှိတိုင်း မပြီးစီး)**နိုင်သောကြောင့် **(ပြုပြင်မှုကို ပဓာနထားရ၏)**၊ အလိုသို့လိုက်သည်ဟု ထင်မြင်သည်မှာ **(ပြုပြင်မှုအစွမ်းသက်သက်သာတည်း။)**

## ပြုပြင်မှုနှင့်သိမှုတို့၏အထူး

သခါရတရားမျိုးမည်သည် ပြုပြင်၍ပေးလျှင် အလိုရှိရာဖြစ်တတ်၏၊ ပြုပြင်မှုနှင့်ကင်း၍ အလိုသက်သက်နှင့်ဖြစ်သည်မရှိ၊ 'မန္တာတ်မင်းကြီးသည် လက်ပမ်းပေါက်ခတ်လိုက်လျှင် ကောင်းကင်မှ ရတနာမိုးရွာသည်' ဟုဆိုရာ၌ ထိုသို့ဖြစ်ရန် ရှေးဘဝကံအထူးကိုပြုမှု, လက်ပမ်းပေါက်ခတ်မှုဟူသော ပြုပြင်မှုရှိမှသာဖြစ်၍ အလိုသက်သက်နှင့်ဖြစ်သည် မဟုတ်။

၁။ ဘယ်အမှုကိုပြုလျှင် ဘာဖြစ်၏ဟု သိမှုကား **'သညာ, ဝိညာဏ်, ပညာ'**တို့တည်း။

၂။ ပြုပြင်မှုကား **'စေတနာ, ဝီရိယ'** တို့တည်း။

ထိုတရားတို့သည် အမြဲ ချုပ်ပျောက်နေသော ပရမတ်မျိုး, အနိစ္စမျိုးတို့သာတည်း။ ထိုဓာတ်တို့မှ တစ်ပါးလည်း သိတတ်, ပြုပြင်တတ်သော ပုဂ္ဂိုလ်သတ္တဝါဟူ၍ အသီးအခြားမရှိ၊ သိမ်မွေ့လှ၏။ သညာ, ဝိညာဏ်, ပညာ, စေတနာ, ဝီရိယတို့ကို -**(ဓာတ်အသီးအခြား)**အနေနှင့်**'ဉာဏ်'** အမြင်ပေါက်ခဲ့လျှင် ကိစ္စပြီး၏။

## ဣရိယာပုထ် ၄-ပါးနှင့်ရူပကွန္ဓာ

ယခုအခါ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းစသော ဣရိယာပုထ် ၄-ပါးတွင် ကိုယ်အင်္ဂါတို့၏ လှုပ်ရှားခြင်း အမျိုးမျိုးတို့၏ အစဉ်ကို မှီး၍ ဖြစ်မှု-ပျက်မှုတို့နှင့်တကွ ပထဝီအစရှိသော ဓာတ်ကြီးလေးပါး, အာကာသ ပရိစ္ဆေဒ တစ်ပါးဟူသော ရူပက္ခန္ဓာခွဲခြမ်းနည်းကို ပြဆိုအံ့။

## သွားမှု၌ အနိစ္စလက္ခဏာ-

ဤကိုယ်ခန္ဓာကြီး ရပ်နေရာမှသွားမည်ဆိုလျှင် ရပ်နေဆဲတွင်ရှိသော ခက်မာမှု ပထဝီကို ခြေဖဝါးမှ ငယ်ထိပ်ကျအောင် မြင်အောင်ကြည့်။ သွားမည်ဟု ကိုယ်ကို ကြွချီမှု, ရှေ့သို့ သယ်ပိုးမှုပြုသောအခါ တစ်ကိုယ်လုံးမှာ လှုပ်သောကာယတွေ **'ပြိုင်းကနဲ'** ဖြစ်ပေါ်လာ၏၊ မတ်တတ်ရပ်နေသော ခက်မာမှုတွေကို တစ်ချက်တည်း လွင့်ပစ်သကဲ့သို့ချုပ်၏။ ရပ်နေသော ခက်မာမှု ပထဝီသည် တစ်ခဏအတွင်း ကွယ်ပျောက်၏။ ဦးခေါင်းအင်္ဂါလည်း ကွယ်ပျောက်၏၊ ကိုယ်အင်္ဂါကြီးလည်း ကွယ်ပျောက်၏။ ခြေလက်အင်္ဂါတို့လည်း ကွယ်ပျောက်ကုန်၏။ **'ဉာဏ်မျက်စိ'** အစွမ်းကောင်းလိုလှ၏။

ထိုသို့ ကွယ်ပျောက်သည်ကို အဘယ်သို့ သိမြင်နိုင်ပါအံ့နည်းမူကား ရပ်နေရာမှ သွားမည်ဟု အကြွတွင် **(အမူအရာသစ်)**တွေ ဖြစ်ပေါ်လာသည်ကို မြင်ကုန်လတ္တံ့၊ သွားမှုဆိုင်ရာ **(ရုပ်သစ်)**တို့တည်း။

## အသစ်ဖြစ်တိုင်း အဟောင်းပျက်၏၊

သွားမှုရုပ်တို့ဖြစ်ပေါ်မှု မြန်သည်ကိုသိမြင်ကြလျှင် ရပ်မှုဆိုင်ရာ ခက်မာမှု ပထဝီ ချုပ်ပျောက်မှုသည်လည်း ထိုမျှလောက်ပင်မြန်သည်ကို သိမြင်ရာ၏။ သိမြင်ပုံကား-ရပ်မှုအခြေမပျက်သမျှ သွားမှုအသစ်မဖြစ်။ ရပ်မှုဆိုသည်ကား ရပ်မှုပထဝီကာယပေတည်း၊ သွားမှုအသစ်ဆိုသည်ကား လှုပ်မှု အခြင်းအရာဖြစ်သည့် ဝါယောကာယပေတည်း။

သွားမှုအသစ်ဖြစ်ပေါ်သည်ကို မြင်လျှင် ထိုနေရာ၌ ရပ်မှုအခြေပျက်၏။ ထိုင်မှုအသစ် ဖြစ်ပေါ်သည်ကိုမြင်လျှင် ထိုနေရာ၌ ရပ်မှုအခြေပျက်၏။ လျောင်းမှုအသစ် ဖြစ်သည်ကိုမြင်လျှင် ထိုင်မှုအခြေပျက်၏။ ထိုင်မှုအသစ် ဖြစ်ပေါ်သည်ကိုမြင်လျှင် လျောင်းမှုအခြေပျက်၏။ ကွေးမှု, ဆန့်မှု, လှုပ်မှု, ရွေ့မှု, စသည်တို့၌လည်း ထိုနည်းတူသိလေ။

## စိတ္တဇကာယ

စိတ္တဇကာယဆိုသည်ကား-ခြေကို ကြွသည်မှစ၍ ထိုခြေကို မြေသို့ ချသည့်တိုင်အောင် ရွေ့မှုဖြစ်ပေါ်သော ကာယကို စိတ်အလိုနှင့် ပြုပြင်၍ ဖြစ်သောကြောင့် စိတ္တဇကာယမည်၏၊ ထိုအခါ၌ ကမ္မဇ, ဥတုဇ, အာဟာရဇတို့ကား စိတ္တဇကာယနောက်သို့ အစဉ်လိုက်ရ၏၊ ထိုစိတ္တဇကာယ၏ရှေ့အစွန်းကို ခြေကြွမှုဖြင့် ပိုင်းခြားအပ်၏၊ နောက်အစွန်းကို မြေသို့ ခြေကျမှုဖြင့် ပိုင်းခြားအပ်၏။ ရှေ့အစွန်းကား ထိုစိတ္တဇကာယ၏ အစဖြစ်ပေါ်မှုဟူသော ဥပါဒ်စွန်းတည်း။ နောက်အစွန်းကား ထိုစိတ္တဇကာယ၏ အဆုံးစွန် ချုပ်ကွယ်မှုဟူသော ဘင်စွန်းတည်း။

## ဥတုဇကာယ

ဥတုဇကာယဆိုသည်ကား မြေသို့ခြေကျရာ၌ မြေနှင့်ခြေထိခိုက်ရာတွင် ခဏချင်း ဦးခေါင်းထိပ်တိုင်အောင် **'ထိပ်ခနဲ'** တောက်ထသော ဥတုဇ မီးတောက်, ဥတုဇကာယကြီးကိုဆိုသတည်း။ ထိုကာယသည် စိတ်အလိုနှင့်ပြုသည်မဟုတ်၊ မြေနှင့်ခြေထိခိုက်မှု ဒဏ်ချက်ကြောင့်ဖြစ်၏၊ လျှပ်ရောင်ကဲ့သို့ တစ်ခဏချင်းဖြစ် တစ်ခဏချင်းပျက်၏။ထိုမှနောက်၌ ဒုတိယခြေလှမ်း၏ စိတ္တဇကာယ၏ ရှေ့အစွန်းဖြစ်ပေါ်လာ၏။ ဤနည်းအတိုင်း သွားခြင်း၌ ကာယတို့၏ အပိုင်းအခြားကိုသိမြင်လေ။

## ဥပါဒ်စွန်းနှင့်ဘင်စွန်း

ရပ်နေရာမှ သွားအံ့ဟု ဇောစိတ်ဖြစ်ပေါ်သည်နှင့် ရငြိမ်နေသော အိုင်အလယ်၌ ငါးတစ်ကောင်ထပွက်သည်နှင့် အိုင်တစ်ခုလုံး လှိုင်းဂယက်ထသကဲ့သို့ တစ်ကိုယ်လုံးမှာ သွားမှု (အမူအရာသစ်)တို့သည် တစ်ပြိုင်နက်ဖြစ်ပေါ်ကုန်၏။

**(အမူအရာသစ်ဖြစ်ပေါ်မှုကို ဉာဏ်စိုက်၍မြင်အောင်ကြည့်)**လေ၊

လူရုပ်ကြီး ပြီပြင်စွာလုပ်ထားသော ဖယောင်းရုပ်, ချိပ်ဆေးရုပ်ကို ရှားမီးကျီးအတွင်း၌ထားရာ ခဏချင်း အခြေပျက်ကာ အရည်ပျော်ကျသည်ကို မြင်လိမ့်မည်။ ထိုဖယောင်းရုပ်, ချိပ်ဆေး **(ရုပ်တို့၌ပျက်မှု, ပျောက်ကွယ်မှုကား အနိစ္စဓမ္မတည်း၊ ဘင်စွန်းတည်း၊ အရည်ပျော်မှု, ဖြစ်ပေါ်မှုကား ဥပါဒ်စွန်းတည်း။)**

ထို့ကြောင့် အရည်ပျော်လာသော ဖယောင်းသား ချိပ်သားတို့ကို ပကတိမျက်စိဖြင့် ကြောင်ကြောင်မြင်လျှင် သဘာဝ ဓမ္မဉာဏ်ဖြင့် ခက်မာမှု ပထဝီ၏ **(ဘင်စွန်း)**ကိုလည်းကောင်း, **(ပျော့ပျောင်းသော နောက်ဖြစ်ပထဝီသစ်)**၏ **(ဥပါဒ်စွန်း)**ကိုလည်းကောင်း, အစွန်း၂-ပါးတို့၏ ပရိစ္ဆေဒအာကာသ **(အခြား)**ကို လည်းကောင်း သိမြင်နိုင်၏။

## အသစ်ဖြစ် အဟောင်းပျက်

ထို့အတူ ကိုယ်ခန္ဓာ၌ သွားခြင်းအမူအရာသစ်, ရုပ်သစ်တို့၏ **(အသစ်ဖြစ်ပေါ်မှုကိုမြင်လျှင်)** သဲကမ်းပါးပြိုသကဲ့သို့ မတ်တပ်ရပ်နေသော ခက်မာမှု ပထဝီ၏ပျက်ခြင်းဆိုသော **(ဘင်စွန်း)**ကိုလည်းကောင်း, နောက်ဖြစ် ကာယသစ်တို့၏ **(ဥပါဒ်စွန်း)**ကိုလည်းကောင်း, အစွန်း၂-ပါးတို့၏ **(အကြား)**ဖြစ်သော ပရိစ္ဆေဒ အာကာသကိုလည်းကောင်း **(ဉာဏ်၌ ထင်မြင်)**ကုန်၏။ ရပ်မှုဆိုင်ရာ တည်ငြိမ် ပထဝီကာယနှင့် သွားမှုဆိုင်ရာ လှုပ်ရှားကာယသစ်, ရုပ်သစ်တို့ကို ဉာဏ်၌ ရှင်းလင်းစွာ အမြင်ပေါက်နိုင်ကြကုန်၏။ နေ့ရှည်ရက်များ စွဲမြဲကြကုန်။

## ဦးခေါင်းကာယကြီး ၄-ပါးဖြစ်ပုံပျက်ပုံ

ဦးခေါင်း၌ဖြစ်သော လှုပ်ရှားမှုသည် ဦးခေါင်းတစ်ခုလုံး၌ရှိသော ရုပ်ဟောင်းစုကို ကွယ်ပျောက်စေ၏။ ဤ၌ **(အထည်ဒြပ်တို့၏)** ပျက်မှု၌သာ **ခက်မာသောဝတ္ထုမျိုးသည် ပျက်ခဲ၏၊ ပွသောဝတ္ထုမျိုးသည်**

**ပျက်လွယ်၏ဟုဆိုရ၏။ ပရမတ်အစစ်ဖြစ်သော ပထဝီတို့၌ ထိုသို့ ကွဲပြားမှုမရှိ၊** ကျောက်တုံး, သံတုံးတို့၌ရှိသော ပရမတ်ဓာတ်တို့၏ ပျက်မှုက **(ကြာမြင့်မှပျက်၏)**၊ ရေမြှုပ်ရေခဲ၌ရှိသော ပရမတ်ဓာတ်တို့က **(လျှင်မြန်စွာ ပျက်၏)ဟု (အထူးမရှိ)**။

သို့သော် **ဤတွင်ပြဆိုသော ဖြစ်မှုပျက်မှုသည် ခဏိကပစ္စုပ္ပန်ကို အမှီလိုက်၍ပြဆိုသော အစီရင်မဟုတ်၊ (သန္တတိပစ္စုပ္ပန်)**ကို ပမာဏ ပြု၍ **အခြေပျက် အနေပျက် (ဝိသဘာဂ)** အမူအရာသစ်ဖြစ်ပေါ်မှု တို့ကိုပြသော အစီရင်ဖြစ်၍ လှုပ်ရှားမှု **(အမူအရာပြောင်းလဲမှု ပကတိ အခြေအနေ ပျက်မှု)**ကိုသာ နာနာကြည့်၍ ဖြစ်မှု, ပျက်မှုကိုသိလေ။

**သန္တတိပစ္စုပ္ပန်-**

သန္တတိပစ္စုပ္ပန်မည်သည် အပျက်မြန်သည်လည်း ရှိ၏၊ အပျက် နှေးသည်လည်း ရှိ၏၊ ဝိပဿနာယောဂီ ပုဂ္ဂိုလ်တို့မှာ အလွန်မြန်သော **(သန္တတိပျက်ကိုမြင်လျှင် ကိစ္စပြီးနိုင်၏)၊ (ခဏိကပျက်ကို မြင်သည်, မမြင်သည်ကား ပမာဏမဟုတ်၊)** မြေ၌ခြေခိုက်မှု ဒဏ်ဟုန်ကြောင့် လှုပ်ရှားမှုသည် ဦးခေါင်းမှာလည်း ခဏချင်းမြင်နိုင်သည်ကား ဒိဋ္ဌကိုယ် တွေ့ဖြစ်၏။ **(လှုပ်ရှားမှုကိုသာ ပမာဏပြု၍ကြည့်)**။

အထူးမှုကား အလွန် ခက်မာသော ဝတ္ထုမျိုးမည်သည် အခြေအနေ ပျက်ခဲ၏၊ အမူအရာပျက်ခဲ၏၊ ပျက်သောအခါ၌ "တောင်လည်းမြက် ပြတ်" ဆိုသလို ဆတ်ဆတ်ကြဲ, ဆတ်ဆတ်ကျိုးမျိုးဖြစ်၏။

ထို့ကြောင့် ဦးခေါင်းရိုး၌ရှိသော ခက်မာမှု ပထဝီကာယ၏ ပျက်မှု ကိုမြင်လျှင် ထိုပထဝီကို ဖွဲ့ထားသော အာပေါပျက်မှု, ထိုပထဝီကို ပေါင်း နွေးအုပ်ချုပ်နေသော တေဇောပျက်မှု, ထိုတေဇော၏အရှိန်ဖြစ်သော ဝါယောပျက်မှုတို့လည်း ထင်မြင်တော့သည်။ ဉာဏ်အမြင်ပေါက်အောင်

အထူးအားထုတ်ကြလေ။ လှုပ်ရှားမှုဖြစ်ပေါ်လျှင် အခြေအနေပျက်မှု ဧကန် ရှိ၏၊ အခြေအနေပျက်ဆိုသည်ကား ရုပ်ဟောင်းချုပ်၍ ရုပ်သစ်ဖြစ်မှုတည်း။

**အမြင်၂-ပါး မတူပုံ-**

ပကတိမျက်စိက မီးတောက်တစ်ခုဟု ဆုံးဖြတ်သည်ကို ပညာမျက်စိက မီးတောက် **(တစ်ခုမဟုတ်၊)** မီးတောက်တို့ကား အသီးသီး ပရိစ္ဆေဒခြားလျက် **(အရာမက, အထောင်မက များပြား၏)**ဟု ဆုံးဖြတ်၏။ ထို့အတူ ပကတိ မျက်စိက မီးတောက်ရွေ့သွားသည်ကို ဉာဏ်မျက်စိက မီးတောက်သည် ဘယ်မှမရွေ့၊ မိမိဖြစ်ရာဌာနမှာ ကုန်ဆုံး၏ဟု ဆုံးဖြတ်၏။ ဤသို့ သဏ္ဌာနနိမိတ်, သန္တတိနိမိတ်တို့ကိုသာမြင်သော **ပကတိမျက်စိနှင့် ဓာတ်သဘာဝကိုမြင်သော ဉာဏ်မျက်စိတို့ အပြန်အလှန်နေကြပုံကို သိလေ၊ ရုပ်ဟောင်းချုပ်မှ ရုပ်သစ်ပေါ်၏။**-အခြေပျက် အနေပျက် ဆိုသည်ကား ရုပ်ဟောင်းချုပ်မှုကိုဆိုသည်။ **(ရုပ်ဟောင်းမချုပ်က လှုပ်မှုအမူအရာသစ် မဖြစ်နိုင်၊ ဤစကားကိုမြဲမြဲ မှတ်လေ။)**

**မျက်တောင်ခတ်မှု၌ ဓာတ်ကြီး ၄-ပါးဖြစ်ပုံပျက်ပုံ**

မျက်တောင်၌ရှိသော ဓာတ်ကြီးလေးပါးတို့သည် မျက်တောင်တွန့်သောအခါ၌ အမူအရာတစ်မျိုး၊ မျက်တောင်ခတ်သောအခါ၌ အမူအရာတစ်မျိုးတို့တည်း။ တွန့်သောအခါ၌ ခက်မာမှု, ဖွဲ့စေးမှုနှစ်ပါး မင်းမူ၏၊ တေဇော, ဝါယော ငုတ်၏၊ ခတ်သောအခါ၌ လှုပ်သောစိတ္တဇဝါယော ဖြစ်ပေါ်၏။ ခက်မာမှု, ဖွဲ့စေးမှုတို့ ခဏချင်းပျက်၏။ မျက်တောင်ခတ်မှု ရုပ်သိမ်းသောအခါ၌ ထိုစိတ္တဇဝါယောသည် ချုပ်ကွယ်၍ ပထဝီ အာပေါ မင်းမူပြန်၏။ မျက်တောင်ဟူသော သဏ္ဌာန်နိမိတ်ကို ဉာဏ်ဖြင့်ပယ်ရှား၍ ဓာတ်သားတို့ကို ဉာဏ်စိုက်မှ ထင်မြင်နိုင်၏။

## နာမက္ခန္ဓာ ၄-ပါးတို့၌ အနိစ္စလက္ခဏာ ဝိညာဏက္ခန္ဓာကို နောက်ဆုံးထား၍ဟောခြင်း

နာမက္ခန္ဓာ ၄-ပါးတွင် ဝိညာဏက္ခန္ဓာသည် အကြီးအမှူး အချုပ်အခြာ ပဓာနဖြစ်ပါလျက် ဒေသနာအစဉ်၌ နောက်ဆုံးထား၍ဟောတော်မူသည်မှာ သတ္တဝါတို့အား ထင်ရှားရာကို ပဓာနပြုတော်မူသည်မှတ်၊ ရူပက္ခန္ဓာသည် အထင်ရှားဆုံးတည်း၊ **(ရူပက္ခန္ဓာကိုစွဲ၍ သုခဒုက္ခဖြစ်မှု, သုခဒုက္ခနှင့် စပ်သော မှတ်သားမှု, မှတ်သားသည့်အားလျော်စွာ ကြောင့်ကြစိုက်မှုသည် ထင်ရှားသောအစဉ်)**ဖြစ်၍ အကြား၌ ဝိညာဏက္ခန္ဓာ ဝင်မရသောကြောင့် နောက်ဆုံးထား ဟောတော်မူသည်။

## ဝိညာဏက္ခန္ဓာအကျဉ်း

ဤကျမ်း၌ကား ပုဗ္ဗင်္ဂမကိစ္စကို ပဓာနပြု၍ ဝိညာဏက္ခန္ဓာကို ရှေ့ထားပေအံ့။ ခန္ဓာဝိညာဏ်ဆောင်ပုဒ်

၁။ ထွေထွေလာလာ၊ သိမှုမှာ၊ ခန္ဓာဝိညာဏ်မှတ်။

၂။ ခံသာ, မခံသာ၊ လျစ်လျူမှာ၊ ဝေဒနာဟု မှတ်။

၃။ မှတ်သိ လိမ်မာ၊ မမေ့ရာ၊ သညာဟူ၍မှတ်။

၄။ စေ့ဆော်ကြောင့်ကြ၊ စိုက်သမျှ၊ သင်္ခါရဟုမှတ်။

**သိမှု၆-ပါး** - “ထွေထွေလာလာ-သိမှုမှာ” ဆိုသည်ကား

၁။ မြင်သော သိမှုတစ်ပါး၊ (စက္ခုဝိညာဏ်)

၂။ ကြားသော သိမှုတစ်ပါး၊ (သောတဝိညာဏ်)

၃။ နံသော သိမှုတစ်ပါး၊ (ဃာနဝိညာဏ်)

၄။ လျက်သော သိမှုတစ်ပါး၊ (ဇိဝှာဝိညာဏ်)

၅။ တွေ့ထိသော သိမှုတစ်ပါး၊ (ကာယဝိညာဏ်)

၆။ ကြံစည်သော သိမှုအချုပ်ကြီးတစ်ပါး၊ (မနောဝိညာဏ်)

**ဝိညာဏ် ၆-ပါးဆောင်ပုဒ်။** ။ မြင်, ကြား, နံ, လျက်၊ တွေ့, သိချက်၊ ဆက္ကဝိညာဏ်မှာ။

၁။ မြင်မှုကား မျက်စိ၌ပေါ်သော ဓာတ်တည်း။

၂။ ကြားမှုကား နား၌ပေါ်သော -ဓာတ်တည်း။

၃။ နံမှုကား နှာခေါင်း၌ပေါ်သော ဓာတ်တည်း။

၄။ လျက်မှုကား လျှာ၌ပေါ်သော -ဓာတ်တည်း။

၅။ တွေ့မှုကား အတွင်းအပတစ်ကိုယ်လုံး၌ပေါ်သော ဓာတ်တည်း။

၆။ သိမှုကား နှလုံးအိမ်၌ပေါ်သော ဓာတ်တည်း။

ထိုဝိညာဏဆက္ကတို့တွင် နောက်ဆုံးဖြစ်သော **(သိမှုအချုပ်ကြီး)** သည်ကား-ရှေ့ငါးချက်တို့မှ **(ဆက်လက်ဖြစ်ပွားသော သိမှုကြီးငါးပါး) အပြင် အသီးအခြား (သိမှုကြီးတစ်ပါး)**ဟူ၍ ပေါင်း-**(ခြောက်ပါး)** ရှိပြန်၏။ မြင်သိ, ကြားသိ, နံသိ, လျက်သိ, တွေ့သိ, အလွတ်သိဟူ၍ **(နောက်ဆုံးအသိ ခြောက်ပါး)**ရှိပြန်၏။

## မြင်-သိနှစ်ချက်ဖြစ်ပုံ

အဆင်းတို့နှင့်တိုက်သောအခါ သစ်ပင်ကိုမြင်၍ သစ်ပင်မှန်းသိရာ၌ **(မြင်မှုကား မျက်စိတည်း။ သိမှုကား မနောတည်း)**။ မြင်ခိုက်၌ သစ်ပင်ဟုမသိသေး၊ သိမှုအခိုက်သို့ရောက်မှ သစ်ပင်ပေါ်၏၊ ပေါ်သည်မှစ၍ ထိုသစ်ပင်မှာ သိမှုပေါင်းများစွာ ပွါး၍သွား၏၊ မျက်နှာမလွဲမခြင်း မြင်မှု, သိမှု အထပ်ထပ်ဖြစ်နေ၏၊ ပကတိလူတို့သည်ကား **(မြင်မှု, သိမှုနှစ်ပါးကို ခြားနား၍မသိနိုင်)**၊ မိမိကိုယ်၌ဖြစ်နေသောကြောင့် ဉာဏ်နှင့်ကြည့်တတ်သော **(ပညာရှိတို့ကား ခြားနား၍သိမြင်နိုင်)**ကုန်၏၊

**ကြား-သိ ၂-ချက်ဖြစ်ပုံ**-- ဤနည်းကိုအမှီပြု၍ကြား-သိနှစ်ချက်, နံ-သိနှစ်ချက်, လျက်-သိနှစ်ချက်, တွေ့-သိနှစ်ချက် ဖြစ်ပုံကို သိရာ၏။

**အလွတ်သိ-** - ထိုငါးပါးတို့နှင့်ကင်း၍ အသီးအခြား သိမှုကြီးဆို သည်ကား မြင်ဆဲ, ကြားဆဲ, နံဆဲ, လျက်ဆဲ, တွေ့ထိဆဲ, အာရုံတို့မှ အလွတ်ဖြစ်သော အာရုံအမျိုးမျိုးကို သိမှု, ကြံမှုပေတည်း၊ ဤသိမှုကား မနောနှလုံးထဲတွင် စဲသည်မရှိဟု ထင်ရ၏၊ အလွန်ကျက်စားရာ အာရုံနယ် ကြီးကျယ်လှ၏။ ဤကား ဝိညာဏက္ခန္ဓာ၌ အကျဉ်းခွဲနည်းတည်း။

---

## ဝေဒနာက္ခန္ဓာအကျဉ်း

ဝေဒနာက္ခန္ဓာ၌- "ခံသာ, မခံသာ, လျစ်လျူမှာ"ဆိုသည်ကား ခံသာမှု, မခံသာမှု, လျစ်လျူမှု ဟူ၍သုံးပါးရှိ၏။

**ခံသာမှု** - သာယာသော ခံစားမှု, ကောင်းသည်ဟု ချီးမွမ်းဖွယ် ခံစားမှု, ခင်မင်သော ခံစားမှုကို ဆိုလိုသည်။

**မခံသာမှု** --မသာယာသောခံစားမှု, မကောင်းဟု ကဲ့ရဲ့ဖွယ် ခံစားမှု, မုန်းသောခံစားမှုကို ဆိုလိုသည်။

**လျစ်လျူမှု** - ခံသာသည် မခံသာသည်ဟူ၍ မထင်ရှားသော ခံစားမှုကို ဆိုလိုသည်။

**ဝေဒနာ ၆-ပါး**။ ။ ဤဝေဒနာက္ခန္ဓာကို လောက၌-၁။ မျက်စိအရသာ ခံစားမှု, ၂။ နားအရသာခံစားမှု, ၃။ နှာခေါင်း အရသာခံစားမှု, ၄။ လျှာ အရသာခံစားမှု, ၅။ ကိုယ်အရသာခံစားမှု, ၆။ စိတ်အရသာခံစားမှု, စသည်အားဖြင့် ခြောက်ပါးပြုကုန်၏။ ခပ်သိမ်းသော သတ္တဝါတို့သည် ဤဝေဒနာက္ခန္ဓာဟူသော အရသာ ၆-ပါးတို့၌ နစ်မွန်းနေကြ၏။

---

## သညာက္ခန္ဓာအကျဉ်း

သညာက္ခန္ဓာ၌ "မှတ်သိလိမ်မာ-မမေ့ရာ"ဆိုသည်ကား-မွေးဖွား သည်မှစ၍ ဤကားအမိ, ဤကားအဖ, ဤကားအရှေ့, ဤကားအနောက် စသည်ဖြင့် သူများပြောဆိုသမျှတို့ကို မှတ်၍ တစ်နေ့တစ်ခြား ကြားသိလိမ်မှာ

လာသောအမှု, တွေ့ကြုံဘူး, ဆက်ဆံဘူးသမျှကို မမေ့မပျောက်မှုမျိုးကို သညာက္ခန္ဓာဟုဆို၏။

**သညာ ၆-ပါး** - အာရုံအပြားအားဖြင့် ၆-ပါးရှိ၏။ ၁။ ရူပသညာ ၂။ သဒ္ဒသညာ ၃။ ဂန္ဓသညာ ၄။ ရသသညာ ၅။ ဖောဋ္ဌဗ္ဗသညာ ၆။ ဓမ္မသညာတည်း။ သတ္တဝါတို့သည် ဤသညာတို့နှင့်ပင် နေ့နေ့ညည ကိစ္စအားလုံးကိုသိကြ၍ ရွက်ဆောင်နေကြ၏။ ဤကား သညာက္ခန္ဓာ၌ အကျဉ်းခွဲနည်းတည်း။

## ဝိညာဏ်နှင့်သညာအထူး

**ဝိညာဏ်သိ** - ၆-ဒွါရ၌ ဆိုက်တိုက်လာသော အာရုံတို့ကို ဤကားမြေ, ဤကားရေ အစရှိသည်ဖြင့် သိမြင်မှုသည် ဝိညာဏ်၏သိမှုတည်း၊

**သညာသိ** - ဝိညာဏ်ဖော်ပြသမျှကို နောင်မမေ့အောင်မှတ်မှုသည် သညာ၏အမှုတည်း၊ ဝိညာဏ်သိအားဖြင့် တွေ့ကြုံသမျှကို သိမြင်နိုင်၏၊ တွေ့ကြုံပြီးကို ပြန်၍မမှတ်မိနိုင်ရာ။ သညာသိအားဖြင့် တွေ့ကြုံဘူးသည်ကို မှတ်၏၊ ဤကား သညာ, ဝိညာဏ် ၂-ပါးတို့၏ အထူးတည်း။

## သင်္ခါရက္ခန္ဓာအကျဉ်း

သင်္ခါရက္ခန္ဓာအရကောက်-- သင်္ခါရက္ခန္ဓာ၌ အဘိဓမ္မာနည်းအားဖြင့် သင်္ခါရက္ခန္ဓာတရားမျိုးသည် ငါးဆယ်ရှိ၏။ **(သုတ္တန်နည်းအားဖြင့် စေတနာစေတသိက်တစ်ခုကို ပဓာန)**ပြုရာ၏။ **(စေတနာ စေတသိက် တစ်ခု၌ အနိစ္စလက္ခဏာပိုင်နိုင်)**ခဲ့လျှင် အလုံးစုံတို့၌ ပိုင်နိုင်တော့သည်။

**စေ့ဆော်မှုဆိုသည်ကား-** - သတ္တဝါတို့၏ စိတ်ကို မျက်တောင်တစ်ခတ်မျှ ကြံစည်မှုကို လွှတ်၍ရပ်နားခွင့်မရအောင် ကြောင့်ကြဗျာပါရစိုက်၍ စေ့ဆော်မှုပေတည်း။

**စေတနာ၏အမှုကိစ္စ** - အနမတဂ္ဂသံသရာတွင် အသညသတ်ဘုံ

ကိုချန်၍ ဘဝအဆက်ဆက်ကိုမြော်လေ၊ စိတ်တကြွကြွ စိတ်တလူလူ ဖြစ်နေမှုကို မြင်ခဲ့လျှင် စေတနာအမှုကို သိမြင်လိမ့်မည်၊ တစ်ခုခုသော ဘဝတွင် စုတိကမ္မဇရုပ် ချုပ်ဆုံးရာ၌လည်း မျက်တောင်တစ်ခတ်မျှ ရုပ်တန့်ခွင့်မရအောင် ဘဝအသစ်သို့ ပစ်ချမှုသည် ဤစေတနာ၏အမှုပေတည်း။

**စေတနာကိုကံဟုဆိုခြင်း**-- စေတနာဟူသော စေ့ဆော်မှု၊ ကြောင့်ကြစိုက်မှုကို **(ကုသိုလ်ကံ အကုသိုလ်ကံ)**ဟူ၍ ဆိုအပ်၏၊ **(ကာယကံ, ဝစီကံ, မနောကံ)**ဟူ၍လည်း ဆိုအပ်၏။

**စေတနာ ၆-ပါး** - ရူပသဉ္စေတနာ၊ သဒ္ဒသဉ္စေတနာ၊ ဂန္ဓသဉ္စေတနာ၊ ရသသဉ္စေတနာ၊ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ ဓမ္မသဉ္စေတနာဟူ၍ ၆-ပါး ရှိ၏။ ရူပါရုံအတွက်စေ့ဆော်မှု, သဒ္ဒါရုံအတွက်စေ့ဆော်မှု စသည်ဆိုလေ။ ဤကား သင်္ခါရက္ခန္ဓာ အကျဉ်းခွဲနည်းတည်း။

## ဝိညာဏက္ခန္ဓာ၌ အနိစ္စလက္ခဏာ

ဝိညာဏက္ခန္ဓာ ရှေ့သွားဖြစ်ပုံ - "မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ" ဟူသော ပါဠိတော်မြတ်နှင့်အညီ နာမက္ခန္ဓာလေးပါးတို့တွင် ဝိညာဏက္ခန္ဓာသည် အချုပ်အခြာ ပဓာန ရှေ့သွားဖြစ်၏၊ **(ရူပက္ခန္ဓာ၌ ခက်မာမှု ပထဝီသည် ခပ်သိမ်းသော ရုပ်ကလာပ်တို့၏ အမာခံရောတည်)** ဖြစ်သကဲ့သို့ နာမက္ခန္ဓာလေးပါးတို့၌ သိမှုဟူသော **(ဝိညာဏက္ခန္ဓာသည် ခပ်သိမ်းသော စေတသိက်ခန္ဓာတို့၏ဇရောတည်)**ဖြစ်၏၊ သိမှုကို မှီ၍ ခံစားမှု, မှတ်သားမှု, စေ့ဆော်မှု စသည်တို့သည် ဖြစ်ပွါးကြ၏။

## နာမက္ခန္ဓာ ၄-ပါး၏ဖြစ်ရာဌာန

ထို့ကြောင့် နာမက္ခန္ဓာလေးပါးတို့၏ **(အနိစ္စအချက်ကိုပြဆိုရာ၌ ဝိညာဏ် ၆-ပါးကိုပဓာန)**ပြု၍ ပြဆိုပေအံ့။ ဝိညာဏ် ၆-ပါး၌လည်း တစ်ကိုယ်လုံး ဖြစ်နိုင်သော အလွန်ထင်ရှားသော **(ဒုက္ခသဟဂုတ် ကာယ

**ဝိညာဏ်)**ကို ရှေးဦးစွာ ပြဆိုရာ၏။ ခြေဖဝါးမှ ငယ်ထိပ်တိုင်အောင် အတွင်းအပတစ်ကိုယ်လုံးသည် ကာယဝိညာဏ်နှင့်တကွ နာမက္ခန္ဓာ ၄-ပါးတို့၏ဖြစ်ရာဌာနသာတည်း။ အပ်ဖြင့်ထိုးသည်ရှိသော် နာသော အရပ်ဟူသမျှသည် နာမ်ခန္ဓာ ဖြစ်ရာဌာနချည်းသာတည်း။

## ကာယဝိညာဏ်၏အဓိပ္ပါယ်

ကာယဝိညာဏ်ဟူသော ဝေါဟာရသည် မာဂဓဘာသာတည်း၊ မြန်မာဘာသာနှင့်မူကား တစ်ကိုယ်လုံး၏ သိမှုသာတည်း။ ခြေဖဝါးကို အပ်ဖြင့် ထိုးလျှင်သိ၏၊ ထိုသိမှုကို ကာယဝိညာဏ်ခေါ်၏။ ထို့အတူ-ခြေချောင်း၊ ခြေဖနောင့်, ခြေဖမိုး စသည်တို့၌လည်း သိကုန်၏။ ဤအလုံးစုံတို့၏သိမှုကို ကာယဝိညာဏ်ဟု ခေါ်၏၊ သိမှုတို့၌ နာမ်ခန္ဓာလေးပါး အစုံပါ၏။

## သိမှု ၂-မျိုး

**ကောဋ္ဌာသ၏သိမှု**-- ပုဂ္ဂိုလ်၏သိမှု မဟုတ်။ အရေတို့၏သိမှု, အသားတို့၏သိမှု, အကြောတို့၏သိမှု, ဦးကျောက် အဆုတ်စသည်တို့၏ သိမှုသာတည်း။ ဤသိမှုကို တွေ့ထိမှု **(ကာယဝိညာဏ်)**ဟု ခေါ်၏၊

**ပုဂ္ဂိုလ်၏သိမှု** --ဤတွေ့မှုကို အရေတို့၏သိမှု, အသားတို့၏သိမှု, အကြောတို့၏သိမှုစသည်ဖြင့် ကောဋ္ဌာသအပြားသို့လိုက်၍ အရေသိမှု, နှလုံးသိမှု ၂-ပါးခွဲရာ၏။ အရေသိမှုသည် တွေ့ထိမှု **(ကာယဝိညာဏ်)**ပေတည်း။ **(နှလုံး၏သိမှု)**ကိုသာ သိမှုဟုခေါ်၏၊ **(မနောဝိညာဏ်)**ပေတည်း။

**(ပုဂ္ဂိုလ်၏သိမှုကား မနောဝိညာဏ်၏သိမှုသို့ရောက်မှပေါ်၏)**၊ **နှလုံး၏သိမှုပေါ်မှသာ ပုဂ္ဂိုလ်သိ သိ၏**။ ဤသို့လျှင် ကောဋ္ဌာသတို့၏ သိမှု, ပုဂ္ဂိုလ်၏သိမှု ၂-ပါးကို ကိုယ်တွေ့ ဒိဋ္ဌအားဖြင့် ခြားနား၍သိကြရာ၏။

## ပုဂ္ဂိုလ်သိ၌ ရှင်းလင်းချက်-

ပရမတ္ထအလိုအားဖြင့်ကား- ပုဂ္ဂိုလ်မရှိ၊ ခန္ဓာငါးပါးသာရှိ၏၊

ထို့ကြောင့် **(ပုဂ္ဂိုလ်သိမည်သည်ကား နှလုံးအိမ်တွင်း၌ မနောဝိညာဏ် ဖြစ်ပေါ်မှုသာတည်း။)**

## ကောဋ္ဌာသသိနှင့်ကာယဝိညာဏ်

ထို့အတူ ပရမတ္ထအားဖြင့် အရေမရှိ၊ အသားမရှိ၊ အကြောမရှိ၊ ဦးနှောက်မရှိ၊ ခန္ဓာငါးပါးသာရှိ၏၊ ထို့ကြောင့် အရေစသော ကောဋ္ဌာသတို့၏သိမှုသည်ကား ထိုထိုခြေဖဝါး, ခြေချောင်း, ခြေဖနောင့်, ခြေဖမိုး စသည်တို့၌ **(ကာယဝိညာဏ် ဖြစ်ပေါ်မှုသာတည်း။)**

## ဝိညာဏ် ၆-ပါး

ပရမတ္ထအလိုအားဖြင့် မြင်မှု-သိမှု, ကြားမှု-သိမှု, နံမှု-သိမှု, လျက်မှု-သိမှု, တွေ့မှု-သိမှု, ကြံမှု-သိမှုဟူသော အလုံးစုံသောသိမှုဟူသမျှသည် ထိုထိုကိုယ်အင်္ဂါတို့၌ အကြောင်းဆိုက်လာရာ ဖြစ်ပေါ်ကြသော ဝိညာဏ် ၆-ပါးသက်သက်သာတည်း။

## ဒုက္ခသဟဂုတ် ကာယဝိညာဏ်

ကာယဝိညာဏ်နှင့်အတူဖြစ်သော ဒုက္ခဝေဒနာကို ညောင်းသည်, ညာသည်, နာသည်, ကျင်သည်, ယားသည်, ယံသည်, မောသည် ပန်းသည် ဟုခေါ်၏။ ဤသို့ဖြင့် **(မခံသာမှု)**ဟူသော ညောင်းမှု, ညာမှု, ကျင်မှု အစရှိသည်တို့သည် ဝေဒနာက္ခန္ဓာချည်းသာတည်း။

## သမ္မာဒိဋ္ဌိနှင့်မိစ္ဆာဒိဋ္ဌိ

**သမ္မာဒိဋ္ဌိသိ** - ခြေဖဝါးပြင်၌ အုတ်, ကျောက်, ဆူးငြောင့်, ခလုတ် စသည်တို့နှင့်ထိ၍ သိမှု, နာမှုဖြစ်ပေါ်လာသောအခါ၌ ခြေဖဝါးတို့၌ နာမက္ခန္ဓာ ၄-ပါးဖြစ်ပေါ်၏၊ ခြေဖဝါးကား ရူပက္ခန္ဓာတည်း၊ သိမှု, နာမှုတို့ကား နာမက္ခန္ဓာတည်း။ ရူပက္ခန္ဓာနှင့်နာမက္ခန္ဓာတို့သည် **(ဝိပ္ပယုတ္တ ပစ္စည်း-ပစ္စယုပ္ပန်)** ဖြစ်ကြ၍ ပိန်းကြာဖက်၌ကျသော မိုးရေပေါက်သည် ပိန်းကြာဖက်နှင့်

ရောနှောခြင်း မရှိသကဲ့သို့ ရုပ်နှင့်နာမ် ၂-ပါးသည် ရောနှောခြင်းမရှိ၊ အရေ၌ ခက်မာမှု, ဖွဲ့စေးမှု, ပူမှု, တောင့်တင်းမှု, အဆင်း, အနံ့, အရသာစုဟုဆိုသော ရုပ်ခန္ဓာတို့ကားတစ်ခြား, သိမှု, နာမှုစသော နာမက္ခန္ဓာတို့ကား တစ်ခြားတည်း။

**မိစ္ဆာဒိဋ္ဌိသိ**-- ထိုသို့ဖြစ်ရာ၌ ရုပ်ခန္ဓာ, နာမ်ခန္ဓာခြားနားခြင်း မရှိဘဲ ခြေဖဝါးနာသည်ဟု သိမှုကား ဒိဋ္ဌိသိတည်း။ သမ္မာဒိဋ္ဌိဉာဏ် သိကား ခြေဖဝါးဟူ၍ စင်စစ်မရှိ၊ ရုပ်ခန္ဓာစုသည်လည်း သိတတ် နာတတ် သည် မဟုတ်၊ ထိုသိမှု, နာမှုကား စင်စစ်အားဖြင့် နာမ်ခန္ဓာစုပေတည်း ဟုသိမှုကား ဉာဏ်သိတည်း။

## နိစ္စသိနှင့် အနိစ္စသိ-

ခြေဖဝါးနာသည်ဟု သိခြင်းကား **(ရုပ်နာမ်တို့ကို နိစ္စ, သုခ, အတ္တ)** ဟူ၍သိခြင်းတည်း။ ခြေဖဝါးမရှိ၊ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့သာရှိ၏၊ ခက်မာမှု, ဖွဲ့စေးမှုစသည်ကား ရုပ်ခန္ဓာတည်း၊ သိမှုကား ဝိညာဏက္ခန္ဓာတည်း၊ နာမှုကား ဝေဒနာက္ခန္ဓာတည်း၊ အမှတ်ထားမှုသည် သညာက္ခန္ဓာတည်း၊ မြွေဆိပ်တက်သကဲ့သို့ နာမှု တရွရွရှိနေသည်ကား သင်္ခါရက္ခန္ဓာ **(စေတနာ တည်းဟုသိသည်ကား အနိစ္စသိ, ဒုက္ခသိ, အနတ္တသိ)** ပေတည်း။

## နိစ္စ၌ ရှင်းချက်

ခြေဖဝါးနာသည်ဟု သိမှုသည် အဘယ်သို့လျှင် နိစ္စသိ, သုခသိ, အတ္တသိဖြစ်လေသနည်းမူကား-**(ခြေဖဝါး)**မည်သည် ပရမတ္ထအားဖြင့် ဧကန် ရှိမဟုတ်၊ စိတ်တွင်ထင်ရသော **(နိမိတ္တဓမ္မ)**မျိုးဖြစ်၍ အသက် တစ်ရာနေ၍ သေသည့်တိုင်သောင် မပျက်၊ သုသာန်၌ မီးရှို့, မြေမြှုပ်မှု တို့ဖြင့် ဖျောက်ဖျက်ပစ်ရသော နိစ္စမျိုးသာတည်း၊ ပုဂ္ဂိုလ်သတ္တဝါမျိုးသာ တည်း။ ထို့ကြောင့် ခြေဖဝါးနာသည်ဟု သိခြင်းသည် ရုပ်နာမ်ခန္ဓာတို့ကို နိစ္စဟု သိခြင်းတည်း။ **(နာမှုကို နိစ္စဟု မယူသော်လည်း ခြေဖဝါးပြု၍**

**ယူခြင်းကြောင့် နိစ္စယူ)**ဖြစ်လေသည်။ **(နိစ္စဟူသည် သာယာဘွယ် သော သုခမျိုး)** ဖြစ်သောကြောင့် သုခသိဖြစ်သည်။ **(နိစ္စဟူသည် အတ္တ သာရမျိုး)** ဖြစ်သောကြောင့် အတ္တသိ ဖြစ်သည်။

**အနိစ္စ-** ခက်မာမှုဟူသောရုပ်ခန္ဓာ, နာမှုဟူသောနာမ်ခန္ဓာတို့သည် အနိစ္စမျိုးသာတည်း၊ ခက်မာမှုစသည်တို့သည် အလှုပ်ပင်မခံ၊ တစ်ခဏ တွင်းမှာပင် အခါများစွာ ကွယ်ဆုံးကြ၏၊ နာမှုသည်လည်း ခဏချင်းပင် ချုပ် ပျောက်နိုင်၏၊ ထို့ကြောင့် ရုပ်ခန္ဓာ, နာမ်ခန္ဓာဟုသိခြင်းသည် အနိစ္စသိဖြစ်၏။

**ဒုက္ခအသိ** - အနိစ္စဟူသည် မရဏဓမ္မမျိုးဖြစ်၏၊ အမျိုးအားဖြင့် သတ္တဝါတို့ အလွန်ကြောက်ကြသော သေဘေးမျိုး ဖြစ်၏၊ ထို့ကြောင့် ဒုက္ခသိဖြစ်၏။

**အနတ္တအသိ**-- အနိစ္စဟူသည် အနှစ်သာရ၏ ဆန့်ကျင်ဖက်ဖြစ်၏၊ တစ်သက်တည်နိုင်သော ပုဂ္ဂိုလ်၏အမာခံ အနှစ်သာရ အတ္တမျိုးမဟုတ်၊ ဘေးမျိုး, ဒုက္ခမျိုးဟူသည် သတ္တဝါတို့၏ အလိုနှင့်ဆန့်ကျင်ဖက်မျိုးသာ တည်း၊ ထို့ကြောင့် ရုပ်ခန္ဓာ, နာမ်ခန္ဓာဟုသိခြင်းသည် အနတ္တသိဖြစ်၏။

**မရဏ ၂-ပါး**-- ဤစကား၌ အနိစ္စဟူသည် မရဏဓမ္မမျိုးဖြစ်၏ ၊အမျိုးအားဖြင့် သတ္တဝါတို့ အလွန်ကြောက်ရသော သေဘေးမျိုးစင်စစ်ဖြစ်၏။

**ခဏိကမရဏ**-- ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့၏ ခဏမစဲ ချုပ်ပျက်မှုဟူသော ခဏိက မရဏတစ်ပါး၊

**သန္တတိမရဏ**-- ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့အမြင် ရှုရသော သန္တတိ မရဏတစ်ပါး၊

ဤမရဏ ၂-ပါးတို့သည်လည်း သတ္တဝါတို့မှာ အလွန်ကြောက်ရ သော သေဘေးမျိုး အမှန်စင်စစ်ဖြစ်ကြသော်လည်း **(ဘဝဆုံးမှု)**မဟုတ် သေး၍ သေဘေးမျိုးဟု မထင်ကြကုန်။

**ဇာတိနှင့်မရဏ--** ထိုမှတစ်ပါး ခြေဖဝါးကိုပယ်ရှား၍ ရုပ်ခန္ဓာ, နာမ်ခန္ဓာခြားနား၍မြင်မှုကား ဣရိယာပုထ် တစ်ခုအတွင်းမှာပင် အသစ်ဖြစ်ပေါ်မှုဟူသော ဇာတိဓမ္မတို့ကို သိမြင်နိုင်သောအခါ ပုဂ္ဂိုလ်၏ ရှင်ခြင်း, သေခြင်းဟူ၍ပင်မရှိ၊ ဓာတ်တို့၏ဖြစ်ခြင်း, ပျက်ခြင်းသာအမှန် ရှိသည်ဟု သိမြင်နိုင်တော့သည်။

ခြေဖဝါးနာကျင်မှု၌လည်း ပကတိလူတို့ပင် ယခုပင် အနာဖြစ်ပေါ် သည်၊ ယခုပင်အနာပျောက်ပြီဟု သိမြင်နိုင်၏။ ရုပ်ခန္ဓာ, နာမ်ခန္ဓာဟု ခြားနား၍ မသိသည့်အတွက် ဖြစ်မှုကိုလည်း ဇာတိဓမ္မဟုမသိကြ၊ အနာ ပျောက်မှုကိုလည်း မရဏဓမ္မဟု မသိကြကုန်။

## ဝေဒနာ ဖြစ်ပေါ်မှု-

ဝေဒနာဖြစ်ပေါ်မှု၌ ဖဿပစ္စယာ ဝေဒနာဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နှင့်အညီ ထိခိုက်မှု ဒဏ်ချက်ဟူသော **(ဖဿသည်သာ ပမာဏတည်း၊)** ဖဿဖြစ်လျှင် ဝေဒနာဖြစ်၏၊ ဖဿချုပ်လျှင် ဝေဒနာချုပ်၏၊ **(ဒဏ်ထိသမျှ ဖဿဖြစ်ပေါ်၍)** ဝေဒနာတို့ဖြစ်ပေါ်နေကြသော်လည်း **(ရုပ်နှင့်နာမ်သည် ဝိပ္ပယုတ္တဖြစ်သောကြောင့်)** ရောယှက်ခြင်း မရှိကြကုန်။

## ရေနှင့်မီးရောင် မရောသည့်အလား

ညဉ့်အခါ၌ မီးရောင်တို့သည် ရေခွက်၌ရှိသော ရေ၌ အနှံ့အပြား ဖြစ်ပေါ်ကြသော်လည်း ရေနှင့်ရောယှက်ခြင်းမရှိ။-မီးဖြစ်ပေါ်လျှင် ရေခွက်တစ်ခုလုံး၌ မီးရောင်တို့ဖြစ်ပေါ်ကုန်၏၊ မီးသေပျောက်လျှင် ရေခွက်အတွင်းရှိ မီးရောင်တို့သည် တစ်ပြိုင်နက် ပျောက်ကွယ်၏၊ ဤကား ရေနှင့်မီးရောင်တို့၏ မရောယှက်ခြင်း ဝိပ္ပယုတ္တဖြစ်ပုံတည်း။

မှန်နှင့် မှန်၌ထင်သော မျက်နှာရိပ်တို့သည်လည်း ဝိပ္ပယုတ္တတို့ပင် တည်း။ ထို့အတူ နာမှုဟူသော နာမက္ခန္ဓာ ၄-ပါးတို့သည် ခြေ၌ဖြစ်ပေါ်၍

တစ်ရက်, နှစ်ရက်စသည် ဒဏ်ထိမှု ဖဿမပျောက်သမျှ ဖြစ်ပေါ်နေကြသော်လည်း ဝိပ္ပယုတ္တ ပစ္စည်း-ပစ္စယုပ္ပန်ချင်းဖြစ်ကြ၍ ခြေဟူသော ရူပကလာပ်နှင့် ရောယှက်ခြင်း မရှိကြကုန်။

## ကာယာယတနနှင့်ဖောဋ္ဌဗ္ဗာယတန-

**ကာယာယတန**။ ။ အတွင်းအပဖြစ်သော ခြေတစ်ခုလုံး၌ တည်ရှိနေသော ကာယပသာဒ ရုပ်အကြည်ပေတည်း။

**ဖောဋ္ဌဗ္ဗာယတန**။ ။ ပထဝီတစ်ပါး၊ တေဇောတစ်ပါး၊ ဝါယော တစ်ပါး၊ ဤဓာတ်ကြီး ၃-ပါးကို ဆိုသတည်း။

**ဖောဋ္ဌဗ္ဗ ၆-ပါး**။ ။ ထိုဓာတ်ကြီး ၃-ပါးသည်-ခြေသလုံး၌ ရှိနေသော အတွင်းဖောဋ္ဌဗ္ဗကြီး ၃-ပါး။ ကြမ်းအပြင်, ခြေနင်းပျဉ်စသော အပ သန္တာန်၌ ရှိနေသော အပဖောဋ္ဌဗ္ဗကြီး ၃-ပါးဟူ၍ ၆-ပါးရှိ၏။

အပဖောဋ္ဌဗ္ဗ ၃-ပါးသည် ခြေဖဝါးမှာရှိသော ကာယာယတန၌သာ ထိခိုက်နိုင်၏၊ ခြေဖဝါးအရေ၌ရှိသော ဖဿတရား, ဝေဒနာတရားတို့ သည်ကား အပဖောဋ္ဌဗ္ဗတို့၏ ထိခိုက်မှု ဒဏ်ချက်ကြောင့် ဖြစ်ပေါ်၏။

အရေမှာ ထိခိုက်သည်ရှိသော် ထိခိုက်မှု ဒဏ်ဟုန်ကြောင့် အတွင်း ဖောဋ္ဌဗ္ဗတို့နှင့် အတွင်းကာယာယတနတို့သည် အချင်းချင်း ထိခိုက်မိကြ၏။ အရေ၏အတွင်း ခြေတစ်ခုလုံး၌ရှိသော ဖဿတရား, ဝေဒနာ တရားတို့ သည်ကား အတွင်းဖောဋ္ဌဗ္ဗတို့နှင့် အတွင်းကာယပသာဒတို့၏ ထိခိုက်မှု ဒဏ်ချက်ကြောင့် ဖြစ်ပေါ်ကြ၏။ **(နာမှု ဝေဒနာထင်ရှားရာ၌ သိမှု ဝိညာဏ်သည် မထင်ရှားပြီ။)**

## ကာယဝိညာဏ်သိနှင့်မနောဝိညာဏ်သိ

ဖျားနာရာ၌ တစ်ကိုယ်လုံးပင် ဒုက္ခသဟဂုတ် နာမက္ခန္ဓာ ၄-ပါးတို့ဖြင့် အပြည့်ရှိ၏၊ အဖျားကျသွားလျှင် အကုန်လုံး ချုပ်ကွယ်၏၊ **(ကာယဝိညာဏ်**

**သိမှုသည် လောက၌သိမှုဟူ၍မထင်ရှား၊)** ခြေနာသည် ခြေကျင်သည် ခြေညောင်းသည် လက်နာသည် လက်ကျင်သည် လက်ညောင်းသည် အစရှိသည်တို့၌ ပါဝင်၍နေ၏၊ ခြေသည် တစ်စုံတစ်ခုနှင့်ထိခိုက်လျှင် နာသည်ဟု သိကြ၏၊ **(ထိခိုက်သည်ကိုခြေသိဟု မထင်ကြ၊ မနောကသာသိသည်)**ဟု ထင်ကြ၏။ အဘယ့်ကြောင့် ဆိုသော် **(မနောသိဖြစ်မှသာ ပုဂ္ဂိုလ်သိ)** ဖြစ်ပေါ်သောကြောင့်တည်း၊ ခြေဖဝါး၌ထိခိုက်မှုသည် မနောတိုင်အောင် ခိုက်မြဲတည်း၊ **(အခိုက်နှစ်ချက်)**ဖြစ်၏၊ **(ခြေသိ, မနောသိ)** ဟူ၍ အသိနှစ်ချက်ဖြစ်၏၊ ခြေသိကို **(ကာယဝိညာဏ်)**ဟု ခေါ်၍ မနောသိကို **(မနောဝိညာဏ်)**ဟုခေါ်၏၊ **(ရှေ့သွား နောက်လိုက် နှစ်ပါးအစုံ)** တည်း။

## ပုဂ္ဂိုလ်သိ-

ယင်းဖြစ်စဉ်တွင် **(နောက်ဖြစ်သော မနောသိ)**ပေါ်မှ ငါ့ခြေ၌ထိသည်ဟု **(ပုဂ္ဂိုလ်သိ)**ပေါ်လာသည်၊ **(ပုဂ္ဂိုလ်သိကိုသာ လောကသိ)** ဟုမှတ်ထင်ကြသည်။ ဤကား ကိုယ်၏သိမှု, ခြေလက်စသောအင်္ဂါတို့၏ သိမှု, အရေစသော ကောဋ္ဌာသတို့၏သိမှုဟုဆိုအပ်သော **(ကာယဝိညာဏ်သည် ပရမတ္ထဓမ္မတို့တွင် အလွန်ထင်ရှားသော ဝိညာဏ်ဖြစ်ပါလျက် လူတို့၏အသိတွင် မထင်မရှားရှိနေကြသည်)**ဖြစ်၍ ထင်ရှားစေခြင်းငှါ **(အဖန်တလဲလဲ)** ပြဆိုလိုက်သည်။ ဟုတ်မှန်သော **(ပရမတ္ထအလိုအားဖြင့်)** ပုဂ္ဂိုလ်လည်းမရှိ၊ ပုဂ္ဂိုလ်၏ခြေလည်းမရှိ၊ **(ခန္ဓာငါးပါးသာ)**အမှန်ရှိ၏။

## သိမှုဟူသည် ဝိညာဏက္ခန္ဓာမျိုး-

သိမှုဟူသမျှသည် ဝိညာဏ်မျိုးသာဖြစ်၏၊ ထိုသိမှုဖြစ်ပေါ်တိုင်း ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာတို့လည်း လက္ခဏာမကွဲ အမြဲဖြစ်ပေါ်၏။ **(ကာယဝိညာဏ်နာမက္ခန္ဓာ ၄-ပါး)**တို့သည် တစ်ကိုယ်လုံးမှာ ဘယ်နေရာမှ **(အမြဲမရှိ)**။ အတွင်းအပ ဖောဋ္ဌဗ္ဗတို့နှင့် ထိခိုက်ရာတို့၌ ခဏအနေ

နှင့် ဖြစ်ပေါ်၍ ထိခိုက်မှုကင်းလျှင် ချုပ်ပျောက်ကြ၏။

လောက၌ ညောင်းသည်၊ အညောင်းပျောက်ပြီ၊ နာသည်, အနာ ပျောက်ပြီ၊ ကိုက်သည် အကိုက်ပျောက်ပြီ၊ ပူသည်၊ အပူပျောက်ပြီ၊ ချမ်းသည်၊ အချမ်းပျောက်ပြီ စသည်ဖြင့် **(ဖြစ်မှု-ချုပ်မှု အာဂန္တုအခြင်းအရာသည် ထင်ရှား၏၊ နာမက္ခန္ဓာ ၄-ပါးတို့၏အမှုဟုသာ မသိကြကုန်။)**

ထိုသို့ **(ရုပ်နာမ်မကွဲ)**သဖြင့် ပုဂ္ဂိုလ်သတ္တဝါဟူ၍, အသက်ရှိသည် ဟူ၍, မဟုတ်မမှန် ဖောက်ပြန်စွဲလမ်းကြ၏။ အလွန်ခက်ခဲ နက်နဲလှ၍ ကောင်းစွာထင်ရှားအောင် အနည်းနည်းဖော်ပြ လိုက်သည်၊ **(အဖန် တလဲလဲဟု အပြစ်မတင်ကြကုန်လင့်။)**

## လောကအလို ပုဂ္ဂိုလ်ဖြစ်ခြင်း

**ပုဂ္ဂိုလ်သတ္တဝါဟု စွဲလမ်းမှုသည် နိစ္စ၊ သုခ၊ အတ္တဟု စွဲလမ်းမှု ပင်တည်း။** တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးတို့၏ အမှုချည်းသာတည်း။ **မြင် တတ်သော မျက်စိ(ဒြပ်)၊ မျက်စိ(သဏ္ဌာန်)၊ ကြားတတ်သောနား(ဒြပ်)၊ နား(သဏ္ဌာန်)ဟူ၍မရှိ။** ထိုနေရာ၌ အစဉ်ဖြစ်ပွားနေသော ခက်မာမှု စသည် ရုပ်တရားနှင့် မြင်စိတ်ကြားစိတ်ဆိုသော အဆင်း အသံတို့ ထိခိုက် ဆဲအခါ ဖြစ်ပေါ်လာသော နာမ်တရားတို့သာတည်း။ ဤသို့ သိမြင်မှုသည် ကား ဉာဏ်သိဖြစ်၏။ အနိစ္စသိ၊ ဒုက္ခသိ၊ အနတ္တသိ၊ နိဿတ္တ၊ နိဇ္ဇီဝသိဖြစ်၏။

## ရုပ်နာမ်ဖြစ်ပျက်ပုံ

ပရမတ္ထအားဖြင့် **(ဒြပ်မျက်စိမရှိ။ ထိုနေရာ၌ဖြစ်သော ခန္ဓာ ငါးပါးသာ)**ရှိ၏။ ထိုနေရာ၌ **(ရုပ်တစ်ပါးသာအစဉ်ရှိ၍) နာမ်ခန္ဓာ (၄)ပါး** တို့သည် အဆင်းအာရုံကို **(ကြည့်ဆဲအခါ)**၌သာ ဖြစ်ပေါ်၍ အိပ်ပျော်ဆဲ၊ မှောင်မိုက်ဆဲ၊ မျက်စိပိတ်ဆဲအခါတို့၌ ချုပ်ကွယ်ကြ၏။ မျက်တောင်ခတ်တိုင်း **(အာရုံပြောင်းတိုင်းလည်း ချုပ်ကွယ်)**ကြကုန်၏။

## စက္ခုသိ၊ မနောသိ၊ ပုဂ္ဂိုလ်သိဟူသော အသိ(၃)မျိုး

စက္ခုသိဆိုသည် အဆင်းသက်သက်ကို မြင်မှုသာတည်း။ အကြီးအသေး အဝန်းအလျားစသော သဏ္ဍာန်ကိုသိသည် မဟုတ်။ မနောသိရောက်မှ ပုံသဏ္ဍာန် ဖြစ်ပေါ်၏။ **(မနောသိကိုပင် ပုဂ္ဂိုလ်သိ)**ဟုဆို၏။ လောက၌ မျက်စိ၏အခွင့်မည်သည် အလွန်ကြီးကျယ်၏။ နားထက်ပင်သာလွန်၏။ မျက်စိ၌ ပုဂ္ဂိုလ်သတ္တဝါ၊ အတ္တဇီဝ၊ နိစ္စသုခ စွဲလမ်းမှုသည် အလွန် ထက်သန်၏။

## မနောဝိညာဏ်

နှလုံးသွေးအတွင်း၌ မနောဝိညာဏ်သည် ဖြစ်သည်။ နှလုံးအိမ်သည် အသားဆိုင်အသားခဲဖြစ်၍ ကာယဝိညာဏ်၏ ဖြစ်ရာဌာနဖြစ်၏။ **(နှလုံးသွေးသည်ကား ကာယဝိညာဏ်ဖြစ်ရာဌာနဟုမဆို)**။

မနောဝိညာဏ်ကား အလွန်များလှ၏။ အကုသိုလ်အကြံသည်လည်း မနောမှုဖြစ်၏။ ကုသိုလ်အကြံသည်လည်း မနောမှုဖြစ်၏။ အိပ်ပျော်သော ဘဝင် (အဗျာကတ)ဝိညာဏ်သည်လည်း မနောမှုဖြစ်၏။ ကာယကံမှု ဝစီကံမှု မနောကံမှုတို့သည်လည်း မနောမှုဖြစ်၏။ ကုသိုလ်ဇော အကုသိုလ်ဇောတို့သည်လည်း ထိုမနောမှုဖြစ်ကြ၏။ ဇောဟူသည် အလွန် ပြင်းထန်သော အဟုန်ရှိသောစိတ်မျိုးတည်း။ အလိမ်မာဟူသမျှ, အမိုက်အမဲဟူသမျှတို့သည် မနောမှု ဖြစ်ကြကုန်၏။

## လောကအလို ပုဂ္ဂိုလ်သတ္တဝါကိစ္စဖြစ်ပုံ

လောကအလိုအားဖြင့် မနောသည် ဣရိယာပုထ် ၄-ပါးကို ဆောင်တတ်၏၊ သွားတတ်၏၊ ထိုင်တတ်၏၊ လျောင်းတတ်၏၊ ပြောတတ်၏၊ ငိုတတ်၏၊ ရယ်တတ်၏၊ သတ်တတ်၏၊ ခိုးယူတတ်၏။ ဤသို့ဖြင့် **(ပုဂ္ဂိုလ်သတ္တဝါ၏ ကိစ္စဟူသမျှသည် မနောကိစ္စချည်းသာတည်း။)**

## မနောသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်

မနောသည် မနောကံသက်သက်ကိုသာ ပြုတတ်သည်၊ ကာယကံ ဝစီကံ ကိစ္စမျိုးတို့သည်ကား မနောသက်သက်နှင့် ပြီးသည်မဟုတ်၊ ကိုယ်-နှုတ်တို့ပါမှ ပြီးစီးကုန်၏၊ ထို့ကြောင့် ကာယကံ၊ ဝစီကံကိစ္စမျိုးကိုကား မနောသည် မပြုတတ်၊ ပုဂ္ဂိုလ်သတ္တဝါသာ ပြုတတ်သည်ဟု ဆိုရန်ရှိ၏။

ကိုယ်နှုတ်အင်္ဂါတို့သည် သိတတ် ကြံတတ် အားထုတ်တတ်ပါသလောဟု မေးရာ၊ မသိတတ် မကြံတတ် အားမထုတ်တတ်ပါ၊ မနောသည်သာ သိတတ်ကြံတတ် အားထုတ်တတ်ပါသည်။ ပုဂ္ဂိုလ်သတ္တဝါဆိုသည်ကား သိတတ်ကြံတတ် အားထုတ်တတ်သည်ကို ဆိုပါသည်။ ထိုအခါ **(မနောသည် ပုဂ္ဂိုလ်သတ္တဝါ အစစ်ဖြစ်ကြောင်း ထင်ပေါ်လာ၏)**။

တစ်နည်းသော်ကား သတ်မှု, ခိုးမှုမည်သည် မနော၏သိမှုကြံမှုသက်သက်နှင့်ပြီးစီးသည်မဟုတ်၊ ကိုယ်နှုတ်တို့၏ ပယောဂပါမှ ပြီးစီးသည်ဖြစ်၍ မနောလည်း သတ်တတ်၏၊ ကိုယ်နှုတ်အင်္ဂါတို့လည်း သတ်တတ်၏၊ မနောလည်း ခိုးတတ်၏၊ ကိုယ်နှုတ်အင်္ဂါတို့လည်း ခိုးတတ်၏၊ မနောလည်း ပုဂ္ဂိုလ်သတ္တဝါတည်း၊ ကိုယ် နှုတ်အင်္ဂါတို့လည်း ပုဂ္ဂိုလ်သတ္တဝါပင်တည်း။

ပရမတ္ထအလိုအားဖြင့် ပုဂ္ဂိုလ်သတ္တဝါလည်း မရှိ၊ နှလုံးသွေးလည်း မရှိ၊ ထိုနေရာတို့၌ အကြောင်းအားလျော်စွာ ဖြစ်ကြသော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးသာရှိ၏။

## မြင်မှု,သိမှုကို တစ်ပြိုင်တည်း မှတ်ထင်ခြင်း

မြင်ရာ၌ မြင်မှုတည်းဟူသော မျက်စိကမြင်မှုနှင့် မနောကသိမှုကို တစ်ပြိုင်တည်း **(တစ်ခုတည်း)** မှတ်ထင်ကြ၏။ ကြားမှု-သိမှုအစုံ, နံမှု-သိမှုအစုံ, လျက်မှု-သိမှု, ထိမှု-သိမှုအစုံတို့၌လည်း ထိုနည်းအတူ သိကြ၏။ မြင်မှုနှင့်ကြားမှု, မြင်မှုနှင့်နံမှု, မြင်မှုနှင့်လျက်မှု, မြင်မှုနှင့်တွေ့ထိမှု, ကြားမှု

နှင့်နံမှု, ကြားမှုနှင့်လျက်မှု, ကြားမှုနှင့်တွေ့ထိမှုစသည်တို့၌လည်း အပြိုင်ဖြစ်သည်ဟု မှတ်ထင်ကြ၏။

မနောသိသက်သက်၌လည်း ဝတ္ထုအာရုံအမျိုးမျိုးကိုပင် တစ်ပြိုင်တည်း သိနိုင်သည်ဟု မှတ်ထင်၏၊ စကားပြောဆိုရာ၌ အက္ခရာတစ်လုံးလျှင် ဇောစိတ် ၇-ကြိမ် တစ်သုတ်စီ တစ်သုတ်စီ ဖြစ်ရ၏၊ အက္ခရာချင်းလည်း ရှေ့နောက်မရော အာကာသပရိစ္ဆေဒခြား၏၊ ဇောအသုတ်ချင်းလည်း ရှေ့နောက်ဘဝင်စိတ်ခြား၏၊ သို့သော် စကားလုံး တစ်သောင်း တစ်သိန်းကိုပင် ဇောစိတ်တစ်ခုနှင့် ပြောဆိုနေသည်ဟု မှတ်ထင်ကြ၏။

## မနော၌ ဖြစ်ပေါ်မှု ၃-မျိုး

၁။ အကုသိုလ် အကြံအစည် နာမက္ခန္ဓာ ၄-ပါးဖြစ်ပေါ်မှု တစ်မျိုး၊

၂။ ကုသိုလ် အကြံအစည် နာမက္ခန္ဓာ ၄-ပါးဖြစ်ပေါ်မှု တစ်မျိုး၊

၃။ ဘဝင် နာမက္ခန္ဓာ ၄-ပါးဖြစ်ပေါ်မှု တစ်မျိုး၊ ပေါင်းသုံးမျိုးရှိ၏။

## မနောဝိညာဏ်၌ ဒိဋ္ဌိသိ

သတ္တဝါတို့အား မြင်၍သိကြရာ၌ ပုဂ္ဂိုလ်မြင်မှု-သိမှု၊ သတ္တဝါမြင်မှု-သိမှုဟု ထင်မြင်စွဲယူနေသော သက္ကာယဒိဋ္ဌိသည် ရှိ၏။ နားဖြင့်ကြား၍ နှာခေါင်းဖြင့်နံ၍ လျှာဖြင့်လျက်၍ ကိုယ်ဖြင့်တွေ့၍သိကြရာ၌ ပုဂ္ဂိုလ်သိမှု သတ္တဝါသိမှုဟု ထင်မြင်စွဲယူသော သက္ကာယဒိဋ္ဌိကြီး ရှိနေ၏။ မနောသက်သက်ဖြင့် ကြံသိရာ၌ ပုဂ္ဂိုလ်ကြံမှု-သိမှု သတ္တဝါကြံမှု-သိမှုဟု စွဲယူသော သက္ကာယဒိဋ္ဌိသည် ရှိ၏၊

ထို ၆-ချက်တွင် ရှေ့ ၅-ချက်တို့သည် ပဉ္စဝိညာဏ် နာမက္ခန္ဓာအခန်း၌ ပါဝင်ကြကုန်ပြီ၊ နောက်ဆုံးအချက်သည် ဤ**(မနောဝိညာဏ် နာမက္ခန္ဓာ သက်သက်ကို ပုဂ္ဂိုလ်သတ္တဝါပြု၍)**ထင်မြင်စွဲယူမှုတည်း၊ **(မနောဝိညာဏ် နာမက္ခန္ဓာ ၄-ပါးတို့ကို နိစ္စ၊ သုခ၊ အတ္တဟူ၍ စွဲလမ်းမှု)**ပေတည်း။

## မနောဝိညာဏ်ကို အနိစ္စမြင်ပုံ

ကြံတတ်သိတတ်သော ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ခန္ဓာငါးပါးသာရှိ၏။ နှလုံးသွေး၌ရှိသော ဓာတ်ကြီးလေးပါးတို့ကား ရုပ်ခန္ဓာတို့တည်း။ ဗဟိဒ္ဓ အာရုံခိုက်သည်ရှိသော် မနောဝိညာဏ် နာမက္ခန္ဓာ ၄-ပါးတို့သည် ဖြစ်ပေါ်၏၊ ထိုနာမက္ခန္ဓာတို့ကို ကြံမှု-သိမှုဟု ဆိုသတည်း။

**(နှလုံးသွေး၌လည်း ထိုနာမက္ခန္ဓာတို့ဖြစ်ရာ)**သည် တစ်ရာ တစ်ထောင်မက များပြား၏၊ **(အကြောင်းသင့်ရာနေရာ၌ တစ်သုတ် တစ်သုတ်ဖြစ်ပေါ်)**ကုန်၏၊ တစ်နာရီအတွင်းမှာပင် **(ဖြစ်ရာဌာနပေါင်း တစ်ရာ တစ်ထောင်မက ပြောင်းလဲ၏၊)** တစ်သုတ် တစ်သုတ်၏အကြား၌ ဘဝင်မနောခြား၍ဖြစ်ပေါ်၏၊ ဘဝင်မနောနှင့်လည်း ပြိုင်ရိုးမရှိ၊ ဘဝင် တစ်သုတ် ချုပ်ဆုံးမှ ဘဝင်တသုတ်ဖြစ်၏၊ နှလုံးသွေးမှတပါး စက္ခု, သောတ စသော ထိုထိုနေရာ၌ နာမက္ခန္ဓာ ၄-ပါးတို့ ဖြစ်ခိုက်၌လည်း နှလုံးသွေးမှာ ဘဝင်ဝိညာဏ်, မနောဝိညာဏ် နာမက္ခန္ဓာ ၄-ပါးတို့ကင်း၍ နေကုန်၏၊ **(ရူပက္ခန္ဓာသက်သက်သာ ရှိနေ၏။)**

## ဇောစိတ်အရသာ၌ သာယာသောတဏှာ

မနောအရသာမည်သည် အလွန်ကြီးကျယ်၏၊ ဇောစိတ်တို့၏ အရသာကို မဆိုထားဦး၊ အိပ်ပျော်မှုဟူသော မနော**(ဘဝင်၏အရသာ)**သည်ပင် အလွန်သာယာဖွယ်ဖြစ်၏။ အိပ်စက်မှုဟူသော **(ဘဝင်၏အရသာ)**၌ သာယာသောတဏှာသည် **(နိဒ္ဒါရာမတာတဏှာ)**မည်၏။

လောကီ လုပ်မှု ကြံမှုတို့ကို မစွန့်နိုင်သောတဏှာ၊ အပေါင်းအဖော်နှင့်စကားပြောဆိုမှုကို မစွန့်နိုင်သောတဏှာ၊ အဖော်နှင့်ကင်း၍ဆိတ်ငြိမ်ရာ၌ တစ်ကိုယ်တည်း မနေနိုင်သောတဏှာ စသည်တို့မည်၏။ ဗောဓိပက္ခိယ အစီးအပွါးကို လွန်စွာဖျက်ဆီးနိုင်သော ဓမ္မန္တရာယ်ကြီးတို့ပေတည်း။

## "လက္ခဏာရေး ၃-ပါး"

(က) နိစ္စနိမိတ် (ခ) အနိစ္စလက္ခဏာ (ဂ) အနိစ္စဝိပဿနာ

(က) သုခနိမိတ် (ခ) ဒုက္ခလက္ခဏာ (ဂ) ဒုက္ခဝိပဿနာ

(က) အတ္တနိမိတ် (ခ) အနတ္တလက္ခဏာ (ဂ) အနတ္တဝိပဿနာ

### "နိစ္စနိမိတ်, အနိစ္စလက္ခဏာ, အနိစ္စဝိပဿနာ"

**နိစ္စနိမိတ်**-- နိစ္စနိမိတ်ဆိုသည်ကား- ခန္ဓာ ၅-ပါးတို့၏ နိစ္စအရိပ်အရောင်ပေတည်း၊ အရိပ်အရောင်ကို အစွဲပြု၍ ခန္ဓာ ၅-ပါးရုပ်နာမ်တရားတို့ကို နိစ္စဟု စွဲလမ်းကြ၏။ နိစ္စနိမိတ်တွင် သဏ္ဌာနနိမိတ်နှင့် သန္တတိနိမိတ်ဟူ၍ နှစ်ပါးရှိ၏။

**သဏ္ဌာနနိမိတ်** - ပရမာဏုမြူ အဏုမြူတို့မှစ၍ မြင်းမိုရ်တောင်ပမာဏတိုင်အောင် လောက၌ အကြီးအငယ် အရှည်အတို အဝန်းအလျားအပါးအထူအစရှိသဖြင့် ထင်မြင်နေကြသော အထည်ဝတ္ထု ဒြပ်သဏ္ဌာန်ဟူသမျှသည် သဏ္ဌာနနိမိတ်မည်၏။

**သန္တတိနိမိတ်** - သန္တတိသည်- ၁။ ကာလသန္တတိ ၂။ ဌာနသန္တတိဟူ၍ နှစ်ပါးရှိ၏။

**ကာလသန္တတိနိမိတ်** - အဏုမြူစသောဝတ္ထုဒြပ် မပျောက်မပျက်မူ၍ ခဏများစွာတည်နေ၏ဟု ထင်မြင်ကြသည်ကား ကာလသန္တတိတည်း။

**ဌာနသန္တတိနိမိတ်**-- ဤဝတ္ထုသည် လှုပ်၏၊ ရှား၏၊ ရွေ့၏၊ ပြောင်း၏၊ ဤနေရာမှ ထိုနေရာသို့ရောက်၏၊ ထိုနေရာမှ ဤနေရာသို့ရောက်၏ဟု ထင်မြင်ကြရသည်ကား ဌာနသန္တတိတည်း။ ဤသဏ္ဌာနနိမိတ် သန္တတိနိမိတ်နှစ်ပါးသည် နိစ္စနိမိတ် မည်၏။

## သဏ္ဌာနနိမိတ်အမျိုးမျိုး-

ပုဂ္ဂိုလ်သတ္တဝါဟူသောနိမိတ်, ငါသူတစ်ပါး ယောကျ်ား မိန်းမ ဟူသောနိမိတ်, ပုဂ္ဂိုလ်သတ္တဝါ၏ အင်္ဂါကြီးငယ်ဟူသောနိမိတ်, ဤနိမိတ်တို့ကား သဏ္ဌာနနိမိတ်တို့မှ ပွါးကုန်၏။

## သန္တတိနိမိတ်အမျိုးမျိုး-

ပုဂ္ဂိုလ်သတ္တဝါတို့၏ တည်နေမှု လှုပ်ခြင်း ရှားခြင်း သွားခြင်း လာခြင်း ပြောခြင်း ဆိုခြင်း ကြံခြင်း သိခြင်း ကြည့်ခြင်း ရှုခြင်းအစရှိသော **(ကိရိယာဗျာပါရ နိစ္စနိမိတ်)**တို့သည် သန္တတိနိမိတ်မှ ဖြစ်ကုန်၏။ ဤလှုပ်ခြင်း ရှားခြင်းဆိုသည်ကား လောကအခေါ် လှုပ်ခြင်း ရှားခြင်းကို ဆိုသည်။ ကြံခြင်းသိခြင်းစသည်တို့၌လည်း-သူကြံသည် ငါကြံသည် သူသိသည် ငါသိသည်ဟု ထင်မြင်ပြောဆိုကြသော ကြံမှုသိမှု စသည်တို့သည် အရာအထောင်မကသော **(ရုပ်အဆက်ဆက် နာမ်အဆက်ဆက်တို့ကို တစ်ခုတည်းပြု၍)**သိမြင်သောကြောင့် သန္တတိနိမိတ်တို့ပင်တည်း။

**အမူအရာတို့သည် သန္တတိနိမိတ်မှ ဖြစ်ကုန်၏။** မျက်တောင်ခတ်ခြင်း အသက်ရှူခြင်း ကိုယ်အင်္ဂါကြီးငယ်တို့၏ လှုပ်ရှားခြင်း ပြောခြင်း ဆိုခြင်း ပြုံးရယ်ခြင်းစသော အမူအရာတို့သည် သန္တတိနိမိတ်မှဖြစ်ကုန်၏။ ဤအရာ၌ **(အမူအရာဟူသမျှသည် ဒြပ်သဏ္ဌာန်မျိုးမဟုတ်၊ ရွေ့ရှားမှုမျိုးဖြစ်၍ သန္တတိနိမိတ်ဆိုသတည်း။)**

## အနိစ္စလက္ခဏာကို ပြဆိုချက်

**အနိစ္စမည်ပုံ** -- အနိစ္စသည် ခဏ်မာမှု ဖွဲ့စေးမှုဟူသော **(ရုပ်ခန္ဓာ)**၊ မြင်မှု ကြားမှု နံမှု လျက်မှု တွေ့မှု မနောသိမှု ခံစားမှု မှတ်သားမှု စေ့ဆော်မှုဟူသော **(နာမ်ခန္ဓာ)**၊ ဤရုပ်နာမ်ခန္ဓာတို့သည် **(မမြဲသောသဘောကြောင့်)** အနိစ္စမည်ကုန်၏။ **(ရုပ်နာမ်ဟူသည် အနိစ္စမည်၏။)**

**အနိစ္စလက္ခဏာ-** - ရုပ်နာမ်တို့၏ ခဏမစဲ ဖြစ်ခြင်း-ပျက်ခြင်းဟူသော **(မမြဲခြင်းသဘောသည်)**ရုပ်နာမ်တို့ကို အနိစ္စ စင်စစ်တည်းဟု မုချ ဆုံးဖြတ်နိုင်သောကြောင့် **(အနိစ္စလက္ခဏာ)**မည်ကုန်၏၊ ဖြစ်ခြင်း-ပျက်ခြင်း နှစ်ပါးတို့တွင် **(ပျက်ခြင်းသည်သာ အနိစ္စလက္ခဏာ အစစ်)**တည်း။ ရုပ်နာမ်၏ **မမြဲသော အခြင်းအရာသည် အနိစ္စလက္ခဏာ**မည်၏။ **မမြဲခြင်းလက္ခဏာ**ရှိသော **ရုပ်နာမ်သည် အနိစ္စ**မည်၏။

## ရုပ်၌သဏ္ဌာနနိမိတ်ပျောက်ပုံ-

အဏုမြူတစ်ခုကို အရှိထင်ရာ ထိုအဏုမြူသဏ္ဌာန်အတွင်းမှာ ခက်မာမှု, ဖွဲ့စေးမှု, ပူမှု, တောင့်တင်းမှုကို မြင်သည်ရှိသော် ရုပ်သဘောသာ အမှန်ရှိဟု သိမြင်လာ၏။ မြင်းမိုရ်တောင်ကို အရှိထင်ရာ၌ မြင်းမိုရ်တောင်မှာ ခက်မာမှုအသချေ်, ဖွဲ့စေးမှု အသချေ် စသည်တို့ကို အမြင်ပေါက်သော် မြင်းမိုရ်တောင်မဟုတ်၊ ရုပ်အသချေ် ပေါင်းစုနေမှုသာ အမှန်ရှိ၏ဟု သိမြင်လာ၏။ လူ-နတ်-ဗြဟ္မာ သဏ္ဌာန်, ခေါင်း-ကိုယ်-ခြေ-လက်သဏ္ဌာန်,စသည်တို့၌လည်း ထိုနည်းတူ သိမြင်လေ။

ဤသို့သိမြင်သော် လောကရှိ သက်ရှိသက်မဲ့ **ဝတ္ထုဒြပ်သဏ္ဌာန်တို့သည် မြေ-ရေ-မီး-လေဟူသော ဓာတ်ကြီးလေးပါး**သာဖြစ်၏၊ အဆင်း အသံ အနံ့ အရသာအစရှိသော ဥပါဒါရုပ်စုသည် ဓာတ်ကြီး ၄-ပါးအတွင်းဝင်၏၊ လူ-နတ်-ဗြဟ္မာ ပုံသဏ္ဌာန်အမျိုးမျိုး ကိုယ်အင်္ဂါကြီးငယ်နိမိတ်အမျိုးမျိုးတို့သည် ဉာဏ်၌ ကွယ်ပျောက်ကြ၏၊ ပထဝီ-အာပေါ-တေဇော-ဝါယော ဟူသော ရုပ်ခန္ဓာတို့ကို ဉာဏ်အမြင်ရှင်းသည်ရှိသော် **(ထိုရုပ်တို့၏ အာရုံထိခိုက်ရာ ဌာနတို့၌ ဖြစ်ပေါ်နေသော မြင်မှု-ကြားမှု-နံမှု-စားမှု-ထိမှု-ကြံမှု စသော နာမ်ခန္ဓာ)**တို့ကိုလည်း မြင်နိုင်ကြကုန်၏။

ရုပ်နာမ်ကို ပိုင်းခြား၍**(မြင်သည်ရှိသော်)** မျက်စိသည် မြင်တတ်သည်၊ နားသည် ကြားတတ်သည်၊ နှာခေါင်းသည် နံတတ်သည်၊ လျှာသည် လျက်တတ်သည်၊ ကိုယ်သည် နာတတ်သည်၊ မနောနှလုံးသည် ကြံတတ်၊ သိတတ်သည်ဟူသော **ရုပ်နာမ်ခန္ဓာနှစ်ခုကို တစ်ခုတည်းပြု၍**ဖြစ်သော **(နိစ္စနိမိတ်မျိုးတို့သည် ဉာဏ်၌ ကွယ်ပျောက်ကုန်၏)**။

## သန္တတိနိမိတ်ပျောက်ပုံ-

ရုပ်နာမ်တို့၏ ခဏမစဲဖြစ်ချုပ်နေ၍ မမြဲသောအခြင်းအရာ အနိစ္စလက္ခဏာကို ဉာဏ်မြင်ပေါက်လျှင် သန္တတိနိမိတ်တို့သည် ဉာဏ်၌ ကွယ်ပျောက်ကုန်၏။ မျက်တောင်တစ်ကြိမ်ခတ်သည်၌ရှိသော **(ရုပ်ခန္ဓာစုသည် မျက်တောင်တစ်ခတ် အစအဆုံးမပျက်ဘဲ တည်နေသည် မရှိ၊ ရုပ်ခန္ဓာပေါင်း တစ်ရာမက ဖြစ်ပေါ်ချုပ်ပျောက်မှ မျက်တောင်တစ်ခတ်ဖြစ်၏၊)** ထို့အတူ မျက်တောင်ခတ်မှုကိုဖြစ်စေသော နာမ်ခန္ဓာတို့သည် တစ်ရာမကဖြစ်မှ မျက်တောင်တစ်ခတ်ဖြစ်ရ၏။ ရုပ်ခန္ဓာတို့သည် ဖြစ်ရာဌာနမှ တဆံခြမ်းမျှ မရွေ့နိုင်ဘဲ ချုပ်ဆုံးကြ၏၊ **(ခက်မာမှုလည်း မလှုပ်ရှား၊ ဖွဲ့စေးမှုလည်း လှုပ်ရှားခြင်းမရှိ၊ မိမိတို့ဖြစ်ရာ၌သာ ချုပ်ဆုံးကြ၏။)** မျက်တောင်ခတ်မှုဆိုသည် မျက်တောင်၏လှုပ်ရှားမှုဖြစ်၏။ အမှန်မှာ မျက်တောင်လည်းမရှိ၊ လှုပ်ရှားမှုလည်းမရှိ၊ **(မျက်တောင်ကား သဏ္ဌာနနိမိတ်)**ဖြစ်၍ **(ခတ်မှုကား သန္တတိနိမိတ်)**သာဖြစ်၏၊

## အနိစ္စဝိပဿနာကို ပြဆိုချက်

ပုဂ္ဂိုလ်သတ္တဝါဟူသော နိစ္စနိမိတ်မျိုးတို့နှင့်သာ ဘဝအဆက်ဆက်ပြီးခဲ့ရ၏၊ သာသနာတွင်း၌သာ ဝိပဿနာဖြင့် အနိစ္စဓမ္မ အနိစ္စလက္ခဏာတို့ကိုသာ အဟုတ်အမှန်ဟု ဉာဏ်ဖြင့် အထူးတွေ့မြင်ကြရ၏၊ ဤသို့သော ဉာဏ်ကို အနိစ္စ ဝိပဿနာဆိုသတည်း။

## "သုခနိမိတ် ဒုက္ခလက္ခဏာ ဒုက္ခဝိပဿနာ"

ပုဂ္ဂိုလ်သတ္တဝါ-လူ-နတ်-ဗြဟ္မာဟူသော နိစ္စနိမိတ်မျိုးကိုပင် သုခနိမိတ်ဆိုသတည်း၊ ထိုနိစ္စနိမိတ်မျိုးတို့ကို အစွဲပြု၍ ရုပ်နာမ်ခန္ဓာတို့ကို သုခဟု စွဲလမ်းကြကုန်၏။

## သာယာဖွယ်သုခများ-

ပုဂ္ဂိုလ်သတ္တဝါနိမိတ်သည် လောက၌ကြောက်လန့်ဖွယ်မဟုတ်၊ သာယာဖွယ်မျိုးသာဖြစ်၏၊ ပုဂ္ဂိုလ်သတ္တဝါမျိုးတွင်လည်း လူထက်လူ နတ်ထက်နတ် ဗြဟ္မာထက်ဗြဟ္မာ အဆင့်အဆင့် သာယာဖွယ် ကြီးကျယ်များပြား၏။

ထို့အတူ သန္တတိအဖို့၌လည်း ကာလများစွာ တည်နေခြင်း ကိုယ်နှုတ် လှုပ်ရှားခြင်း ပြောဆိုခြင်း ပြုံးရွှင်ခြင်း ရှေ့သို့ကြည့်ခြင်း နောက်သို့ကြည့်ခြင်း အစရှိသော လှုပ်ရှားမှု အမူအရာတို့သည်၄င်း, အသက်ရှည်ခြင်း အရွယ်ပျိုနုခြင်း အမူအရာကြီးငယ် အထူးတင့်တယ်ခြင်းတို့သည်၄င်း လောက၌ သာယာဖွယ် တောင့်တဖွယ်မျိုးတို့သာတည်း။ ထို့ကြောင့် နိစ္စနိမိတ်မျိုးကို သုခနိမိတ်ဟု ဆိုအပ်သတည်း။

------

## ဒုက္ခလက္ခဏာ ပဋမခန်းကို ပြဆိုချက်
## ဖြစ်မှုပျက်မှု နှိပ်စက်၍ ဆင်းရဲရပုံ

**ဒုက္ခလက္ခဏာ-** - အနိစ္စဖြစ်သော ခန္ဓာငါးပါးသည် ဒုက္ခမျိုးစင်စစ်ဖြစ်၏၊ **အနိစ္စလက္ခဏာ**ဖြစ်သော ခဏမစဲဖြစ်မှု-ပျက်မှု **အခြင်းအရာ**တို့သည် **ဒုက္ခလက္ခဏာ**ဖြစ်၏။ ခက်မာမှု-ဖွဲ့စေးမှုဟူသော(ရုပ်)နှင့် သိမှု-မြင်မှုဟူသော (နာမ်)တို့သည် ဖြစ်မှု-ပျက်မှုနှစ်ပါးနှင့် အမြဲယှဉ်ကုန်၏၊ ထို့ကြောင့် **ဖြစ်မှု-ပျက်မှု အခြင်းအရာ**ကို ဒုက္ခလက္ခဏာဆိုသတည်း။

## ပထဝီဓာတ်၌ ဒုက္ခလက္ခဏာ

ခက်မာမှုသည် သုခအဖို့, ဒုက္ခအဖို့ နှစ်ပါးရှိ၏။ သုခအဖို့သည်ကား အာယု, ဝဏ္ဏ, သုခ, ဗလဟူသော ကောင်းကျိုးချမ်းသာမျိုးတို့တည်း။ ဒုက္ခအဖို့သည်ကား အာယုကိုဖျက်ဆီး၍သတ်နိုင်သော ပထဝီမျိုး, အနာကြီးငယ် ရောဂါကြီးငယ်တို့ကိုဖြစ်စေ၍ ဝဏ္ဏ, သုခ, ဗလတို့ကို ဖျက်ဆီး၍ ဒုက္ခပေးနိုင်သောပထဝီမျိုးတည်း။

ထိုနှစ်ပါးတို့တွင်-**သုခအဖို့ကား ပြုပြင်နိုင်မှုဖြစ်၏၊ တည်၏။ ဒုက္ခအဖို့ကား နဂိုပကတိမျိုးပေတည်း။** ခက်မာမှုသည် ဖြစ်ပျက်မစဲသော ဓာတ်ညစ် ဓာတ်ဆိုးမျိုးဖြစ်သောကြောင့် သုခအဖို့ ဒုက္ခအဖို့ ခဏချင်း ပြောင်းလဲနိုင်၏။ ဖြစ်ခွင့်ဆိုက်လာသော် တစ်ကိုယ်လုံးရှိသော ခက်မာမှုတို့သည် ခဏချင်း ရောဂါ အနာမျိုးလည်း ဖြစ်တတ်၏။ ခဏချင်း ရောဂါတုံး ရောဂါခဲကြီးလည်း ဖြစ်တတ်၏။ ပထဝီဓာတ်သည် ဤမျှလောက်ဆိုးဝါး၏၊ သန္တိသုခမျိုးမဟုတ်၊ ဘယဒုက္ခမျိုးသာ အမှန်ဖြစ်၏၊

## ဒုက္ခလက္ခဏာထင်လျှင် သုခနိမိတ်ပျောက်ခြင်း

အမှန်ရှိသော -ဓာတ်တို့အတွက် အနိစ္စမှု ဒုက္ခမှုဖြစ်လာသည်ရှိသော် ပုဂ္ဂိုလ်သတ္တဝါဟူသော နိစ္စနိမိတ် သုခနိမိတ်တို့သည် အနည်းငယ်မျှ ခုခံခြင်းငှါ မတတ်နိုင်။ အဘယ့်ကြောင့်ဆိုသော် အရှိမဟုတ်သောကြောင့်တည်း။

ဤကား **"ဘယဋ္ဌေန ဒုက္ခံ"**ဟူသော ပါဠိနှင့်အညီ ခဏမစဲ ဖြစ်ပျက်နေသည့်အတွက် ပထဝီ၌ ကြောက်မက်ဖွယ်သော ဒုက္ခလက္ခဏာကို ပြဆိုခြင်းတည်း။ ပထဝီဓာတ်ကိုပြဆိုသော်လည်း ခန္ဓာငါးပါး တစ်လုံးတည်း ဖြစ်မြဲမှတာဖြစ်၍ အာပေါ, တေဇော, ဝါယော, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ်တို့လည်း ပထဝီ၌ တစ်လုံးတည်း ပါဝင်လေ၏။

အထူးမှုကား-ပထဝီကို အရင်းခံ၍ဖြစ်ရသောဒုက္ခမျိုး, အာပေါကို

အရင်းခံ၍ ဖြစ်ရသောဒုက္ခမျိုး အစရှိသည်ဖြင့် အရင်းခံမျှသာကွဲပြားကြ၏။ ဤကား ခန္ဓာငါးပါးတို့၏ ဒုက္ခလက္ခဏာ ပဌမခန်းတည်း။

## ဒုက္ခလက္ခဏာ ဒုတိယခန်း

## ပျက်မှုသာ ရုပ်နာမ်၏ ပကတိသဘော

**ရေဥပမာ-** - ရေမည်သည် နိမ့်ရာသို့စီးမြဲ ဓမ္မတာတည်း။ အထက်သို့ ဆန်တက်စေလိုသော် ပြုပြင်မှု အစွမ်းအားလျော်စွာ ဆန်တက်၏၊ ပြုပြင်မှု အစွမ်းကုန်လျှင် နိမ့်ရာသို့ သွားမြဲမှာ ရေ၏ဓမ္မတာဖြစ်၏။

ထို့အတူ **(ခန္ဓာငါးပါး)** ရုပ်နာမ်တရားတို့၏ ဖြစ်မှုပျက်မှုတို့တွင် **(ပျက်မှုသည်ကား ဓမ္မတာ)**တည်း။ ရုပ်နာမ်တို့၏ ပကတိသဘောတည်း၊ ဖြစ်မှုသည် ရုပ်နာမ်တရားတို့၏ဓမ္မတာ မဟုတ်၊ ပြုပြင်မှုနှင့်ကင်း၍ဖြစ်နိုင်သော ပကတိသဘောမဟုတ်၊ ပျက်မှုသည်သာ ရုပ်နာမ်တို့၏ ပကတိသဘောတည်း။

ဤစကား၌ "ဇာတိပစ္စယာ ဇရာမရဏံ"ဟုဟောတော်မူသောကြောင့် ပျက်မှုသည် ဖြစ်မှုကပြုပြင်ပေးမှ ရှိနိုင်၏၊ ဖြစ်မှုမရှိလျှင် ပျက်မှုမရှိနိုင်၊ ထို့ကြောင့် ပျက်မှုကို ပကတိဓမ္မတာဟူ၍ မဆိုသင့်ဟု စောဒနာရန်ရှိ၏။

အမှန်မှာ ပျက်မှုကို ပကတိဓမ္မတာဟု ဆိုသည်ကား **(ဖြစ်မှုရှိလျှင် ပျက်မှုရှိမြဲ အမှန်ဖြစ်၏၊ ပျက်မှုရှိလျှင် ဖြစ်မှုရှိမြဲကား ဓမ္မတာမဟုတ်၊)** ထို့ကြောင့် ပျက်မှုကိုသာ ပကတိဓမ္မတာဟု ဆိုသတည်း။

## ရုပ်နာမ်တို့၏ပကတိသဘော-

ရုပ်နာမ်နှစ်ပါးတို့၏ **(ဒုက္ခအဖို့ကား ဓမ္မတာတည်း၊ ရုပ်နာမ်တို့၏ ပကတိသဘောတည်း၊)** ရေ၏နိမ့်ရာသို့ ကျသကဲ့သို့တည်း။ **သုခအဖို့ကား ပြုပြင်မှုနှင့်ကင်း၍ဖြစ်နိုင်သော ပကတိသဘော မဟုတ်။**

## ခန္ဓာငါးပါး ဒုက္ခစင်စစ်ဖြစ်ပုံ-

ခန္ဓာငါးပါးတို့သည် သုခမျိုးလော, ဒုက္ခမျိုးလောဟု သိလိုသော် ပြုပြင်မှုတို့ကို ဉာဏ်နှင့်ပယ်ရှား ကြည့်ရာ၏။ **(ပြုပြင်မှုကြောင့် သာယာဖွယ်ဖြစ်ရ၏)**၊ ရွံရှာဖွယ်ရာ ဝက်သား ကြက်သား ငါးအမဲတို့သည် ဆီ, ဆားစသည်ဖြင့် ချက်ပြုတ်မွမ်းမံ ပြုပြင်မှုကြောင့် အမွန်အမြတ်ဖြစ်ရာ၏။ ပြုပြင်မှုမရှိဘဲ ပကတိအတိုင်းထားမှ သုခမျိုးမှန်လျှင် သုခဖက်သို့သွားကုန်ရာ၏၊ ဒုက္ခမျိုးမှန်လျှင် ဒုက္ခဖက်သို့သွား ကုန်ရာ၏။

## ပြုပြင်မှုမရှိသော သူငယ်ပမာ ငါးခန္ဓာ

အမိဝမ်းမှ မွေးစအခါ၌ တစ်ခုမျှ ပြုပြင်မှုမရှိဘဲ သူငယ်၏ခန္ဓာငါးပါးတို့ကို လွှတ်၍ထားရာ၏။ သုခမျိုးဖြစ်ငြားအံ့၊ သူငယ်၏ခန္ဓာငါးပါးတို့သည် ကြီးပွါးချမ်းသာရာ၏၊ ဒုက္ခမျိုးဖြစ်အံ့၊ ဆုတ်ယုတ်ပျက်စီးရာ၏။ ခန္ဓာငါးပါးတို့သည် ဒုက္ခမျိုးအမှန်ဖြစ်၏၊ ထို့ကြောင့် မပြုပြင်ဘဲထားသော် ပူသောမြေ၌ ချထားသော ပဒုမ္မာကြာပွင့်ကဲ့သို့ ဆုတ်ယုတ်ညှိုးနွမ်း၍ ဆင်းရဲဒုက္ခအဖို့သာ ဖြစ်ကုန်၏။ ထိုကြောင့် သုခအဖို့သည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ပကတိဇာတိမျိုးမဟုတ်၊ **(ပြုပြင်မှု အာဂန္တု၏အစွမ်း)**သက်သက်တည်းဟု ထင်ရှားလေသည်။

**သင်္ခါရဒုက္ခ** - ပြုပြင်မှုကား အလွန်ကြီးကျယ်လှသော သင်္ခါရဒုက္ခကြီးတည်း။

**ဝိပရိဏာမဒုက္ခ** - ပြုပြင်မှုလွှတ်ထားခဲ့လျှင်လည်း အလွန်ကြီးကျယ်လှသော ဝိပရိဏာမ ဒုက္ခကြီးတည်း။

ဤသတ္တဝါတို့သည် သင်္ခါရဒုက္ခကြီးကို မုန်းသည်ဟု လွှတ်ထားကြလျှင် ဝိပရိဏာမဒုက္ခဖက်သို့ သွားရကုန်၏။ ဝိပရိဏာမဒုက္ခကို ကြောက်သည်ဟု ရှောင်ကွင်းပြန်လျှင်လည်း သင်္ခါရဒုက္ခသို့ တိုးဝင်ကြရ၏။

## ဒုက္ခလက္ခဏာ တတိယခန်း

## ဝိပရိဏာမ ဒုက္ခအမျိုးမျိုး

ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၏ ဝိပရိဏာမဒုက္ခမှုသည်-ကိုယ်တွင်းကိုယ်ပ အန္တရာယ်တို့၏ ထိခိုက်ခြင်းကြောင့်ဖြစ်သော ဝိပရိဏာမဒုက္ခမျိုး, ပြုပြင်မှုကင်း၍ဖြစ်သော ဝိပရိဏာမဒုက္ခမျိုး, ဘဝအဆုံးသို့ကျ၍ အနိစ္စဓမ္မတာအားဖြင့် ဖြစ်သော ဝိပရိဏာမဒုက္ခမျိုး အနန္တရှိကြ၏။

**ကိလေသာအနန္တရှိခြင်း-** - ဝိပရိဏာမဒုက္ခတို့မှ ဒေါသ-မောဟအမျိုးရှိသော ကိလေသာတို့သည် ဖြစ်ပွါးကုန်၏၊ သတ္တဝါတို့အား နေ့ရှိသမျှကြောင့်ကြစိုက်ရသော အသက်မွေးမှု, အစာရှာမှုအစရှိသော သင်္ခါရဒုက္ခမှ လောဘ-မောဟအစရှိသော ကိလေသာအနန္တတို့သည် ဖြစ်ပွါးကုန်၏။

ထို့အတူ လူ-နတ်-ဗြဟ္မာ့ချမ်းသာဟူသော သုခအဖို့မှ လောဘ-မောဟစသောကိလေသာတို့သည် ဖြစ်ပွါး၏။ အပါယ်လေးဘုံဟူသော ဒုက္ခအဖို့မှ ဒေါသ-မောဟ စသောကိလေသာမီးတို့သည်လည်း တောက်ပွါးကြကုန်၏။

သုဂတိဘုံ၌ လူ-နတ်-ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ဒုက္ခအဖို့မှ ဒေါသ-မောဟ အစရှိသောကိလေသာမီး, သုခအဖို့မှ လောဘ-မောဟ အစရှိသော ကိလေသာမီးတို့၏ ခဏမစဲတောက်လောင်မှုကြောင့် ဗြဟ္မာ့ဘုံ, နတ်ဘုံ, လူ့ဘုံတို့မှ အောက်ဘုံသို့ လျှောကျရကုန်၏၊ အထက်အပါယ်ဘုံမှလည်း အောက်အပါယ်ဘုံသို့ လျှောကျရကုန်၏။ ဤကား ခန္ဓာငါးပါးတို့၏ ကိလေသာမီး တောက်မှုဟူသော ဒုက္ခလက္ခဏာ တတိယခန်းတည်း။

-

## ဒုက္ခလက္ခဏာ စတုတ္ထခန်း

## ကံကုန်လျှင် အပါယ်ဘုံမှာစုရခြင်း

သတ္တဝါအား ဒုစ္စရိုက်ကံဟောင်း ကံသစ်တို့ရှိသည်ဖြစ်၍ ကောင်းကင်သို့ပစ်လိုက်သော အုတ်, ကျောက်တို့သည် အရှိန်ကုန်လျှင် မြေပြင်မှာ

စုရသကဲ့သို့ တစ်ခုသောကုသိုလ်ကံကုန်သောအခါ ပြဟ္မာ့ဘုံတို့မှလည်း အပါယ် ၄-ဘုံမှာ စုကြရ၏။ နတ်ပြည်မှလည်း အပါယ် ၄-ဘုံမှာစုကြရ၏။ လူ့ဘုံမှလည်း အပါယ် ၄-ဘုံမှာစုကြရ၏။ အထက်အပါယ်ဘုံမှလည်း အောက်အပါယ်ဘုံမှာ စုကြရ၏။ ဤကား ခန္ဓာ ၅-ပါးတို့၏ ဒုစ္စရိုက်ပွါးမှု ဟူသော ဒုက္ခလက္ခဏာ စတုတ္ထခန်းတည်း။

## ဒုက္ခလက္ခဏာ ပဉ္စမခန်း

## အပါယ်ဒုက္ခကြီးကျယ်ပုံ

ထိုဒုစ္စရိုက်ကံဟောင်း ကံသစ် အနန္တတို့ကြောင့် အပါယ်ဘုံသို့ တစ်ကြိမ် ကျရောက်သည်ရှိသော် အပါယ်ဘုံမှ ဘဝတစ်ရာနှင့်လည်းမလွတ်နိုင်၊ ဘဝတစ်ထောင်နှင့်လည်း မလွတ်နိုင်၊ တစ်ဘဝထက်တစ်ဘဝ မြုပ်၍ သွားကြသဖြင့် သတ္တဝါအား သံသရာ၌ အပါယ်ခန္ဓာ, အပါယ်ဘဝတို့ သည်သာ အလွန်တရာ များပြားနေကုန်၏။

## ဒုက္ခလက္ခဏာတို့၏ အရင်းအမြစ်

ဒုက္ခလက္ခဏာတို့၏ အရင်းအမြစ်သည်ကား မိမိသန္တာန်၌ ရှိနေသော ခက်မာမှု-ဖွဲ့စေးမှု-ပူမှု-တောင့်တင်းမှု စသောရုပ်-သိမှု-ခံစားမှုမှု-မှတ်မှု-စေ့ဆော်မှုဟူသော ခန္ဓာ ၅-ပါးတို့၏ ခဏမစဲ ဖြစ်မှုပျက်မှုပင်တည်း။

## ဒုက္ခဝိပဿနာ

မိမိသန္တာန်၌ အမာခံဖြစ်သော ပထဝီ ခက်မာမှုကိုကြည့်ရှုရာ ခဏမစဲ ဖြစ်ပျက်နေ၍ ခဏချင်း ဒုက္ခအဖို့သို့ ပြောင်းလဲနိုင်၏၊ ခဏချင်း သုခအဖို့သို့ ပြောင်းလဲနိုင်၏၊ ရောဂါမျိုး, အနာမျိုးတို့သည်လည်း ခဏချင်း ဖြစ်နိုင်၏။ ဤသို့ဖြင့် ထိုခက်မာမှုတစ်ခု၌ ဒုက္ခလက္ခဏာကြီး ၅-ရပ်ကို မြင်နိုင်သောဉာဏ်သည် ဒုက္ခဝိပဿနာမည်၏။ ဖွဲ့စေးမှုစသော ရုပ်ခန္ဓာစု, သိမှု-ခံစားမှု-မှတ်သားမှု-စေ့ဆော်မှုစသော နာမ်ခန္ဓာစု၌လည်း ဒုက္ခ

လက္ခဏာကြီး ၅-ရပ်ကို မြင်သောဉာဏ်သည် "ဒုက္ခဝိပဿနာ"မည်၏။

## ထင်ရှားသောဒုက္ခဘေး-

ဒုက္ခအဖို့၌ ရုပ်နာမ်တရားတို့၏ ဒုက္ခလက္ခဏာသည် **(ပကတိအားဖြင့်ထင်ရှား)**ပေါ်လွင်၏၊ ထိုရုပ်နာမ်တရားတို့ကို ဒုက္ခမျိုးဟူ၍ သိကြ၏၊ လွတ်အောင် ရှောင်ကြဉ်၏။ ဥပမာ-ခြင်္သေ့, သစ်, ကျားတို့၏ ဒုက္ခဘေးသည် အလွန်ထင်ရှား၏၊

## သိမ်မွေ့နက်နဲသောဒုက္ခဘေး-

သုခအဖို့၌ ရုပ်နာမ်တရားတို့၏ ဒုက္ခလက္ခဏာသည် နက်နဲ၏၊ သုခနိမိတ်, သုဘနိမိတ်တို့ ဖုံးလွှမ်းနေ၏၊ အကောင်း, အမြတ်ဟူသော သက်ရှိသက်မဲ့တို့၌ ဒုက္ခလက္ခဏာသည် အလွန်နက်နဲ၏။ ထိုရုပ်နာမ်တရားတို့ကို ဒုက္ခမျိုးဟူ၍ မသိနိုင်ကြ၊ သုခမျိုးဟူ၍စွဲလမ်းကြ၏၊

## ဓာတ်ကြီး ၄-ပါး ဖောက်ပြန်မှုကြောင့် သေရခြင်း

မိမိခန္ဓာ၌ဖြစ်သော-ဓာတ်ကြီးလေးပါး၏ ဒုက္ခဘေးသည် အလွန်နက်နဲ၏၊ မသိနိုင် မကြောက်နိုင်ကြ၊ ခင်မက်ကြ၏၊ မွေ့မြူကြ၏။ ထိုဓာတ်ကြီးလေးပါးတို့၏ဖောက်ပြန်မှုနှင့် သေမှုသည်ကား ပြတ်လပ်သည်မရှိ၊

ထို့ကြောင့် လောက၌ သုခအဖို့ကြောင့် ဒုစ္စရိုက်တရားပွါးများသဖြင့် အပါယ်သို့ ကျရောက်သောသူတို့သည် အလွန်များ၏။ မျက်စိအရသာ၊ နားအရသာ၊ နှာခေါင်းအရသာ, လျှာအရသာ, ကိုယ်အရသာ၊ မနောအရသာကို လိုက်စားမှုနှင့် အပါယ်ကျရောက်သောသူတို့သည် အလွန်များကြကုန်၏၊

## "အတ္တနိမိတ် အနုတ္တလက္ခဏာ အနုတ္တဝိပဿနာ"

**အတ္တနိမိတ်- -** အတ္တနိမိတ်ဆိုသည်ကား အနှစ်သာရရှိသော အရိပ်အရောင်တည်း၊ အနှစ်သာရဟူသည်ကား ခိုင်မြဲသောဝတ္ထုမျိုးတည်း၊ အမာခံ အထည်ခံဖြစ်သော ဝတ္ထုမျိုးတည်း။

ရုပ်နာမ်တရားတို့သည် ပုထုဇဉ်၏စိတ်၌ ပုဂ္ဂိုလ်သတ္တဝါ၏ အနှစ် အသား ထင်ကုန်၏၊ နိစ္စနိမိတ်အတိုင်း သဏ္ဍာနအပြား သန္တတိအပြား တို့ကို ဝေဖန်၍ဆိုလေ။ ဆံပင်တစ်ခု၌ရှိသော ရုပ်တရားတို့သည် ပုထုဇဉ် တို့၏စိတ်၌ ထိုဆံပင်၏အနှစ်အသား ထင်၏။ အင်္ကျီတစ်ခု၌ရှိသော **(ရုပ်တရား)**တို့သည် ပုထုဇဉ်တို့၏စိတ်၌ ထိုအင်္ကျီ၏ **(အနှစ်အသား)** ထင်ကုန်၏။

## အတ္တနိမိတ် အခြင်းအရာ

ပုဂ္ဂိုလ်၏အနှစ်အသားဆိုသည်မှာ သံအိုးသံခွက်၌ သံသည် ထိုအိုး ခွက်၏ အနှစ်အသားတည်း၊ ထိုအိုးခွက်၏ ကိုယ်ထည်ပင်တည်း၊ အမာခံ ပင်တည်း၊ **(အိုးခွက်၏အနက်ကား အိုးသဏ္ဍာန်, ခွက်သဏ္ဍာန်သည်သာ)** ပဓာနဖြစ်၏၊ ပုံသဏ္ဍာန်သည် အိုးခွက်၏အသားမဟုတ်သေး၊ ဘယ် အရာကိုပြုလုပ်သော အိုးခွက်နည်းဟုမေးရာ သံကိုပြုလုပ်သော အိုးခွက် တည်း၊ သံအိုး, သံခွက်ဟု ပြောဆိုသောအခါမှ အိုးခွက်၏ အနှစ်အသားကို သိရသည်၊ အိုးခွက်ဟူသော **(သဏ္ဍာန်အထူး)**၏ အမာခံဟူသော ကိုယ် ထည်ကိုသိရသည်။

ထို့ကြောင့် သံအိုးသံခွက်၌ **သံသည် ထိုအိုးခွက်၏အတ္တမည်၏၊ အနှစ်အသားမည်၏၊ ကိုယ်ထည်မည်၏၊** သံအိုး, သံခွက်တို့၌ **(သံနှင့်အိုးခွက်သည် တခြားစီခွဲ၍မရပြီ၊)** သံခိုင်မြဲသမျှ အိုးခွက်ခိုင်မြဲ၏။ **သံအဖိုးတန်သမျှ အိုးခွက်အဖိုးတန်၏။**

## ပုဂ္ဂိုလ်နှင့်ခန္ဓာ

**(ပုဂ္ဂိုလ်၏အနက်သည် ပုံသဏ္ဍာန်သာ)**ဖြစ်၏၊ အသားမပါသေး၊ ကိုယ်ထည်မပါသေး၊ ဘယ်အရာကို ပုဂ္ဂိုလ်ဆိုသနည်းဟုမေးရာ ဤဟာကိုခေါ်၏ဟု **(ခန္ဓာငါးပါးကိုပြရ၏)**။ ထို့ကြောင့် ခန္ဓာငါးပါးကို ထိုပုဂ္ဂိုလ်၏**(အတ္တခေါ်၏၊ ကိုယ်ခေါ်၏၊ ထိုအတ္တနှင့်ပုဂ္ဂိုလ်ကို တခြားစီခွဲမရပြီ၊)** မိမိတို့အတ္တခိုင်မြဲသမျှ ထိုပုဂ္ဂိုလ်ခိုင်မြဲ၏၊ မိမိတို့အတ္တ အဖိုးတန်သမျှ ထိုပုဂ္ဂိုလ် အဖိုးတန်၏။

ထို့အတူ ထိုပုဂ္ဂိုလ်တို့၌ ရှိသော ခက်မာမှု, ဖွဲ့စေးမှု, ပူမှု, အေးမှု, လှုပ်ရှားမှု, တောင့်တင်းမှု, သိမှု, ခံစားမှု, မှတ်သားမှု, စေ့ဆော်မှုတို့သည် ထိုပုဂ္ဂိုလ်၏အတ္တမည်ကုန်၏၊ ခက်မာမှု စသည်တို့ ခိုင်မြဲသမျှ ထိုပုဂ္ဂိုလ်ခိုင်မြဲ၏၊ အသက်ရှည်၏၊ ခက်မာမှုစသည်တို့သည် အနှစ်တစ်ရာခိုင်မြဲလျှင် ပုဂ္ဂိုလ်သည် အနှစ်တစ်ရာ အသက်ရှည်၏၊ ခက်မာမှုစသည်တို့သည် အနှစ်ကိုးဆယ် ခိုင်မြဲလျှင် ပုဂ္ဂိုလ်သည် အနှစ်ကိုးဆယ် အသက်ရှည်၏။

**အနှစ်တစ်ရာ ကိုးဆယ်စသည် ခိုင်မြဲမှုဆိုသည်ကား အနှစ်တစ်ရာ ကိုးဆယ်အတွင်း ဖြစ်ခြင်းပျက်ခြင်းဟူ၍ တစ်ကြိမ်မျှမရှိဟုဆိုသည်။** ဤကား **(ခက်မာမှု)** စသည်တို့သည် **(ငါ၏ကိုယ်)**တည်းဟု ပုထုဇဉ်တို့၏ စိတ်၌ ထင်နေသော **(အတ္တနိမိတ်)**၏အခြင်းအရာတည်း။

## အလိုသို့လိုက်သယောင်

**(အလိုသို့လိုက်မှု)**သည်လည်း **(အတ္တနိမိတ်)**၏အခြင်းအရာပင်တည်း၊ အလိုသို့လိုက်မှုဆိုသည်ကား ထိုပုဂ္ဂိုလ်၌ရှိသော ခက်မာမှုသည် ထိုပုဂ္ဂိုလ်၏အလိုသို့လိုက်၏၊ **(ပုဂ္ဂိုလ်သွားလိုလျှင် ခက်မာမှုသွား၏၊)** ပုဂ္ဂိုလ် ရပ်လိုလျှင် ခက်မာမှုရပ်၏၊ ဤနည်းတူ ပုဂ္ဂိုလ်ပြုသမျှသော ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့၌ ခက်မာမှုသည် ပုဂ္ဂိုလ်အလိုသို့

လိုက်၏။ ဖွဲ့စေးမှု စသည်တို့၌လည်း ဤနည်းတူသိလေ။

---- **အတ္တအခြင်းအရာ-** - အလိုသို့လိုက်မှုနှင့် အစိုးရမှုကားအတူတူပင်၊ ဤကား **ငါ၌ရှိသော ခက်မာမှုစသည်တို့သည် ငါ၏ အလိုသို့လိုက်၏၊** ငါအလိုရှိတိုင်းပြုနိုင်၏၊ ငါအစိုးရ၏၊ **ငါနှင့်အကွဲအပြားမရှိဟု** စိတ်၌ထင်နေသော အတ္တအခြင်းအရာတည်း။

**နိစ္စ၏အခြင်းအရာ-** - နိစ္စ၏အခြင်းအရာနှင့် အတ္တအခြင်းအရာသည် များစွာမကွဲကြ၊ ရုပ်နာမ်ခန္ဓာတို့ကို နိစ္စပြု၍ ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏၊ ငါရှိ၏၊ မိန်းမ ယောကျ်ားရှိ၏၊ ဦးခေါင်း, ခြေ,လက်ရှိ၏ဟု ပြောဆိုမှုသည် နိစ္စ၏အခြင်းအရာတည်း၊ **(မာန၏စွဲလမ်းချက်)**တည်း။

## ဒိဋ္ဌိ၏စွဲလမ်းချက်

၁။ ပုဂ္ဂိုလ်ဆိုသည်ကား ဘယ်ဟာကို ဆိုလိုသနည်း။

၂။ သတ္တဝါဆိုသည်ကား ဘယ်ဟာကို ဆိုလိုသနည်း။

၃။ ငါဆိုသည်ကား ဘယ်ဟာကို ဆိုလိုသနည်း။

၄။ မိန်းမ ယောကျ်ားဆိုသည်ကား ဘယ်ဟာကို ဆိုလိုသနည်းဟု မေးခွင့်ဆိုက်လျှင် ဤဟာကိုဆိုသတည်းဟု **(ခန္ဓာငါးပါးကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမပြု၍)** ပြောဆိုရမှုသည် ဒိဋ္ဌိ၏စွဲလမ်းချက်တည်း။

## အလိုသို့မလိုက်သော ခန္ဓာ ၅-ပါး-

ခဏမစဲ ချုပ်ပျက်နေသော ခက်မာမှု အစရှိသောခန္ဓာ ၅-ပါးသည် အနှစ်တစ်ရာ အနှစ်ကိုးဆယ်စသည် ခိုင်မြဲမည်ဝေးစွ၊ တစ်မိနစ် တစ်နာရီမျှခိုင်မြဲသည် မဟုတ်၊ **(မသေဆုံးပဲ တစ်မိနစ်တစ်နာရီ အသက်ရှည်သောရုပ်နာမ် ခန္ဓာဟူ၍တစ်ခုမျှမရှိ၊)** ပုဂ္ဂိုလ်သတ္တဝါမည်သည် တစ်ဘဝတွင် တစ်ခါဖြစ်-တစ်ခါသေသာရှိ၏၊ တစ်ဘဝတွင် အခါခါဖြစ်-အခါခါသေ

သည်ဟူ၍မရှိ။ ထိုသို့ဖြစ်၍ တစ်မိနစ်တွင် အခါခါဖြစ်-အခါခါသေနေသောရုပ်နာမ်တို့သည် ပုဂ္ဂိုလ်၏အမာခံ အနှစ်သာရ အတ္တဘယ်မှာဖြစ်နိုင်အံ့နည်း၊ အနည်းငယ်မျှ အလှုပ်မခံ ချုပ်ပျောက်နေသော ခန္ဓာ၅-ပါးသည် ပုဂ္ဂိုလ်သွားလိုလျှင် သွား၏၊ ရပ်လိုလျှင် ရပ်၏ အစရှိသော အလိုသို့လိုက်မှုဟူသည်ကား အဏုမြူမျှမရှိ။ ဤစကား၌ စောဒနာရန် ရှိ၏-

**စောဒနာ-** - သတ္တဝါတို့သည် မိမိခန္ဓာ ၅-ပါးနှင့်ပင် သွားခြင်း ရပ်ခြင်း အစရှိသောအမှုတို့ကို အလိုရှိတိုင်းပြုနေကြသည်ကား ကိုယ်တွေ့မျက်မြင် အထင်အရှားဖြစ်၏၊ ထိုသို့ဖြစ်ပါလျက် ခန္ဓာ ၅-ပါးသည် ပုဂ္ဂိုလ်သွားလိုလျှင် သွား၏၊ ရပ်လိုလျှင် ရပ်၏အစရှိသော အလိုလိုက်မှု မရှိဟု အဘယ့်ကြောင့် ဆိုသနည်းဟု မေးရန်ရှိ၏။

**အဖြေ-** - တစ်ခုသော ခဏ်မာမှုသည် **(မချုပ်မပျက်ဘဲ ပုဂ္ဂိုလ်သွားလိုလျှင်သွား၏၊ ရပ်လိုလျှင်ရပ်၏ အစရှိသော အလိုလိုက်မှု မရှိ)**သည်ကို ဆိုသတည်း။

**သန္တတိအမှုမျှသာ** - လောက၌ ခန္ဓာ၅-ပါးနှင့်ပင် သွားခြင်း ရပ်ခြင်း အစရှိသောအမှုတို့ကို အလိုရှိတိုင်းပြုနေကြသည်မှာ **(ခဏ်မာမှု အသစ်အသစ်တို့ အဆက်ဆက်ဖြစ်၍ မြစ်ရေအယဉ်ကဲ့သို့ အစဉ်သန္တတိ၏အမှု)**သာတည်း။ **(ပုဂ္ဂိုလ်အမှုမဟုတ်၊)** စိတ်၌ ပုဂ္ဂိုလ် **(အရှိယူ)**နေသူမှာသာ ပုဂ္ဂိုလ်၏သွားခြင်း ပုဂ္ဂိုလ်၏ရပ်ခြင်း ရှိနေ၏။ ပုဂ္ဂိုလ်ဟူ၍ အဟုတ်မရှိ၊ ခဏ်မာမှုတို့သာ အဟုတ်ရှိ၏ဟု သိသောသူမှာ **(ပုဂ္ဂိုလ်၏ သွားခြင်း ပုဂ္ဂိုလ်၏ ရပ်ခြင်း)**သည်မရှိ၊ ထိုခဏ်မာမှုသည် **(အလှုပ်မခံ ပျက်နေသော တရားစု)**ဖြစ်၍ **(မျက်မြင်)**ဖြစ်သော သွားမှု ရပ်မှုကို ပြုနေသည့် ပုဂ္ဂိုလ်ဟူ၍ တစ်စုံတစ်ခုမျှမရှိ၊ **(သန္တတိအမှုသာတည်း။)**

ထိုသို့ **(သန္တတိအားဖြင့် အလိုသို့လိုက်မှု)**ရှိနေသည်မှာ ခန္ဓာ၅-ပါး

ရုပ်နာမ်တရားတို့၏ **(ပကတိသဘောမဟုတ်၊)** မြစ်ရေကို အလိုရှိရာသို့ ဆန်အောင် ပြုပြင်မှုကဲ့သို့ **(ပြုပြင်ယူရသော အာဂန္တုကအမှု)**သာတည်း။

**အစိုးမရသော ခန္ဓာ၅-ပါး**။ ။စောဒနာရန် ရှိပြန်၏-

စောဒနာ။ ။ ထိုသို့ပြုပြင်ရမှုသည်ပင်လျှင် အစိုးရမှုတစ်မျိုး မဟုတ်လောဟု မေးရန်ရှိ၏။

ပရိဟာရ။ ။ **ပြုပြင်ရမှုဆိုသော်လည်း ပုဂ္ဂိုလ်အလိုရှိတိုင်း ရသည်မဟုတ်၊** ပုဂ္ဂိုလ်၏စိတ်အလိုနှင့်စာသော် ပြုပြင်၍ရရှိသောအရာသည် အနည်းငယ်မျှသာဖြစ်၏။ **(ပြုပြင်တိုင်းရခဲ့လျှင် လောက၌ ဖျားခြင်း-နာခြင်း-အိုခြင်း-သေခြင်းဟူ၍မရှိလေရာ)**

စောဒနာ။ ။ ပြုပြင်ရမှုသည်ပင် အစိုးရမှုတစ်ခုပင်မဟုတ်လောဟု မေးရန်ရှိ၏။

ပရိဟာရ။ ။ ပြုပြင်မှုဆိုသည်ကပင် အစိုးရမှုမဟုတ်ပြီ၊ **(မိမိအလိုသို့ပါစေခြင်းငှါ မိမိကရှေးဦးစွာ ကြိုးတင်၍ သူ့ကျွန်ခံရမှုသာတည်း။)** အစာရေစာထောက်ပံ့မှုနှင့် သူ့ကျွန်ခံနိုင်လျှင် မတ်မတ်မားမားနေနိုင်၏၊ သည်ဘဝ၌ ကာယကံ -ဝစီကံ-မနောကံတို့ကို စောင့်ထိန်းမှု လျှူဒါန်းမှုတို့နှင့် သူ့ကျွန်ခံနိုင်ပါလျှင် နောက်ဘဝ၌လူဖြစ်၏၊ နတ်ဖြစ်၏၊ သူ့ကျွန်မခံနိုင်လျှင် အပါယ်လေးပါးသို့ ပိုင်းပိုင်းလဲရ၏။

## ပြုရပြင်ရ သင်္ခါရဒုက္ခ

ဤသို့ပြုပြင်မှုဟူသည် သင်္ခါရဒုက္ခနှင့်သူ့ကျွန်ခံမှုသက်သက်သာတည်း၊ ပြုပြင်၍သာ ကာယကံ-ဝစီကံ-မနောကံမှုတို့ကို အလိုရှိရာဆောင်ရွက်ကြရ၏၊ **(အစိုးရမှုဟူ၍ အဏုမြူမျှမရှိ၊ ပြုပြင်မှုအစွမ်းသက်သက်သာတည်း၊)** ခပ်သိမ်းသော **(ဒုစ္စရိုက်အများ အနန္တတို့သည် ခန္ဓာပြုပြင်မှုမှ ဖြစ်ပွါးကြကုန်၏။)**

## သင်္ခါရဒုက္ခနက်နဲပုံ

အသက်မွေးမှုနှင့် တစ်လောကလုံး ဒုစ္စရိုက်မှုကြီး ဖြစ်နေပုံကို မြင်လိမ့်မည်၊ **(ပြုပြင်မှုဖုံးလွှမ်းနေသည့်အတွက်ကြောင့် ခန္ဓာငါးပါးတို့၏ အစိုးမရမှုသည် အလွန်နက်နဲ၍မြင်နိုင်ခဲ၏။)** ပညာရှိတို့ရိပ်မိရုံမျှ ပြဆိုလိုက်သည်။ **ပဌာန်း၂၄-ပစ္စည်းသည် ပြုပြင်မှု အသိုက်အအုံကို ကမ်းကုန်လမ်းကုန် ဝေဖန်သော အစီအရင်**ပေတည်း၊ နက်နဲလေစွ။

## အနတ္တကိုပင် အတ္တထင်

**ဒိဋ္ဌိအမှားကြီးတည်ထောင်မှု-** - မိမိသန္တာန်၌ရှိသော စက္ခု, သောတ အစရှိသော **(ဓမ္မတို့ကို အဝိဇ္ဇာမှောင်ကြီးသည် ဖုံးလွှမ်း)**လျက်ရှိ၏၊ **(သဏ္ဌာနနိမိတ်, သန္တတိနိမိတ်ဟူသော နိစ္စအရိပ်ကြီး)**တို့ကို အမှန်ရှိဟု မှတ်ထင်ကုန်၏၊ အသီးသီးသောဓမ္မတို့ကိုလည်းကောင်း, -ဓမ္မတို့၏ ခဏမစဲ ဖြစ်ပျက်မှုတို့ကိုလည်းကောင်း, ဉာဏ်အမြင်မပေါက်ကြ၍ ထိုသူတို့အား ဒိဋ္ဌိအမှားကြီးသည် တည်ထောင်လျက်ရှိနေ၏။

**ဓာတ် ၆-ပါး--** မိမိတို့ခန္ဓာကိုယ်တစ်ခုလုံး ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, ဝိညာဏဟူသော ဓာတ် ၆-ပါးတို့ကို ဉာဏ်အမြင်လင်းကြမှ ထိုဒိဋ္ဌိအမြင်ကြီးကို ပယ်ဖျောက်နိုင်ပေမည်။

## အနတ္တအနက်-၂ မျိုး

၁။ (အနိစ္စ)လက္ခဏာနှင့် တွဲဖက်၍ပြခဲ့သော အနတ္တကား **(အသာရကဋ္ဌေန)** အနတ္တပေတည်း။

၂။ ဤအစိုးမရမှုဟူသော အနတ္တကား **(အသာမိကဋ္ဌေန)** အနတ္တ, **(အဝသဝတ္တနဋ္ဌေန)** အနတ္တတည်း။

ထိုနှစ်းပါးတို့တွင်-အနိစ္စလက္ခဏာကို ပိုင်နိုင်စွာမြင်လျှင် အသာရကဋ္ဌေန အနတ္တအမြင် ကိစ္စပြီးစီးတော့သည်၊ အသာရကဋ္ဌေန အနတ္တအမြင်

ကိစ္စပြီးစီးလျှင် အနတ္တဘာဝနာကိစ္စ ပြီးစီးနိုင်တော့သည်။

အစိုးမရမှု, အလိုသို့မလိုက်မှုဟူသော အနတ္တကိုမူကား ပညာရှိတို့ အကြံဉာဏ်ကွန့်မြူးကြရန် ထင်ရှားရာအချက်ကို ဖော်ပြလိုက်သည်။

## စိတ်ဟူသော ပဓာနတရားကြီး

**စိတ်၏အလား၂-မျိုး။** ။စိတ်၏အလားသည်-ပကတိအလားနှင့် ပြုပြင်မှုကြောင့်ဖြစ်သော အာဂန္တုကအလားဟူ၍နှစ်ပါးရှိ၏။

**စိတ်၏ပကတိအလား** - ထိုနှစ်ပါးတို့တွင်-"ပါပသ္မိံ ရမတေ မနော" "မနော=စိတ်သည်၊ ပါသ္မိံ= မကောင်းမှု၌သာလျှင်၊ ရမတေ=မွေ့လျော် မြဲတည်း" မကောင်းမှု၌သာ မွေ့လျော်ခြင်းသဘောသည် စိတ်၏ပကတိအလားတည်း။

**စိတ်၏အာဂန္တုကအလား** - ကုသိုလ်ကောင်းမှုသည် ပြုပြင်မှု ကြောင့်ဖြစ်သော စိတ်၏အာဂန္တုကအလားတည်း။

သုစရိုက်မှုဟူသမျှသည် စိတ်၏အဂန္တုကအလားတည်း၊ အကုသိုလ် စိတ် ၁၂-ပါးသည် စိတ်၏ပကတိအလားဖြင့်ပြီး၏။ ဥပမာ သံ-ကြေး-ခဲတို့ မည်းညစ်မှုသည် ပကတိအလားတည်း၊ သံ-ကြေး-ခဲတို့ဖြူစင်မှုသည် ပြုပြင်မှု ရှိမှ ဖြစ်နိုင်သော အာဂန္တုကအလားတည်း။

## ခန္ဓာငါးပါး အနိစ္စ-ဒုက္ခ-အနတ္တ ဖြစ်ပုံ

**စိတ်သည်အနိစ္စမျိုး။** ။ ပြုပြင်မှု၏အစွမ်းဖြင့် ကုသိုလ်ဖြစ်၏၊ ပြုပြင်မှု၏အစွမ်းကင်းခဲ့လျှင် အကုသိုလ်ဖက်သို့သာဖြစ်၏၊ ပြုပြင်မှုရှိစဉ် ၌လည်း ဆန့်ကျင်ဖက်တရားတို့ထိပါးလျှင် ခဏချင်းပျက်၍ အကုသိုလ် ဖက် ဖြစ်ရပြန်၏။ ဤကား စိတ်၏ကောင်းရာသို့ပါရလေအောင် ပြုပြင် အပ်သော သင်္ခါရမျိုးဖြစ်၍ ကောင်းသောအဖို့၌ အနိစ္စဖြစ်ပုံတည်း။

**စိတ်သည်ဒုက္ခမျိုး။** ။ မကောင်းသောအဖို့၌ ပကတိအားဖြင့် မြဲသောသဘောရှိသော စိတ်ကို သတ္တဝါတို့၏ အချုပ်အခြာပဓာနပြု၍

သံသရာ၌ ကျင်လည်ခြင်း၌ါ အလွန်ကြောက်လန့်ဖွယ် ကောင်းလှသောကြောင့် ဧကန်စင်စစ် ဒုက္ခမျိုးသာဖြစ်၏။ ဤကား စိတ်၏ဒုက္ခမျိုး စင်စစ်ဖြစ်ပုံတည်း။

**စိတ်သည်အနတ္တမျိုး။** ။သတ္တဝါတို့၏ ပကတိအလိုသည် အစဉ်ထာဝရ ကောင်းမြတ်ချမ်းသာသည်ကိုသာ အလိုရှိ၏၊ စိတ်၏ပကတိအလို ကား မကောင်းယုတ်မာ ဆင်းရဲရာသို့ အစဉ်ထာဝရ ဆောင်ခြင်းသဘောရှိ၏၊ သတ္တဝါ၏ပကတိအလိုနှင့် စိတ်၏ပကတိအလိုသည် ဆန့်ကျင်ဖက်ဖြစ်၏၊ ထို့ကြောင့် စိတ်သည် သတ္တဝါ၏ ပိုင်ရာမဟုတ်၊ သတ္တဝါ မဟုတ်၊ သတ္တဝါတစ်ခြား စိတ်တခြားဟု ထင်ရှား၏၊ သတ္တဝါဟူ၍ကားမရှိ။ ဤကား စိတ်သည် သတ္တဝါ၏အတ္တသာရ မဟုတ်ပုံတည်း။

## ရုပ်၌ အနိစ္စ-ဒုက္ခ-အနတ္တဖြစ်ပုံ

သံသရာ၌ တစ်ဘဝမှတစ်ဘဝသို့ ပြောင်းရာ၌ နာမက္ခန္ဓာတို့သွားရာသို့ ရူပက္ခန္ဓာသည် အစဉ်ပါရ၏၊ လူရုပ်, နတ်ရုပ်, ဗြဟ္မာရုပ်အနေနှင့် ဖြစ်ပေါ်မှုသည် **(ကံပြုပြင်မှု၏ အစွမ်း)**သက်သက်သာတည်း။ ဘဝတစ်ခု၌ ဖွားမြင်စမှစ၍ ပြုပြင်မှုမရှိဘဲ သူ့ပကတိအတိုင်း လွှတ်ထားသည် ရှိသော် ခန္ဓာငါးပါးတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ အလားတို့ကို ရှေ့၌ပြဆိုခဲ့ပြီ။

**စိတ်၏အရည်အရောင်၃-ပါး။** ။စိတ်ကို ဖြူစင်စေတတ်သော အရည် အရောင်တို့သည် သီလ, သမာဓိ, ပညာဟူ၍သုံးပါးရှိ၏။

**စိတ်၏အညစ်အကြေး ၃-ပါး။** ။စိတ်ကို ညစ်နွမ်းစေတတ်သော အညစ်အကြေးသည် ဒိဋ္ဌိ, ကာမ, အဝိဇ္ဇာ ဟူ၍သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင်လည်း တစ်ပါးတစ်ပါး၌- ၁။ အနုသယဘုံ ၂။ ပရိယုဋ္ဌာနဘုံ ၃။ ဝီတိက္ကမဘုံဟူ၍ ဘုံသုံးဆင့်ရှိ၏။

**အနုသယဘုံ။** ။ စိတ်သန္တာန်၌ အစဉ်အမြဲ **(ကိန်း)**နေသော အညစ်အကြေးသုံးပါးသည် အနုသယဘုံမည်၏။

**ပရိယုဋ္ဌာနဘုံ**။ ။ အာရုံခိုက်မှုရှိသောအခါ **(မနောကံ)**ကိစ္စနှင့် ထကြွလာသော အညစ်အကြေးကြီးသုံးပါးသည် ပရိယုဋ္ဌာနဘုံမည်၏။

**ဝီတိက္ကမဘုံ**။ ။ ခက်ထန်သောင်းကျန်းခြင်းသို့ရောက်သဖြင့် **(ဝစီကံ ကိစ္စ, ကာယကံ)**ကိစ္စတို့နှင့်ထကြွလာသော အညစ်အကြေး သုံးပါးသည် ဝီတိက္ကမ ဘုံမည်၏။

ထိုသုံးပါးတို့တွင်-**(ကာယကံ, ဝစီကံဟူသောအကြမ်း)**သည် **(မနောကံဟူသောအလတ်)**မှဖြစ်ပွါး၏။ **(မနောကံ)**ဟူသောအလတ် သည် စိတ်အစဉ် ကိန်းဝပ်၍နေသော **(အနုသ)**မျိုးမှဖြစ်ပွါး၏။ အလတ် အကြမ်းတို့ကို ပယ်ရှားသော်လည်း အနုမျိုးမပြတ်က တဒင်္ဂမျှသာပယ်ရှား နိုင်၏၊ မကြာမီ အနုမှ အလတ် အကြမ်းဖြစ်ပွါးလာ၏။ အနုမျိုးကို အကုန် နုတ်ပယ်ပစ်သည်ရှိသော် အလတ် အကြမ်းတို့သည် မဖြစ်လာကြကုန်ပြီ။

**သင်္ခါရ ၂-မျိုး**။ ။သင်္ခါရဆိုသည်ကား စိတ်ကိုပြုပြင်မှုတည်း။ စိတ်ကိုပြုပြင်မှုသည်-အခိုက်အတန့် **(တဒင်္ဂ)** တစ်နပ်စာပြုပြင်မှုနှင့် **(နိယာမ)** အဖြစ်သို့ ရောက်အောင် **(ပြုပြင်မှုဟူ၍နှစ်ပါး)**ရှိ၏၊

## သီလတည်ထောင်မှု

**ဒိဋ္ဌိကို အကုန်ပယ်သတ်နိုင်မှ (သီလသည် နိစ္စနိယာမအဖြစ်)** စိတ်သန္တာန်၌ တည်နိုင်သည်။ ဒိဋ္ဌိအကုန်မျိုးပြတ်အောင် မပယ်သတ်နိုင် မှုကား ရသေ့, ရဟန်းပြုလုပ်နေသော်လည်း တဒင်္ဂသီလမျှသာ ဖြစ်နိုင်၏၊ ယခုဘဝ၌သော်လည်းကောင်း, နောက်နောက်ဘဝ၌သော်လည်းကောင်း တံငါ မုဆိုး သူခိုး ဓားပြ ပါပအလဇ္ဇီ အဖြစ်သို့ မချွတ်ရောက်ရပြန်၏။

## သမာဓိတည်ထောင်မှု

**ကာမကို အကုန်ပယ်သတ်နိုင်မှ (သမာဓိသည် နိစ္စနိယာမ အဖြစ်)** တည်နိုင်သည်။ ကာမကို အကုန်မပယ်သတ်နိုင်မှုကား ရသေ့,

ရဟန်း, ဈာန်ရ ပုဂ္ဂိုလ်ကြီးပြုလုပ်နေသော်လည်း တဒင်္ဂသီလမျှသာဖြစ်နိုင်၏၊ ယခုဘဝ၌သော်လည်းကောင်း, နောက်နောက်ဘဝ၌သော်လည်းကောင်း သားမယားအာရုံ ကာမဂုဏ်အိုးကြီးအဖြစ်သို့ မချွတ်ရောက်ရပြန်၏။

**ပညာတည်ထောင်မှု**

**အဝိဇ္ဇာကို အကုန်ပယ်သတ်နိုင်မှ (ပညာသည် နိစ္စနိယာမ အဖြစ်)** တည်နိုင်သည်။ အဝိဇ္ဇာကို အကုန်မပယ်သတ်နိုင်မူကား ရဟန်း ပညာရှိ, လူပညာရှိ တို့သည် တိုင်းကျော် ပြည်ကျော်ပြုလုပ်နေသော်လည်း တဒင်္ဂမျှသာဖြစ်နိုင်၏၊ ယခုဘဝ၌သော်လည်းကောင်း, နောက်နောက် ဘဝ၌သော်လည်းကောင်း အန္ဓဗာလအဖြစ်သို့ ရောက်ရပြန်၏။

**ဘုရားရှင်တို့၏ဉာဏ်တော်အရာသာ**

သတ္တဝါတို့၏စိတ်ကို ကောင်းမြတ်သောအဖို့၌ **(နိစ္စနိယာမအဖြစ် တည်အောင်)**ပြုမှုသည် မြတ်စွာဘုရားတို့၏ ဉာဏ်တော်အရာသာ ဖြစ်သည်။ မြတ်စွာဘုရားတို့၏ပွင့်မှုသည် နိစ္စနိယာမလမ်းကို ဖွင့်ခြင်းငှာ ပွင့်ရ၏၊

**အာဇီဝဋ္ဌမက သီလ ၂-မျိုး**

၁။ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းခြင်းသို့ မဆိုက်သော အာဇီဝဋ္ဌမက သီလသည် တဒင်္ဂသီလသာဖြစ်၏၊ တစ်နပ်စားသီလသာဖြစ်၏၊ မြတ်စွာ ဘုရားတို့၏သာသနာ အစစ်မဟုတ်။

၂။ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းခြင်းသို့ဆိုက်သော အာဇီဝဋ္ဌမကသီလ သည်သာ မြတ်စွာဘုရားတို့၏ သာသနာအစစ်ဖြစ်၏၊ ဤသို့ ခွဲ၍သိလေ။

(ဤတွင် ဘာဝနာဒီပနီပြီး၏။)

# ထွက်မြောက်ရာ

# EXIT



ဒေါက်တာစိုးလွင် (မန္တလေး)

“နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ”

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား ဤစာစုဖြင့်

ရှိသေစွာ ကန်တော့ပါ၏။

# “ ထွက်ပေါက်ရှာ ”

# EXIT

ဒေါက်တာစိုးလွင် (မန္တလေး)

## "ထွက်မြောက်ရာ"

လောကတွင် သာယာဖွယ် (အဿာဒ)ဆိုသော အကောင်းလည်းရှိသည်။ အပြစ်(အာဒီနဝ)ဆိုသော အဆိုးလည်းရှိပါသည်။ လူသားတို့သည် အကောင်းကို နှစ်သက်လိုချင်၍ အဆိုးကို ပစ်ပယ်လိုကြပါသည်။ လူသားတို့၏အသိသည် ထိုထက်မပိုပါ။သို့သော် အကောင်းအဆိုး နှစ်မျိုးစလုံးတို့မှ ထွက်မြောက်ရာ (နိဿရဏ)သည် အမှန်ရှိပါသည်။ မိမိတို့ မသိနိုင်ခြင်းသာဖြစ်သည်။ လောကတွင် အကောင်းကိုသာ လိုချင်ကြပြီး အဆိုးကို လုံးဝမပါအောင်လုပ်ရန် မဖြစ်နိုင်ပါ။ သာယာဖွယ်ဟူသော အကောင်းနှင့် အပြစ်ဟူသော အဆိုးတို့သည် အစဉ်ဒွန်တွဲနေကြပါသည်။

ဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရာတွင် လောကသဘာဝအရ အကောင်းနှင့်အဆိုး၊ အဖြူနှင့်အမဲ၊ ကုသိုလ်နှင့် အကုသိုလ်တို့ကို မိမိအလိုအတိုင်း ပိုင်းခြား၍ အကောင်းသတ်သတ်ကိုသာ ခွဲခြားရယူချင်၍ မဖြစ်နိုင်ပါ။ အဆိုးတို့သည် ချက်ချင်းမဖြစ်သည့်တိုင်အောင် တစ်ချိန်၌ အကောင်းပျက်ပါက အဆိုးသည်ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် အကောင်းရော အဆိုးပါ နှစ်ခုစလုံးမှ လွတ်မြောက်

သောချမ်းသာသည် အကောင်းကို ခံစားရသော ချမ်းသာထက်သာသည်ဟု ဘုရားရှင်သည် ကိုယ်တိုင် သိမြင်ခဲ့ပါသည်။ အကောင်းအဆိုးမှ လွတ်မြောက်သောချမ်းသာသည် မပျက်စီးနိုင်သော ချမ်းသာစစ် ဖြစ်ပါသည်။ သို့သော် အများစုသည် အဆိုးကို စွန့်နိုင်သော်လည်း အကောင်းကို မစွန့်နိုင်ပဲ စွဲကိုင်ထားကြပါသည်။ ထို့ကြောင့် ထွက်မြောက်ရာသည် မြင်နိုင်ခဲ သိနိုင်ခဲသောအရာ ဖြစ်နေရပါသည်။

ဝိပဿနာအလုပ်သည်သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပြီး လောကသံသရာမှ ထွက်မြောက်ရန် ဖြစ်ပါသည်။ ထို့ကြောင့် တရားအားထုတ်မှု အလုပ်ကို လောကုတ္တရာအလုပ်ဟုလည်း ပြောဆိုကြပါသည်။ လောကုတ္တရာဆိုသည်မှာ လောကမှလွန်မြောက်ခြင်း ဖြစ်ပါသည်။ လောကမှလွန်မြောက်ရန်အတွက် လောကထွက်ပေါက်ကို သိရပေမည်။ တစ်ချို့တစ်ချို့ သည် တရားအလုပ် အားထုတ်နေကြသော်လည်း လောကထွက်ပေါက်ကို မတွေ့မြင်နိုင်ပဲ လောကတွင်း မှာပင် လုံးခြာလိုက်နေကြပါသည်။ လမ်းလျှောက်ရင်း လမ်းပျောက်နေပါသည်။ ထို့ကြောင့် လောကထွက် ပေါက်ကို သိနိုင်မြင်နိုင်ရန် ကြိုးစားရပေမည်။

## " လောကနှင့်ဓမ္မ "

လောကမှာ လူသားတို့သည် တရားဓမ္မကို ရှာဖွေကြပါသည်။ ထိုအခါ စာပေကိုလေ့လာရ၏။ တရားနာကြားရ၏။ လောကသုံးဝေါဟာရများဖြင့် ဖတ်ကြသိကြရ၏။ ထိုနောက် လောကသိဖြင့် စဉ်းစားကြ၏။ ပြောဆိုဆွေးနွေးကြ၏။ လောကသိဖြင့်ပင် တရားအားထုတ်ကြပါသည်။ ထိုအခါ ဓမ္မကိုမတွေ့၊ လောကကိုသာတွေ့နေပါသည်။ ဓမ္မကိုမတွေ့တိုင်း စာအုပ်လှန်ကြ၊ ဖတ်ကြ၊ မေးမြန်းကြ၊ ဆွေးနွေးကြ၊ ဆရာပြောင်းကြ၊ ရိပ်သာပြောင်းကြပြန်ပါသည်။သို့သော် ဓမ္မကို မတွေ့နိုင်သေးပါ။ အကြောင်းရင်းမှာ ဓမ္မကိုလွှန်၍ ရှာဖွေနေသောကြောင့်ဖြစ်ပါသည်။

## "ကပ်ကျော်ဖြစ်နေခြင်း"

ဥပမာ မှောင်ခိုခေတ်အခါက ကားတစ်စီးတွင် ရွှေချောင်းမှောင်ခိုသယ်လာမည်ဟု သတင်းရ၏။ ထိုကားကိုရှာဖွေကြ၏။ လုံးဝမတွေ့။ သို့သော် ကားပေါ်တက်သောအခါ၌လည်း တံခါးလက်ကိုင်ကို ဆွဲဖွင့်ပြီး တက်၏။ ကားပေါ်မှဆင်းသောအခါ၌လည်း တံခါးလက်ကိုင်ဖြင့် တံခါးပိတ်ပြီး ဆင်းသွား၏။ သို့သော် ရွှေချောင်းကို လုံးဝမတွေ့ပါ။ အမှန်မှာ ထိုတံခါး

လက်ကိုင်ကို ရွှေချောင်းဖြင့်လုပ်ထားပြီး ဆေးမှုတ်ထားခြင်းသာ ဖြစ်လေသည်။

ထိုနည်းတူ မျက်စိဖြင့်မြင်၍ စာဖတ်၏။ မနောကသိမှတ်ပြီး မနောအသိဖြင့် စဉ်းစားကာ အားထုတ်ကြ၏။ အမှန်မှာ မျက်စိဖြင့် မြင်သည့်နေရာတွင် ဓမ္မရှိနေပါသည်။ မနောဖြင့် အမှတ်ပြုသိလိုက်ပါက လောကပညတ်သိဖြစ်သွားပြီး ဓမ္မကိုကျော်လွန်သွားပြီဖြစ်သည်။ (ဓမ္မ)သည် မျက်စိမှာရှိ၍ မနော၌ အမည်ပညတ်ပြုကာ (လောက)ဖြစ်ပေါ်လေသည်။ မျက်စိ မြင်မှုနှင့် မနောသိမှုကို ပိုင်းခြားသိမြင်မှသာ လောကမှ ထွက်မြောက်ရာ ဓမ္မလမ်းကို ရှာဖွေတွေ့မြင်နိုင်ပေမည်။

## "၁ - ၂ - ၃ နှင့်အပြောက်"

လောကတွင် (၁၊ ၂၊ ၃) ဆိုသော ဂဏန်းအရေအတွက်တို့ကို အရှိတရားဟု ထင်ကြပါသည်။ ဝှိုက်ဘုတ် (white board)ပေါ်တွင် အပြာရောင် ဆော့ပင်ဖြင့် အပြောက်ဆယ်ခုကို တစ်နေရာစီခွဲ၍ ချထားပါ။ ထိုအပြောက်ဆယ်ခုကို (၁)ပုံသဏ္ဍာန် (form)ဖွဲ့စည်းလိုက်ပါ။ အပြောက် (spots) ဆယ်ခုသည် (၁) ပုံသဏ္ဍာန် (shape)ပေါ်သွားပါသည်။ ထိုအခါ လောကနေဖြင့် ခေါ်ဝေါ်သုံးစွဲနိုင်လေသည်။ သို့သော်

အမှန်အရှိတရားမှာ အပြောက် (spots) တို့သာဖြစ်သည်။ ယင်းအပြောက်တို့၏ ဖွဲ့စည်းမှု၊ ပုံသဏ္ဌာန်၊ အမည်နာမ (form, shape, name) တို့အလိုက် မနောက (၁၊၂၊ ၃)ဟုသတ်မှတ်ကာ အမည် ပညတ်ခြင်း (recognizing) ဖြစ်ပါသည်။ ထိုအခါ (form, shape, name)တို့ကို မနောက အမှတ်သညာပြု လိုက်ခြင်းကြောင့် လောကသဘောသည် ဖြစ်ပေါ် လာလေသည်။

## "အရောင်(သို့)လောကထွက်ရာ"

မျက်စိ -- မြင်စိတ် -- (အရောင်) . . 'အရှိပရမတ်'

မနော -- သညာ -- (အပြောက်) . . 'မရှိပညတ်'

ဝိပ်ဿနာ(ဝိုက်ဘုတ်)အဖြူပေါ်၌ မျက်စိကမြင်မှုသည် အပြောက်(spot)မဟုတ်ပါ။ သတိပြုဆင်ခြင်ပါက အရောင် (colour)သာဖြစ်သည်။ မနောက အပြောက်ဟုငှင်း၊ (၁၊၂၊ ၃)ဟုငှင်း၊ ပုံသဏ္ဌာန်၊ အမည် (form, shape, name)တို့ဖြင့် အမှတ်သညာပြု သိခြင်းသည် လောကသိ (မရှိပညတ်)ဖြစ်ပါသည်။ မျက်စိမြင်သည့်အတိုင်း အရောင်ဟုသိမြင်မှသာ အရှိအတိုင်းသိမြင်သော (အရှိပရမတ်)ဖြစ်ပြီး လောကမှ

ထွက်ရာ ဓမ္မလမ်းပေါ်သို့ တက်လှမ်းနိုင်ပေမည်။

**"အရှိပရမတ်နှင့်မရှိပညတ်"**

ဥပမာ မိုးကောင်းကင်ကို မော့ကြည့်ပါက အပြာရောင်ကိုသာတွေ့ရပါသည်။ မျက်စိသည် အရောင် (colour)ကိုသာမြင်မှု (seeing) ဖြစ်ပါသည်။ မနောက မိုးကောင်းကင်ဟုသိခြင်းသည် အမှတ်သညာပြုကာ အမည်ပညတ်ခြင်း (recognizing) ဖြစ်ပါသည်။ ဤသို့ဆိုလျှင် မျက်စိထဲ ဝင်လာသည့် အတိုင်း (အရောင်) ပရမတ်ကိုသာ သိမြင်ခြင်းသည် အရှိမူလအမြင်(objective view)ဖြစ်၍ မနောက လောကသုံးရန်အတွက် ပုံသဏ္ဌာန်၊ အမည်တို့ဖြင့် သတ်မှတ်ကာ အပို ဆောင်းသိမြင်ခြင်းသည် မိမိဘက်မှ မရှိပညတ်အမြင် (subjective view)ဖြစ်လေသည်။ ထို့ကြောင့် မျက်စိတွင် အရှိပရမတ်ကို (ဓမ္မ) အတွက်(သိရန်) ဖြစ်၍မနောတွင် မရှိပညတ်ကို (လောက) အတွက် (သုံးရန်)ဖြစ်ပါသည်။

**"မြင်ခြင်းဓမ္မနှင့်သိခြင်းလောက"**

မျက်စိက မြင်မှု (seeing)သာဖြစ်သော်လည်း မနောက ဖွဲ့စည်းမှု၊ ပုံသဏ္ဌာန်၊ အမည်တို့ဖြင့် အမှတ်သညာပြု၍ပညတ်တင်ခြင်း (recognizing)ဖြစ်

သောကြောင့် လောကတွင် အရှိကိုအရှိအတိုင်း မသိနိုင်ခြင်းဖြစ်သည်။ ဥပမာ ပိုက်ဆံကို လောကတွင် အရှိတရားဟု ထင်ကြပါသည်။ ပိုက်ဆံအများကြီး ရှိလျှင် အထင်ကြီးကြပါသည်။ ပိုက်ဆံမရှိသူကို အထင်သေးကြပါသည်။ အမှန်အားဖြင့် အရှိတရားသည် ပိုက်ဆံမဟုတ်ပါ။ စက္ကူသာဖြစ်ပါသည်။ စက္ကူပေါ်တွင် ဆေးရောင်ဖွဲ့စည်းမှု (form)နှင့် (၁၀၀)တန်၊ (၁၀၀၀) တန်၊ (၁၀၀၀၀)တန် ပုံသဏ္ဍာန် (shape)ကြောင့် အမည်နာမ(name)အဖြစ် ပိုက်ဆံဟု သတ်မှတ်ခြင်း အမှတ်ပြုခြင်း (recognizing) ဖြစ်ပါသည်။ ယင်းတို့အပေါ်တွင် ပိုက်ဆံဟု အမှတ်သညာပြုထားခြင်း (recognizing)ကြောင့် တန်ဖိုးရှိနေခြင်းဖြစ်ပါသည်။ မနောက အမှတ်သညာပြုခြင်း(recognising)မရှိပါက မြင်မှု (seeing) အပေါ်တွင် မြင်ကာမတ္တဖြစ်ကာ တွယ်တာစွဲလမ်းမှု (attachment) လည်းကင်းပေမည်။ ထိုအခါ ပိုက်ဆံကိုလောကဥ္သုံးရုံသာသုံး၍မစွဲတော့ပါ။ လောဘစွဲ၊ ဒေါသစွဲ၊ မောဟစွဲတို့ဖြင့် မကပ်ငြိခြင်း (detach) ဖြစ်သွားပေမည်။

ထို့ကြောင့် မျက်စိကမြင်မှု (seeing) ဆိုသော ပရမတ် (ဓမ္မ)နှင့် မနောက အမှတ်သညာပြုသိခြင်း

(recognizing) ဆိုသော (လောက)ပညတ်တို့ ကို ပိုင်ခြား၍ သိမြင်ခြင်း (realising)ဖြစ်ပါက လောက တွင်းပညတ်တရားတို့ကို ဉာဏ်ဖြင့်ယှဉ်၍ သုံးရုံသာ သုံးပြီး မစွဲတော့ပါ။ အရှိပရမတ် တရား တို့သည်လည်း ဖြစ်သည့်နေရာမှာ ချုပ်ပျက်နေ သောကြောင့် စွဲစရာ မရှိကြောင်းသိမြင်ပြီး အစွဲ ပြုတ်ပါသည်။ အစွဲပြုတ်ပါက 'တဲကုတ် ရွှေနန်းတော်' ဖြစ်ရလေသည်။

## "လောကနှင့်နေဝင်နေထွက်"

လောကဥပမာအားဖြင့် ကမ္ဘာပေါ်တွင် နေသည် အရှေ့အရပ်မှထွက်၍ အနောက်အရပ်၌ ဝင်ပါသည်။သို့သော် ကမ္ဘာမှထွက်ခွါ၍ အာကာသသို့ ထွက်ကြည့်ပါက နေသည် ဝင်ခြင်းလည်းမရှိသလို ထွက်ခြင်းလည်းမရှိပါ။ အမှန်အားဖြင့် ကမ္ဘာကသာ လည်နေပြီး နေကိုလှည့်ပတ်နေခြင်း ဖြစ်ပါသည်။

ဤသို့ အမှန်သိမြင်ပြီး ကမ္ဘာပေါ်သို့ ပြန်ရောက်ပါက နေသည် ဝင်ခြင်းထွက်ခြင်း မရှိသည်ကို ကိုယ်ပိုင် သိပြီးဖြစ်ပါသည်။ သို့သော် ကမ္ဘာပေါ်ရှိ အခြားသူများ နှင့်ပြောဆိုဆက်ဆံပါက နေသည် အရှေ့မှထွက်၍ အနောက်မှာဝင်သည်

ဟုသာ ပြောရပါသည်။ အမှန်သိ သူသည် ပြောရိုးသာပြောခြင်းဖြစ်ပြီး တကယ်စွဲထင်ပြီး ပြောခြင်း မဟုတ်ပါ။ အစွဲလွတ်ပြီး ပြောသင့်လို့သာ ပြောရခြင်းဖြစ်သည်။ ထို့အတူ သစ္စာတရားကို သိမြင်ပြီးသူသည်လည်း လောကအစွဲလွတ်ပြီး ပြောသင့်တာ ပြော၊ လုပ်သင့်တာလုပ်၊ ကြံသင့်တာသာကြံစီပါသည်။ ထို့ကြောင့် လောကတွင် 'သုံးသာသုံး မစွဲနဲ့' ဆိုသော ပြောစကားသည် အပြောလွယ်သလောက် အသိခက်လှပါသည်။

## "ကိလေသာနှင့်နိဗ္ဗာန်"

တရားအားထုတ်ခြင်းသည် ကိလေသာပယ်ရန် အတွက်ဖြစ်ပါသည်။ ကိလေသာကို တဏှာ၊ လောဘ၊ ဥပါဒါန်၊ သမုဒယစသည်ဖြင့် ခေါ်ဆိုကြပါသည်။ ကိလေသာပယ်ရခြင်း၏ ရည်ရွယ်ချက်မှာ နိဗ္ဗာန် ချမ်းသာအတွက်ဖြစ်ပါသည်။ နိဗ္ဗာန်၏သဘာဝမှာ ကိလေသာငြိမ်းသည့်နိဗ္ဗာန်နှင့် ခန္ဓာငြိမ်းသည့်နိဗ္ဗာန် ဟူ၍ နှစ်မျိုးရှိပါသည်။ သို့သော် ကိလေသာငြိမ်းပါက ခန္ဓာငြိမ်းသည့် နိဗ္ဗာန်လည်း ဖြစ်ပေါ်ပါသည်။

ထို့ကြောင့် ကိလေသာငြိမ်းရန်အတွက်

ကိလေ သာဖြစ်ကြောင်းကို သိရပေမည်။ ကိလေသာဖြစ်ကြောင်းကို ဆင်ခြင်သုံးသပ်ပါက ပဋိစ္စသမုပ္ပါဒ် ဒေသနာတွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကို တွေ့ရပါသည်။ စာပေအရ ဝဋ်သုံးပါးတွင် ကိလေသဝဋ်၌ ပါဝင်၏။ အဝိဇ္ဇာသည် အာရုံကိုအမှန်မသိပဲ ပုဂ္ဂိုလ်သတ္တဝါဟု အသိမှားမှု၊ တဏှာသည် နှစ်သက်မှု၊ ဥပါဒါန်သည် စွဲလမ်းမှုတို့ဖြစ်ကြပါသည်။ ယင်းအဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့သည် ပရမတ်တရားများဖြစ်ကြ၍ မျက်စိဖြင့် မသိမြင်နိုင်ပါ။ ဉာဏ်၏ အာရုံအနေဖြင့်သာ သိမြင်နိုင် ပါသည်။

## "ပရမတ်နှင့်လက္ခဏာ"

ဥပမာ ပလပ်ပေါက်ထဲ လက်ထည့်၍ မီးခလုတ်ဖွင့်ကြည့်ပါက တစ်ကိုယ်လုံး ကျဉ်တက်သွားပေမည်။ ကျဉ်တက်သွားခြင်းသည် လျှပ်စစ်ဓာတ်မဟုတ်ပါ။ လျှပ်စစ်ဓာတ်ရှိကြောင်း လက္ခဏာသာဖြစ်ပါသည်။ ကျဉ်ခြင်းလက္ခဏာကို ဆင်ခြင်၍ လျှပ်စစ်ဓာတ်ရှိ ကြောင်းကို ဉာဏ်၏အာရုံအနေဖြင့် သိရပါသည်။ ထို့အတူ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် လျှပ်စစ် ဓာတ်နှင့်တူပါသည်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ရှိကြောင်းကို လက္ခဏာဖြင့်သာ သိမြင်နိုင်ပါသည်။

ယင်းလက္ခဏာသည် အာရုံကို ပုဂ္ဂိုလ်သတ္တဝါဟု စွဲယူလိုက်ခြင်းပင်ဖြစ်ပါသည်။ ဤသို့ အာရုံကို ပုဂ္ဂိုလ်သတ္တဝါဟု စွဲယူလိုက်သည့်လက္ခဏာဖြင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ရှိကြောင်းကို သိမြင်နိုင်လေသည်။

## "ကိလေသာနှင့်သတ္တဝါ"

ထိုအခါ ကိလေသာဖြစ်ကြောင်းကို ပယ်လိုပါက သတ္တဝါမရှိသောအသိဖြစ်ရန် လိုပါသည်။ ထို့ကြောင့် ပခုက္ကူဆရာတော်ဘုရားကြီးက "သတ္တဝါမရှိသော အသိသာလိုရင်းဖြစ်သည်"ဟု ဟောကြားဆုံးမခြင်း ဖြစ်ပါသည်။ သတ္တဝါအယူမရှိပါက ကိလေသာဖြစ်ကြောင်းချုပ်ငြိမ်းကာ ကိလေသာကို ပယ်နိုင်ပေမည်။

ကိလေသဝဋ်ချုပ်သည်နှင့် ကမ္မဝဋ် ချုပ်ပါသည်။ ယခုအခါ မိမိတို့သည် ပုဂ္ဂိုလ်သတ္တဝါအယူဖြင့် မိမိအလိုအတိုင်း ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို ပြုလုပ်နေကြပါသည်။ ပုဂ္ဂိုလ်သတ္တဝါအယူဖြင့် ပြောဆိုဆက်ဆံနေကြပါသည်။ ပုဂ္ဂိုလ်သတ္တဝါအစွဲကို ပယ်ရကောင်းမှန်းမသိအောင် ဥပါဒါန်ဖြင့် ပြင်းစွာစွဲလမ်းနေခြင်းသည် ကိလေသဝဋ်ဖြစ်၍ ကာယ၊ ဝစီ၊ မနောဖြင့် အားထုတ်မှုကြောင့် ကုသိုလ်အကုသိုလ်(ကံ)ဖြစ်ခြင်းသည် ကမ္မဝဋ် ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့သည်

မြင်လိုက် ကြားလိုက်သည်နှင့် စိတ်မှာ (ပုဂ္ဂိုလ်သတ္တဝါအစွဲ)သည် ကိလေသဝဋ်ဖြစ်၍ မိမိအလိုအတိုင်း အားထုတ်မှုကြောင့် ဖြစ်ပေါ်သော(ကံ)သည် ကမ္မဝဋ်ဖြစ်လေသည်။ ထိုအခါ ပုဂ္ဂိုလ်သတ္တဝါအယူဖြင့် ကောင်းမှုလုပ်ပါက ကုသိုလ်ကံဖြစ်ပြီး ပုဂ္ဂိုလ်သတ္တဝါအယူဖြင့် မကောင်းမှုပြုပါက အကုသိုလ်ကံဖြစ်လေသည်။ ကုသိုလ် အကုသိုလ်ကံတို့သည် ကမ္မဝဋ်ဖြစ်ပါသည်။

## "ကိလေသာချုပ် ကံချုပ်"

ပုဂ္ဂိုလ်သတ္တဝါအစွဲဖြစ်သော ကိလေသဝဋ်ကိုပယ်ပြီး ဉာဏ်နှင့်ယှဉ်၍ ပြောသင့်တာပြော၊ လုပ်သင့်တာလုပ်၊ ကြံသင့်တာကြံပါက ကမ္မဝဋ်ချုပ်ကာ ပြောကာမျှ၊ လုပ်ကာမျှ၊ ကြံကာမျှဆိုသော ကြိယာသဘောဖြစ်ပေမည်။ ကိလေသဝဋ်ဖြစ်သော သတ္တဝါအယူချုပ်ပါက ကံလည်းချုပ်ပါသည်။ ကံချုပ်ပါက နောက်ဘဝ နောက်ခန္ဓာချုပ်၏။ (ကံအကြောင်း) ချုပ်သောကြောင့် (ခန္ဓာအကျိုး)ချုပ်ခြင်းဖြစ်လေသည်။ နောက်ဘဝနောက်ခန္ဓာသည် ဝိပါကဝဋ်ဖြစ်သည်။ ထို့ကြောင့် ကိလေသဝဋ်ချုပ်ပါက ကမ္မဝဋ်ချုပ်ကာ ဝိပါကဝဋ်ပါချုပ်လေသည်။ ထိုအခါ ဝဋ်သုံးပါးချုပ် သောကြောင့် ဝဋ်ကုန်ရာနိဗ္ဗာန်ရောက်ခြင်းဖြစ်ပါသည်။

မင်းကွန်းဆရာတော်ဘုရားကြီး၏ တရားအဆုံး တို့၌ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ကြီး ဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက်ကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်းဟု ကြားနာခဲ့ရပါသည်။

## "မျိုးစေ့နှင့် အပင်"

ပုဂ္ဂိုလ်သတ္တဝါအယူဖြင့် ပြုလုပ်သော ကုသိုလ်ကံသည် အကျိုးပေးသောအခါ ကောင်းသောနေရာ တွင် လူချမ်းသာ နတ်ချမ်းသာ ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် အကျိုးပေး၏။ ပုဂ္ဂိုလ်သတ္တဝါအယူဖြင့် ပြုလုပ်သော အကုသိုလ်ကံတို့သည်လည်း အကျိုးပေးသောအခါ မကောင်းသော အပါယ်ဘုံမှာပင် ပုဂ္ဂိုလ်သတ္တဝါ အနေဖြင့်ပင် အကျိုးပေးပါသည်။

သရက်ပင်မှသီးသော သရက်သီးအစေ့သည် သင့်လျော်သော မြေ ရေ နေရောင်တို့ရသောအခါ သရက်ပင်သာလျှင် အပင်ပေါက်ပေမည်။ သူ့မျိုးစေ့နှင့် သူ့အပင်ပေါက်ခြင်းသာဖြစ်၏။ ထို့ကြောင့် ပုဂ္ဂိုလ် သတ္တဝါမျိုးစေ့ပါသွားသော ကုသိုလ်အကုသိုလ်ကံ တို့သည် အကျိုးပေးသောအခါ၌လည်း ပုဂ္ဂိုလ်သတ္တဝါ အဖြစ် ကောင်းကျိုး ဆိုးကျိုးတို့ကို ဖြစ်ပေါ်စေခြင်းဖြင့် မဆုံးနိုင်သော သံသရာ ဝဋ်ဆင်းရဲကို ဖြစ်ပေါ်စေခြင်း

ဖြစ်ပါသည်။

အကယ်၍ ပုဂ္ဂိုလ်သတ္တဝါအယူဖြစ်သော ကိလေသဝဋ်ကိုပယ်ပြီး သမ္မာဒိဋ္ဌိအယူမှန်ဖြင့် ပွားများအားထုတ်သော ဝိပဿနာကုသိုလ်တို့သည် အကျိုးပေးသည့်အခါ၌လည်း ပုဂ္ဂိုလ်သတ္တဝါ လွတ်ရာကင်းရာဖြစ်သော နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ ကောင်းတို့ကိုသာပေးခြင်း ဖြစ်လေသည်။

ပုဂ္ဂိုလ်သတ္တဝါအယူသည် လောကဖြစ်၍ ပုဂ္ဂိုလ်သတ္တဝါအယူမရှိခြင်းသည် လောကမှထွက်ရာဖြစ်ပါသည်။ ဝဋ်သုံးပါးတွင် ကိလေသဝဋ်ဖြစ်ပါက လောကဖြစ်၍ ကိလေသဝဋ် (သတ္တဝါအယူ)ကိုပယ်၍ နာမ်ရုပ်ဟု သတိပြုနိုင်မှုသည် လောကမှထွက်ရာ ဖြစ်ပါသည်။ ဝဋ်သုံးပါးဟုဆိုသော်လည်း ယင်းသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာပင်ဖြစ်ပါသည်။

## "သတ္တဝါမရှိသောအသိ"

ပုဂ္ဂိုလ်သတ္တဝါအယူကင်းရန် ခန္ဓာဖြစ်စဉ်ကို အရှိအတိုင်း ဟုတ်တိုင်းမှန်စွာသိမြင်ရန်လိုပါသည်။ အရှိကိုအရှိအတိုင်း အမှန်သိရန်မှာ အောက်ပါအတိုင်း ပိုင်းခြားသိမြင်အောင် သတိဖြင့် နှလုံးသွင်းရပေမည်။

၁။ မျက်စိက မြင်တယ်၊ မနောက သိတယ်။

၂။ နားက ကြားတယ်၊ မနောက သိတယ်။

၃။ နှာခေါင်းက နံတယ်၊ မနောက သိတယ်။

၄။ လျှာက စားတယ်၊ မနောက သိတယ်။

၅။ ကိုယ်က ထိတယ်၊ မနောက သိတယ်။

၆။ ရှေ့မနောက ဆင်ခြင်တယ်၊ နောက်မနောက သိတယ်။

ကိလေသဝဋ်ကိုပယ်နိုင်ရန် အထက်ပါအတိုင်း ပိုင်းခြားသိရပေမည်။ မိမိတို့သည် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ထိုသို့ မျက်စိနှင့်မနော၊ နားနှင့်မနော၊ နှာခေါင်းနှင့်မနော၊ လျှာနှင့်မနော၊ ကိုယ်နှင့်မနော၊ ရှေ့မနောနှင့်နောက်မနောဟူ၍ နှစ်မျိုး ပိုင်းခြားမသိကြပါ။ တစ်မျိုးတည်းအနေဖြင့်သာသိကြပါသည်။

**"ခန္ဓာဉာဏ်ရောက်"**

ဥပမာ (dog)ဒေါ့ဟု နားကကြားပါက နားက ခွေးဟု မသိပါ။ မနောကသာ ခွေးဟုသိခြင်း ဖြစ်ပါသည်။ နားသည် ဒေါ့ဟူသောအသံကိုသာ သိပါသည်။ ခွေးဟု သညာမပေါ်ပါ။ လောကအမှတ်သညာဖြစ်သော သတ္တဝါခွေးသည် မနောမှာပေါ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် နားတွင် သတ္တဝါအသိမရှိပါ။ အဘယ်ကြောင့်ဆိုသော် နားတွင် (သတ္တဝါအသိ) ကိလေသာ

ဖြစ်ကြောင်း အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် မရှိသောကြောင့် ဖြစ်ပါသည်။ နားသည် ဝိပါက (အကျိုး)တရားဖြစ်၍ အတိတ်ဘဝက (အကြောင်းကံ)ကြောင့် ဖြစ်ပေါ် နေခြင်းဖြစ်ပါသည်။ (ဒေါ့)ဟူသောအသံ (ရုပ်) နှင့် ကြား စိတ်ဆိုသော (နာမ်)တို့သာ နားမှာဖြစ်ပေါ်ပါသည်။

ထိုနာမ်ရုပ်ဖြစ်ပေါ်ခြင်းမှလွဲ၍ နားတွင် သတ္တဝါ အသိမရှိပါ။ နားသည် အသံနှင့်တွေ့ထိပါက အသံ အတိုင်းသာကြားခြင်း(hearing)သာ ဖြစ်ပါသည်။ မနောကျမှ ဒြပ်၊ ပုံသဏ္ဍာန်၊ အမည် (form,shape, name) အမှတ်သညာဖြစ်ပေါ်၍ သတ္တဝါအသိသည် ဖြစ်ပေါ်လေသည်။ ထို့အခါ မနောမှာ သတ္တဝါဟု အမှတ်သညာပြုသိခြင်း (regconzing)သည် ဖြစ်ပေါ်ရပါသည်။

ထို့ကြောင့် နားမှာ နာမ်ရုပ် (ဝိပါကဝဋ်)ဖြစ်ပြီး မနောမှာ သတ္တဝါအသိ (ကိလေသဝဋ်)ဖြစ်ပေါ်ပါ သည်။ သတ္တဝါအယူသည် လောကဖြစ်၍ မနောမှာ ဖြစ်ပါသည်။ နားမှာ သတ္တဝါအယူမရှိသောကြောင့် လောကမှ ထွက်ရာဖြစ်ပါသည်။ ကိလေသဝဋ်ကိုပယ်၍ လောကမှထွက်ချင်ပါက မနောမှာဖြစ်ပေါ်သော သတ္တဝါအစွဲ (ဥပါဒါန်)ကိုပယ်ရန် (သတိ၊ ဝီရိယ)ဖြင့်

အရှိကိုအရှိအတိုင်း သိမြင်နိုင်အောင် ဟုတ်တိုင်းမှန်စွာ နှလုံးသွင်းနိုင်ရပေမည်။

## "နှလုံးသွင်းပုံ"

'ဒေါ့'ဟုကြားပါက နားတွင် အသံ (ရုပ်)နှင့် သိမှု (နာမ်)သာဖြစ်၏။ နားမှာပေါ်သည့်အတိုင်း မနောက (သတိ)ဖြင့် နာမ်ရုပ်ဟု နှလုံးသွင်းမှန်ပါက သတ္တဝါအစွဲ (ဉပါဒါန်)ကို ပယ်နိုင်ပေမည်။ နားထဲသို့ ဝင်လာသော အသံတွင် သတ္တဝါသဘော မပါဝင်ပါ။ ထိုသတ္တဝါ သဘောမပါသော (ဒေါ့)အသံကို မနောက(သတိ) ရှိလျှင် အရှိကိုအရှိအတိုင်းသိသော ယထာဘူတဉာဏ် ဖြစ်ပါသည်။ နားတွင်ဖြစ်ပေါ်သော ရုပ်နာမ်ကို ရုပ်နာမ် ဟု သတ္တဝါသဘောလွတ်အောင် မနောက သတိပြုမိ ခြင်းသည် အရှိ(reality)ကို အရှိအတိုင်းသိခြင်း (realising) ဖြစ်ပါသည်။ နားတွင် နာမ်ရုပ်ဖြစ်ပေါ် သော်လည်း မနောကသတ္တဝါဟုသိခြင်းသည် အရှိကို အရှိအတိုင်းသိခြင်း မဟုတ်ပါ။ တွေတွေဝေဝေသိခြင်း ဟူသော မောဟ (delusion)သာ ဖြစ်ပါသည်။

## "ဉပါဒါန်နှင့်သတိ"

မနောသည် အရှိတရား (reality)ကို အမှန်

အတိုင်း မသိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် မနောမှာ ခွေးဟုမှတ်သော လောကသညာပေါ်တွင် ဥပါဒါန်ဖြင့် စွဲနေသောကြောင့် (ဒေါ့)ဟုကြားသည်နှင့် သတ္တဝါအစွဲ ခွေးဟု သိပြီးဖြစ်နေသည်။ အရှိကိုအရှိအတိုင်း မှန်စွာ အောက်မေ့နိုင်ရန်အတွက် သတိသည် အလွန်အရေး ကြီးပါသည်။ သတိရှိပါမှ မနောသည် နားကြားသည့် အတိုင်း သတ္တဝါအစွဲလွတ်အောင် သတိပြုနိုင်ပေမည်။ ထိုအခါ မဟာစည်ဆရာတော်ကြီး ဟောကြားညွှန်ပြ သည့်အတိုင်း ကြားကြားတယ်ဟု သတ္တဝါလွတ်အောင် မှတ်နိုင်ပါက ကိလေသဝဋ်ကို ပယ်နိုင်ပေမည်။ သတ္တဝါ အစွဲဖြင့် ကြားကြားတယ်မှတ်နေပါက ကိလေသဝဋ် တန်းလန်းဖြင့် မှတ်နေသောကြောင့် ဝိပဿနာ (သစ္စာ ဉာဏ်)နှင့် အလှမ်းဝေးနေရခြင်းဖြစ်ပါသည်။

## "မျက်စိနှင့်မနော"

စာဖတ်သောအခါ မျက်စိကမြင်၍ မနောက စာကို ဖတ်ခြင်းဖြစ်ပါသည်။ သတိမရှိသောကြောင့်သာ ခွဲခြားမသိခြင်းဖြစ်ပါသည်။ မျက်စိသည် ကကြီး ခခွေး ဟုမသိပါ။ မနောကသာသိခြင်းဖြစ်ပါသည်။ထို့ကြောင့် မျက်စိသည် အရောင်မြင်ခြင်း (seeing)သာဖြစ်၍ မနောက လောကသညာဖြင့် အမှတ်ပြုသိခြင်း (re-

**cognizing)** ဖြစ်ပါသည်။ နောက်ဥပမာ တစ်ခုမှာ ကြည်လင်နေသော မိုးကောင်ကင်ကိုကြည့်ပါက မျက်စိသည် အရောင်**(colour)**ကိုသာမြင်နိုင်ပါသည်။ မနောက မိုးကောင်ကင်ဟု လောကသညာဖြင့် အမှတ်ပြုပညတ်ခြင်း **(recognizing)**ဖြစ်ပါသည်။

ထို့ကြောင့် မျက်စိက အရောင်မြင်မှု **(seeing)** နှင့် မနောကသညာဖြင့် အမှတ်ပြုသိခြင်း**(recognizing)**တို့ကို ပိုင်းခြားသိပါမှ မြင်မြင်တယ်မှတ်သည် မနောက လောကသညာဖြင့် အမှတ်ပြုပညတ်ခြင်း မပါသော မျက်စိတွင် မြင်မှုသက်သက် အရောင်သဘော**(colour)**ကိုသာ (သတိ)ဖြင့် အရှိ(ပရမတ်) အတိုင်း နှလုံးသွင်းခြင်းသည်သာ (လောကထွက်ရာ) ဖြစ်ပါသည်။

## "နှာခေါင်းနှင့်မနော"

အနံ့ကိုရှူမိသောအခါ 'စပါယ်ပန်းနံ့က မွှေးတယ်'ဟု ပြောဆိုတတ်ကြပါသည်။ နှာခေါင်းသည် စပါယ်ပန်းကို မသိပါ။အနံ့ကိုသာသိပါသည်။ ယင်းအနံ့ကို စပါယ်ပန်းဟု လောကသညာဖြင့် အမှတ်ပြုသိခြင်းသည် မနောဝိဉာဏ်ဖြစ်ပါသည်။ 'အနံ့ကမွှေးတယ်၊ အနံ့က

ဆိုးတယ်’ဟု သိခြင်းတို့တွင် နှာခေါင်းသည် အနံ့ကိုသာ သိ၍ ကောင်းတယ်ဆိုးတယ်ဟူသည် မနောမှာဖြစ်ပေါ်သော သုခဝေဒနာ၊ ဒုက္ခဝေဒနာကို သညာအစွဲဖြင့် အမှတ်ပြု၍ပညတ်တင် ပြောဆိုခြင်းဖြစ်ပါသည်။

ဤသို့ ပိုင်းခြားသိပါမှ နံနံတယ်မှတ်ဆိုသည်မှာ အကောင်းအဆိုး အစွဲဥပါဒါန် (attach)မှလွတ်သော နှာခေါင်းတွင်ပေါ်သည့် အနံ့သဘောသက်သက်ကို သတိဖြင့် နှလုံးသွင်းနိုင်အောင် အားထုတ်ရခြင်းဖြစ်ပါ သည်။ ထိုသို့ နှာခေါင်းမှာဖြစ်ပေါ်သည့်အတိုင်း အနံ့ အာရုံသည် (ရုပ်)၊ သိမှုဝိညာဏ်သည် (နာမ်)ဟု မနောက သတိဖြင့် နှလုံးသွင်းမှန်ပါက ယောနိသောမန သိကာရဖြစ်ကာ လောကသညာအပေါ်တွင် ပြင်းစွာစွဲနေသော ဥပါဒါန်ပြုတ်ခြင်း (detach) ဖြစ်ပေမည်။

**“လျှာနှင့်မနော”**

အစာကိုစားသောက်သောအခါ လျှာသည် ကော်ဖီ၊ လက်ဖက်ရည်၊ ထမင်းကြော်၊ ခေါက်ဆွဲကြော်ဟု မသိတတ်ပါ။ လျှာသည် အရသာ(taste)ကိုသာ သိပါသည်။ မနောကသာ ကော်ဖီ၊ လက်ဖက်ရည်၊ ထမင်းကြော်ဟု (လောကသညာ)ဖြင့် အမှတ်ပြု၍ပညတ်ခြင်း (recognizing)ဖြစ်ပါသည်။ ထိုအခါ အရှိတရား

(reality)သည် အရသာသက်သက်သာဖြစ်၍ လျှာ၌ (ဝိညာဏ်သိ)သဘောဖြစ်ပါသည်။ မနောမှာ လောကသညာဖြင့် အမှတ်ပြုပြည်တ်ခြင်းသည် (သညာသိ)ဖြစ်ပါသည်။ ဤသို့ စားစားတယ်မှတ်သည် မနော(သညာသိ)မှ လျှာမှာဖြစ်သော (ဝိညာဏ်သိ) ရောက်အောင် သတိဖြင့် ရှုန်းတက်ရခြင်းဖြစ်ပါသည်။ ဝိညာဏ်သိသဘောသည် ရသာရုံ (အာရုံ)ကိုသာ သတိဖြင့်အောက်မေ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဝိပဿနာသည် မနောမှာဖြစ်သော (သညာသိ)မှ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်မှာဖြစ်သော (ဝိညာဏ်သိ)သို့ ရောက်အောင် သတိဖြင့် အရှိတရား (reality)ကို အရှိအတိုင်း နှလုံးသွင်းအားထုတ်ရခြင်းဖြစ်ပါသည်။

## "ကိုယ်နှင့်မနော"

ထိသိ-သတိသည် စွန်းလွန်းဆရာတော်ကြီး၏ ထင်ရှားသော ဝိပဿနာရှုနည်းဖြစ်ပါသည်။ ဝိပဿနာသဘောသည် (အကျင့်မခက် အသိခက်)ပါသည်။ ထိသိ-သတိကို ထိတာကရုပ်၊ သိတာကနာမ်ဖြစ်ပြီး ထိုရုပ်နာမ်တို့ကို သတိထားခြင်းဖြစ်သည်ဟု အပေါ်ရံ နားလည်ပါက ဝိပဿနာသဘောသည် အသိမခက်

သလိုဖြစ်နေပါသည်။ အမှန်အားဖြင့် ထင်သလောက် မလွယ်ပါ။ ကိုယ်နှင့် မနောကို ပိုင်းခြားသိနိုင်ရန်ပင် ခက်ခဲလှပါသည်။

## "စားပွဲပျောက်၊ လက်ပျောက်"

ဥပမာ လက်ထိပ်ဖြင့် စားပွဲခုံကို ဖိကြည့်ပါ။ လက်ထိပ်သည် စားပွဲခုံဟုမသိပါ။ လက်ထိပ်တွင် မာခြင်းကိုသာသိပါသည်။ ပထမအဆင့်သည် စားပွဲလည်းပျောက်၊ လက်လည်းပျောက်ပြီး လက်ထိပ်မှာ ထိမှု၊ မာမှုကိုသာ သတိ၊ ဝီရိယ၊ သမာဓိအစွမ်းဖြင့် ကွက်ကြားကောက်ခြင်း (focus)လုပ်နိုင်ရပါမည်။ ထိုသို့ ကွက်ကြားကောက်နိုင်ရန် သတိကို ဝီရိယဖြင့် ထူထောင်ထားရပေမည်။

လက်ထိပ်မှာ ကွက်ကြားကောက်၍သိရသော ထိမှု၊ မာမှုသည် စားပွဲနှင့်ထိမှု၊ စားပွဲ၏မာမှုမဟုတ်ပဲ ကာယဝိညာဏ်ဖြင့်သိရသော ထိသဘော မာသဘော ဆိုသည့် အာရုံသဘောမျှသာ ဖြစ်ပါသည်။ ထိုအာရုံသဘောတွင် အမည်မပါပဲ ထိမှုတွင် ဖြစ်ပေါ်နေသည့် အတိုင်းသိရခြင်းဖြစ်ပါသည်။ မာသည်ဟု အမှတ်ပြုပညတ်ခြင်းသည် မနောက လောကသညာဖြင့် ပညတ်ခြင်းဖြစ်ပါသည်။ ဝိပဿနာသည် သမုတိပညတ်နယ်

အတွင်းမှာ မရှိပါ။ လောကကိုလွန်မြောက်သော ပညာဖြစ်၍ ဝိညာဏ်သိဖြစ်သော ပရမတ်ဉာဏ်မြင် ဖြင့်သာ လောကမှထွက်ရပေမည်။

## "သညာသိမှ ဝိညာဏ်သိ"

မနောတွင် လောကသညာသိမှ ကိုယ်ကာယ တွင်ဖြစ်ပေါ်သော ဝိညာဏ်သိရောက်အောင် အား ထုတ်နိုင်မှသာ ထိသိ-သတိဆိုသော ဝိပဿနာ သဘောကို မိနိုင်ပေမည်။ ထိုအခါ ကိုယ်မှာဖြစ်ပေါ် သော(ထိမှု)ကို ကာယဝိညာဏ်(သိ) အတိုင်း မနောက ပညာဖြင့် ပညတ်လွတ်အောင် (သတိ)ဖြင့် နှလုံး သွင်းရခြင်းဖြစ်ပါသည်။ ဤသို့ အရှိကိုအရှိအတိုင်း သတိဖြင့် အောက်မေ့နိုင်ခြင်းကို နှလုံးသွင်းမှန်သည် ဟု၄င်း၊ ယထာဘူတဉာဏ်ဖြစ်သည်ဟု၄င်း ဆိုကြ လေသည်။

ဝိပဿနာတွင် အရှုခံသည် ထိသိဆိုသော ရုပ်နာမ်ဖြစ်၍ အရှုဉာဏ်သည် သတိဦးဆောင်သော မဂ္ဂင်တရားများဖြစ်ပါသည်။ ထိုအခါ အရှုခံတွင်လည်း ပုဂ္ဂိုလ်သတ္တဝါမပါ၊ အရှုဉာဏ်တွင်လည်း ပုဂ္ဂိုလ်သတ္တဝါ မပါကြောင်းကို နောက်ဉာဏ်တစ်ခုဖြင့် ထိုးထွင်းသိမြင် သွားလေသည်။ ထိုအခါ အရှုခံအစွန်းရော အရှုဉာဏ်

အစွန်းပါ သတ္တဝါမရှိဟူသော အစွန်းလွတ်သည့် အမြင်မှန် သမ္မာဒိဋ္ဌိဆိုသော (ပညာမဂ္ဂင်)သည် သတိပဋ္ဌာန်အစွမ်းကြောင့် ဖြစ်ပေါ်လာလေသည်။

## "ကိုယ်သာနာ၍စိတ်မနာစေနှင့်"

ဝိပဿနာတရားအားထုတ်မှုတွင် 'ဝေဒနာကို ဘယ်လိုရှုရမှာလဲ၊ နာတာကို ဘယ်လိုနှလုံးသွင်းရ မှာလဲ' စသည်ဖြင့် အမေးများကြပါသည်။ ဘုရားရှင်သည် နကုလပိတုသုတ်၌ 'ငါသည်နာကျင်သောကိုယ် ရှိသူဖြစ်လျှက် ငါ၏စိတ်သည် နာကျင်မှုကင်းသည်ဖြစ် လတ္တံ့'ဟု ဤသို့ကျင့်အပ်၏ဟူ၍ မိန့်တော်မူခဲ့ပါသည်။

## "ကိုယ်နှင့်ဝေဒနာ"

အမှန်အားဖြင့် ကိုယ်(ကာယဒွါရ)တွင် သုခ ဝေဒနာနှင့် ဒုက္ခဝေဒနာဟူ၍ နှစ်မျိုးရှိပါသည်။သို့သော် မနောတွင် သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ နှင့် ဥပေက္ခာဝေဒနာဟူ၍ သုံးမျိုးရှိလေသည်။ ကိုယ်နာ ခြင်းသည် ကာယဒွါရမှာ ဒုက္ခဝေဒနာပေါ်ခြင်းဖြစ် ပါသည်။ ကိုယ်နာ၍စိတ်နာရခြင်းသည် မနောတွင် ဒေါမနဿဝေဒနာဖြစ်ပေါ်သောကြောင့်ဖြစ်သည်။

ထိုသို့ဖြစ်ရသည်မှာ ကိုယ်နှင့် မနောကို ပိုင်းခြား မသိပဲ ကိုယ်ကို မနောက လောကသညာသည် ငါ့ဥစ္စာ

အဖြစ် ဥပါဒါန်ဖြင့် စွဲယူသိမ်းပိုက်ထားသောကြောင့် ဖြစ်ပါသည်။ ထိုအခါ ငါ့ကိုယ်နာပြီဟု ဥပါဒါန်ကပ်သော အတသညာဖြင့် စွဲယူသောကြောင့် မနောမှာ ဒေါမနဿဝေဒနာသည် ဖြစ်ပေါ်လာပါသည်။ ထိုအခါ ကိုယ်နာသောကြောင့် စိတ်ပါနာရခြင်းဖြစ်လေသည်။

တရားအားထုတ်သောအခါ ကိုယ်နာသော်လည်း စိတ်မနာအောင် ကျင့်ရခြင်းဖြစ်ပါသည်။ ကိုယ်မနာခြင်းကြောင့် စိတ်မနာခြင်းသည် သဘာဝဖြစ်၍ တရားမဟုတ်ပါ။ ကိုယ်နာသော်လည်း မနောက ငါ့ကိုယ်အဖြစ် ဥပါဒါန်ဖြင့် မစွဲယူတော့ပဲ ကိုယ် (ကာယရုပ်)နှင့် ဒုက္ခဝေဒနာ(နာမ်)တို့သည် သူ့သဘောသူဆောင်ကာဖြစ်ပေါ်နေသည်ဟု သတိဖြင့် အနတ္တသဘော သိမြင်သွားပါက မနောတွင် ဥပေက္ခာဝေဒနာဖြစ်ပေါ်ပါသည်။ ထိုအခါ ကိုယ်နာသော်လည်း စိတ်မနာတော့ပါ။ ကိုယ်နှင့် မနောကို ပိုင်းခြားသိမြင်သွားပြီး ကိုယ်ကို တစ်စိမ်းလိုသဘောထားနိုင်ပါသည်။ ထိုအခါ သတိဖြင့် နှလုံးသွင်းမှန်သောပညာကြောင့် မနောတွင် ငါငါ့ဥစ္စာအဖြစ် စွဲယူသိမ်းပိုက်တတ်သော တဏှာစွဲ နှင့် ဒိဋ္ဌိစွဲ ဥပါဒါန်ကို ပယ်ရှားနိုင်လေသည်။

# "ရှေ့မနော နှင့် နောက်မနော"

မျက်စိမှိတ်ပြီး ရွှေတိဂုံစေတီတော်ကြီးကို ဆင်ခြင်၍ အာရုံပြုကြည့်ပါ။ မိမိတွင် ရွှေတိဂုံစေတီတော်ကြီးကို အာရုံအနေဖြင့် ပေါ်ပါသည်။ ရန်ကုန်ရွှေတိဂုံ (အရှိတရား)နှင့် အာရုံရွှေတိဂုံ (အသိတရား)နှစ်ခုကို ပိုင်းခြားသိရပေမည်။ အာရုံရွှေတိဂုံသည် မိမိအတွင်းမှာ အာရုံအနေဖြင့် ပေါ်ခြင်းဖြစ်သည်။ အာရုံရွှေတိဂုံမှာ ဆင်ခြင်ခိုက်မှာသာဖြစ်ပေါ်၍ မဆင်ခြင်သည်နှင့် ချုပ်ပျောက်ပါသည်။ ထို့အခါ အာရုံကိုဆင်ခြင်စိတ်သည် ရှေ့မနောဖြစ်၍ ရွှေတိဂုံကို အာရုံအဖြစ်သိသောစိတ်သည် နောက်မနောမှာ ဖြစ်ပါသည်။

သို့သော် ရှေ့စိတ်၊ နောက်စိတ်သည် အလွန်လျှင်မြန်လှသောကြောင့် သတိပြုမိရန် ခက်ခဲနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် မောင်မောင်ဟု နာမည်ခေါ်သံကြားပါက မနောမှာ သညာပေါ်ပါသည်။ မောင်မောင်၊ မောင်ဖြူ၊ မောင်နီ စသည်ဖြင့် နာမည်ခေါ်သံ ဆက်တိုက်ကြားပါက မောင်မောင်(အသံ)ချုပ်သည်နှင့် မောင်မောင်(သညာ)ချုပ်ပါသည်။ မောင်ဖြူအသံချုပ်ပါက မောင်ဖြူ(သညာ)ချုပ်ပါသည်။ မောင်နီအသံ ချုပ်ပါက မောင်နီ(သညာ)ချုပ်ပါသည်။ သတိဖြင့် ဆင်ခြင်

ကြည့်ပါက သညာ၏ဖြစ်ပေါ်ချုပ်ပျောက်မှုသဘော အမှန်ကို သိမြင်ခြင်း (realise)ဖြစ်နိုင်ပါသည်။

နာမည်ခေါ်သံကြား၍ မနောမှာသညာပေါ် သော်လည်း သညာသည် ချက်ချင်းချုပ်ပျောက်ပါ သည်။ သို့သော် သညာသည် အာရုံအနေဖြင့် နောက် စိတ်ကို ကျေးဇူးပြုသောကြောင့် သညာကို အောက်မေ့ နိုင်သောသတိသည် နောက်စိတ်တွင်ဖြစ်ပေါ်ပါသည်။ ထို့ကြောင့် ရှေ့မနောတွင် သညာပေါ်၍ နောက်မနော တွင် သတိဖြစ်ပေါ်ပါသည်။ သညာ(ရှေ့စိတ်)ကို သတိ (နောက်စိတ်)ဖြင့် အောက်မေ့နိုင်ခြင်းဖြစ်ပါသည်။

**"သညာနှင့်ဓမ္မာရုံ"**

နာမည်ခေါ်သံကို နားကကြား၍ မနောမှာ သညာပေါ်ခြင်းဖြစ်သည်။ သညာသည် ချက်ချင်းချုပ် ပျောက်၍ မနောတွင်ဖြစ်ပေါ်သော နောက်စိတ်က 'ငါ့' ခေါ်တာဟု သိနိုင်ခြင်းဖြစ်ပါသည်။ စိတ်သည် (တစ်ချိန် ၌ တစ်စိတ်သာ)ဖြစ်ပေါ်ပါသည်။ ထို့ကြောင့် သညာ သည် ရှေ့စိတ်အနေဖြင့် ဖြစ်ပေါ်သော်လည်း ချက်ချင်း ချုပ်ပျောက်ကာ နောက်စိတ်ကို အာရုံအဖြစ် ကျေးဇူးပြုပါသည်။ ထိုသညာအာရုံကို (ဓမ္မာရုံ)ဟု ခေါ်သည်။ သညာကို ဓမ္မာရုံအနေဖြင့်သာ သိရသည်။

သို့သော် သတိမရှိသောကြောင့် သညာအာရုံကို (ဓမ္မာရုံ)အနေဖြင့် မသိမြင်နိုင်ပဲ မနောမှာဖြစ်သော နောက်စိတ်သည် သညာအာရုံကို အစွဲပြု၍ 'ငါ'ဟု ဥပါဒါန်ဖြင့် သိမြင်သွားခြင်းဖြစ်ပါသည်။

## "သတိနှင့်ဥပါဒါန်"

ထို့ကြောင့် ရှေ့မနောတွင် သညာပေါ်သော်လည်း နောက်မနောတွင် သတိရှိပါက သညာကို ဓမ္မာရုံအဖြစ် သိမြင်နိုင်ပါသည်။ သတိမရှိပါက ဥပါဒါန်ဖြင့် စွဲယူကာ သညာကို ပုဂ္ဂိုလ်သတ္တဝါ 'ငါ'အဖြစ် အယူမှားအထင်မှားခြင်းဖြစ်လေသည်။ ရှေ့မနောတွင် ပရမတ်သညာပေါ်သော်လည်း သတိမရှိသောအခါ ခန္ဓာကို ဉာဏ်မရောက်နိုင်သောကြောင့် အစွဲဥပါဒါန်ဖြင့်သာ ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် နှလုံးသွင်းပြီး အယူမှားအထင်မှားခြင်း ဖြစ်ရလေသည်။

သတိနှင့်ဥပါဒါန်သည်လည်း တစ်ချိန်၌နှစ်ခုပြိုင်၍မဖြစ်နိုင်ပါ။ ဥပါဒါန်ရှိပါကလည်း သတိမရှိ နိုင်ပါ။ သတိရှိပါကလည်း ဥပါဒါန်မရှိပါ။ ထို့ကြောင့် ပခုက္ကူဆရာတော်ကြီးသည် "ပုဂ္ဂိုလ်မယူ နာမ်ရုပ်ယူ ထိုသူ ဥပါဒါန်ကင်းသတည်း"ဟု ဟောကြားပါသည်။ ဥပါဒါန် ရှိမရှိကို ဝီရိယစိုက်ကာ အမြဲသတိပြုရပေမည်။

# "ရှေ့သတိနှင့်နောက်သတိ"

လမ်းကူးလျှင် သတိထားကြပါသည်။ လမ်းကို ဟိုဘက်သည်ဘက်ကြည့်ကာ လမ်းကူးကြပါသည်။ လမ်းဟိုဘက်သည်ဘက်ကြည့်ခြင်းသည် သတိရှိသောကြောင့်ဖြစ်ပါသည်။ သတိမရှိပါက မကြည့်ဖြစ်ပါ။ သတိဟူသော အကြောင်းတရားကို သိမ်းဆည်းတတ်ရပေမည်။ သတိမရှိပါက မိမိကိုယ်ကို လမ်းအန္တရာယ်မှ မစောင့်ရှောက်နိုင်ပါ။ သတိကသာ အန္တရာယ်မဖြစ်အောင် စောင့်ရှောက်နိုင်ခြင်းဖြစ်ပါသည်။

'ငါ့ကိုယ်ကို ငါပဲစောင့်ရှောက်ရတယ်'ဟု ထင် တတ်ကြပါသည်။ အမှန်မှာ ငါကမစောင့်ရှောက်နိုင်ပါ၊ သတိကသာ စောင့်ရှောက်ခြင်းဖြစ်ပါသည်။ သို့သော် သတိကို 'ငါ' ထင်နေသောကြောင့် အယူမှား အထင်မှားနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် လမ်းတွင် အန္တရာယ်ကင်းအောင် စောင့်ရှောက်ခြင်းသည် သတိဖြစ်ပါသည်။ သို့သော် ရှေ့မနောတွင် သတိပေါ်သော်လည်း နောက်မနောမှာ သတိမရှိသောကြောင့် သတိဟု မသိမြင်ပဲ ဥပါဒါန် ဖြင့် 'ငါ'ဟု အယူမှား အထင်မှားခြင်း ဖြစ်ပါသည်။ နောက်မနောတွင် သတိရှိပါက ရှေ့မနောမှသတိကို

ဆင်ခြင်၍အာရုံပြုကာ 'ငါ'လွတ်အောင် မှန်စွာ အောက်မေ့နိုင်လေသည်။

## "ချော်လဲမယ်၊ သတိထား"

ရေညှိရှိနေပါက 'ချော်လဲမယ်၊ သတိထား'ဟု ပြောဆိုတတ်ကြပါသည်။ အမှန်မှာ ရေညှိအာရုံကို အောက်မေ့ခြင်းသည် သတိဖြစ်ပါသည်။ ချော်မလဲအောင် ဝီရိယစိုက်ကာ သတိဖြင့် ထိန်းထိန်းသိမ်းသိမ်း သွားရပါသည်။ ထို့ကြောင့် ငါ့ကိုယ်ကို ငါကမစောင့်ရှောက်နိုင်ပါ။ ချော်မလဲအောင် သတိကသာ စောင့်ရှောက်ခြင်း ဖြစ်ပါသည်။ ရှေ့သတိကို နောက်သတိဖြင့် အမှန်အောက်မေ့နိုင်ပါက ဒိဋ္ဌိငါကို ပယ်နိုင်ပါသည်။

## "သီလနှင့်သတိ"

ဥပုသ်သီလစောင့်ပါက ငါဥပုသ်စောင့်တယ်လို့ ထင်ကြပါသည်။ အမှန်မှာ သီလကို သတိကသာ စောင့်ထိန်းခြင်းဖြစ်ပါသည်။ ဥပုသ်စောင့်လေ့မရှိပါက ဥပုသ်စောင့်ထားသည်ကို မေ့နေတတ်ပါသည်။ ထိုအခါ သီချင်းဆိုမိခြင်း၊ ဗိုက်ဆာ၍အစာကောက်စားမိခြင်း တို့ဖြစ်ကာ ဥပုသ်ကျိုးပါသည်။ ငါရှိသော်လည်း သတိ မရှိသောကြောင့် ဥပုသ်ကျိုးခြင်းဖြစ်သည်။ ထို့ကြောင့် ဥပုသ်ကို ငါကစောင့်၍မရပါ။ သတိကသာ စောင့်ခြင်း

ဖြစ်ပါသည်။

ဥပုသ်စောင့်၍ကုသိုလ်ရသည်ဆိုရာတွင်လည်း ငါစောင့်လို့ ကုသိုလ်ဖြစ်တာမဟုတ်ပါ။ သတိသည် အဘိဓမ္မာအရ ကုသိုလ်စေတသိက် ဖြစ်သောကြောင့် သတိရှိ၍သာ ကုသိုလ်ရခြင်း ဖြစ်ပါသည်။

## "စိတ်ပုတီးနှင့်သတိ"

ပုတီးစိတ်သောအခါ ငါစိတ်တယ်ဟုထင်ကြပါသည်။ အမှန်မှာ ပုတီးစိတ်ပါက အရဟံဆိုသောဘုရားဂုဏ်တော်အာရုံကို မနောကသတိဖြင့် အောက်မေ့ကာ ပုတီးစိတ်ခြင်း ဖြစ်ပါသည်။ 'အရဟံ' အာရုံကိုအောက်မေ့ခြင်းသည် မနောကသတိဖြစ်ပါသည်။ ထိုသတိသည် အခြားအကုသိုလ်စိတ်များ မဖြစ်အောင် စောင့်ရှောက်ထားပါသည်။ ထိုသို့ အကုသိုလ်စိတ်များ မဖြစ်အောင် စောင့်ရှောက်တတ်သောသတိကြောင့် ကုသိုလ်ရခြင်း ဖြစ်သည်။ ထို့ကြောင့် ပုတီးကို ငါစိတ်ခြင်းမဟုတ်ပဲ သတိကသာ စိတ်ခြင်း ဖြစ်သည်ကို ရှေ့သတိကို နောက်သတိဖြင့် မှန်စွာအောက်မေ့နိုင်ပါက သိမြင်နိုင်လေသည်။

# "ဝင်လေထွက်လေနှင့်သတိ"

တရားအလုပ်အားထုတ်သောအခါ ငါတရားအားထုတ်နေတယ်ဟု ထင်တတ်ကြပါသည်။ အမှန်မှာ ဝင်လေထွက်လေအာရုံကို အောက်မေ့နေမှုသည် မနောကသတိဖြစ်ပါသည်။ ထို့ပြင် ဖောင်းတယ် ပိန်တယ်အာရုံကို အောက်မေ့မှုသည်လည်း သတိဖြစ်ပါသည်။ ကြွတယ်၊ လှမ်းတယ်၊ ချတယ်အာရုံတို့ကို အောက်မေ့နေမှုသည်လည်း သတိသာဖြစ်ပါသည်။ သို့သော် ရှေ့သတိကို နောက်သတိဖြင့် မှန်စွာ မအောက်မေ့နိုင်သောကြောင့် ဝင်လေထွက်လေကို ငါကမှတ်နေတယ်ဟု သတိအပေါ်တွင် အယူမှားအထင်မှားနေခြင်းဖြစ်သည်။ သတိမရှိသည်နှင့် ဝင်လေထွက်လေအာရုံကို မအောက်မေ့နိုင်တော့ပါ။

ထို့ကြောင့် တရားရှုမှတ်ရာတွင် သတိသည် ငိုက်မျဉ်းနေသောကြောင့် ဝင်လေထွက်လေအာရုံမှ ထွက်သွားပါကလည်း သတိမပြုမိတော့ချေ။ ဥပမာ တခါးပေါက်စောင့်သူနှင့်တူပါသည်။ အိပ်ငိုက်နေပါက ဝင်တာလည်းမသိ၊ ထွက်တာလည်းမသိပါ။ ထို့ကြောင့် သတိကို ထထကြွကြွဖြစ်အောင် ဝီရိယစိုက်ရပါသည်။ ဝင်လေထွက်လေအာရုံကို သတိမလွတ်အောင်

ဝီရိယကောင်းကောင်းဖြင့် ဆက်တိုက် တွန်းတင်ထား ရပေမည်။ ထိုအခါ သတိနှင့် ဝီရိယအစွမ်းကြောင့် သမာဓိသည် သူ့သဘောသူဆောင်ကာ ဖြစ်ပေါ် လာပါသည်။ ထို့ကြောင့် တရားအားထုတ်ခြင်းသည် 'ငါ'မဟုတ်ပဲ သတိနှင့်ဝီရိယတို့သာ အလုပ်လုပ် နေခြင်းဖြစ်ပါသည်။

**ရုပ်နာမ်ကိုပိုင်းခြားသိခြင်း**

## "ရုပ်နာမ်နှင့်ဥပါဒါန်"

တရားအားထုတ်သောအခါ ရုပ်နာမ်သဘောကို သိမြင်ပြီး ရုပ်နာမ်ကွဲအောင် ပိုင်းခြား နှလုံးသွင်းတတ်ရ ပေမည်။ ဥပမာ ပန်းတစ်ပွင့်ကို မျက်စိဖြင့် တွေ့မြင်ပါက နှင်းဆီပန်းဟု သိပါသည်။ ယင်းဖြစ်စဉ်တွင် ပန်းပွင့်တွင် ရှိသော အရောင်အဆင်းနှင့် ဒြပ်ပုံသဏ္ဌာန်သဘော တို့သည် (ရုပ်)ဖြစ်၍ နှင်းဆီပန်းဟုသိခြင်းသည် မနော မှာ (သညာ)ဖြင့် အမှတ်ပြု ပညတ်ခြင်းဖြစ်ပါသည်။

## "နှင်းဆီပန်းနှင့်သညာ"

ပန်းဆိုသောရုပ်သည် အပြင်မှာရှိ၍ နှင်းဆီ ဆိုသောအမှတ်သညာ (နာမ်)သည် အတွင်းမနောမှာ ဖြစ်ပေါ်ပါသည်။ သို့သော် ပန်းပွင့် (ရုပ်)ကို နှင်းဆီဟု (သညာ)နှင့်တစ်သားတည်းပြုကာ နှင်းဆီပန်းဟု

သိမြင်နေကြပါသည်။ ထိုအခါ ရုပ်နာမ်မကွဲတော့ပါ။ နှင်းဆီပန်းဟု ဥပါဒါန်ဖြင့် ပြင်းစွာစွဲလမ်းနေပါသည်။

ပန်းသည် အဆင်း(ရုပ်)နှင့် နှင်းဆီပွင့်ဟု ပညတ်ပြုခြင်းသည် သညာ(နာမ်)ဟု (သတိ)ရှိပါမှ ပိုင်းခြားသိမြင်နိုင်ပါသည်။ ဥပါဒါန်ရှိနေပါက ရုပ်နာမ်ဟု ပိုင်းခြားမသိနိုင်တော့ပါ။ ထို့ကြောင့် မြင်ရသောအဆင်း အရောင်အပေါ်တွင် နှင်းဆီပန်းဟု အခိုင်အမာ စွဲယူလိုက်ခြင်းသည် ဥပါဒါန်ကြောင့်ဖြစ်၍ သတိရှိပါက ပန်းဆိုသောအဆင်း (ရုပ်)နှင့် နှင်းဆီဆိုသော အမှတ်သညာ(နာမ်)ကို ပိုင်းခြားသိမြင်နိုင်ပေမည်။

## “ရုပ်နာမ်နှင့်ကြောင်းကျိုး”

မျက်စိဖြင့် မြင်ရသောပန်း(အရာင်)သည် ရူပါရုံ (ရုပ်)ဟူသောအကြောင်းတရားအနေဖြင့် ကျေးဇူးပြုသောကြောင့် မနောတွင် နာမ်ဟူသောအမှတ်သညာ (နှင်းဆီ)သည် အကျိုးတရားအဖြစ် ပေါ်ပါသည်။ ထိုအခါ ပန်းဟူသောရုပ်ကိုမြင်သည့် အကြောင်းပြည့်စုံသည်နှင့် နှင်းဆီဆိုသောအမှတ်သညာ (နာမ်)သည် မနောတွင် သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်ပါသည်။

ထို့ကြောင့် မြင်မှုကိစ္စတွင် ‘ငါက နှင်းဆီပန်းကို မြင်တယ်’ဟု သမုတိနယ်တွင် ထင်မြင်ကြသော်လည်း

အရှိပရမတ်နယ် (reality)တွင် ရုပ်နာမ်၊ ကြောင်းကျိုးမျှသာဖြစ်ပါသည်။ ထိုထက်အပိုဘာမျှမရှိပါ။

## "ခွေးနှင့်သညာ"

'ဝုတ် - ဝုတ် - ဝုတ်' ဟုကြားပါက ခွေးဟုသိကြပါသည်။ အမှန်အားဖြင့် ဝုတ် ဝုတ်သည် အသံဆိုသော (ရုပ်)တရားဖြစ်ပါသည်။ မနောမှာ ခွေးဟူသောအမှတ်သညာ (နာမ်)တရားပေါ်ပါသည်။ သို့သော် အသံကို ခွေးဟု တစ်ပေါင်းတည်း စွဲယူလိုက်ကြပါသည်။ အသံ(ရုပ်)နှင့် ခွေးဟူသောအမှတ်သညာ(နာမ်)ကို မပိုင်းခြားနိုင်တော့ပဲ ခွေးဟောင်သံဟု စွဲလမ်းမှု ဥပါဒါန်ဖြင့် တစ်သားတည်း ပြုလိုက်လေသည်။

သတိရှိပါက ဝုတ် ဝုတ်သည် အသံ (ရုပ်) ဖြစ်၍ အကြောင်းအနေဖြင့် ကျေးဇူးပြုခြင်းကြောင့် ခွေးအမှတ်သညာသည် မနောတွင် အကျိုးတရားအဖြစ် သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

## "ရေမွှေးနှင့်သညာ"

'ရေမွှေးနံ့လေးကမွှေးလိုက်တာ'ဟု ပြောတတ်ကြပါသည်။ အမှန်မှာ အနံ့သည် ပြင်ပတွင်ရှိ၍ ရေမွှေးသည် မနော၌ အမှတ်သညာပေါ်ခြင်းဖြစ်ပါ သည်။ သို့သော် ပြင်ပတွင်ရှိသောအနံ့(ရုပ်)ကို ရေမွှေး ဟု

မနောက သညာ(နာမ်)ဖြင့် ပညတ်ပြုလိုက်သည်ကို ပိုင်းခြားမသိမြင်ပဲ အနံ့ (ရုပ်)ကို ရေမွှေးဟူ၍ သညာ (နာမ်)နှင့် တစ်သားတည်း အခိုင်အမာပြုကာ ရေမွှေးနံ့ဟု တစ်ပေါင်းတည်းယူလိုက်ခြင်းသည် ရုပ်နာမ်ကို မပိုင်းခြားနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

သတိရှိပါက အနံ့သည် (ရုပ်)ဖြစ်၍အကြောင်းအဖြစ် ကျေးဇူးပြုခြင်းကြောင့် ရေမွှေးဆိုသော အမှတ်သညာသည် မနောတွင် အကျိုး (နာမ်)တရား အဖြစ် သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

## "ချိုချဉ်နှင့်သညာ"

အစာစားကြည့်ပါက လျှာတွင် ကြက်သား၊ ဝက်သား မပေါ်ပါ။ ချိုချဉ်ဖန်ခါးစသော အရသာပဲ ပေါ်ပါသည်။ အရသာသည် လျှာမှာပေါ်၍ 'ချိုတယ် ချဉ်တယ်'သည် မနောက သညာ(နာမ်)ဖြင့် အမှတ်ပြု ပညတ်ခြင်း(recognizing)ဖြစ်ပါသည်။ သို့သော် အရသာ (ရုပ်)ကို 'ချိုတယ်'ဟူ၍ သညာ(နာမ်)နှင့် တစ်သားတည်း အခိုင်အမာ စွဲယူလိုက်လေသည်။ ထိုအခါ ရုပ်နာမ်ကို တစ်လုံးတစ်ခဲတည်း(ဃန)အဖြစ် ဥပါဒါန်ကစွဲယူလိုက်သောကြောင့် ရုပ်နာမ်မကွဲနိုင်ခြင်း ဖြစ်လေသည်။

သတိရှိပါက အရသာ(ရုပ်)နှင့် ချိုချဉ်ဆိုသော အမှတ်သညာ(နာမ်)ကို ပိုင်းခြားသိမြင်ပြီး အရသာ (ရုပ်)က အကြောင်းအနေဖြင့် ကျေးဇူးပြုခြင်းကြောင့် ချိုချဉ်အမှတ်သညာသည် မနောတွင် အကျိုး (နာမ်) တရားအဖြစ် သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်လာခြင်းကို ဝိပဿနာအခြေခံဉာဏ်ဖြင့် သိမြင်နိုင်ပါသည်။


## "မာပျော့နှင့်သညာ"

လက်နှင့်တွေ့ထိကြည့်ပါက 'မာတယ်ပျော့တယ်၊ ကြမ်းတယ်ချောတယ်'ဟု သိကြပါသည်။ လက်တွင် ထိမှုအခြင်းအရာများပေါ်သော်လည်း 'မာတယ်ပျော့ တယ်၊ ကြမ်းတယ်ချောတယ်'သည် မနောက သညာ ဖြင့် အမှတ်ပြု ပညတ်နေခြင်းဖြစ်ပါသည်။ သို့သော် ပြင်ပတွင်ရှိသော အထိ(ရုပ်)ကို 'မာပျော့ ကြမ်းချော'ဟု မနောက သညာ(နာမ်)ဖြင့် အမှတ်ပြုပညတ်နေသည်ကို ပိုင်းခြားမသိမြင်ပဲ အထိ (ရုပ်)ကို 'ကြမ်းတယ်ချောတယ်'ဟူ၍ အမှတ်သညာ(နာမ်)နှင့် တစ်သားတည်း အခိုင်အမာပြု၍ ဥပါဒါန်ဖြင့် တစ်ပေါင်းတည်း ယူလိုက်ခြင်းကြောင့် ရုပ်နာမ်ကို မပိုင်းခြားနိုင်ခြင်း ဖြစ်ပါသည်။

သတိရှိပါက အထိ(ရုပ်)နှင့်'ကြမ်းတယ်ချော

တယ်’ဟူသော အမှတ်သညာ(နာမ်)ကို ပိုင်းခြားသိမြင်ပြီး အထိ(ရုပ်)က အကြောင်းအနေဖြင့် ကျေးဇူးပြုခြင်းကြောင့် ‘ကြမ်းတယ်ချောတယ်’ ဆိုသောအမှတ်သညာသည် မနောတွင် အကျိုး(နာမ်)တရားအဖြစ် သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်လာခြင်းကို ပိုင်းခြားသိမြင်နိုင်လေသည်။

**“အာရုံ နှင့် ဝိညာဏ်”**




မျက်စိနှင့် အဆင်းတိုက်လျှင် မြင်စိတ်ပေါ်ပါသည်။ မြင်စိတ် (စက္ခုဝိညာဏ်)သည် (အာရုံ)ကိုယူပေးသည့်သဘောဖြစ်သည်။ ဝိညာဏ်ယူပေးသောအာရုံကို ဖဿသည် မနောနှင့်တွေ့ထိပေးပါသည်။

ထိုအခါ မနောတွင် အာရုံ၏ရသဓာတ်ကို ဝေဒနာက ခံစားခြင်း၊ သညာကမှတ်သားခြင်း၊ သင်္ခါရက ကာယကံ ဝစီကံ မနောကံတို့ဖြင့် တုန့်ပြန်ခြင်း ဖြစ်ပါသည်။

ယင်းဖြစ်စဉ်တွင် အဆင်းသည် အလင်းရောင်ပြန် (light reflection) အနေဖြင့် မျက်စိကိုရိုက်ခတ်သောအခါ စက္ခုဝိညာဏ်ပေါ်ပါသည်။ သိပ္ပံသိဖြစ် သော အလင်းရောင်သည် အလင်းလှိုင်းတို့ရှိပြီး ဒြပ်ဝတ္ထုအနေဖြင့် အလင်း၏အမြန်နှုန်းကို တိုင်းနိုင်ပါသည်။ သို့သော် စက္ခုဝိညာဏ်သည် ဒြပ်မဲ့ ဝတ္ထုမဲ့သဘော (အာရုံ)ကိုသာ သိနိုင်ပါသည်။ ဝိညာဏ်သိသည် သိပ္ပံသိဖြစ်သော ဒြပ်ဝတ္ထုဖြစ်သည့် အလင်းလှိုင်း (rays) မဟုတ်တော့ပါ။ အလင်းရောင်စဉ်သည် သိပ္ပံနယ် ဖြစ်၍ အဆင်း(အာရုံ) ရူပါရုံသည် ဝိညာဏ်သိဖြစ်သော ပရမတ်နယ် ဖြစ်ပါသည်။ ထို့အတူ အသံလှိုင်း (vibration)တို့သည်လည်း နားကို ရိုက်ခတ်သော အခါ သောတဝိညာဏ် ဖြစ်ပေါ်ပါသည်။ သောတဝိညာဏ်ဖြင့် သိရသောသဒ္ဒါရုံသည် အသံလှိုင်း (vibration) မဟုတ်တော့ပါ။ သဒ္ဒါရုံဆိုသော (အာရုံသဘော)သာဖြစ်၍ သိပ္ပံနယ်လွန်ဖြစ်ပါသည်။

ဝိညာဏ်သိဖြစ်သည့် အာရုံသဘောသည် သိပ္ပံနယ်ကိုကျော်လွန်သွားပြီဖြစ်သည်။ ထိုအာရုံကိုသာ ဝိပဿနာရှုရခြင်းဖြစ်သည်။ ထိုအာရုံကိုသာ ဉပါဒါန် ဖြင့် စွဲယူနိုင်၏။ သတိဖြင့်သာ ထိုအာရုံကို အရှိအတိုင်း အောက်မေ့ရခြင်းဖြစ်သည်။ သတိ၏အာရုံနှင့် ဉပါဒါန်၏အာရုံတို့သည် ပြင်ပရှိ ပုဂ္ဂိုလ်သတ္တဝါ ဒြပ်ဝတ္ထုတို့ မဟုတ်ကြပါ။ ဝိပဿနာသည် ဉပါဒါန်ဖြစ်မည့် အာရုံကို ဉပါဒါန်မဖြစ်အောင် သတိဖြင့် အရှိကိုအရှိ အတိုင်းသိရန် နှလုံးသွင်း အားထုတ်ရခြင်းဖြစ်ပါသည်။

ဉပမာ မီးခဲတစ်ခုကို ကြည့်မှန်ရှေ့ယူလာပါက မှန်၏ပြဒါးပေါ်တွင် မီးခဲရိပ်ပေါ်ပါသည်။ မှန်ရှေ့ရှိ မီးခဲသည် လောကသိပ္ပံနယ်ဖြစ်၍ အပူချိန်ဒီဂရီကို စင်တီဂရိတ်ဖြင့် တိုင်းတာနိုင်ပါသည်။ မှန်၏ပြဒါးတွင် ပေါ်သော မီးခဲရိပ်သည် သဘောသက်သက်သာဖြစ်၍ အပူချိန်တိုင်းမရပါ။ သိခွင့်ရရုံမျှသာဖြစ်၍ ဝိညာဏ်သိ ဖြစ်သော (အာရုံ)သဘောနှင့်တူလေသည်။

ထို့ကြောင့် ဘုရားရှင်သည် ယင်းတို့ကို ရှုထောင့် သစ်မှ သိမြင်ပြီး ရုပ်နာမ်နှစ်ပါး၊ ခန္ဓာ(၅)ပါးဟု ဟောတော်မူခြင်းဖြစ်သည်။ အများစုသိသော ခေါင်းကိုယ်ခြေ လက်သည် ပုဂ္ဂိုလ်သတ္တဝါ(ရုပ်)ဖြစ်၍ မြင်စိတ်၊

ကြားစိတ်၊ ထိစိတ်တို့ဖြင့်သိသောရုပ်သည် အာရုံ(ရုပ်) ဖြစ်ပါသည်။ အသိပိုင်း နာမ်တရားဌ်လည်း ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူ၍ခွဲခြားညွှန်ပြခဲ့ပါ သည်။ ထိုရုပ်(၁)ပါးနှင့် နာမ်တရား(၄)ပါးပေါင်း ကာ ခန္ဓာ(၅) ပါးဖြစ်ပေါ်ခြင်းဖြစ်သည်။ထို့ ကြောင့် ဘုရားရှင်သည် သတ္တဝါကို အပေါ်ယံ အသွင်သဏ္ဍာန် အတ္တအမြင်မှ နောက်ကွယ်ရှိ ပင်ကိုယ်မူလ အရှိတရားဖြစ်သော ခန္ဓာ(၅)ပါးကို ရှုထောင့်သစ်မှ အနတ္တအမြင်ဖြင့် သိမြင်သွားခြင်း ဖြစ်ပါသည်။

## "ဓမ္မသစ်တစ်ခုမွေးဖွားခြင်း"

ဆရာကြီးဦးရွှေအောင်သည် အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်စာအုပ်တွင် အောက်ပါ အတိုင်း ရေးသားထားပါသည်။ ခန္ဓာငါးပါးကို ယောဂတရားများဖြစ်သော လောဘ၊ ဒိဋ္ဌိ၊ မောဟ တရားများက ယှဉ်ကပ်ပေး သောအခါ ('ငါ' ဟူသောဓမ္မသစ်)တစ်ခု ထွက်ပေါ်လာပါသည်။ ယင်းဓမ္မသစ်ကို ပါဠိဝေါဟာရအားဖြင့် 'အတ္တ'ဟု ခေါ်ပါသည်။ ဗုဒ္ဓဝါဒအရ 'အတ္တ'သည် နောက်တိုး တရားဖြစ်သည်။ အတ္တ 'ငါ'ဖြင့် လောကကို

တည်ဆောက်ထားခြင်းဖြစ်ပါသည်။

ဗုဒ္ဓခေတ်မတိုင်မီက အရာရာတိုင်းကို အတ္တာဖြင့် သာတိုင်းတာခဲ့သည်။ ထိုခေတ် အယူဝါဒအရ အတ္တာ သည် (နောက်တိုးတရား) မဟုတ်ပဲ (မူလတရား) ဖြစ်ပါ သည်။ လောကရှိအရာရာတိုင်း ပျက်စီးသွားသော် လည်း အတ္တာသည် မပျက်မစီးပဲ အမြဲတေအဖြစ် ကျန်ရစ်ပါသည်။ ဗုဒ္ဓခေတ်မတိုင်မီက လောက၏ အမြတ်ဆုံး 'စံ'အဖြစ်သတ်မှတ်ပြီး အမြတ်တနိုး တန်ဖိုး ထားခြင်းခံရသော 'အတ္တာ'သည် ဗုဒ္ဓခေတ်တွင် အယုတ် ဆုံးယောဂအဖြစ်သတ်မှတ်ပြီး ဖျက်သိမ်းရန် အား ထုတ်ကြခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် ဆရာကြီး ဦးရွှေအောင် သည် အတ္တာသဘော'ငါ'ကို မူလတရား မဟုတ်ပဲ နောက်တိုးတရားအဖြစ် ရေးသား ဖော်ပြ ထားပါသည်။

မူလတရားမှာ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးမျှသာ ဖြစ်သော်လည်း ဒိဋ္ဌိဆိုသော ယောဂတရားက ယှဉ် ကပ်ပေးမှုကြောင့် အတ္တာ 'ငါ' ဆိုသော သတ္တဝါသဘော သည် နောက်တိုးတရားအဖြစ် ထွက်ပေါ်လာပါသည်။ သို့သော် အတ္တာ 'ငါ'ကို နောက်တိုးတရားအဖြစ် မသိပဲ မူလတရားအနေဖြင့်ယူကာ 'ငါ' အပေါ်တွင်အခြေခံ၍

'ငါသိတယ်၊ ငါပြောတယ်၊ ငါလုပ်တယ်၊ ငါမြင်တယ်၊ ငါကြားတယ်' စသော 'ငါ' ဆိုသည့်အတ္တဖြင့် လောကကို တည်ထောင်ခြင်း ဖြစ်ပါသည်။

ဥပမာအားဖြင့် လ္ဘက်ခြောက်၊ သကြား၊ နို့ဆီ၊ ရေနွေးတို့ယှဉ်တွဲပေါင်းစပ်ပါမှ လ္ဘက်ရည်သည် ဖြစ် ပေါ်လာပါသည်။ သို့သော် လ္ဘက်ရည်ကို နောက်တိုးတရား အဖြစ်မသိပဲ မူလတရားအဖြစ်ယူကာ လ္ဘက်ရည်က ချိုတယ်၊ လ္ဘက်ရည်ကဖန်တယ်၊ လ္ဘက်ရည်ကပူတယ် စသည်ဖြင့် အတ္တအယူ ဖြစ်ပေါ်သွားပါသည်။ လ္ဘက်ရည်သည် မူလတရား မဟုတ်သောကြောင့် လ္ဘက်ရည်က မချိုနိုင်ပါ၊ သကြားကသာ ချိုခြင်းဖြစ်ပါ သည်။ ထို့အတူ လ္ဘက်ရည်က မဖန်နိုင်ပါ၊ လ္ဘက်ခြောက် ကသာဖန်ခြင်းဖြစ်သည်။ လ္ဘက်ရည်ကမပူနိုင်ပါ၊ ရေနွေးကသာပူခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ခွဲခြမ်း စိတ်ဖြာခြင်းကြောင့် မူလတရားက သိမြင်ခြင်းသည် အနတ္တဉာဏ်ဖြစ်ပါသည်။ (လ္ဘက်ရည်ကို မူလတရားအဖြစ် အခိုင်အမာ အနှစ်သာရပြု၍ စွဲယူထားခြင်းသည် အတ္တအယူဖြစ်ပါသည်။)

ထို့ကြောင့် လ္ဘက်ရည်ကမချိုနိုင်ပါပဲ သကြားကသာ ချိုခြင်းဖြစ်သည်ဟု အမှန်အောက်မေ့နိုင်ခြင်းသည်

သတိဖြစ်ပါသည်။ 'လှိုက်ရည်က ချိုတယ်'ဟု လှိုက်ရည်ကို မူလတရားအဖြစ် စွဲယူထားမှုသည် တစ်သက်လုံး ဥပါဒါန်ဖြင့် စွဲလမ်းမှုရှိနေခြင်းကို သတိမပြုမိနိုင်ချေ။ အလွန်သိမ်သိမ်မွေ့မွေ့ စွဲလမ်းနေသောကြောင့် ယင်း'အတ္တ'သဘောကို မြင်နိုင်ခဲ သိနိုင်ခဲ ဖြစ်နေခြင်းဖြစ်ပါသည်။ ထို့ကြောင့် ယင်းသို့ စွဲလမ်းနေမှု ဥပါဒါန်ကို သတိဖြင့်သာလျှင် ပယ်ရှားနိုင်ပေမည်။

## "မူလတရား ခန္ဓာငါးပါး"

သမုတိနယ်တွင်'လှိုက်ရည်ကမချိုနိုင်ပါ၊ သကြားကချိုတယ်'ဟု သိနိုင်သော်လည်း ပရမတ်နယ်တွင် သကြားမရှိပါ။ အဖြူရောင် အမှုံအခဲတို့သာဖြစ်ပါ သည်။ သကြားဟူသော အမည်ပညတ်ကိုသိခြင်းသည် မိမိ၏ မနောမှာသညာပေါ်ခြင်းဖြစ်သည်။ အဖြူရောင် အမှုံအခဲတို့သည် ရုပ်တရားများဖြစ်၍ သကြားဟူသော အမှတ်သညာပေါ်ခြင်းသည် နာမ်တရား ဖြစ်ပါသည်။ ရုပ်နာမ်နှစ်ပါးတို့သာ မူလအရှိတရားဖြစ်ပါသည်။ သို့သော် မူလတရားကို မသိမြင်နိုင်ပဲ နောက်တိုးတရားဖြစ်ကြသော သကြား၊ လှိုက်ရည်တို့ကိုသာ မူလအရှိတရားအဖြစ် အခိုင်အမာ စွဲလမ်းမှု အတ္တဖြင့် အယူမှားနေကြခြင်း ဖြစ်ပါသည်။

## "ရုပ်ဓာတ်"

သကြားဟူသောအဖြူရောင် အမှုံအခဲတို့တွင် အရောင်သည် အခံဓာတ် ပထဝီမရှိပဲနှင့် မတည်နိုင်ပါ။ ဥပမာ ပန်းချီကားတွင် အရောင်တင်ရန် ပိတ်စရှိရပေမည်။ ဆေးသုတ်ရန် နံရံရှိရမည်။ ဤသို့ဖြင့် အရောင်သည် တည်ရာပထဝီဓာတ်ရှိမှသာ မြင်တွေ့နိုင်ပါ သည်။ ထို့အတူ အာပေါဓာတ်သည်လည်း ပထဝီရှိမှ သာ ဖွဲ့စည်းနိုင်၏။ ပထဝီမရှိပါက ဘယ်အရာကို သွား၍ဖွဲ့စည်းမည်နည်း။ တေဇောဓာတ်သည် ပထဝီရှိမှသာပူနိုင်၏။ ပထဝီမရှိပါက ဘယ်အရာကို သွား၍ ပူမည်နည်း။ ဝါယောဓာတ်သည် ပထဝီရှိမှသာ တွန်းတိုးလှုပ်ရှားနိုင်၏။ ပထဝီမရှိပါက ဘယ်အရာကို သွား၍ လှုပ်မည်နည်း။

ဤသို့ ပထဝီအပေါ်တွင် မူတည်၍မဟာဘုတ်ဓာတ်ကြီးလေးပါသည် ဖြစ်တည်ရသည်။ ဓာတ်ကြီးလေးပါးကိုမှီ၍ ဝဏ္ဏဓာတ်-အရောင်၊ ဂန္ဓဓာတ်-အနံ့၊ ရသဓာတ်-အရသာ၊ ဩဇာဓာတ်-အဆီ အာဟာရ သည် ဖြစ်တည်ရပါသည်။ ယင်းဓာတ်ရှစ်ပါး အစု အပေါင်းကို ရုပ်ဓာတ်ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ထို့ကြောင့် ရုပ်သည် ခေါင်းကိုယ်ခြေလက်စသော ပုဂ္ဂိုလ်သတ္တဝါ ဒြပ်ဝတ္ထုတို့

မဟုတ်ကြပါ။ ခေတ်ရှစ်ပါး အပေါင်းကိုသာ ခေါ်ဆိုခြင်းဖြစ်ပါသည်။

## "ခွဲခြမ်းစိတ်ဖျာခြင်းနှင့်အနတ္တ"

ဝိပဿနာ၏အခြေခံသဘောမှာ ခွဲခြမ်းစိတ်ဖြာခြင်းဆိုသော အနတ္တသဘောဖြစ်ပါသည်။ ရုပ်တုံးရုပ်ခဲ (ရုပ်ဃန) နာမ်တုံးနာမ်ခဲ (နာမ်ဃန)တို့ကို သဘာဝအရှိတရားဖြစ်သော ပရမတ်သဘောသို့ရောက်အောင် ဉာဏ်ဖြင့် ဖြိုခွဲရခြင်းဖြစ်သည်။ ဥပမာ စားပွဲ၊ ထိုင်ခုံတို့ကို မူလအရှိတရားအနေဖြင့် ယူလိုက်ပါက အတ္တအယူဖြစ်ပါသည်။ စားပွဲ ထိုင်ခုံတို့သည် မူလအရှိတရားမဟုတ်ပါ။သမုတိနယ်တွင် ကျွန်းသစ်သည် အရှိတရားဖြစ်၍ မှန်ကန်သော်လည်း ပရမတ်နယ်တွင် ကျွန်းသစ်မရှိပါ။ ကျွန်းသစ်သည် အမည်ပညတ်ဖြစ်သောကြောင့် မနောမှာ အမှတ်သညာပေါ်ခြင်းသာ ဖြစ်ပါသည်။

သစ်သားသည် မာခြင်းလက္ခဏာရှိသော ပထဝီ (ရုပ်)ဖြစ်သည်။ ထို့ကြောင့် သစ်သားဆိုသောပထဝီ (ရုပ်)က ကျေးဇူးပြုခြင်းကြောင့် မနောမှာ ကျွန်းသစ်ဆိုသော အမှတ်သညာ(နာမ်)ပေါ်ခြင်း ဖြစ်ပါသည်။ သို့သော် သစ်သားဆိုသောပထဝီ (ရုပ်)နှင့် ကျွန်းဆိုသော အမှတ်သညာ (နာမ်)ကို တစ်သားတည်းပြု၍

ကျွန်းသစ်ဟု ဒြပ်ဝတ္ထုအနေဖြင့် အခိုင်အမာ သိခြင်းသည် အတ္တစွဲ (ဥပါဒါန်)ကြောင့် ဖြစ်ပါသည်။ ထိုအခါ အရှိပရမတ် ရုပ်နာမ်မကွဲတော့ပဲ ကျွန်းသစ်ဆိုသော ဒြပ်ဝတ္ထုကို မူလအရှိတရားအဖြစ် အယူမှားခြင်း ဖြစ်ပါသည်။ (သတိ)ရှိပါက သစ်သားပထဝီ (ရုပ်)နှင့် ကျွန်းဟူသောအမှတ်သညာ (နာမ်)ကို ပိုင်းခြား၍ သိမြင်နိုင်ပါသည်။ ထိုအခါ သစ်သား၊ စားပွဲ၊ ထိုင်ခုံဟု ပြောဆိုရုံမျှသာဖြစ်၍ မူလအရှိတရားအဖြစ် မစွဲယူသောကြောင့် အထင်မှား အယူမှား အတ္တစွဲကို အနတ္တဉာဏ်ဖြင့် ပယ်ရှားနိုင်ပေမည်။

## "လောကနှင့်လောကထွက်ရာ"

မျက်စိသည် အဆင်းအရောင် (colour)ကို မူလအတိုင်းသာသိမြင်ပါသည်။ မနောက ပုံသဏ္ဌာန်နှင့် အမည် (form, shape, name)တို့ဖြင့် အပိုဆောင်းကာ နောက်တိုးတရားအဖြစ် (လောကသိ) သညာသည် ဖြစ်ပေါ်လာပါသည်။ မျက်စိ၌ ထိုကဲ့သို့ လောကသညာမရှိပါ။ အဆင်းသညာသာရှိပါသည်။ မနော၌သာ

လောကသညာများ ဖြစ်ပေါ်ရပါသည်။

ထိုလောကသညာသည် မူလတရားမဟုတ်ပါ၊ နောက်တိုးတရားသာဖြစ်ပါသည်။ မနောက ဥပါဒါန်သည် နောက်တိုးတရားကို မူလတရားအဖြစ် စွဲယူလိုက်သောကြောင့် အတ္တလောကဖြစ်ရလေသည်။

ထို့ကြောင့် မနောသည် လောကသဘောဖြစ်၍ မျက်စိသည် လောကထွက်ရာဖြစ်ပါသည်။ မျက်စိမြင်သည့်အတိုင်း အဆင်းအရောင်ကိုသာ သတိဖြင့် နှလုံးသွင်းမှန်ပါက လောကမှ ထွက်မြောက်နိုင်ပါသည်။

အဆင်းအရောင်သည် (ရုပ်)၊ သိမှုသည် (နာမ်) ဖြစ်၍ မျက်စိမှာ နာမ်ရုပ်သာဖြစ်ပေါ်ပါသည်။ မြင်သည့် နာမ်ရုပ်ကို မနောက သတိဖြင့် မှန်စွာအောက်မေ့နိုင်ပါက လောကထွက်ရာ(exit)ကို သိမြင်နိုင်ပေမည်။

**ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ခန္ဓသံယုတ်**
**ထေရဝဂ် "အာနန္ဒသုတ်"**

အသျှင်အာနန္ဒာသည် ဤစကားကိုမိန့်ဆို၏။ ငါသျှင်တို့ မန္တာဏိပုဏ္ဏေးမ၏သား ပုဏ္ဏမည်သော အသျှင်သည် သီတင်းငယ်ဖြစ်ကြသော ငါတို့အား ကျေးဇူးများလှ၏။ ထိုအသျှင်သည် ငါတို့ကို ဤအဆုံးအမဖြင့် ဆုံးမ၏။ ငါ့သျှင်အာနန္ဒာ အစွဲပြု၍သာလျှင်

ငါဖြစ်၏။ အဘယ်ကိုအစွဲပြု၍သာလျှင် 'ငါ' ဖြစ်သနည်း။ အဘယ်ကို အစွဲမပြု၍မူကား မဖြစ်သနည်း။

- ရုပ်ကို အစွဲပြု၍'ငါ' ဖြစ်၏။ အစွဲမပြုမူ၍မဖြစ်။
- ဝေဒနာကို အစွဲပြု၍'ငါ' ဖြစ်၏။ အစွဲမပြုမူ၍မဖြစ်။
- သညာကို အစွဲပြု၍'ငါ' ဖြစ်၏။ အစွဲမပြုမူ၍မဖြစ်။
- သင်္ခါရကို အစွဲပြု၍'ငါ' ဖြစ်၏။ အစွဲမပြုမူ၍မဖြစ်။
- ဝိညာဏ်ကို အစွဲပြု၍'ငါ' ဖြစ်၏။အစွဲမပြုမူ၍မဖြစ်။

ငါ့သျှင်အာနန္ဒာ ဥပမာသော်ကား ငယ်ရွယ်နုပျိုသော မိန်းမသော်၎င်း၊ ယောက်ျားသော်၎င်း စင်ကြယ်တောက်ပသောမှန်၌ဖြစ်စေ၊ ကြည်လင်သောရေခွက်၌ဖြစ်စေ မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် မှန်ရေခွက်ကို အစွဲပြု၍သာမြင်ရာ၏။ အစွဲမပြုမူ၍ကား မမြင်ရာ။

ငါ့သျှင်အာနန္ဒာ ဤအတူပင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ကို အစွဲပြု၍သာ 'ငါ' ဖြစ်၏။ အစွဲမပြုမူ၍ကားမဖြစ်။

ငါ့သျှင်အာနန္ဒာ ထိုအရာကို အဘယ်သို့ထင်မှတ်သနည်း။ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါငါ့သျှင်။ မမြဲသောရုပ်သည် ချမ်းသာသလော၊ ဆင်းရဲသလော။ ဆင်းရဲပါငါ့သျှင်။ မမြဲ ဆင်းရဲ

ဖောက်ပြန်ခြင်းသဘောရှိသောရုပ်ကို ငါ၏အတ္တဟု ရှုခြင်းငှာ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ ငါ့သျှင်။

ဤသို့ရှုသောသူသည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၌ ငြီးငွေ့၏။ ငြီးငွေ့သော် စွဲမက်မှု ကင်း၏။ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သော် "လွတ်မြောက်ပြီ"ဟု အသိဉာဏ်ဖြစ်၏။ ထိုသို့ဖြစ် သောကြောင့် ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်မဂ်ကိစ္စကိုပြုပြီးပြီ၊ ဤမဂ်ကိစ္စ အလို့ငှာ တစ်ပါးသောပြုဖွယ် မရှိတော့ပြီဟု ဆုံးမ၏။ ထိုအသျှင်၏တရားဒေသနာကို ကြားနာရ၍ ငါသည် တရားကိုသိရ၏ဟု မိန့်ဆို၏။ (အာနန္ဒသုတ်ပြီး၏။)

## သတိ နှင့် နယ် (၃)နယ်

## "သမုတိနယ်နှင့်သတိ"

လမ်းကူးပါက အာရုံကိုအောက်မေ့တတ်သော သတိ၊ ချော်မလဲအောင် အာရုံကို အောက်မေ့တတ် သောသတိ၊ ရေနွေးငှဲ့ပါက မဖိတ်စင်အောင် အောက် မေ့တတ်သောသတိ၊ အစာစားပါက အစာမမှား အောင် အောက်မေ့တတ်သောသတိ၊ မိမိကိုယ်ကို

စောင့်ရှောက်သောသတိစသည်တို့သည် သမုတိနယ်မှ သတိများဖြစ်ကြပါသည်။ ယင်းသတိကို 'ငါ' ဖြင့်တွဲကာ 'ငါသတိထားတယ်၊ ငါ့ကိုယ်ကို ငါပဲစောင့်ရှောက်ရတယ်'ဟု သတိကို 'ငါ'အနေဖြင့် သိနေခြင်းဖြစ်ပါသည်။

## "ပရမတ်နယ်နှင့်သတိ"

ပရမတ်နယ်တွင် ရုပ်နာမ်တရားတို့ကို အောက်မေ့တတ်သောသဘောသည် သတိဖြစ်ပါသည်။ ပုဂ္ဂိုလ် သတ္တဝါအနေဖြင့် သိသောသဘောသည် ဥပါဒါန်ဖြစ်ပါသည်။ သတ္တဝါသဘောလွတ်အောင် ရုပ်နာမ် ပရမတ်ကို အောက်မေ့နိုင်သောသတိသည်သာ သတိပဋ္ဌာန်မည်ပါသည်။

သတိပဋ္ဌာန်တရား (၄)ပါးရှိပါသည်။

၁။ ကာယာနုပဿနာ - ရုပ်ကိုအောက်မေ့သော သတိသည် သတိပဋ္ဌာန်

၂။ ဝေဒနာနုပဿနာ - ဝေဒနာကိုအောက်မေ့နိုင်သောသတိသည် သတိပဋ္ဌာန်

၃။ စိတ္တာနုပဿနာ - စိတ်ကိုအောက်မေ့နိုင်သောသတိသည် သတိပဋ္ဌာန်

၄။ ဓမ္မာနုပဿနာ - သညာသင်္ခါရတို့ကို အောက်မေ့နိုင်သောသတိသည် သတိပဋ္ဌာန်

ထို့ကြောင့် ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးတို့ကို အောက်မေ့နိုင်သောသတိသည် သတိပဋ္ဌာန်မည်ပါသည်။ ယင်းသည် ပရမတ်နယ်မှ သတိဖြစ်ပါသည်။

## "သစ္စာနယ်နှင့်သတိ"

သစ္စာနယ်တွင် သစ္စာ(၄)ပါးတရားကို အောက်မေ့နိုင်သောသတိသည် သတိပဋ္ဌာန်မည်ပါသည်။

၁။ ဒုက္ခသစ္စာဖြစ်သော ရုပ်၊ စိတ်၊ စေတသိက်တရားတို့ကို ပိုင်းခြားအောက်မေ့နိုင်သောသတိသည် သတိပဋ္ဌာန်မည်၏။

၂။ သမုဒယသစ္စာဖြစ်သော တဏှာ၊ ဥပါဒါန်ကို အောက်မေ့နိုင်သောသတိသည် သတိပဋ္ဌာန်မည်၏။

၃။ နိရောဓသစ္စာဖြစ်သောကံချုပ်ရာနိဗ္ဗာန်ကို အောက်မေ့နိုင်သောသတိသည် သတိပဋ္ဌာန်မည်၏။

၄။ မဂ္ဂသစ္စာဖြစ်သော မဂ္ဂင်(၈)ပါးကို အောက်မေ့နိုင်သောသတိသည် သတိပဋ္ဌာန်မည်၏။

## "သတိအဆင့်ဆင့်မြင့်တက်ခြင်း"

သမုတိနယ်ကသတိသည် အများသိဖြစ်၍ တရားအားထုတ်ပါက ပရမတ်နယ်ကသတိဖြစ်အောင် ဝီရိယစိုက်ပြီး မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ရုပ်နာမ်၊ အကြောင်းအကျိုးတို့ကို သတိဖြင့် နှလုံးသွင်း မှန်အောင်

အားထုတ်ရပါသည်။

ပရမတ်နယ်တွင် သတိကျက်စားမှု ရင့်သန်လာသောအခါ ရုပ်နာမ်တို့သည် အကြောင်းတိုက်ဆိုင်ခိုက်သာ ဖြစ်ပေါ်ကြ၍ အကြောင်းကင်းပါက ချုပ်ပျောက်နေသည်ကို သတိဖြင့်သိမြင်လာပါသည်။ ထိုအခါ ရုပ်နာမ်တို့၏ မမြဲမှု အနိစ္စလက္ခဏာနှင့် အခိုင်အမာအနှစ်သာရမရှိမှု အနတ္တလက္ခဏာတို့ကိုလည်း သတိသည် အရှိအတိုင်း အောင်မေ့နိုင်လေသည်။

ထိုကဲ့သို့ ပရမတ်နယ်ကသတိသည် ရင့်ကျက်ပြည့်စုံလာပါက သစ္စာနယ်အထိ ကျက်စားနိုင်ပါ သည်။ လောကီသစ္စာ(၄)ပါးကို အောက်မေ့နိုင်သောသတိအဆင့်ထိ တက်လှမ်းလာပါသည်။ ထို့နောက် သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာတို့ပြည့်စုံရင့်ကျက်လာသောအခါ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အောက်မေ့နိုင်သောသတိသည် ဖြစ်ပေါ်လာပါသည်။ ယင်းသို့ သတိကိုအဆင့်ဆင့်မြင့်တက်အောင် (upgrade) လုပ်ခြင်းသည် ဝိပဿနာတရား သတိပဋ္ဌာန်ပွားများအားထုတ်ခြင်းပင်ဖြစ်ပါသည်။

## "သတိပဋ္ဌာန်ဆိုသည်မှာ"

## (ဖားအောက်တောရဆရာတော်ကြီး)

၁။ သတိ၏ကျက်စားရာ အာရုံသည်လည်း သတိပဋ္ဌာန်မည်၏။

၂။ သတိသည်လည်း သတိပဋ္ဌာန်မည်၏။

(ဒီ၊ ဋ္ဌ၊ ၂၊ ၃၄၃။)

ကာယ-ဝေဒနာ-စိတ္တ-ဓမ္မဟူသော အာရုံကို အမှတ်ရခြင်းဟူသော အနက်သဘောကြောင့် သတိ မည်၏။ ယင်း ကာယ-ဝေဒနာ-စိတ္တ-ဓမ္မဟူသော အာရုံ၌ ကပ်၍တည်ခြင်းဟူသောအနက်ကြောင့် ပဋ္ဌာနမည်၏။ ထို့ကြောင့် ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ အာရုံကို အမှတ်ရတတ်သော ယင်းအာရုံ၌ ကပ်၍ တည်တတ်သော သတိသည်ပင် သတိပဋ္ဌာန်မည်၏။

၁။ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့ကို အောက်မေ့တတ် သိမ်းဆည်းတတ်သော ထိုကာယ-ဝေဒနာ-စိတ္တ-ဓမ္မ အာရုံ၌ကပ်၍တည်တတ်သော သတိသည် သတိပဋ္ဌာန်မည်၏။

၂။ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့၏ အကြောင်းတရားတို့ကို အောက်မေ့တတ် သိမ်းဆည်းတတ်သော ယင်းအကြောင်းတရားအာရုံ၌ကပ်၍တည်တတ်သော သတိသည် သတိပဋ္ဌာန်မည်၏။

၃။ အကြောင်းတရားနှင့် တကွသော ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ အခြင်းအရာကို အောက်မေ့တတ် သိမ်းဆည်းတတ်သော ယင်းအခြင်းအရာအသီးသီး၌ ကပ်၍တည်တတ်သောသတိသည် သတိပဋ္ဌာန်မည်၏။

အရိယမဂ်၏ရှေ့အဖို့၌ ဖြည့်ကျင့်အပ်သော လောကီသတိပဋ္ဌာန်တည်း။

၄။ အရိယမဂ်ခဏ၌ အသင်္ခတဓာတ် နိဗ္ဗာန သစ္စာတရားတော်မြတ်ကြီးကိုအောက်မေ့တတ် သိမ်းဆည်းတတ်သော ယင်းနိဗ္ဗာနသစ္စာအာရုံ၌ကပ်၍တည်သော အရိယမဂ်နှင့်ယှဉ်သောသတိသည် သမ္မာသတိမည်၏၊ သတိပဋ္ဌာန်မည်၏၊ လောကုတ္တရာ သတိပဋ္ဌာန်တည်း။

ယင်းသမ္မာသတိနှင့်ယှဉ်သော အရိယမဂ်တရားကား ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့ကို မသိအောင် ဖုံးလွှမ်းထားသည့် မောဟကိုင်၄င်း၊ ဆိုင်ရာအကြောင်းတရားတို့ကို မသိအောင်ဖုံးလွှမ်းထားသည့် မောဟကို၄င်း၊ အကြောင်းတရားတို့နှင့်တကွသော ယင်းကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ

အခြင်းအရာကို မသိအောင်ဖုံးလွှမ်းထားသည့် မောဟကိုငှင်း အကြွင်းမဲ့ ပယ်ရှားလိုက်၏။ မသိမှု အဝိဇ္ဇာပျောက်၍ သိမှုဝိဇ္ဇာဉာဏ်ပေါ်၏။ ယင်းဝိဇ္ဇာ အရိယမဂ်ဉာဏ်နှင့်ယှဉ်သောသတိသည် နိဗ္ဗာန်ကို အောက်မေ့တတ်၍နိဗ္ဗာန်အာရုံ၌ကပ်၍ တည်တတ်သောကြောင့်သတိပဋ္ဌာန်မည်ပေသည်။ လောကုတ္တရာ သတိပဋ္ဌာန်တည်း။

## "ဧကာယန= တစ်ကြောင်းတည်းသောလမ်း"

ဧကာယနော အယံဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကရိယာယ ယဒိဒံ စတ္တာရော သတိ ပဋ္ဌာနာ။ (မ၊၁၊၇၀။)

## "သတိပဋ္ဌာန်အကျိုး (၇)မျိုး"

ရဟန်းတို့ . . . ဤခရီးလမ်းသည်

၁။ သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ ၂။ စိုးရိမ်ခြင်း၊

၃။ ငိုကြွေးခြင်းတို့ကိုလွန်မြောက်ရန်၊

၄။ ကိုယ်ဆင်းရဲခြင်း၊ ၅။ စိတ်ဆင်းရဲခြင်းတို့ချုပ်ငြိမ်းရန်၊

၆။ အရိယမဂ်ကိုရရန်၊ ၇။ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန်၊
တစ်ကြောင်းတည်းသော လမ်းခရီးဖြစ်၏။
ယင်းခရီးကား . . .
ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း။

## "သမ္မာဝါယာမ"

ဝီရိယကို သမ္မာဝါယာမ မဂ္ဂင်ဟုခေါ်၏။ ရုပ်နာမ်ဖြစ်ပျက်ကို မြင်အောင်ရှုရာ၌ ဝီရိယမဂ္ဂင်သည် လွန်စွာအရေးကြီး၏။ နီဝရဏတည်းဟူသော ကိလေသာတို့ ကြားထိုးမှုကို ပိတ်ပင်တားဆီးရာတွင် ဝီရိယဖြင့်သာပယ်ရခြင်းဖြစ်သည်။ ယင်းကို အာတာပီဟုခေါ်၏။ ဖြစ်ပျက်ကို ဆန္ဒစောပြီးမြင်ချင်မှု ကာမဆန္ဒနီဝရဏ၊ မမြင်နိုင်ပါက စိတ်ခါတ်ကျမှု ဗျာပါဒနီဝရဏ၊ တရားမှတ်ရင်းငိုက်မျဉ်းလာမှု ထိနမိဒ္ဓနီဝရဏ၊ စိတ်မတည်ငြိမ်ပဲ ပျံ့လွင့်နေမှု ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ၊ ဖြစ်ပျက်ကို မြင်မှမြင်နိုင်ပါမည်လားဟု သံသယဝင်မှု ဝိစိကိစ္ဆာနီဝရဏတို့သည် ကြားထိုး ဝင်ရောက်လာကြပါသည်။ ထိုနီဝရဏတို့ကို သတိဝီရိယအစွမ်းဖြင့်သာ ပယ်ရှားရှင်းထွက်နိုင်ပါသည်။

## "သမ္မာသတိ"

ဒွါရခြောက်ပါးတို့၌ ထင်လာသော ရုပ်နာမ် အာရုံများကို ပစ္စုပ္ပန်တည့်တည့် ရှုမှတ်ရ၏။ သမ္မာ သတိသည် မည်သည့်ဝိပဿနာအာရုံမဆို အရှုခံ အနေဖြင့် ယူပေးရ၍ ကျန်မဂ္ဂင်တရားများသည် သတိ မဂ္ဂင်ကို မှီရသည်ချည်း ဖြစ်၏။ သတိသည် အကုသိုလ် သဘောများ မပါအောင် စောင့်ရှောက်ပေးသည်။

အကုသိုလ် ဒုစရိုက်ကင်းခြင်းသည် သီလ သဘောဖြစ်သည်။ သတိမဂ္ဂင်အားကောင်းသည်နှင့် အမျှ သီလမဂ္ဂင်သည်လည်း စင်ကြယ်လာလေသည်။ ထို့ကြောင့် လူပုဂ္ဂိုလ်များသည် သီလသိက္ခာပုဒ်တို့ကို အထူးဆောက်တည်ရခြင်းမရှိပဲ သမ္မာသတိမဂ္ဂင် ကြောင့် သီလစင်ကြယ်သွားပြီး သစ္စာလေးပါးကို ထိုးထွင်း သိမြင်ကာ အရိယာအဖြစ်သို့ ရောက်သွားခြင်း ဖြစ်ပါသည်။

## "အတ္တဒိဋ္ဌိ"

ဒိဋ္ဌိဆိုသည်မှာ အာရုံကို မြဲသောသဘော (နိစ္စ)၊ အခိုင်အမာ အနှစ်သာရရှိသောသဘော (အတ္တ) အနေဖြင့် အယူမှား အထင်မှားနေခြင်းဖြစ်သည်။ အများအားဖြင့် နားလည်နေကြသောဒိဋ္ဌိသည် 'ငါ'ဟု ယူခြင်းဖြစ်ပါသည်။ ဒိဋ္ဌိဖြုတ်ခြင်းကိုလည်း 'ငါ'ပယ်ခြင်း

ဟု သဘောပေါက်ကြပါသည်။ 'ငါ'ဆိုသည်မှာ မြဲသော သဘော (နိစ္စ)နှင့် အခိုင်အမာ အနှစ်သာရရှိသော သဘော (အတ္တ)ကို ကိုယ်စားပြု သုံးစွဲခြင်းသာ ဖြစ်ပါသည်။ ဒီနေ့လည်း'ငါ'၊ မနေ့ကလည်း 'ငါ'၊ မြင်လည်း 'ငါ'၊ ကြားလည်း'ငါ'ဟူသောသဘောမှာ ခိုင်မြဲနေမှု၊ အနှစ်သာရရှိနေမှုကို ကိုယ်စားပြု၍ ပညတ်တင်သုံးစွဲခြင်းဖြစ်ပါသည်။ တကယ့်အရှိတရားမဟုတ်ပါ။

## "အာရုံ(၆)မျိုး"

မြင်စိတ်(စက္ခုဝိညာဏ်)ဖြင့်သိရသောအာရုံသည် ရူပါရုံ (အဆင်း)၊ ကြားစိတ်(သောတဝိညာဏ်)ဖြင့်သိရသောအာရုံသည် သဒ္ဒါရုံ(အသံ)၊ နံစိတ်(ဃာနဝိညာဏ်)ဖြင့် သိရသောအာရုံသည် ဂန္ဓာရုံ(အနံ့)၊ စားစိတ်(ဇိဝှာဝိညာဏ်)ဖြင့် သိရသောအာရုံသည် ရသာရုံ(အရသာ)၊ ထိစိတ်(ကာယဝိညာဏ်)ဖြင့် သိရသောအာရုံသည် ဖောဋ္ဌဗ္ဗာရုံ(အထိ)၊ တွေးစိတ်(မနောဝိညာဏ်)ဖြင့် သိရသောအာရုံသည် ဓမ္မာရုံ(အတွေး)တို့ဖြစ်ကြပါသည်။

ထိုအာရုံတို့ကို မြဲသောသဘော (နိစ္စ)၊ အခိုင်အမာ အနှစ်သာရရှိသော သဘော (အတ္တ) အနေဖြင့်

အယူမှား အထင်မှားနေခြင်းဖြစ်သည်။ အာရုံတို့သည် မှန်မှာပုံရိပ်ပေါ်သကဲ့သို့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောတို့ဖြင့် အကြောင်းတိုက်ဆိုင်ခိုက်သာ (စိတ်၏ အာရုံ)အဖြစ်ထင်ပေါ်လာပြီး အကြောင်းကင်းသည် နှင့် ချုပ်ပျောက်ကြပါသည်။ အာရုံတို့သည် အမြဲမရှိ(အနိစ္စ)၊ အခိုင်အမာ အနှစ်သာရမရှိ (အနတ္တ)တို့သာ ဖြစ်ကြပါသည်။

သို့သော် ဝိညာဏ်သိဖြစ်သော (အာရုံ)သဘော နှင့် သိပ္ပံပညာသိဖြစ်သော (ဒြပ်ဝတ္ထု)သဘောကို မခွဲ ခြားနိုင်သောကြောင့် ဝိပဿနာရှုရာတွင် အတွင်း သဘော(အာရုံ)ကို မသိမြင်နိုင်ပဲ အပြင်သဘော(ဝတ္ထု) ကိုသာ နှလုံးသွင်းနေ၍ လောကမှထွက်မြောက်ရာသို့ မရောက်နိုင်ခြင်းဖြစ်ပါသည်။

## "သညာနှင့်စိတ်ဝိညာဏ်"

အလုံးစုံသောသတ္တဝါတို့အား အတ္တဟူ၍ မှတ်ထင်စွဲမြဲအပ်သောတရားတို့တွင် သညာသည် အထွတ်အထိပ်ဆုံး ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်သည် သညာကို ခန္ဓာတစ်ခုဖွဲ့ပြီးလျှင် ဟောကြားတော်မူ၏။ ထို့ပြင် နိစ္စဟူ၍ မှတ်ထင်စွဲမြဲအပ်သောတရားတို့တွင် စိတ်သည် အထွတ်အထိပ်ဆုံး ဖြစ်၏။ ထိုစကားသည်

မှန်၏။ သုခ၊ ဒုက္ခတို့သည် အမြဲမရှိ၊ သညာ၊ သတိ၊ ဝီရိယ၊ ပညာတို့သည်လည်း မမြဲကြကုန်။ စေတသိက်တရားတို့၏ အမြဲမရှိသောသဘောကို ထင်ရှားစွာ သိနိုင်ကြပါသည်။ စိတ်၏အမြဲမရှိပုံကား ထင်ရှားစွာ မသိနိုင်ကြပါ။ စိတ်ကို အမြဲတည်နေသော နိစ္စတရား အဖြစ် အသက်၏တရားကိုယ်ဟူ၍လည်း ထင်မှတ်ကြပါသည်။ ထို့ကြောင့် စိတ်ကို ခန္ဓာတစ်ခုဖွဲ့ပြီးလျှင် ဝိညာဏက္ခန္ဓာအဖြစ် ဟောကြားတော်မူလေသည်။ (ယမိုက်အဖြေကျမ်း - လယ်တီဆရာတော်ဘုရားကြီး)

## "ဒိဋ္ဌိ နှင့် စိတ်ဝိညာဏ်"

စိတ်ကို အမြဲရှိသော နိစ္စတရားဟူ၍မှတ်ထင်စွဲယူပြီး အရာရာကို အမြဲရှိသောစိတ်ဖြင့် လိုက်၍သိနေသည်ဟု အယူမှားကြပါသည်။ ထိုစိတ်ကို ဝိညာဏ်ကောင် လိပ်ပြာကောင် အသက်ကောင် အနေဖြင့် မပျက်မစီးပဲ အမြဲတည်တံ့ ခိုင်မြဲနေသော အနှစ်သာရသဘောမျိုး စွဲယူထားခြင်းဖြစ်ပါသည်။ ရုပ်ခန္ဓာသေဆုံးသွားသော်လည်း အသက်ကောင် ဝိညာဏ်ကောင်သည် မပျက်မစီးပဲ နောက်ခန္ဓာအသစ်သို့ ကူးပြောင်းသွားသည်ဟု ယူဆကြပါသည်။ ယင်းသည် စိတ်ကို မြဲသောသဘော (နိစ္စ)အနေဖြင့်၎င်း၊

အခိုင်အမာ အနှစ်သာရရှိသောသဘော (အတ္တ)အနေ ဖြင့်၄င်း၊ ငါအနေဖြင့်၄င်း အယူမှားနေခြင်းဖြစ်ပါသည်။ စိတ်၏သဘာဝသည် အာရုံနှင့်ဒွါရတို့ အကြောင်း တိုက်ဆိုင်ခိုက်သာ ဖြစ်ပေါ်၍ အကြောင်းကင်းပါက ချုပ်ပျောက်ကြလေသည်။ ထို့ကြောင့် ထိမှုအကြောင်း ရှိမှသာ သိမှုအကျိုးဖြစ်ပေါ်လေသည်။ ထိမှုအကြောင်း ချုပ်ပါက သိမှုအကျိုးလည်းချုပ်ပါသည်။ အမြဲမရှိပါ။

## "အရိုးယောက်ျား ဒိဋ္ဌိယောက်ျား၊ အရိုးမိန်းမ ဒိဋ္ဌိမိန်းမ"

အရိုးယောက်ျား အရိုးမိန်းမတို့သည် အပြင် သမုတိနယ်မှာရှိကြပါသည်။ အရိုးတို့ဖြင့် ခိုင်မာလှပ နေခြင်းဖြစ်သည်။ ဒိဋ္ဌိယောက်ျား ဒိဋ္ဌိမိန်းမတို့သည် အတွင်းမနောမှာရုံတွင် (အာရုံသဘော) ယောက်ျားမိန်းမ တို့သာဖြစ်ပြီး ဒိဋ္ဌိဖြင့် အခိုင်အမာစွဲယူထားခြင်းကြောင့် မိမိအာရုံတွင် သတ္တဝါအဖြစ် ခိုင်မြဲနေခြင်းဖြစ်ပါသည်။

ဥပမာ ရွှေတိဂုံ စေတီတော်ကြီးသည် ရန်ကုန်မြို့ တွင်ရှိပါသည်။ မျက်စိမှိတ်၍ဆင်ခြင်လိုက်ပါက ရွှေတိ ဂုံစေတီတော်ကြီးသည် မနောမှာရုံတွင် အာရုံအနေဖြင့် ပေါ်ပါသည်။ ရန်ကုန်ရွှေတိဂုံနှင့် အာရုံရွှေတိဂုံသည် အတူမဟုတ်ပါ၊ တစ်ခုစီသာဖြစ်ပါသည်။ ရန်ကုန်

ရွှေတိဂုံသည် (အရှိ)ဖြစ်၍ အာရုံရွှေတိဂုံသည် (အသိ) ဖြစ်ပါသည်။

အရှိရန်ကုန် ရွှေတိဂုံစေတီတော်ကြီး၏ ခတ်ကြီးလေးပါးတို့သည်လည်း ဖြစ်တည်ပျက် အစဉ်ဖြင့် သွားသဘောသူဆောင်ကာအနတ္တဖြစ်ပါသည်။ အာရုံရွှေတိဂုံသည်လည်း ဆင်ခြင်ခိုက်သာ ဖြစ်ပေါ်၍ မဆင်ခြင်သည်နှင့် ချုပ်ပျောက်ကြပါသည်။ အမြဲမရှိ (အနိစ္စ)၊ အခိုင်အမာ အနှစ်သာရမရှိ (အနတ္တ)တို့သာ ဖြစ်ကြပါသည်။ မှန်မှာပုံရိပ်ပေါ်သကဲ့သို့သာဖြစ်ပါသည်။

ထို့အတူ 'သားသမီးဘယ်နှစ်ယောက်ရှိသလဲ' ဟုမေးပါက 'နှစ်ယောက်ရှိတယ်၊ သုံးယောက်ရှိတယ်' ဟုဖြေကြပါသည်။ အရှိုးသားသမီးနှင့် ဒိဋ္ဌိသားသမီး မကွဲကြပါ။ မေး၍ဖြေခြင်းသည် ဓမ္မာရုံတွင် ဆင်ခြင်၍ ဖြေခြင်းဖြစ်သော်လည်း အာရုံ (သားသမီး)ကို အာရုံမှန်း မသိပဲ သတ္တဝါပြု၍ ဒိဋ္ဌိသားသမီးများအဖြစ် အယူမှား အထင်မှားကာ ပြောဆိုကြခြင်း ဖြစ်လေသည်။

## " ကံ နှင့် အနတ္တ "

ကံသည် အကိန်းခတ်သဘောဖြစ်ပါသည်။ ပရမတ်အရှိတရားတွင် စေတနာသာဖြစ်ပါသည်။

စေတနာသည် စေ့ဆော်တိုက်တွန်းတတ်သော လက္ခဏာရှိပါသည်။ လက္ခဏာကိုဆင်ခြင်၍ ပရမတ် စေတနာကို ဓမ္မာရုံတွင် အာရုံအဖြစ် သိခွင့်ရခြင်းဖြစ် သည်။ စေတနာသည် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် အကြောင်းတိုက်ဆိုင်ပါကဖြစ်ပေါ်၍ အကြောင်းကင်းပါက ချုပ်ပျောက်ပါသည်။ သို့သော် စေတနာသည် ချုပ်ပျောက်သွားသော်လည်း ကံသတ္တိ အနေဖြင့် ရုပ်နာမ်အစဉ်တွင် ကိန်းနေခြင်းဖြစ်ပါသည်။ ယင်းအကိန်းဓာတ်သည် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ဖြစ်ပေါ်ခြင်းမရှိပါ။ သို့သော် အကျိုးပေးရန် အကြောင်း တရားတို့ပြည့်စုံသောအခါ ကံသတ္တိသည် အကျိုး တရားတို့ကို ဖြစ်ပေါ်စေပါသည်။ ဤသို့ဖြင့် ကံမျိုးစေ့ သည် အကြောင်းပြည့်စုံပါက သူ့သဘောသူဆောင် ကာ အကျိုးအပင်ပေါက်သဖြင့် အနတ္တပင်ဖြစ်ပါသည်။

ကံသည် ဝဋ်ကိုမှီသောကံ (ဝဋ္ဋနိဿိတ)နှင့် ဝဋ်မှ ရုန်းထွက်သောကံ (ဝိဝဋ္ဋနိဿိတ)ဟူ၍နှစ်မျိုးရှိ ပါသည်။ သတ္တဝါသဘော အစွဲဥပါဒါန်ဖြင့်ပြုသော ကံသည် ကုသိုလ်ကံဖြစ်စေ၊ အကုသိုလ်ကံဖြစ်စေ သံသရာတွင်း အကျိုးတရားကိုသာ ပေးလေသည်။ သတိပဋ္ဌာန်အလုပ်ဖြင့် အားထုတ်သောမဂ္ဂင်တရား

သည် ကုသိုလ်ကံဖြစ်သော်လည်း ဝဋ်မှရုန်းထွက်သော (ဝိဝဋ္ဋနိဿိတ)ကံ ဖြစ်ပါသည်။

ဝိပဿနာတွင် နိဗ္ဗာန်ကိုမျက်မှောက်ပြုသော (မဂ်ဉာဏ်)သည် အမြတ်ဆုံး(ကုသိုလ်)ပင်ဖြစ်ပါသည်။ ဝဋ်ကိုမှီသောကုသိုလ်သည် အကုသိုလ်ကိုပယ်ရှားနိုင်၍ ဝဋ်မှရုန်းထွက်သော ကုသိုလ်သည် တဏှာကို ပယ်သတ်နိုင်သောသတ္တိရှိပါသည်။ ထိုအခါ ကိလေသဝဋ်ကို ပယ်နိုင်သောကြောင့် ဝဋ်ကင်းရာ နိဗ္ဗာန်ရောက်ပါသည်။ ထို့ကြောင့် သံသရာ(လည်)သောကံနှင့် သံသရာ(ရပ်) သောကံဟူ၍ ကံကို ပိုင်းခြားသိမြင်နိုင်ပါသည်။ အများအားဖြင့် လူချမ်းသာ၊ နတ်ချမ်းသာ အနေဖြင့် လောကတွင်း ကံချမ်းသာကိုသာ လိုချင်ကြပါသည်။ လောကမှထွက်မြောက်ရာကံကို မသိမြင်နိုင်ကြပါ။ လောကထွက်ပေါက်ပျောက်နေကြပါသည်။

ကံသည်အကြောင်းတရားတို့ပြည့်စုံပါက ကံ၏ အကျိုးသည် သူ့သဘောသူဆောင်ကာဖြစ်ပေါ်ပါ သည်။ ကံ သည် စေ့ဆော် အားထုတ် မှု စေတနာ ဆို သော အကြောင်းတရားနှင့် သက်ဆိုင်သော်လည်း ကံ၏ အကျိုးသည် ကံပြုစဉ် ဆုတောင်း ဆန္ဒပြုသည့် အတိုင်း သူ့သဘောသူဆောင်ကာ ဓမ္မနိယာမသဘော အရ

ဖြစ်ပေါ်လာပါသည်။ ကံနှစ်မျိုးအကြောင်းကို ပိုင်းခြားနားလည်မှုလည်း ဝဋ်လည်သောကံ၏အကျိုးသည် နောက်ခန္ဓာ(ရုပ်နာမ်)ဖြစ်မှုသဘောကိုငှင်း၊ ဝဋ်ရပ်သောကံ၏အကျိုးသည် ကိလေသဝဋ်ကိုပယ်၍ တဏှာချုပ်မှုသဘောကိုငှင်း အနတ္တာဉာဏ်ဖြင့် ပိုင်းခြားသိမြင်နိုင်ပါသည်။ အနတ္တာဉာဏ်သည် အတ္တလောကမှ ထွက်မြောက်ရာကို မြင်တွေ့နိုင်ပါသည်။

ဤသို့ ကံဆိုသော စေတနာကို အနတ္တာဉာဏ်ဖြင့် ပိုင်းခြားသိမြင်ခြင်းဖြင့် "ကာယကံ၊ ဝစီကံ၊ မနောကံ ပြုမှုကြ ဥပါဒါန်ကိုသတိပြု"ဆိုသည့်အတိုင်း ကံဟူသောစေတနာ (ဒုက္ခသစ္စာ)ပေါ်၌ ကပ်ငြိတတ်သော ဥပါဒါန်(သမုဒယသစ္စာ)ကို သတိ(မဂ္ဂသစ္စာ)ဖြင့် ပယ်ရှားနိုင်ပါက ဝဋ်မှလွတ်မြောက်ရာ နိဗ္ဗာန်(နိရောဓသစ္စာ)သို့ မျက်မှောက်ပြုဆိုက်ရောက်နိုင်ပေမည်။

ဒေါက်တာစိုးလွင် (မန္တလေး)

# “ မှီငြမ်းစာအုပ်များ ”

၁။ ပိဋကတ်သုံးပုံ (မြန်မာပြန်)

၂။ ယမိုက်အဖြေကျမ်း
(လယ်တီဆရာတော်ဘုရားကြီး)

၃။ နိဗ္ဗာနဂါမိနိပဋိပဒါ (ဒုတိယတွဲ)

(ဖားအောက်တောရဆရာတော်ဘုရားကြီး)

၄။ ပခုက္ကူဆရာတော်ဘုရားကြီး၏အဆိုအမိန့်များ
(အနိစ္စဆရာတော်)

၅။ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်
(ဦးရွှေအောင်)

## ဓမ္မလမ်းစာစဉ်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ ဓမ္မလမ်းကို လျှောက်ကြမယ်
၂။ မဇ္ဈိမလမ်းကို လျှောက်ကြမယ်
၃။ မြတ်ဗုဒ္ဓ၏ဝိပဿနာ
၄။ ပိဋကတ်မှတ်စု
၅။ ဓမ္မကောက်နုတ်ချက်စာစုများ
၆။ ဝိပဿနာ 'ဝလုံးတန်း'
၇။ ဝိပဿနာ အခြေခံနှင့် အလုပ်ပေးတရား
၈။ အခြေခံဉာဏ်နှစ်ပါးနှင့် အနတ္တအမြင်
၉။ သက္ကာယဒိဋ္ဌိ သိပုံပယ်ပုံ
၁၀။ လက်တွေ့လျှောက်လှမ်းဓမ္မလမ်း
၁၁။ အဆန်လမ်း
၁၂။ စွဲရာမှ မစွဲရာသို့
၁၃။ The Origin of Rebirth
၁၄။ The Four Noble Truths and Anatta

# ခွဲရသူ မခွဲရာသို့



ဒေါက်တာစိုးလွင် (မန္တလေး)

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား

ဦးခေါ်မွစာစုဖြင့် ရှိသေစွာ ကန်တော့ပါ၏။

# ခွဲရာမှ မခွဲရာသို့

ဒေါက်တာစိုးလွင် (မန္တလေး)

## ဒေါက်တာ စိုးလွင် (မန္တလေး)

- ၁၉၅၈ ခုနှစ် ဇွန်လ (၃) ရက် အင်္ဂါနေ့တွင် မန္တလေးမြို့၌ အဖ ဦးသန်းအောင် အမိ ဒေါ်ဝင်းမေတို့မှ မွေးဖွားသည်။

- ၁၉၇၅ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို မန္တလေးမြို့ အမှတ် (၉) အထက (ယခင် စိန့်ပီတာ)မှ အောင်မြင်သည်။

- ၁၉၇၆-၈၂ စာသင်နှစ်တွင် ဆေးတက္ကသိုလ် (မန္တလေး) ၌ တတ်ရောက်သင်ကြား၍ ဆရာဝန်ဘွဲ့ (M.B,B.S)ကို ရရှိသည်။ ပြင်ပဆေး ခန်းဖွင့်၍ ဆေးကုသခြင်းကို လုပ်ကိုင်သည်။

- ၁၉၈၉-၉၀ ခုနှစ်တို့တွင် မင်းကွန်းဆရာတော်ဘုရားကြီး တည်ထောင် ဖွင့်လှစ်ခဲ့သော နန်းရှေ့ မန္တလေး ဇီဝိတ သံဃဆေးရုံ၌ တာဝန်ထမ်း ဆောင်သည်။

- ၁၉၉၁ ခုနှစ်တွင် မရွှေရည်လှနှင့် အိမ်ထောင်ပြု၍ ထူးရည်လွင် သမီးတစ်ဦးရှိပြီး ယခုအခါ မန္တလေးမြို့ (၁၉)လမ်း နန်းရှေ့ အောင်မြေသာစံ မြို့နယ်တွင် မိသားစုနှင့် အတူနေထိုင်သည်။

- ၁၉၉၀-၉၁ ခုနှစ်မှ စတင်၍ ဓမ္မစာပေများကို လေ့လာ ဖတ်ရှုခဲ့သည်။ မင်းကွန်းဆရာတော်ကြီး၊ စွန်းလွန်းဆရာတော်ကြီး၊ ဝေဘူဆရာတော်ကြီး၊ မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး၊ ပခုက္ကူ ဆရာတော်ကြီး (အနိစ္စဆရာတော်)၊ ဖားအောက်တောရ ဆရာတော်ကြီးတို့၏တရားဓမ္မများကို လေ့လာ မှတ်သားခဲ့သည်။ ထို့ပြင် လယ်တီဆရာတော်ကြီး၏ ဒီပနီပေါင်းချုပ်နှင့် ဘုရားရှင် ဟောကြားတော်မူ ခဲ့သော ဆဋ္ဌသံဂါယနာတင် ပိဋကတ်သုံးပုံ ပါဠိတော် (မြန်မာပြန်)တို့ကို ဆက်လက် ဖတ်ရှုလေ့လာလျှက် ရှိသည်။

- ၂၀၀၄ ခုနှစ်တွင် စာဓမ္မအမြင်မှ ခန္ဓာဓမ္မ အမြင်ရောက်အောင် လက်တွေ့ ဝိပဿနာတရား အလုပ်ကို စတင်၍ နှလုံးသွင်းအားထုတ်သည်။

- ၂၀၀၆ ခုနှစ်တွင် မန္တလေးနှင့် ရန်ကုန်မြို့တို့၌ သူငယ်ချင်းများကို ဝိပဿနာနှင့် ပတ်သက်သော အခြေခံ သဘောတရားများကို စတင် ဆွေးနွေး ပြောကြားသည်။

- ၂၀၀၉ ခုနှစ်တွင် မန္တလေး ဆေးတက္ကသိုလ် (၇၆-၈၂ ) စာသင်နှစ်၏ (၁၀) ကြိမ်မြောက် အာစရိယပူဇော်ပွဲ၌ (ဓမ္မလမ်းကို လျှောက်ကြမယ်) ခေါင်းစဉ်ဖြင့် ဓမ္မစာစုကို စတင်ရေးသား၍ ဆရာ ဆရာမတို့ကို ဓမ္မနှင့်ပူဇော်ကန်တော့ရင်း သူငယ်ချင်းတို့ကိုလည်း ဓမ္မလမ်းပေါ်ရောက်အောင် ခေါ်ဆောင်ခဲ့သည်။

- ၂၀၁၀ ခုနှစ်တွင် မန္တလေးနှင့် ရန်ကုန်မြို့တို့၌ ဝိပဿနာသင်တန်းအတွက် မဇ္ဈိမလမ်းကို လျှောက်ကြမယ်၊ မြတ်ဗုဒ္ဓ၏ဝိပဿနာ၊ ပိဋကတ်မှတ်စု၊ ဓမ္မကောက်နုတ်ချက်စာစုများ၊ ဝိပဿနာ 'ဝလုံးတန်း'၊ ဝိပဿနာအခြေခံနှင့် အလုပ်ပေးတရား၊ အခြေခံဉာဏ်နှစ်ပါးနှင့် အနတ္တအမြင်၊ သက္ကာယဒိဋ္ဌိ သိပုံပယ်ပုံ၊ လက်တွေ့လျှောက်လှမ်းဓမ္မလမ်း၊ အဆန်လမ်းစသည်တို့ကို (ဓမ္မလမ်းစာစဉ်များ)အဖြစ် ရေးသားခဲ့သည်။

## "အမှာစကား"

သတ္တဝါများသည် ခြေ၊ လက်၊ နား၊ နှာခေါင်း စသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းအားလုံး တူညီကြသည်။ သို့သော် ချမ်းသာမှု၊ ဆင်းရဲမှု၊ မတည်ငြိမ်မှု၊ ငြိမ်းချမ်းမှုတို့ကား အမြဲတမ်းကွာဟ နေသည်။ အသိဉာဏ်ကွာဟသောကြောင့်ဖြစ်သည်။

တိရစ္ဆာန်ဘဝထက် လူ့ဘဝသည် ပို၍ငြိမ်းချမ်းသည်။ အန္ဓပုထုဇဉ်ထက် ကလျာဏပုထုဇဉ်သည် ပို၍ငြိမ်းချမ်း၏။ ကလျာဏပုထုဇဉ်ထက် သောတာပန်ပုဂ္ဂိုလ်သည် ပို၍ငြိမ်းချမ်း၏။ ထို့အတူ သောတာပန်ထက် သကဒါဂါမ်၊ သကဒါဂါမ်ထက် အနာဂါမ်၊ အနာဂါမ်ထက် ရဟန္တာသည် ပို၍ငြိမ်းချမ်း၏။

ဤပုဂ္ဂိုလ်များသည် အင်္ဂါကြီးငယ်အစိတ် အပိုင်းအားလုံး ညီတူညီမျှ ရှိကြသော်လည်း အသိဉာဏ်ကား တန်းတူညီတူ မရှိသောကြောင့်ဖြစ်၏။ ထိုအသိဉာဏ်ကား ဝိပဿနာဉာဏ်ဖြစ်၏။ ထိုဝိပ ဿနာဉာဏ်သည် အန္ဓပုထုဇဉ်ခေါ် အဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့၌ မရှိနိုင်။ ကလျာဏပုထုဇဉ်ခေါ် တိဟိတ်ပုဂ္ဂိုလ်နှင့်အရိယာပုဂ္ဂိုလ်တို့၌သာရှိနိုင်၏။

ထိုဝိပဿနာဉာဏ်သည် ဆင်းရဲမှုကို ဖြစ်စေ တတ်သော အစွဲထူ၊ အစွဲပြစ်မှ ငြိမ်းချမ်းမှုကို ဖြစ်စေတတ်သော အစွဲပါး၊ အစွဲကြဲ၊ အစွဲဖြတ်၊ အစွဲပြတ်သည်အောင်ထိ စွမ်းဆောင်နိုင်ပေသည်။ ဤစာအုပ်ကို ဘုန်းကြီးကိုယ်တိုင် ကြည့်ရှုစစ်ဆေး ထားပြီးဖြစ်သည်။

ဦးဇောတိက
ဓမ္မစရိယ၊ အမ်အေ(သီရိလင်္ကာ)
အပြည်ပြည်ဆိုင်ရ အဘိဓမ္မာတက္ကသိုလ်
ကထိက
(ရန်ကင်းတောင်ဆရာတော်)

# "စွဲရာမှ မစွဲရာသို့"

ယခုဓမ္မစာစုတွင် အဓိကတင်ပြထားသည်မှာ အပိုင်း(၃)ပိုင်းရှိပါသည်။ ပထမပိုင်းသည် ကိလေသ ဝဋ္ဋ ခေါ် အနုသယ အကိန်းခါတ်သဘော၊ ဒုတိယပိုင်း သည် သတိဖြင့်ပစ္စုပ္ပန်နေထိုင်နည်း၊ တတိယပိုင်းသည် အကြောင်းအကျိုးနှင့် အကျိုးအကြောင်းနှစ်မျိုးကို ပိုင်းခြားသိခြင်းတို့ ဖြစ်ကြပါသည်။

ယခင်စာအုပ်များတွင် ဝိပဿနာအခြေခံပိုင်း များကို ရေးသားတင်ပြပြီးဖြစ်သောကြောင့် ယခုရေး သားတင်ပြသည်တို့ကို နားမလည်ပါက ယခင်စာအုပ် များကို ပြန်လည်ဖတ်ရှုစေလိုပါသည်။ သို့တည်းမဟုတ် ကျွန်တော်အား တိုက်ရိုက်မေးမြန်းနိုင်ပါသည်။

ဝိပဿနာသည် ကာယကံ၊ ဝစီကံ၊ မနောကံ တို့တွင် ဖြစ်ပေါ်နေသော လောဘ၊ ဒေါသ၊ မောဟ တို့ကို တိုက်ရိုက်ပယ်နိုင်အောင် အားထုတ်နေခြင်း မဟုတ်ပါ။ လောဘ၊ ဒေါသ၊ မောဟတို့သည် ကမ္မဝဋ္ဋ်၌ ဖြစ်ပေါ်နေသော ကိလေသာတို့ဖြစ်ပါသည်။ ကာယကံ၊ ဝစီကံတို့ဖြင့် လွန်ကျူးသော ယင်းကိလေသာတို့အား သီလဖြင့်၄င်း၊ မနောကံဖြင့် လွန်ကျူးမှုကို သမာဓိ ဖြင့်၄င်း စောင့်ရှောက်ထိန်းသိမ်းရပါသည်။

ဝိပဿနာသည် ကမ္မဝဋ်ကိုပယ်ခြင်းမဟုတ်ပါ။ အနုသယခေါ် အကိန်းခံတတ်ဖြစ်သော ကိလေသဝဋ်ကို ပယ်ခြင်းဖြစ်ပါသည်။ ကိလေသဝဋ်ကို စာပေအနေဖြင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဟုခေါ်ပါသည်။ တရားအလုပ် အားထုတ်ရာတွင် ကိလေသဝဋ်သည် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် သတ္တဝါအသိသဘော ပါဝင် နေခြင်းဖြစ်သည်။ ယင်းသတ္တဝါအသိ အနုသယ သဘောသည် မနောတွင် အငုတ်ခံတတ်အနေဖြင့် ကိန်းနေခြင်းဖြစ်၍ မထင်ရှားသောကြောင့် ပယ်ရန် မဆိုထားဘိ သိရန်ပင် ခက်ခဲလှပါသည်။

ထို့ကြောင့် အနုသယသဘောကို အဓိက ထား၍ ယခုစာအုပ်တွင် ရေးသားတင်ပြထားခြင်းဖြစ် ပါသည်။ ကိလေသဝဋ်သည် ဝိပဿနာ၏ အဓိက အပိုင်းဖြစ်သောကြောင့် ယင်း၏ အနုသယသဘော အကိန်းခံတတ်အပိုင်းသည် ခက်လည်းခက်၏၊ နက် လည်းနက်၏။ ဆရာဦးရွှေအောင်၏ စာအုပ်တို့မှလည်း ကောက်နုတ်ကိုးကား၍ ကြိုးစားတင်ပြထားပါသည်။ အကယ်၍ နားမလည်မှု၊ လွဲမှားမှု တစ်စုံတစ်ရာရှိပါက ကျွန်တော်၏အမှားများသာဖြစ်ပါသည်။

ဒေါက်တာစိုးလွင် (မန္တလေး)

## 'ရထဝိနီတသုတ်'

အသျှင်သာရိပုတြာသည် ညချမ်းအချိန်၌ ဖလသမာပတ်မှထလျက် မန္တာဏီ၏သား အသျှင်ပုဏ္ဏအထံသို့ ချဉ်းကပ်ပြီးလျှင် မန္တာဏီ၏သား အသျှင်ပုဏ္ဏနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံး စေ၍ သင့်လျော်သောနေရာ၌ ထိုင်ကာ ဤစကားကို မိန့်ဆို၏။

### " ဝိသုဒ္ဓိ (၇)ပါး နှင့် မြတ်သောအကျင့် "

"ငါ့သျှင် မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသလော"ဟု မေး၏။ ငါ့သျှင် မှန်ပါ၏ဟု (ဆို၏)။

(၁) "ငါ့သျှင် အကျင့်သီလ အထူး စင်ကြယ်ခြင်း

(သီလဝိသုဒ္ဓိ) အကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသလော” ဟု မေး၏။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

(၂) “ငါ့သျှင် စိတ်သမာဓိ အထူး စင်ကြယ်ခြင်း (စိတ္တဝိသုဒ္ဓိ) အကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသလော” ဟု မေး၏။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

(၃)“ငါ့သျှင်အမြင်အထူးစင်ကြယ်ခြင်း (ဒိဋ္ဌိဝိသုဒ္ဓိ) အကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသလော” ဟု မေး၏။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

(၄) “ငါ့သျှင် ယုံမှားခြင်းကို လွန်မြောက်မှု (ဉာဏ်) အထူး စင်ကြယ်ခြင်း (ကင်္ခါဝိတရဏ ဝိသုဒ္ဓိ) အကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသလော” ဟု မေး၏။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

(၅) “ငါ့သျှင် မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင် အထူး စင်ကြယ်ခြင်း (မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ) အကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသလော” ဟု မေး၏။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

(၆) "ငါ့သျှင် အကျင့် (အနုလုံ) ဉာဏ်အမြင် အထူး စင်ကြယ်ခြင်း (ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ) အကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသလော" ဟု မေး၏။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

(၇) "ငါ့သျှင် မဂ်ဉာဏ်အမြင် အထူး စင်ကြယ်ခြင်း (ဉာဏဒဿနဝိသုဒ္ဓိ) အကျိုးငှါ မြတ်စွာဘုရား ထံ၌ မြတ်သော အကျင့်ကို ကျင့်သုံး သလော" ဟု မေး၏။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

ငါ့သျှင် အကယ်၍ ဤအကျိုးငှါ မကျင့်သုံး သော် အဘယ်အကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသနည်းဟု (မေး၏)။

ငါ့သျှင် " (စွဲယူမှု) မရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်း " အကျိုးငှါသာ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးပါ၏ ဟု (ဆို၏)။

**" ရထားခုနစ်စီး ဥပမာ "**

ငါ့သျှင် ဥပမာသော်ကား ပသေနဒိကောသလမင်းသည် သာဝတ္ထိ ပြည်၌နေစဉ် သာကေတ

မြို့၌ တစ်စုံတစ်ရာ အဆောတလျင် ပြုဖွယ်ကိစ္စသည် ဖြစ်ရာ ၏။ ထိုမင်းအတွက် သာဝတ္ထိပြည်နှင့် သာကေတမြို့၏ အကြား၌ မြင်းယာဉ်ကသော ရထားခုနစ်စီးတို့ကို ရှေးရှု တည်ထား စေကုန်ရာ၏။ ငါ့သျှင်ထိုအခါ ပသေနဒိ ကောသလမင်းသည် သာဝတ္ထိပြည်မှထွက်သော် နန်းတွင်းတံခါးမှ မြင်းယာဉ်ကသော ပဌမရထားကို တက်စီးရာ၏၊

၁။ မြင်းယာဉ်ကသော ပဌမရထားဖြင့် မြင်းယာဉ်ကသော ဒုတိယရထားသို့ ရောက်ရာ၏။ မြင်းယာဉ်ကသော ပဌမရထားကို စွန့်လွှတ်ရာ၏၊

၂။ မြင်းယာဉ်ကသော ဒုတိယရထားဖြင့် မြင်းယာဉ်ကသော တတိယ ရထားသို့ ရောက်ရာ၏။ မြင်းယာဉ်ကသော ဒုတိယရထားကို စွန့်လွှတ်ရာ၏၊

၃။ မြင်းယာဉ်ကသော တတိယရထားဖြင့် မြင်းယာဉ်ကသော စတုတ္ထ ရထားသို့ ရောက်ရာ၏။ မြင်းယာဉ်ကသော တတိယရထားကို စွန့်လွှတ်ရာ၏၊

၄။ မြင်းယာဉ်ကသော စတုတ္ထရထားဖြင့် မြင်းယာဉ်ကသော ပဉ္စမရထားသို့ ရောက်ရာ၏။ မြင်းယာဉ်ကသော စတုတ္ထရထားကို စွန့်လွှတ်ရာ၏၊

၅။ မြင်းယာဉ်ကသော ပဉ္စမရထားဖြင့် မြင်းယာဉ်

ကသော ဆဋ္ဌရထားသို့ ရောက်ရာ၏။ မြင်းယာဉ် ကသော ပဉ္စမရထားကို စွန့်လွှတ်ရာ၏၊

၆။ မြင်းယာဉ်ကသော ဆဋ္ဌရထားဖြင့် မြင်းယာဉ် ကသော သတ္တမရထားသို့ ရောက်ရာ၏။ မြင်းယာဉ် ကသော ဆဋ္ဌရထားကို စွန့်လွှတ်ရာ၏၊

၇။ မြင်းယာဉ်ကသော သတ္တမရထားဖြင့် သာကေတမြို့ နန်းတွင်းတံခါးသို့ ဆိုက်ရောက်ရာ၏။

- ငါ့သျှင် ဤအတူပင် အကျင့်သီလ အထူး စင်ကြယ်ခြင်းသည် စိတ် သမာဓိ အထူး စင်ကြယ်ရုံမျှ အကျိုးရှိ၏။ (စိတ္တဝိသုဒ္ဓိအတွက် သီလဝိသုဒ္ဓိ)

- စိတ် သမာဓိ အထူး စင်ကြယ်ခြင်းသည် အမြင် အထူး စင်ကြယ်ရုံမျှ အကျိုးရှိ၏။ (ဒိဋ္ဌိဝိသုဒ္ဓိ)

- အမြင် အထူး စင်ကြယ်ခြင်းသည် ယုံမှား ခြင်းကို လွန်မြောက်မှု (ဉာဏ်) အထူး စင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ (ကင်္ခါဝိတရဏဝိသုဒ္ဓိ)

- ယုံမှားခြင်းကို လွန်မြောက်မှု(ဉာဏ်) အထူး စင်ကြယ်ခြင်းသည် မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ (မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ)

- မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင်

အထူးစင်ကြယ်ခြင်းသည် အကျင့် (အနုလုံ) ဉာဏ်အမြင် အထူး စင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ (ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ)

- အကျင့် (အနုလုံ) ဉာဏ်အမြင် အထူး စင်ကြယ်ခြင်းသည် မဂ်ဉာဏ် အမြင် အထူး စင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ (ဉာဏဒဿနဝိသုဒ္ဓိ)

- မဂ်ဉာဏ်အမြင် အထူး စင်ကြယ်ခြင်းသည် (စွဲယူမှု) မရှိသော ထက်ဝန်းကျင် ငြိမ်းအေးရုံမျှသာ အကျိုးရှိ၏။ (အနုပါဒပရိနိဗ္ဗာန်)

- ငါ့သျှင် စွဲယူမှု မရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းအကျိုးငှါသာ မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးပါ၏ဟု မန္တာဏီ၏သား အသျှင်ပုဏ္ဏကဆို၏။

ဤသို့လျှင် ထိုရဟန္တာကြီးနှစ်ပါး အသျှင်သာရိပုတြာနှင့် အသျှင်ပုဏ္ဏတို့သည် အချင်းချင်း ကောင်းစွာ ပြောဟောသော တရားစကားကို အညီအမျှ ဝမ်းမြောက်ကြကုန်၏။

(ရထဝိနီတသုတ်ပြီး၏။)

# " အစွဲကင်းသူ"

စွဲလမ်းမှု ဥပါဒါန်တရားသည် ဘုရားရဟန္တာတို့မှလွဲ၍ အနည်းနှင့် အများရှိကြပါသည်။ ပုထုဇဉ်တို့တွင် စွဲလမ်းမှုထူ၍ အရိယာ အဆင့်ဆင့်တွင် စွဲလမ်းမှုများပါးသွားပါသည်။ အရဟတ္တမဂ်ဉာဏ်ဖြင့်သာ စွဲလမ်းမှုတို့ကို အကြွင်းမဲ့ ပယ်ဖြတ်နိုင်ကာ စွဲရာမှ မစွဲရာသို့ အပြီးတိုင်ရောက်ပါသည်။ လုံးဝ အစွဲကင်းသူတို့သည် ရဟန္တာအရှင်မြတ်တို့သာ ဖြစ်ကြပါသည်။

ထို့ကြောင့် စွဲရာမှမစွဲရာသို့ရောက်အောင် တရားအလုပ် ပွားများအားထုတ်မှုသည် ဝိပဿနာ ဖြစ်ပါသည်။ ဝိပဿနာအလုပ်သည် ဉာဏ်တစ်ခုကို

ထူထောင်ရခြင်းဖြစ်သည်။ ယင်းကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဟုခေါ်ပါသည်။ မဂ်ဉာဏ်ဖြစ်ရန်အတွက် မဂ္ဂင် (၈)ပါးကို ပွားများအားထုတ်ရခြင်းဖြစ်သည်။

## " မဂ္ဂင် (၈)ပါး "

၁။ သမ္မာဒိဋ္ဌိ - (မှန်စွာမြင်ခြင်း)
၂။ သမ္မာသင်္ကပ္ပ - (မှန်စွာကြံခြင်း)
၃။ သမ္မာဝါစာ - (မှန်စွာပြောခြင်း)
၄။ သမ္မာကမ္မန္တ - (မှန်စွာလုပ်ခြင်း)
၅။ သမ္မာအာဇီဝ - (မှန်စွာအသက်မွေးခြင်း)
၆။ သမ္မာဝါယာမ- (မှန်စွာအားထုတ်ခြင်း)
၇။ သမ္မာသတိ - (မှန်စွာအောက်မေ့ခြင်း)
၈။ သမ္မာသမာဓိ - (မှန်စွာတည်ကြည်ခြင်း)

ယင်းတို့တွင် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝတို့သည် သီလမဂ္ဂင်၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိတို့သည် သမာဓိမဂ္ဂင်၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပတို့သည် ပညာမဂ္ဂင်ဟူ၍ ခေါ်ဆိုကြပါသည်။

(သာသနာ၏အနှစ် - သီလ၊ သမာဓိ၊ ပညာ)

## " မဂ္ဂင် (၈)ပါးအစ သတိ၊ ဝီရိယ "

'တရားအားထုတ်သည် တရားကျင့်သည်' ဟူသည် မဂ္ဂင်(၈)ပါးကို ကျင့်မှု အားထုတ်မှုကို ဆိုခြင်း ဖြစ်ပါသည်။ မဂ္ဂင်(၈)ပါး၌ အခြေခံဖြစ်သော သမာဓိ မဂ္ဂင်တွင်ပါဝင်သည့် သတိ၊ ဝီရိယ၊ သမာဓိကို ဦးစွာ ထူထောင်ကြရပါသည်။

ပထမဆုံး သတိထူထောင်ပုံမှာ ဝင်လေ ထွက်လေအာရုံကို အောက်မေ့နေခြင်းသည် သတိ ဖြစ်ပါသည်။ ဖေါင်းတယ်ပိန်တယ် အာရုံကို အောက် မေ့ခြင်းသည်လည်း သတိ၊ ကြွတယ် လှမ်းတယ် ချတယ် အာရုံကို အောက်မေ့ခြင်းသည်လည်း သတိသာ ဖြစ် ပါသည်။ ထိုထိုအာရုံတို့အပေါ်တွင် သတိထား ဝီရိယ စိုက်ကာ ပြင်းစွာ အားထုတ်မှုဘာဝနာ အစွမ်းကြောင့် တည်ကြည်မှု သမာဓိသည် ဖြစ်တည်လာပေမည်။ သမာဓိဖြစ်မှလည်း အရှိကိုအရှိအတိုင်း ရုပ်နာမ် ပရမတ်ကို ဟုတ်တိုင်းမှန်စွာ သိမြင်ပေမည်။ ထို့ကြောင့် တရားကျင့်မှု၏လုပ်ငန်းအစသည် သတိကိုဝီရိယ စိုက်ပြီး ပထမဆုံး အားထုတ်ကြရခြင်း ဖြစ်ပါသည်။

## " ဓမ္မစကြာ နှင့် သစ္စာ (၄)ပါး "

စွဲမှု သမုဒယရှိလျှင် ဒုက္ခဖြစ်၍ စွဲမှု သမုဒယ ကင်းပါက ဒုက္ခငြိမ်းပါသည်။ စွဲမှု ဥပါဒါန်သည် သမုဒယဖြစ်၍ သမုဒယချုပ်သောကြောင့် ဒုက္ခငြိမ်း ခြင်းသည် နိရောဓဖြစ်ပါသည်။ ဘုရားရှင်သည် ဒုက္ခ ဖြစ်ကြောင်းကို သမုဒယဟု ဓမ္မစကြာတရားတော်တွင် ဟောကြားတော်မူခဲ့ပါသည်။ စွဲမှုသည် သမုဒယဖြစ်၍ အစွဲချုပ်ရာသည် နိရောဓဖြစ်ပါသည်။ အစွဲကင်းလျှင် သမုဒယချုပ်သောကြောင့် ဒုက္ခချုပ်ကာ နိရောဓ ဆိုက်ခြင်း ဖြစ်ပါသည်။

အစွဲကင်းအောင် နှလုံးသွင်းရမည်မှာ မဂ္ဂင် (၈)ပါး အလုပ်တရားပင် ဖြစ်ပါသည်။ ယင်းကို ဝိပဿနာတရားပွားများ အားထုတ်သည်ဟု ဆိုခြင်း ဖြစ်သည်။ ထိုကြောင့် ဝိပဿနာအလုပ်သည် စွဲရာမှ မစွဲရာသို့ ရောက်သည့်အပြင် လုံးဝလွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကိုပင် မျက်မှောက်ပြုနိုင်ပါသည်။

## " ဉာဏ်အလုပ်သာဖြစ်ပါသည်။"

ဝိပဿနာအလုပ်ဆိုသည်မှာ ဉာဏ်တစ်ခု ထူထောင်ခြင်းပင်ဖြစ်ပါသည်။ အမှုမဲ့အမှတ်မဲ့နေ ပါက မြင်မှုတွင် အာရုံကိုသူတစ်ပါး၊ သိမှုဝိညာဏ်ကို

ငါဟု နှလုံးသွင်းမှားဖြင့် စွဲယူနေကြပါသည်။ မြင်မှုတွင် အာရုံသည် သူတစ်ပါးမဟုတ်၊ ဝိညာဏ် (စိတ်)သည် ငါမဟုတ်၊ မျက်စိ(ဒွါရ)နှင့် အဆင်း(အာရုံ) တိုက်မှု (အကြောင်း)ကြောင့် မြင်စိတ် (အကျိုး)ဖြစ်ပေါ်၏ဟု မြင်မှုအပေါ်တွင် သတိရှိပါက ဟုတ်တိုင်းမှန်စွာ သိမြင်ပါသည်။ ထိုအခါ မြင်မှုတွင် ငါသူတစ်ပါးမပါပဲ မျက်စိနှင့်အဆင်းတိုက်ဆိုင်၍ မြင်စိတ်ဖြစ်သည်ဟု မှန်စွာ သိမြင်ခြင်း သမ္မာဒိဋ္ဌိသည် ဖြစ်ပေါ်လာပေမည်။

ထိုအခါ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် သတိပညာဖြင့် အရှိကိုအရှိအတိုင်း ဟုတ်တိုင်း မှန်စွာ သိမြင်ခြင်း သမ္မာဒိဋ္ဌိကြောင့် ကိလေသာငြိမ်းခြင်း၊ ခန္ဓာ ငြိမ်ခြင်း အကျိုးတရားတို့ဖြစ်ပေါ်သည်ကို ဝိပဿနာအလုပ်အားထုတ်သည်ဟု ပြောဆိုခြင်း ဖြစ်ပါသည်။

## " **သမုတိသစ္စာ** (relative truth)"

လောကတွင် ပြောဆိုဆက်ဆံရုံမျှ မှန်ကန်ခြင်း ဖြစ်ပါသည်။ ဥပမာ - သစ်ချောင်း နှစ်ချောင်းတွင် တစ်ချောင်းသည်တို၏၊ တစ်ချောင်းသည်ရှည်၏၊ ထိုသစ်ချောင်း (၂)ခု၏ဆက်နွယ်မှု (relation)အရ

မှန်သောအမှန်တရား (relative truth)ဖြစ်၏။ ပို၍တိုသောသစ်ချောင်းနှင့် နှိုင်းယှဉ်ပါက ယခင်သတ်မှတ်ထားသော အတိုသည် အရှည်ဖြစ်သွား၏။ ထို့အတူ ပိုရှည်သောသစ်ချောင်းနှင့် နှိုင်းယှဉ်ပါက ယခင်အရှည်သည် အတိုဖြစ်သွားပြန်၏။ ထို့ကြောင့် သမ္မုတိနယ်က အမှန်သည် တစ်ခုနှင့်တစ်ခု ဆက်နွယ်နှိုင်းယှဉ်မှု (relation) အရမှန်သော သမ္မုတိအမှန် (relative truth)သာ ဖြစ်ပါသည်။

**“ မိတ်ဆွေ သူငယ်ချင်း ဆွေမျိုး ”**

ဥပမာ မိတ်ဆွေဆိုသည်မှာ အခြားတစ်စိမ်းတို့နှင့်နှိုင်းယှဉ်ပါက ပြောဆိုဆက်ဆံရာတွင် ခင်မင်ရင်း နှီးမှု (relation)မတူသည့် အပေါ်တွင် အခြေခံ၍ မိတ်ဆွေဟု ခေါ်ဝေါ်ပြောဆိုခြင်းဖြစ်သည်။

ထို့အတူ သူငယ်ချင်းဆိုသည်မှာ တစ်ခြားသူများနှင့်နှိုင်းယှဉ်ပါက ပြောမနာဆိုမနာ ငယ်ပေါင်းဖြစ်၍ ခင်မင်ရင်းနှီးမှု (relation)မတူသောကြောင့် သူငယ်ချင်းဟု ခေါ်ဝေါ်ပြောဆိုရခြင်းဖြစ်ပါသည်။

မောင်နှမ ညီအကို ညီအမ ဆွေမျိုးသားချင်းဆိုသည်မှာလည်း အခြားသူများနှင့်နှိုင်းယှဉ်ပါက မွေးဖွားရာတွင် ဆက်နွယ်မှု (birth relation) အပေါ်မူတည်၍ ခေါ်ဝေါ်ဆက်ဆံခြင်း ဖြစ်ပါသည်။

## " **ပရမတ္ထသစ္စာ** (ultimate truth) "

ကိုယ်ပိုင် သဘာဝလက္ခဏာအားဖြင့် မှန်ကန်ခြင်းဖြစ်ပါသည်။ ပရမတ္ထသစ္စာ (၄)မျိုးရှိပါသည်။ ရုပ်၊ စိတ်၊ စေတသိက်နှင့် နိဗ္ဗာန်တို့ဖြစ်ပါသည်။

သို့သော် ဝိပဿနာလုပ်ငန်းတွင် ရုပ်၊ စိတ်၊ စေတသိက်တို့ကို ပရမတ်သဘောရောက်အောင် သင်ကြားသဖြင့် ပရမတ်ဆိုလျှင် နိဗ္ဗာန်နှင့် သက်ဆိုင်သော သစ္စာလေးပါးသို့တိုင်အောင် ဉာဏ်မသက်ရောက်နိုင်ကြသောကြောင့် သစ္စာလေးပါး၊ နိဗ္ဗာန်တရားတို့သည် ပရမတ္ထသစ္စာ ဖြစ်သော်လည်း အရိယသစ္စာအဖြစ် သီးခြားခွဲကာ တင်ပြပြောဆိုရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ပရမတ်နယ်တွင် ရုပ်စိတ်စေတသိက်တို့သာ အရှိတရား အမှန်ဖြစ်၍ ပုဂ္ဂိုလ်သတ္တဝါဒြပ်ဝတ္ထုတို့မှာ မရှိတရားဖြစ်ပြီး ပြောဆို ဆက်ဆံရုံမျှသာ အမည်ပေး ပညတ်တင်ထားခြင်း၊ (label) နာမည်တပ်ထားခြင်းသာ ဖြစ်ပါသည်။

## " **အရိယသစ္စာ** (noble truth) "

အရိယသစ္စာတွင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာဆိုသော သစ္စာ (၄)ပါး ပါဝင်

ပါသည်။ လောကီသစ္စာအဖြစ် သမုဒယနှင့် ဒုက္ခတို့ ဖြစ်ကြပြီး လောကုတ္တရာသစ္စာအဖြစ် မဂ္ဂနှင့်နိရောဓ တို့ဖြစ်ကြပါသည်။ အရိယသစ္စာ (၄)ပါးသည် မဂ်ဉာဏ် အခိုက်၌ နိဗ္ဗာန်ကိုအာရုံပြုပြီး နိရောဓသစ္စာကို မျက်မှောက်ပြု ဆိုက်ရောက်ခိုက်တွင် ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်းကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ၊ မဂ္ဂင်(၈)ပါး ပြည့်စုံအောင်ပွားများခြင်းကိစ္စတို့ကို တစ်ပြိုင်နက်တည်း အားလုံးပြီးစီးခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဝိပဿနာအလုပ်သည် သမ္မုတိ နယ်မှ ပရမတ်နယ်ကိုဖြတ်ကာ သစ္စာနယ်ဝင်ပြီး သစ္စာ (၄)ပါးကို မျက်မှောက်ပြုရခြင်း ဖြစ်ပါသည်။ သစ္စာနယ်တွင် သမုဒယကိုပယ်ပြီးဖြစ်၍ ဒုက္ခငြိမ်းကာ နိရောဓအမြင်ဖြင့် လောက၌ ထက်ဝန်းကျင် စင်ကြယ် သော ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ချမ်းသာစွာ နေထိုင်နိုင်လေသည်။

# " ဝိပဿနာ"

ဝိပဿနာလုပ်ငန်းအတွက် အောက်ပါ(၅)မျိုးတို့ကို နားလည်သဘောပေါက်ပါက တရားနှလုံးသွင်းရာတွင် များစွာအထောက်အကူပြုပေမည်။

၁။ သဘာဝလက္ခဏာ နှင့် ဉာဏ်၏အာရုံ

၂။ အနတ္တ အကြောင်းအကျိုး

၃။ မနောဒွါရ နှင့် ဓမ္မာရုံ

၄။ ပဋိစ္စသမုပ္ပါဒ် နှင့် ဝဋ်သုံးပါး

၅။ သစ္စာ (၄)ပါး (သိ၊ ပယ်၊ ဆိုက်၊ ပွား)

## (၁) သဘာဝလက္ခဏာ နှင့် ဉာဏ်၏အာရုံ

ရုပ်တရားတို့သည် ဆန့်ကျင်ဖက်တရားတို့နှင့် တွေ့ပါက ဖောက်ပြန်ပြောင်းလဲတတ်သောလက္ခဏာ ရှိ၏။ ရုပ်တို့သည် မျက်တောင်တစ်ခပ်အချိန်တွင် ကုဋေငါးထောင်ကျော် ဖြစ်ပေါ်ချုပ်ပျောက်မှုသည် ဘုရားရှင်၏သဗ္ဗညုတ ဉာဏ်တော်ကြီးဖြင့် ထိုးထွင်း သိမြင်ထားသော်လည်း မိမိတို့သိမြင်နိုင်သည်မှာ ဆန့်ကျင်ဖက်တရားတို့ဖြင့်တွေ့သောအခါ မာမှုပျော့မှု၊ ပူမှုအေးမှု၊ တွန်းမှုတိုးမှုစသည့် ရုပ်၏ဖောက်ပြန်ခြင်း လက္ခဏာတို့

ထင်ရှားလာခြင်းကိုသာ သိနိုင်ပါသည်။ ဥပမာ လက်ညှိုး၌ မာမှုသဘောရှိသော်လည်း ပုံမှန် အတိုင်း ဆိုပါက မထင်ရှားချေ။ လက်ထိပ်နှင့်စားပွဲ ထိတွေ့ပါက ဆန့်ကျင်ဖက်တရားကြောင့် မာမှုသဘော လက္ခဏာထင်ရှားသဖြင့် ပရမတ် ရုပ်အား ဉာဏ်ဖြင့် အာရုံပြုပြီး သိမြင်နိုင်လေသည်။

ရုပ်တရားတွင် ခတ်ကြီးလေးပါးပါဝင်၏။ ပထဝီသည် မာခြင်း ပျော့ခြင်းလက္ခဏာ၊ အာပေါသည် ဖွဲ့စည်းခြင်း ယိုစီးခြင်းလက္ခဏာ၊ တေဇောသည် ပူခြင်း အေးခြင်းလက္ခဏာ၊ ဝါယောသည် တွန်းတိုးခြင်း ထောက်ကန်ခြင်း လက္ခဏာရှိပါသည်။

နာမ်တရားသည် အာရုံကို ညွတ်တတ်သော လက္ခဏာရှိ၏။ ယင်းတွင် နာမ်တရားလေးပါး ပါဝင်၏။ ဝေဒနာသည် အာရုံကိုခံစားတတ်သော လက္ခဏာ၊ သညာသည် အာရုံကို မှတ်သားတတ်သော လက္ခဏာ၊ သင်္ခါရသည် အာရုံကို စေ့ဆော် အားထုတ်တတ်သော လက္ခဏာ၊ ဝိညာဏ်သည် အာရုံကို သိတတ်သော လက္ခဏာရှိကြပါသည်။

သဘာဝလက္ခဏာတို့ကိုဆင်ခြင်၍ ရုပ်နာမ် ပရမတ်တို့ကို ဉာဏ်ဖြင့်အာရုံပြုပြီး သိခွင့်ရခြင်း

ဖြစ်ပါသည်။ ဥပမာ မီးပလပ်ပေါက် (socket) အတွင်း လက်ထည့်၍မီးခလုပ်ဖွင့်ပါ။ တစ်ကိုယ်လုံး ကျဉ်တက်သွားပေမည်။ ထိုကျဉ်မှုသည် လျှပ်စစ် ဓါတ်မဟုတ်ပါ။ ကျဉ်ခြင်းလက္ခဏာကို ဆင်ခြင်၍ လျှပ်စစ်ဓာတ်ရှိခြင်းကို ဉာဏ်၏ (အာရုံ) အနေဖြင့် သိရခြင်းဖြစ်သည်။ သို့သော် အရှိနှင့်အသိကို မခွဲ ခြားနိုင်သောကြောင့် မိမိသိရသည်မှာ ဝါယာကြိုး၌ရှိသော လျှပ်စစ်ဓာတ်ဟု အထင်မှားနေခြင်းဖြစ် သည်။ အမှန်မှာ လျှပ်စစ်ဓာတ်သည် ဝါယာကြိုး၌ ရှိသော်လည်း သိခွင့်ရသည်မှာ မိမိ၏ ဓမ္မာရုံမှာ ဆင်ခြင်၍သိရသော အာရုံသာ ဖြစ်ပါသည်။ ထို့ကြောင့် ဝိပဿနာတွင် အရှုခံပရမတ်တရားတို့ကို ဉာဏ်၏ အာရုံ (ဒြပ်မဲ့)အနေဖြင့်သာ သိခွင့်ရခြင်း ဖြစ်ပါသည်။

## (၂) အနတ္တ အကြောင်းအကျိုး

၁။ အကြောင်းနှင့်အကျိုးသည် သီးခြားတစ်ခု စီဖြစ်သော်လည်း တစ်ခုတည်းသဘောအဖြစ်ထင်ရ၏။ ဥပမာ အကြောင်းအကျိုးတို့သည် ပန်းသီထားသကဲ့သို့ မပြတ်မစဲ တစ်သဘောတည်း (ဧကတ္တ)ဖြစ်၏။

၂။ အကြောင်းနှင့်အကျိုးသည်သန္တာန်တူ

သော်လည်း သဘောအားဖြင့် ခြားနားမှု (နာနတ္တ)ရှိ၏။

၃။ အကြောင်းတရားသည် အကျိုးတရား အပေါ်မှာ အစိုးမရ။ အကြောင်းပြည့်စုံပါက အကျိုးသည် မရှိရာမှ သူ့သဘောသူဆောင်ကာ အသစ်ဖြစ်ပေါ်လာခြင်း (အဗျာပါရ)ဖြစ်သည်။

၄။ အကျိုးတရားသည် အကြောင်းအားလျော်စွာဖြစ်ပေါ်လာသည်။ (ဧဝံဓမ္မတာ)

အကြောင်းတရားသည် အကျိုးတရားကို ကိုယ်ဝန်ဆောင်ထားခြင်းမရှိသလို အကျိုးတရားသည်လည်း အကြောင်းတရားကိုယ်ဝန်မှ မွေးဖွားလာခြင်း မဟုတ်ပါ။ အကြောင်းတရားတို့ ပြည့်စုံ ညီညွတ်သည်နှင့် အကျိုးတရားသည် သူ့သဘောသူဆောင်ပြီး အသစ်အသစ် (newly arise)ဖြစ်ပေါ်လာခြင်းဖြစ်သည်။

**“ ကြည့်မှန် ဥပမာ ”**

မိမိသည် မှန်နှင့် မျက်နှာခြင်းဆိုင်ပါက မှန်တွင် ပုံရိပ်သည် သူ့သဘောသူဆောင်ကာ အသစ်ဖြစ်ပေါ် လာပါသည်။ မှန်တွင် ပုံရိပ်ပေါ်အောင် မည်သည့် အရာမျှ လုပ်မပေးရပါ။ မှန်နှင့်တည့်ခြင်း အကြောင်းရှိပါက ပုံရိပ်ပေါ်ခြင်းအကျိုးသည်

သူ့သဘောသူဆောင် ဖြစ်ပေါ်ပါသည်။ မှန်နှင့် အကြောင်းကင်းပါကလည်း ပုံရိပ်သည် အကြွင်း အကျန်မရှိ ချုပ်ပျောက်ပါသည်။ နောက်တစ်ခါ မှန်ပြန်၍ကြည့်ပါက ပုံရိပ်အသစ် ထပ်ပေါ်ပါသည်။ ယခင် ပုံရိပ်အဟောင်း ပြန်ပေါ်ခြင်း မဟုတ်ပါ။ ဤသို့သိမြင်ပါက အကြောင်းတရားတို့ ပြည့်စုံလျှင် အကျိုးသည် မရှိရာမှ သူ့သဘောသူ ဆောင်ကာ အသစ်အသစ် ဖြစ်ပေါ်နေသည့် အနတ္တ အကြောင်း အကျိုးကို နားလည်လက်ခံနိုင်ပေမည်။

## “ ပစ္စုပ္ပန်အကြောင်းအကျိုး ”


| | |
|---|---|
| မျက်စိ + အဆင်း | မြင်စိတ် |
| (အကြောင်း - ရုပ်) | (အကျိုး - နာမ်) |

မျက်စိနှင့်အဆင်း တိုက်ဆိုင်မှု အကြောင်း တရားရှိပါက အကျိုးတရား မြင်စိတ်သည် မရှိရာမှ သူ့သဘော သူဆောင်ပြီး အသစ်ဖြစ်ပေါ်လာပါသည်။ အကြောင်းတရားတို့တွင် နီးသော (ပစ္စယ)အကြောင်း နှင့် ဝေးသော (ဟေတု) အကြောင်းဟူ၍နှစ်မျိုးရှိ၏။ မျက်စိနှင့်အဆင်းတိုက်ဆိုင်မှုသည် နီးသော အကြောင်း ဖြစ်၍ အတိတ်ကံသည် ဝေးသော

အကြောင်းဖြစ်၏။ သို့သော် အတိတ်ကံသည် ဟေတု ဖြစ်၍ အဓိကကျ ပါသည်။ ဥပမာ ကံကုန်၍ သေဆုံး ပြီးသောသူကို မျက်စိနှင့်အဆင်း တိုက်ဆိုင် ပေးသော်လည်း မြင်စိတ် မဖြစ်ပေါ်နိုင်တော့ပါ။ ဟေတုသည် အရင်းခံမျိုးစေ့နှင့် တူ၍ ပစ္စယသည် ရေပေးခြင်းအကူသာဖြစ်ပါသည်။

## (၃) မနောဒွါရ နှင့် ဓမ္မာရုံ (ဒွါရ နှင့် အာရုံ)

**(မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်)(အဆင်း၊အသံ၊အနံ့၊အရသာ၊အထိ)**




| | |
|---|---|
| (မနောဒွါရ) | (ဓမ္မာရုံ) |
| စိတ် + ဥပါဒါန် | ပုဂ္ဂိုလ်၊သတ္တဝါ(ပညတ်) |
| သညာ + ဒိဋ္ဌုပါဒါန် | နိစ္စသညာ၊ အတ္တသညာ |
| မဂ္ဂင်(၅)ပါး | နာမ်ရုပ် (အနိစ္စ၊ အနတ္တ) |

အရှုဉာဏ်သည် မနောမှာဖြစ်၍အရှုခံကို ဓမ္မာရုံ၌ ဆင်ခြင်ကာ အနိစ္စသညာ၊ အနတ္တသညာ အဖြစ် နှလုံးသွင်းရလေသည်။ ဥပမာ မိမိနာမည်ကို ခေါ်သံကြားပါက မိမိမှာ သညာပေါ်ပါသည်။ သညာကိုဒိဋ္ဌိ ကပ်သောကြောင့် 'ငါ'ဟု ယူဆခြင်း ဖြစ်သည်။ ထိုဒိဋ္ဌိသညာကို ကိုယ်စားပြုထားသော'ငါ'သည် မမြဲခြင်း (နိစ္စသညာ)၊ အခိုင်အမာ အနှစ်သာရရှိခြင်း (အတ္တ သညာ)တို့ ဖြစ်ကြပါသည်။ သတိဖြင့် သညာပေါ် သည်ကို ဟုတ်တိုင်းမှန်စွာ သိမြင်ပါက ဒိဋ္ဌိကို ပယ်နိုင်ကာ သညာသည် ခေါ်သံကကျေးဇူးပြုမှု ဖြစ်ပေါ်၍ အကြောင်းကင်းပါကချုပ်ပျောက်သည် ကို အရှိကိုအရှိအတိုင်း သိမြင်လေသည်။ ထိုအခါ သညာ အပေါ်တွင် မမြဲခြင်း(အနိစ္စ)၊ အခိုင်အမာ အနှစ်သာရ မရှိခြင်း (အနတ္တ)တို့ကို ပညာဖြင့် ဆုံးဖြတ်နိုင်ပေမည်။

### **"ဘုရားရှိခိုးခြင်း နှင့် ဓမ္မဖြင့်ပူဇော်ခြင်း"**

ဘုရားရှိခိုးသောအခါ အရဟံဂုဏ်တော်ဖြင့် ပူဇော်ကန်တော့ပါသည်။ ထိုအခါ ကုသိုလ် လိုချင်လွန်း သောကြောင့် ရွှေတိဂုံစေတီတော်၊ မဟာမြတ်မုနိဘုရားကြီး၊ ကျိုက်ထီးရိုးစေတီတော်တို့ကို မိမိ

စိတ်မှ အာရုံယူ၍ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော စသည်ဖြင့် ပူဇော်ကန်တော့ပါသည်။ စိတ်ဖြင့် ရွတ်ဆိုကန်တော့နေစဉ် 'သညာတွေပေါ် နေတာပဲ'ဟု သတိပြုလိုက်မိပါသည်။ ထိုအခါ အရဟံ ဆိုးသည်နှင့် အရဟံသညာချုပ်၏။ သမ္မာသမ္ဗုဒ္ဓေါ ဆိုးသည်နှင့် သမ္မာသမ္ဗုဒ္ဓေါ သညာချုပ်၏။ ဂုဏ် တော်ကို စိတ်ဖြင့် ရွတ်နေလျှက် သညာ၏ဖြစ်ပေါ် ချုပ်ပျောက်နေမှုကို သိမြင်သောဉာဏ်ဖြင့် ဘုရား ရှင်အား ပူဇော်ကန်တော့ နိုင်လေသည်။

ယခင်က ဘုရားရှိခိုးခြင်းသည် ကုသိုလ်ရ သော်လည်း လိုချင်သည့် လောဘပါနေသည်ကို မသိ မြင်နိုင်ပါ။ထို့ကြောင့် အဖြူကံအမဲကံ ရောနေပါသည်။ 'ငါဘုရားရှိခိုးတယ်'ဟုယူထား သောကြောင့်လည်း မြဲသည့်နိစ္စသညာ၊ အခိုင်အမာ အနှစ်သာရရှိသည့် အတ္တသညာ ဖြစ်နေပါသည်။

ယခုအခါ မိမိသည် ထိုဓမ္မအသိများကို သိမြင်ခွင့်ရသောကြောင့် ဘုရားရှင် ၏အလိုအတိုင်း ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိဖြင့် ပူဇော်ကန်တော့ နိုင်လေသည်။

# "အရှိအမေ နှင့် အသိအမေ"

မိမိသည် အမေနှင့် မျက်နှာခြင်းဆိုင်ထိုင်နေပါက အမေရှိပါသည်။ အမေနှင့် မျက်နှာလွှဲလိုက်ပါက အမေ မရှိတော့ပါ။ သာမာန်အားဖြင့်ဆိုလျှင် အမေနှင့် မျက်နှာလွှဲလိုက်သော်လည်း အမေသည် မိမိ၏ဘေး၌ ထိုင်လျှက် ရှိနေပါသည်။ သို့သော် အမေနှင့် မျက်နှာလွှဲလိုက်သောအခါ မိမိ၏မနောရုံတွင် အမေ့အာရုံ ချုပ်ပျောက်ခြင်းသာဖြစ်ပါသည်။ အာရုံအမေနှင့် ထိုင်နေသောအမေ နှစ်ယောက်ဖြစ်နေပါသည်။ အာရုံအမေသည် အကြောင်းတိုက်ဆိုင်ခိုက်သာ မနောရုံအဖြစ်ပေါ်၍ အကြောင်းကင်းသည်နှင့်ချုပ်ပျောက်ပါသည်။ အမေဟုသိခြင်းသည် သညာပေါ်ခြင်းသာဖြစ်ပါသည်။ အာရုံအမေဟု သိသောသညာသည် အနိစ္စသညာ၊ အနတ္တသညာဖြစ်ပါသည်။ ထိုင်နေသောအမေတစ်မျိုးတည်းသာသိခြင်းသည် အမြဲရှိမှု(နိစ္စသညာ)၊ အနှစ်သာရရှိမှု (အတ္တသညာ)ဖြစ်ပါသည်။ အာရုံအမေအဖြစ် ပိုင်းခြားသိပါက အကြောင်းကင်းသည်နှင့်ချုပ်ပျောက်သဖြင့် အခိုင်အမာအားဖြင့် စွဲယူခြင်း မရှိတော့ပဲ အတ္တဒိဋ္ဌိကိုပယ်နိုင်လေသည်။

# (၄) ပဋိစ္စသမုပ္ပါဒ် နှင့် ဝဋ်သုံးပါး

| ဝိပါကဝဋ် | ကိလေသဝဋ် | ကမ္မဝဋ် |
|---|---|---|
| မြင်၊ ကြား၊ နံ<br>စား၊ ထိ၊ တွေး | စွဲလမ်းမှု | အားထုတ်မှု<br>(ကံ) |
| သတ္တဝါ | ဥပါဒါန် | ကာယကံ<br>ဝစီကံ<br>မနောကံ |
| နာမ်ရုပ် | သတိ (ပညာ) | ကံချုပ် |

ကမ္မဝဋ်၌ ကံသည်(အကြောင်း)ဖြစ်၍ မြင်၊ ကြား၊ နံ၊ စား၊ထိ၊ တွေးတို့တွင် ကံ၏အကျိုး နာမ်ရုပ် အနေဖြင့် ဝိပါကဝဋ်သည် ဖြစ်ပေါ်ပါသည်။ ကံ (အကြောင်း)နှင့် ကံ၏အကျိုး နာမ်ရုပ်တို့၏ဆက်နွှယ်မှု (ကြောင်းကျိုး) ဖြစ်စဉ်သည် သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်နေသော (အနတ္တသဘာဝ)ဖြစ်လေသည်။

သို့သော် နာမ်ရုပ်(အကျိုး)မှ ကံ(အကြောင်း) ဖြစ်ပေါ်မှုတွင် အကျိုးနှင့် အကြောင်းကြားတွင် ကိလေသဝဋ် ဖြစ်သော ဥပါဒါန် (အတ္တ)ရှိနေပါသည်။ ယင်းကို သတိဦးဆောင်သော ပညာမဂ္ဂင်ဖြင့် ပယ်ရခြင်းဖြစ်ပါသည်။ (ဥပါဒါန်၊ သတိ၊ နာမ်ရုပ်၊ ကံချုပ်)

## (၅) သစ္စာ (၄)ပါး (သိ၊ ပယ်၊ ဆိုက်၊ ပွား)

ဒုက္ခသစ္စာ - ရုပ်နာမ်ကို ပိုင်းခြား (သိ)ရန်

သမုဒယသစ္စာ - တဏှာ (ဥပါဒါန်)ကို (ပယ်)ရန်

နိရောဓသစ္စာ - တဏှာချုပ်ရာ နိဗ္ဗာန်ကို
မျက်မှောက်ပြု (ဆိုက်)ရောက်ရန်

မဂ္ဂသစ္စာ - မဂ္ဂင်ရှစ်ပါးကို (ပွား)များရန်

## " ကိလေသဝဋ် ခေါ် အကိန်းခေတ် "

မြင်မှု ကြားမှုစသည်တို့သည် အကျိုးတရား ဝိပါကဝဋ်ဖြစ်၍ ကာယ ဝစီ မနောတို့ဖြင့် အားထုတ်မှု စေတနာသည် ကမ္မဝဋ်ဖြစ်သည်။ ကိလေသဝဋ်သည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဖြစ်သည်။ သို့သော် လက်တွေ့ တွင် မြင်လိုက်ကြားလိုက်သည်နှင့် နှုတ်ဖြင့်ငှင်း၊ စိတ်ဖြင့်ငှင်း ချက်ချင်းတုန့်ပြန်တတ်ကြပါသည်။ ထိုအခါ မြင်မှု ကြားမှု (ဝိပါကဝဋ်)နှင့် ကာယကံ ဝစီကံ မနောကံ (ကမ္မဝဋ်)တို့သာ ထင်ရှားနေပြီး ကိလေသဝဋ်သည် ငုတ်ကွယ်နေပါသည်။ အမှန်မှာ ကိလေသ ဝဋ်သည် ဝိပါကဝဋ် (အကျိုးတရား)နှင့် ကမ္မဝဋ် (အကြောင်းတရား)တို့၏ကြားတွင် ငုတ်နေပြီး အကိန်း ခေတ်အနေဖြင့် ကျက်စား

နေခြင်းဖြစ်ပါသည်။

မြင်မှုသည် ဝိပါကဝဋ် (အကျိုးတရား)ဖြစ်၍ မြင်မှုအပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါအဖြစ် စွဲယူနှလုံးသွင်း မှုသည် ကိလေသဝဋ်ဖြစ်ပြီး ပုဂ္ဂိုလ်သတ္တဝါ အလိုဖြင့် အားထုတ်မှုစေတနာသည် ကမ္မဝဋ် (အကြောင်းတရား) ဖြစ်သည်။ ထိုသို့ ကိလေသဝဋ်သည် ဝိပါက(အကျိုး) နှင့်ကံ(အကြောင်း)တို့ အကြားတွင် မသိမမြင်နိုင် လောက်အောင် ပုဂ္ဂိုလ် သတ္တဝါအယူဖြင့် သိမ်သိမ် မွေ့မွေ့ ကျက်စားနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ကိလေသဝဋ်ကို ပယ်ချင်ပါက ယင်းနေရာတွင် သမ္မာဒိဋ္ဌိ ဦးဆောင်သောဉာဏ်ကို အစားထိုးပြောင်းပေးရပေမည်။ ပုဂ္ဂိုလ်သတ္တဝါ အယူ ဖြစ်သော (အယောနိသောမနသိကာရ) နေရာတွင် ရုပ်နာမ်အယူဖြစ်သော (ယောနိသောမနသိကာရ)နှလုံး သွင်းမှန်ဖြင့် အစားထိုးခြင်းဖြစ်သည်။ ယင်းသည် နှလုံး သွင်း (mind set) ပြောင်းခြင်းပင် ဖြစ်ပါသည်။

မြင်မှုကြားမှုတို့အပေါ်တွင် ပုဂ္ဂိုလ်သတ္တဝါ အယူမှ ရုပ်နာမ်အမြင်မှန်သို့ သမ္မာဒိဋ္ဌိဖြင့် နှလုံးသွင်း

မှန်ပါက ကမ္မဝဋ်ဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံ စေတနာတို့သည် ကိလေသာမှ စင်ကြယ်လာသည်။ ထိုအခါ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုသော သီလမဂ္ဂင်တို့လည်း ဖြစ်ပေါ်လာကြပါသည်။

## " မနသိကာရ ခေါ် နှလုံးသွင်းမှု"

မနသိကာရ (attention)သည် အာရုံသို့ ဖြောင့်ဖြောင့် မတ်မတ် သွားစေခြင်း လက္ခဏာရှိသည်။ အာရုံကို နှလုံးသွင်းသောတရားဟု ဉာဏ်မှာ ရှေးရှု ထင်ရှားသည်။ နှလုံးသွင်းရာ၌ စိတ်ကို နှလုံးဟုခေါ်၏။ စိတ်နှလုံးအတွင်းသို့ အာရုံတစ်ခုခု ထင်ပေါ်အောင် သွင်းပေးသကဲ့သို့ပြုခြင်းကို နှလုံးသွင်း ဟုခေါ်၏။ သို့သော် စိတ်ထဲသို့အာရုံဝင်လာအောင် ဆွဲသွင်း နိုင် သည်မဟုတ်၊ မနသိကာရ၏အစွမ်းကြောင့် စိတ်သည် အာရုံတစ်ခုကို အမြဲရလျက်ရှိရကား အာရုံကို စိတ်နှလုံး သို့ဆောင်ယူပေးနေသကဲ့သို့ ဖြစ်သောကြောင့် နှလုံး သွင်းသည်ဟု တင်စား၍ ပြောဆိုရခြင်းဖြစ်သည်။

ထို့ကြောင့် မြင်လိုက် ကြားလိုက်သည်နှင့် အရောင်အဆင်းအာရုံ၊ အသံအာရုံတို့ကို ပုဂ္ဂိုလ် သတ္တဝါအသိဖြင့် စွဲမြဲစွာခံယူထားသောကြောင့်

အာရုံတို့သည် သတ္တဝါမဟုတ်သော်လည်း ခံယူချက်အမှား ကြောင့် သတ္တဝါအဖြစ် နှလုံးသွင်းမှားခြင်း (အယောနိ သောမနသိကာရ) ဖြစ်ရသည်။ သတ္တဝါအသိမပါပဲ နာမ်ရုပ်အသိဖြစ်ပါက နှလုံးသွင်းမှန်ခြင်း (ယောနိသော မနသိကာရ)ဖြစ်လေသည်။

ထို့ကြောင့် မြင်မှုကြားမှုတို့တွင် သတ္တဝါအနေဖြင့် ဥပါဒါန်ကပ်ပါက အစွဲဖြင့် နှလုံးသွင်းမှား၍ ဥပါဒါန် မကပ်ပါက အစွဲကင်းပြီး သတိဖြင့် အရှိကို အရှိအတိုင်း ရုပ်နာမ်သဘောတို့ကိုအမှန်သိမြင်သောကြောင့် နှလုံးသွင်းမှန်လေသည်။

မိမိတို့မှာ မြင်မှုကြားမှုစသည်တို့တွင် သတ္တဝါအသိဖြင့် နှလုံးသွင်းမှားမှုသည် ပြင်းစွာစွဲနေပြီကို မသိမြင်နိုင်လောက်အောင် မောဟထူနေပါသည်။ ထို့ကြောင့် "သတ္တဝါမရှိသောအသိသာ လိုရင်းဖြစ်သည်" ဟု ပခုက္ကူဆရာတော်ဘုရားကြီးဟောကြားဆုံးမ ထားခြင်းဖြစ်သည်။ အရဟတ္တမဂ်ဉာဏ်ဖြင့် သတ္တဝါ အစွဲတို့ကို အပြီးတိုင် ပယ်သတ်နိုင်ပါက ကာယကံ ဝစီကံ မနောကံတို့သည် ကံ (အကြောင်း)မဖြစ်တော့ပဲ ပြုကာမျှ၊ ပြောကာမျှ၊ ကြံကာမျှဆိုသော ကြိယာ သဘောသာ ဖြစ်တော့သည်။

## "ပုံစံခွက်ဖြင့် နှလုံးသွင်းခြင်း"

အာရုံတို့ကို သတ္တဝါပုံစံခွက်ဖြင့် ခံယူနှလုံးသွင်းနေသောကြောင့် အာရုံတို့သည် သတ္တဝါ မဟုတ် သော်လည်း သတ္တဝါဖြစ်နေရခြင်းဖြစ်သည်။ မြင်လျှင် အရောင်၊ ကြားလျှင်အသံ၊ နံလျှင်အနံ့၊ စားလျှင် အရသာ၊ ထိလျှင် အတွေ့၊ တွေးလျှင် သဘောတရား တို့သာဖြစ်ကြပါသည်။

အာရုံတို့ကို ခံယူစဉ်မှာပင် သတ္တဝါပုံစံခွက်ဖြင့် နှလုံးသွင်းမှုကြောင့် ပုံစံခွက်အတိုင်း အာရုံတို့ကို သိမြင် သွားခြင်းဖြစ်သည်။ ပုံစံခွက်ဆိုသည်မှာလည်း မိမိ၏ အစွဲ (ဥပါဒါန်)အတိုင်း နှလုံးသွင်းခြင်းပင်ဖြစ်သည်။ ဥပမာ သရဲကြောက်သူသည် အမှောင်ထဲတွင် ချိုးချိုး ချွတ်ချွတ်အသံကြားပါက သရဲခြောက်သည်ဟုပင် ထင်မြင်ယူဆပြီး နှလုံးသွင်းကာ ကြောက်ကြလေသည်။ မိမိ၏အစွဲရှိထောင့်မှသာ စွဲယူနှလုံးသွင်းခြင်း ဖြစ်သည်။

ထို့အတူ သတ္တဝါအစွဲသည် သံသရာတစ်လျှောက်လုံးစွဲလာသော အစွဲဖြစ်၍ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် စတင်နှလုံးသွင်းရာ၌လည်း သတ္တဝါ အသိသည် တစ်ပြိုင်နက်ပါဝင်သွားလေ

သည်။ ထိုသို့ နှလုံးသွင်းမှားမှု (အယောနိသော မနသိကာရ)ကြောင့် မြင်လိုက်၊ ကြားလိုက်သည်နှင့် သတ္တဝါအသိ ဖြစ်ပေါ် နေခြင်းသည် တားမရ နိုင်အောင်ဖြစ်နေရပါသည်။

သတ္တဝါအသိသည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ၏အစွမ်းကြောင့် စိတ်အစဉ်မှာ အနုသယ (အကိန်း ခဓာတ်၊ အခံဓာတ်၊ ပုံစံခွက်) အနေဖြင့် အစဉ်လိုက် ပါ နေခြင်းဖြစ်သည်။ ထိုသတ္တဝါအသိ အနုသယ ကိလေသာကို သတိပညာဖြစ်သော ဝိပဿနာပညာ၊ မဂ်ပညာတို့ဖြင့်သာ ပယ်ရှားနိုင်လေသည်။

## " ကိလေသာ (၃)မျိုး "

ဝိပါကဝဋ်သည် အကျိုးတရားဖြစ်၍ ကမ္မဝဋ်သည် အကြောင်းတရားဖြစ်သည်။ အတိတ် အကြောင်း (ကံ)ကြောင့် ယခုဘဝတွင် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့သည် ဝိပါကဝဋ် (နာမ်ရုပ်) အကျိုးတရားများ ဖြစ်သည်။

မြင်မှု၊ ကြားမှုစသည်တို့သည် ဝိပါကဝဋ် အကျိုးတရားဖြစ်၍မြင်မှု နာမ်ရုပ်အပေါ်မှာ အဝိဇ္ဇာကြောင့် ပုဂ္ဂိုလ်သတ္တဝါထင်မှု၊ တဏှာဖြင့် နှစ်သက်မှု၊ ဥပါဒါန်ဖြင့် စွဲလမ်းမှုတို့ ဖြစ်ပေါ်လာ

ကြပြန်သည်။ ယင်းသည် ကိလေသဝဋ်ဖြစ်သည်။ ကိလေသဝဋ် ဖြစ်သော **'စွဲလမ်းမှု ဥပါဒါန်ဖြင့် အားထုတ်မှု စေတနာ'** ကြောင့် ကုသိုလ်အကုသိုလ် **(ကံ)**များဖြစ်ပေါ်ကြရသည်။ ယင်းကို ကမ္မဝဋ်ဟု ခေါ်လေသည်။

သို့သော် လက်တွေ့ဘဝတွင် မြင်မှုသည် ဝိပါက (အကျိုး)ဖြစ်၍ ကာယကံ၊ ဝစီကံ၊ မနော ကံဖြင့် အားထုတ်မှုသည် (အကြောင်းကံ)ဖြစ် လေသည်။ လက်တွေ့တွင် မြင်မှု (ဝိပါကဝဋ်)နှင့် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့်အားထုတ်မှု (ကမ္မဝဋ်)တို့ဖြစ်လေသည်။

လောဘ၊ ဒေါသ၊ မောဟ ကိလေသာသည် ကမ္မဝဋ်၌ မနောကံအနေဖြင့် ဖြစ်ပေါ်လာပါက (ပရိယုဋ္ဌာန) ကိလေသာဟုခေါ်၏။ ကာယကံ၊ ဝစီကံအဖြစ် လွန်ကျူးလာပါက (ဝီတိက္ကမ) ကိလေ သာဟုခေါ်၏။ ကိလေသဝဋ်၌ဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် သတ္တဝါသဘောအားဖြင့် ပုထုဇဉ်တို့၏စိတ်အစဉ်တွင် အငုတ်ခတ်အဖြစ် ကိန်းပြီး လိုက်ပါနေသောကြောင့် (အနုသယ) ကိလေသာဟု ခေါ်လေသည်။

ထို့ကြောင့် ကိလေသာပယ်မှုတွင် လောဘ၊ ဒေါသ၊ မောဟတို့ကို ကာယကံ ဝစီကံဖြင့် လွန်ကျူး မှုကို (သီလ)ဖြင့်၄င်း၊ မနောကံဖြင့် လွန်ကျူးမှုကို (သမာဓိ)ဖြင့်၄င်း ထိန်းသိမ်းစောင့်ရှောက်ရခြင်း ဖြစ်သည်။ သို့သော် အကိန်းခါတ်၊ အငုတ်ခါတ် (အနု သယ) ကိလေသာဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ကို ဘုရားမပွင့်မှီက မသိမြင်နိုင်သောကြောင့် မပယ် ရှားနိုင်ခဲ့ပေ။

ဘုရားရှင်၏ဟောကြားညွှန်ပြမှုဖြင့်သာ အနုသယဖြစ်သော ကိလေသာ အကိန်းခါတ်ကို ဝိပဿနာအလုပ်ဖြစ်သော ရုပ်နာမ် ပရမတ်မှ တစ်ဆင့် သစ္စာလေးပါးသိမြင်ပြီးမှသာ ပယ်ရှားနိုင် လေသည်။ ထို့ကြောင့် ဝိပဿနာသည် (အနုသယ) ကိလေသာ ဖြစ်သော အကိန်းခာတ် အငုတ်ခာတ်ကို ပယ်ရှား သော(ပညာ) ဖြစ်လေသည်။

အများအားဖြင့် ဝိပဿနာအလုပ်ကို အနု သယခာတ် အကိန်းခာတ် အငုတ်ခာတ်ဖြစ်သော တဏှာကို ပယ်သောအလုပ်ဟု သဘောမပေါက်ကြပါ။ လောဘ၊ ဒေါသ၊ မောဟဆိုသည့် မိမိစိတ်မှာ ဖြစ်ပေါ် သွားသော (ကမ္မဝဋ် ကိလေသာ)ကို ပယ်သည်

ဟုသာ နားလည်နေကြပါသည်။ အမှန်မှာဝိပဿနာ၏ ပထမ အဆင့်သည် လောဘကို ငါမဟုတ်ကြောင်း သတ္တဝါ သဘောမှလွတ်အောင် နှလုံးသွင်းရခြင်းဖြစ်သည်။ သို့သော် ယင်းသတ္တဝါသဘော အနုသယဓာတ် အကိန်းဓာတ်ကို ပယ်ရကောင်းမှန်းမသိတော့ဘဲ ယင်းကိုကျော်ပြီး ပုဂ္ဂိုလ်သတ္တဝါအယူဖြင့် ကမ္မဝဋ်၌ဖြစ်သော လောဘ၊ ဒေါသ၊ မောဟကို ပယ်သတ်ရန် အားထုတ်နေကြခြင်းဖြစ်လေသည်။

## " သတ္တဝါအသိ နှင့် ကိလေသဝဋ် "

ဝဋ် (၃)ပါးတွင် ဝိပါကဝဋ်သည် မြင်မှု ကြားမှုတွင် ဖြစ်ပေါ်သော ရုပ်နာမ်ဖြစ်၍ ကိလေသဝဋ်သည် ယင်းရုပ်နာမ်အပေါ်တွင် ပုဂ္ဂိုလ်၊ သတ္တဝါအဖြစ် အသိ မှားမှု အဝိဇ္ဇာ၊ နှစ်သက်မှု တဏှာနှင့် စွဲလမ်းမှု ဥပါဒါန် တို့ဖြစ်သည်။ ကမ္မဝဋ်သည် ပုဂ္ဂိုလ်သတ္တဝါအလို အတိုင်း ကာယ၊ ဝစီ၊ မနော စေတနာတို့ဖြင့် အားထုတ် ခြင်းကြောင့် ကုသိုလ် အကုသိုလ်ကံတို့ ဖြစ်လေသည်။

ယင်းဝဋ် (၃)ပါးတွင် ဝိပါကဝဋ်သည် မြင်မှု၊ ကြားမှုတွင် ရုပ်နာမ်သဘောသာဖြစ်သော်လည်း

ယင်းအပေါ်တွင် သတ္တဝါအယူများဖြင့် နှလုံးသွင်းမှားခြင်းကြောင့် ကိလေသဝဋ်ဖြစ်ရလေသည်။

ထို့ကြောင့် သတ္တဝါအယူသည် ကိလေသဝဋ်ဖြစ်သောကြောင့် သတ္တဝါအယူဖြင့် ကာယ၊ ဝစီ၊ မနော စေတနာတို့ဖြင့်အားထုတ်ခြင်းသည် ကမ္မဝဋ်ဖြစ်ကာ ဝဋ်(၃)ပါး သံသရာလည်ရခြင်း ဖြစ်သည်။ ဝဋ်ဖြတ်လိုပါက ကိလေသဝဋ်ကိုသာ ပယ်ရပေမည်။ ကိလေသဝဋ်သည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဖြစ်၍ သတ္တဝါ အယူဖြင့် နှလုံးသွင်းမှားခြင်း (အယောနိသောမနသိကာရ)ကြောင့် ဖြစ်ရပါသည်။

ထို့ကြောင့် ကိလေသဝဋ်ကို ပယ်လိုပါက မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတွင် နာမ်ရုပ်ကို သတိဖြင့် နှလုံးသွင်းမှန်ပါက ယောနိသောမနသိကာရ ဖြစ်ကာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုသော (အနုသယ) ကိလေ သာကို ပယ်နိုင်ပေမည်။ ထိုအခါ ကိလေသဝဋ်ကို ပယ်နိုင်သဖြင့် ကမ္မဝဋ်ချုပ်ကာ ဝိပါကဝဋ် နောင်တဖန် မဖြစ်ပေါ်ပဲ သံသရာ ဝဋ်ဒုက္ခငြိမ်းရခြင်း ဖြစ်ပါသည်။

## သတ္တဝါမရှိသောအသိ(သို့)Mind setပြောင်းပါ။

မျက်စိကမြင်တယ်၊ မနောကသိတယ်။ နားက ကြားတယ်၊ မနောကသိတယ်။ နှာခေါင်းကနံတယ်၊ မနောကသိတယ်။ လျှာကစားတယ်၊ မနောကသိတယ်။ကိုယ်ကထိတယ်၊ မနောကသိတယ်။ယင်းသည် ဝိပဿနာ၏အခြေခံဖြစ်ပါသည်။

ဥပမာ နားက dog (ဒေါ့)ဟုကြားပါက နားသည်(ဒေါ့)အသံသာ ကြား၏။ ခွေးဟုမသိပါ။ မနောကသာ ခွေးဟုသိခြင်းဖြစ်သည်။ နားကကြားသော (ဒေါ့)သည် အသံ (ရုပ်)ကိုသာ ကြား ခြင်း (နာမ်) ဖြစ်၏။ နားတွင် (သတ္တဝါအသိ) မပါချေ။ နားကကြားသော (ဒေါ့)သည် နာမ်ရုပ်သာဖြစ်၏။

သို့သော် မနောက သိသောခွေးသည် ခြေ(၄)ချောင်း၊ အမြီးနှင့် ခေါင်းကိုယ်ပါသော (သတ္တဝါ)ခွေး ဖြစ်ပါသည်။ ထိုသို့ သတ္တဝါအသိသည် မနောမှာနှလုံး သွင်းမှားခြင်း (အယောနိသော မနသိကာရ)ကြောင့် ဖြစ်ပါသည်။ ယင်းသတ္တဝါ အယူသည်လည်း တစ်သံသ ရာလုံး တစ်သက်လုံး အကိန်းခတ် (အနုသယ) အနေဖြင့် စွဲလာခဲ့ခြင်း ဖြစ်သည်။ ထိုသတ္တဝါအယူကို ပယ်ရမည့် အစွဲ

(ဥပါဒါန်)ဟူ၍ပင် မသိနိုင်ကြပါ။

နားတွင် သတ္တဝါအသိမပါသော (အသံခွေး) သာဖြစ်ပေါ်သော်လည်း မနောကသိသော ခွေးတွင် (သတ္တဝါခွေး)ဖြစ်ပေါ်နေသောကြောင့် အရှိတရား (ရုပ်နာမ်ပရမတ်)အပေါ်တွင် အယူမှား၊ အထင်မှား၊ နှလုံးသွင်းမှားနေခြင်းဖြစ်ပါသည်။

ထို့ကြောင့် မဟာစည်ဆရာတော်ကြီး ဟော ကြားသော "ကြားရင် ကြားတယ်မှတ်"ဟု အမှတ် လိုက်ခြင်းသည် သတ္တဝါအသိမပါသော ကြားမှု ရုပ်နာမ်သဘောကိုသာ သိမြင်အောင် နှလုံးသွင်း စေလိုခြင်း ဖြစ်ပါသည်။

ထိုသို့သဘောတရားကို သိမြင်ခြင်းကြောင့် ပခုက္ကူဆရာတော်ကြီး၏ **"သတ္တဝါမရှိသော အသိသာ လိုရင်းဖြစ်သည်"**ဟူ၍၄င်း၊ **"ပုဂ္ဂိုလ် မယူ နာမ်ရုပ်ယူ ထိုသူ ဥပါဒါန်ကင်းသတည်း"** ဟူ၍၄င်း၊ **"(၃၁)ဘုံ အလုံးစုံ အကုန်ဥပါဒါန် ယှဉ်သတည်း"** ဟူ၍၄င်း ဟောကြားဆုံးမနေသည့် စေတနာကို နားလည်ရလေသည်။

# "အနုသယ နှင့် ဓာတ်ခံ"

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ကိလေသဝဋ်သည် အနုသယ အကိန်းဓာတ်အနေဖြင့် ရှိခြင်းဖြစ်သည်။ ဥပမာ မြင်မှုသည် ဝိပါကဝဋ်ဖြစ်၍ ပုဂ္ဂိုလ်သတ္တဝါ ၊ယောက်ျားမိန်းမဟု ယူလိုက်သည်နှင့် မနောကံ ဖြစ်ပေါ်ကာ ကမ္မဝဋ်ဖြစ်လေသည်။ မြင်မှုအပေါ်တွင် အရောင်အဆင်း (ရုပ်)နှင့်သိမှု (နာမ်)ဟု အမှန် မမြင်ပဲ သတ္တဝါအကိန်းဓာတ်၊ သတ္တဝါဓာတ်ခံ၊ သတ္တဝါပုံစံ ခွက်တို့ဖြင့် အာရုံတို့ကို နှလုံးသွင်း လိုက်ခြင်းသည်ပင် ကိလေသဝဋ် ဖြစ်လေသည်။

အကိန်းဓာတ် အနုသယသဘောကို နား လည် ရန် ဥပမာအနေဖြင့် အကောင်းမြင် ဓာတ်ခံ ရှိသူသည် မြင်လိုက်ကြားလိုက်သည်နှင့် အကောင်း ဘက်မှတွေး၏၊ ပြော၏။ အဆိုးဓာတ်ခံရှိပါကလည်း အဆိုးဘက်မှ တွေး၏၊ ပြော၏။ ထိုအခါ မြင်မှု ၊ကြားမှုသည် ဝိပါကဝဋ် ဖြစ်၍ တွေးမှုပြောမှုသည် ကမ္မဝဋ်ဖြစ်၏။ အကောင်း ဓာတ်ခံနှင့်အဆိုး ဓာတ်ခံသည် ကိလေသဝဋ်ကဲ့သို့ အကိန်းဓာတ်၊ အခံဓာတ်အနေဖြင့် ရှိနေခြင်းဖြစ်သည်။ ထိုအကိန်း ဓာတ်ခံကြောင့် အကောင်းတွေး အကောင်း ပြောနှင့်

အဆိုးတွေး အဆိုးပြောခြင်းတို့ ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။

ထို့အတူ သတ္တဝါအယူဖြစ်သော ခေတ်ခံသည် ရဟန္တာအရှင်မြတ်တို့မှလွဲ၍ အနည်းနှင့်အများ အကိန်းခေတ်အားဖြင့် ရှိကြပါသည်။ ထိုအကိန်းခေတ်ခံ အနုသယကြောင့် (အာရုံ)တို့ကို နှလုံးသွင်းတိုင်း (သတ္တဝါအသိ) ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။ ကိလေသဝဋ္ဋ အကိန်းခေတ်ခံ အနုသယကို သတိဦးဆောင်သော မဂ္ဂင်ဖြင့်သာ ပယ်ရှားနိုင်ပါသည်။ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် သတိဖြင့် နာမ်ရုပ် တို့ကို အရှိအတိုင်း နှလုံးသွင်းမှန်ပါက ကိလေသဝဋ္ဋ အနုသယခေတ်ခံကို ပယ်နိုင်ကာ သတ္တဝါအယူမှ တစ်ဆင့်ပြီးတစ်ဆင့် လွတ်မြောက်နိုင်ပေမည်။

## "အနေကဇာတိ သံသာရံ"

"ငါသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး သင်တဏှာ ယောက်ျားလက်သမားကို ရှာခဲ့၏။ ငါသည် သင့်ကိုမတွေ့နိုင်ခဲ့။ ထိုသို့ မတွေ့နိုင်ခဲ့သဖြင့် သင်သည် ငါ့အတွက် ခန္ဓာအိမ်ကို ဆောက်လုပ်နိုင်ခဲ့၏။ ငါသည် ခန္ဓဒုက္ခကို ခံခဲ့ရ၏။

ယခုငါသည် သင့်ကိုတွေ့ပြီ။ တဏှာယောက်ျား
လက် သမား သင်သည် ငါ့အတွက် နောက်ထပ်
ခန္ဓာအိမ်ကို ဆောက်ပေးရတော့မည် မဟုတ်။
သင်၏ ဆောက်လုပ် ရေးပစ္စည်းဟူသမျှ အားလုံးကို
ငါသည် ဖျက်ဆီး အပ်ပြီ။ ငါသည် ခန္ဓဒုက္ခမှ
လွတ်မြောက်လေပြီ။”

မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်
တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး
သောအခါ ဤဥဒါန်းကို “အနေကဇာတိ သံသာရံ”
အစချီကာ စိတ်ဖြင့် ကျူးရင့်တော်မူခဲ့၏။ ယခုအခါ
ဤဥဒါန်း ရွတ်ဆိုခြင်းကို ဘုရားအနေကဇာတင်
သည်ဟု ဆိုကြ လေသည်။

ဘုရားရှင် ဥဒါန်းရင့်ကျူးရလောက်အောင်
အတွေ့ရခက်ခဲသော တဏှာသည် မိမိတို့ သမုတိ
နယ်မှာသိသော ရပ်သိရွာသိ တဏှာမျိုး မဟုတ်
သည်မှာ သေချာပါသည်။ ထိုတဏှာသည် အကိန်း
ဓာတ်မျိုး၊ အခံဓာတ်မျိုး၊ အငုတ်ဓာတ်မျိုး၊ အနုသယ
ဓာတ် အနေဖြင့် ရှိခြင်းမျိုးဖြစ်သည်။ ခန္ဓာအနေဖြင့်
ဖြစ်ပေါ် လာသော ထင်ရှားသည့်တရားမျိုးမဟုတ်ပါ။
ခန္ဓာအနေဖြင့် ဖြစ်ပေါ်လာသော လောဘ၊ ဒေါသ၊

မောဟ တရားတို့သည် သိမြင်နိုင်ကြပါသည်။

တဏှာလက်သမားသည် မနောမှာရှိပါသည်။ မျက်စိနှင့်အဆင်းတိုက်မှုကြောင့် ဖြစ်ပေါ်လာသော မြင်စိတ်သည် အာရုံကိုယူပေးသည်။ ထိုအာရုံကို ဖဿသည် မနောနှင့်တွေ့ထိပေးသည်။ မနောတွင် တဏှာ လက်သမားသည် သတ္တဝါပုံစံခွက် (form work) ရိုက်ထားလေသည်။ ဥပမာ တိုက်ဆောက် ရာတွင် လက်သမားသည် သစ်သားဖြင့် ပုံရိုက်ထား သောကြောင့် ကွန်ကရစ်လောင်းလိုက်သည်နှင့် တိုက် ပုံစံပေါ်သွားခြင်းဖြစ်သည်။

ထို့အတူ အာရုံတို့သည် မနောတွင် တဏှာလက်သမား ရိုက်ထားသော ပုံစံခွက် အတွင်းသို့ ကျရောက်သည်နှင့် သတ္တဝါအသိ ဖြစ်ပေါ်သွားလေသည်။ ယင်းကိုပင် နှလုံးသွင်းမှားသည်ဟု ဆိုခြင်းဖြစ်သည်။

ထိုအနုသယ တဏှာခတ်ခံ ပုံစံခွက်ကြောင့် အာရုံတို့ကို ပုဂ္ဂိုလ်သတ္တဝါ ဒြပ်ဝတ္ထုအဖြစ် မနောတွင် နှလုံးသွင်းမှားနေသည်ကို သိနိုင်ခဲ မြင်နိုင်ခဲပြီး အလွန် နက်နဲလှသောကြောင့် ဘုရားရှင်သည် လေးသခေ်ျနှင့် ကမ္ဘာတစ်သိန်း ကြာခဲ့ရလေသည်။

ဓမ္မတာအားဖြင့် အပေါ်ပိုင်းသည် မြင်လွယ်သော် လည်း အနက်ပိုင်း အငုတ်ပိုင်း၊အကိန်းပိုင်းသည် နက်နဲသလို သိမြင်ရန် လည်းခက်ခဲလှပါသည်။ သာမာန်ပုဂ္ဂိုလ်တို့၏ အရာမဟုတ်ပါ။ ထိုအနုသယ၊ အငုတ်ဓာတ်၊ အကိန်းဓာတ်၊ တဏှာသဘောကို ထိုးထွင်းသိမြင်ကာ ဟောကြားနိုင်မှုသည် ဘုရားရှင်တို့၏အရာသာ ဖြစ်ပါသည်။

**"အနုသယကိလေသာ"** (ဦးရွှေအောင်)

အနုသယကိလေသာနှင့်ပတ်သက်၍ တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက သူ၏သဂြိုလ်ဘာသာဋီကာ၌ ဤသို့ ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။

အနုသယကိလေသာသည် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် အထင်အရှား မရှိချေ။ ဥပါဒ် ဌီ ဘင်အားဖြင့် အထင်အရှား ဖြစ်သောအခါ အနုသယမဟုတ်၊ ပရိယုဋ္ဌာန ကိလေသာဖြစ်ပါသည်။ သီးမည့်သရက်ပင်၌ သီးစေတတ်သော ဓာတ်သတ္တိသည် သရက်စေ့အညှောင့်ထွက်သည်ကစ၍ ပင်လုံး၊ အခက် အရွက်၊ အညွန့်တို့၌လည်းပါ၏။ ဤသီးစေတတ်သော ဓာတ်သတ္တိသည် သရက်ပင်တစ်ပင်လုံး၌ အစ

အဆုံးကိန်း ဝပ်နေသကဲ့သို့ အနုသယ (ခေါ်) ကိလေသာဓာတ် သည်လည်း ပဋိသန္ဓေအခါမှစ၍ တစ်ဘဝလုံး ရုပ်နာမ် အစဉ်၌ပါရှိလေသည်။

ရဟန္တာ မဖြစ်သေးသမျှ ကုသိုလ်ကောင်းမှု ပြုနေစဉ်၊ ကမ္မဋ္ဌာန်း အားထုတ်နေ စဉ်တွင်လည်း ပါရှိလေသည်။ စုတိစိတ်ဖြစ်ခိုက်၌၎င်း၊ ပဋိသန္ဓေ စိတ်ဖြစ်ခိုက်၌၎င်း ပါရှိလေသည်။ အရူပဘုံ၌ နာမ်တရားချည်း ပဋိသန္ဓေနေသော်လည်း ထိုအရူပဘုံနာမ်အစဉ်၌၎င်း၊ အသညသတ်ဘုံ၌ ရုပ်ချည်း ပဋိသန္ဓေနေသော်လည်း ထိုအသညသတ်ဘုံ ရုပ်အစဉ်၌၎င်း အနုသယ ကိလေသာဓာတ်သည် ပါရှိလေသည်။

ထို့ကြောင့် အနု-အစဉ်တစိုက်၊ သန္တာနေ-ရုပ်နာမ် ခန္ဓာအစဉ်၌ သေန္တိ-ကိန်းဝပ် တည်နေကုန်၏။ ဣတိ ထို့ကြောင့် အနုသယာ၊ အနုသယ မည်ကုန်၏။ (ဦးရွှေအောင်၏ အတ္တဝါဒမှ အနတ္တဝါဒသို့ခရီးစဉ်)

## " မျိုးစေ့ နှင့် အပင် "

ပုဂ္ဂိုလ်သတ္တဝါအယူဖြင့် ပြုလုပ်သော ကုသိုလ် ကံသည် အကျိုးပေးသောအခါ ကောင်း

သောနေရာတွင် ပုဂ္ဂိုလ်သတ္တဝါအနေဖြင့်သော အကျိုးပေး၏။ပုဂ္ဂိုလ်သတ္တဝါအယူဖြင့်ပြုလုပ်သော အကုသိုလ်ကံ တို့သည်လည်း အကျိုးပေး သောအခါ မကောင်းသော အပါယ်ဘုံမှာပင် ပုဂ္ဂိုလ်သတ္တဝါအနေဖြင့်ပင် အကျိုး ပေး၏။

သရက်ပင်မှသီးသော သရက်သီးအစေ့သည် သင့်လျော်သော မြေ ရေ နေရောင်တို့ရသော အခါ သရက်ပင်သာလျှင် အပင်ပေါက်ပေမည်။ သူ့မျိုးစေ့ နှင့်သူ့အပင်ပေါက်ခြင်းသာဖြစ်၏။ ထို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါအယူဖြင့် ပြုလုပ်သော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် အကျိုးပေး သောအခါ၌လည်း ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် ကောင်းကျိုး ဆိုးကျိုးတို့ကို ဖြစ်ပေါ်စေသည်။

အကယ်၍ ပုဂ္ဂိုလ်သတ္တဝါအယူကင်းပြီး သမ္မာဒိဋ္ဌိအယူမှန်ဖြစ်သော ဝိပဿနာ ကုသိုလ်၊ မဂ်ကုသိုလ်တို့သည် အကျိုးပေးသည့်အခါ၌လည်း ပုဂ္ဂိုလ်သတ္တဝါ လွတ်ရာ ကင်းရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ ကောင်းကိုသာ ပေးခြင်း ဖြစ်လေသည်။

## “ ဗုဒ္ဓဒေသနာတော် နှင့် ပညာရပ် ”

ဗုဒ္ဓဒေသနာကို ဘုရားရှင်၏ အဆုံးအမ အနေဖြင့်၄င်း ဘုရားရှင်၏သင်ကြားမှု(teaching) အနေဖြင့်၄င်း ဖွင့်ဆိုကြပါသည်။ အများအားဖြင့် ဘုရားရှင်ဟောကြားထားသော ဗုဒ္ဓဒေသနာတော် များကို ကိုးကွယ်မှုအနေဖြင့်သာ အသိများကြပါသည်။ ကိုးကွယ်ခြင်း (worship)ကြောင့် အန္တရာယ်များ ကင်းအောင်၊ စီးပွားဥစ္စာများ တိုးတတ် ပြည့်စုံအောင် ဆုတောင်းခြင်း (pray)လုပ်ကြပါသည်။ ဘာသာ ရေးဆိုသည်မှာ ထိုသို့ဆောင်ရွက်ရမည့်အရာဟု ယုံကြည်မှု (faith)သည်လည်း လူသားအများစု၏ အသိတရားတို့အပေါ်တွင် လွှမ်းမိုးနေကြပါသည်။

အမှန်မှာ ဘုရားရှင်သည် လူသားတို့၏ ဘဝနေထိုင်နည်းမှစ၍ အကြွင်းမဲ့ လွတ်မြောက်မှု (နိဗ္ဗာန်) အထိရောက်အောင် ညွှန်ပြထားသော ပညာရပ်မျိုး ဖြစ်ပါသည်။ ယင်းပညာရပ်သည် သဘာဝအရှိတရား အပေါ်မှာ လက်တွေ့ကျကျအခြေခံထားခြင်း ဖြစ်သည်။ တွေးခေါ်ကြံစည်ပြီး ဆင်ခြင်မှုဖြင့်သိရသော ဒဿန ပညာရပ်မျိုး (philosophy)မဟုတ်ပါ။

လူသားတို့ဘဝနေထိုင်ကြပုံမှာ စား၊ ဝတ်၊ နေရေး၊ ကျန်းမာရေးတို့သည် အခြေခံလိုအပ်ချက် ဖြစ်သည်။ ယင်းတို့အတွက် ရှာဖွေလုပ်ကိုင်ရသည် မှာ ပင်ပန်းဆင်းရဲကြရပါသည်။ ယင်းတို့ကို သစ္စာအနေဖြင့်ကြည့်လျှင် ဒုက္ခသစ္စာထိုက်ပါသည်။ သို့သော် လူသားတို့သည် အခြေခံလိုအပ်ချက် စားဝတ်နေရေး ကျန်းမာရေး ပြည့်စုံရုံသာမက ကောင်းကောင်းနေချင်၊ ကောင်းကောင်းဝတ်ချင်၊ ကောင်းကောင်းစားချင်၊ ကောင်းကောင်းပျော်ချင်သော လောဘ သမုဒယပါဝင် လာလေသည်။ ထိုအခါ အလိုပြည့်ပါက လောဘ၊ အလိုမပြည့်ပါက ဒေါသ၊ သောကတို့ဖြင့် စိတ်ဆင်းရဲ ကြရပါသည်။ သမုဒယကြောင့် ကိလေသာ ဆင်းရဲ

လောဘဒေါသတို့ဖြစ်ကြရသည်။ ယင်းဘဝနေနည်း အတိုင်းသာ လူသားအများစု နေထိုင်ခဲ့ကြပါသည်။

ဘုရားရှင်ပွင့်တော်မူသောအခါ ဘုရားရှင် သည် သမုဒယကင်းပြီး ဒုက္ခငြိမ်းသော ဘဝနေထိုင် နည်းကို ညွှန်ပြခဲ့ပါသည်။ ယင်းသည် မဂ္ဂနှင့်နိရောဓ အမြင်ဖြင့် ဘဝနေထိုင်နည်းဖြစ်ပါသည်။

သမုဒယသည် အာရုံတို့ကို စွဲလမ်းမှု (attach) ဖြစ်ပြီး မဂ္ဂသည် အာရုံတို့ကို မစွဲလမ်းမှု (detach) ဖြစ်ပါသည်။ ထို့ကြောင့် စွဲလမ်းမှု ဥပါဒါန် (attach) ဖြစ်ပါက ဆင်းရဲ၍ သတိပညာဖြင့် အစွဲကင်းမှု (detach) ဖြစ်ပါက ချမ်းသာပါသည်။

စွဲရာဘဝနှင့် မစွဲရာဘဝ နှစ်မျိုးနှစ်စားဖြင့် ဘဝနေထိုင်နည်းကို ဟောကြားခဲ့ပါသည်။ ဘဝကို ဝေဖန်ဆန်းစစ်ရာတွင် စွဲလမ်းမှု ဥပါဒါန်ဖြင့် ယှဉ်သော ဘဝနှင့် မစွဲမှု ဥပါဒါန်ကင်းသော ဘဝဟူ၍ (၂)မျိုး တွေ့ရပါသည်။

## " သတိဖြင့်စွဲမှုပယ်ပုံ "

စွဲလမ်းမှုပယ်ပုံမှာ ပစ္စုပ္ပန်တည့်တည့် နေလိုက်ပါ။ (You live fully in the present action.) စိတ်သည် တစ်ချိန်မှာ နှစ်စိတ် ပြိုင်မဖြစ်ပါ။

ဥပမာ လမ်းမှာ ပြဿနာဖြစ်သောစိတ်သည် ထိုနေရာမှာပင် ချုပ်ပျောက်၏။ အိမ်ပြန်လာစဉ် လမ်း၌ဖြစ်ပေါ်သော မြင်စိတ်၊ ကြားစိတ်တို့သည် ပစ္စုပ္ပန်ကျကျအာရုံ ပြောင်းတိုင်း စိတ်ပြောင်းနေပါသည်။ သို့သော်ပစ္စုပ္ပန်ကို (သတိ)မပြုနိုင်ပဲ ပြီးခဲ့သောပြဿနာကိုဥပါဒါန်ဖြင့် စွဲလမ်းမှု (attach)ဖြစ်နေသောကြောင့်စိတ်ဆင်းရဲမှု ဆက်လက်ဖြစ်နေရပါသည်။ အိမ်ရောက်ပါကလည်း မြင်ဆဲ ကြားဆဲ ထိဆဲတို့မှာ (သတိဖြင့်) ပစ္စုပ္ပန်ကျကျနေထိုင်နိုင်ပါက အစွဲကင်းမှု (detach) ဖြစ်ကာ ဆင်းရဲခြင်းမှ လွတ်မြောက် ပေမည်။

ထိုအခါ အတိတ်ကိုလည်း မပြန်တော့၊ အနာဂတ်ကိုလည်း မသွားတော့ပဲ ပစ္စုပ္ပန်တည့်တည့်မှာ (သတိဖြင့်) နှလုံးသွင်းမှန်ဖြင့်နေခြင်းသည် ဆင်းရဲခြင်းမှ လွတ်ကြောင်းအကျင့်ပင် ဖြစ်ပေသည်။

**“ ပစ္စုပ္ပန်အမှုမြင်အောင်ရှု”**

ပစ္စုပ္ပန်ဆိုသည်မှာ မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ စားဆဲ၊ ထိဆဲ၊ တွေးဆဲ (ဖြစ်ဆဲရုပ်နာမ်)တို့တွင် သတိ၊ ဝီရိယဖြင့် အသိလိုက်ပြီးနေခြင်းဖြစ်သည်။ ဥပမာ လက်လှုပ်ကြည့်ပါက လှုပ်မှုရုပ်သည် ပစ္စုပ္ပန်ဖြစ်၍ ရုပ်လိုက်သည်နှင့် ထောက်ကန်မှုရုပ်သည်

ပစ္စုပ္ပန် ဖြစ်၏။ ပစ္စုပ္ပန်ကိုကောက်ပါက ပရမတ်(ရုပ်) သာရ၏။ လက်သည်ပညတ်ဖြစ်၍ ကာလလွတ် ဖြစ်၏။ လက်ပညတ်သည် ပြောင်းလဲခြင်းမရှိ၊ ထာဝရဖြစ်၏။ပရမတ် ရုပ်တို့သာ အမြဲပြောင်းလဲ နေခြင်းဖြစ်ပါသည်။

ပစ္စုပ္ပန်သဘောကို နားလည်သိမြင်အောင် နှလုံးသွင်းဆင်ခြင်ကြည့်ပါ။ ဥပမာ မောင်မောင်ဟု အသံကြားပါက အသံ(ရုပ်)နှင့်ကြားမှု(နာမ်)သည် ပစ္စုပ္ပန်ဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါပညတ်သည် အမြဲရှိ နေ၏။ အသံနှင့်ကြားမှုသည် ပစ္စုပ္ပန်ခဏ အခိုက် အတန့် (moment by moment)၌သာ တည် နိုင်၏။ ထို့ကြောင့် ပစ္စုပ္ပန်ကိုပြပါဆိုလျှင် ပရမတ် ရုပ်နာမ်ကိုသာ တွေ့ရမည်။ ရုပ်နာမ်သည်သာ ပစ္စုပ္ပန် ဖြစ်သည်။ ရုပ်နာမ်ပရမတ်မှလွဲ၍ ပစ္စုပ္ပန်ကို မသိနိုင်ပါ။

## " သတိကိုအလေးမထားပါ "

ပစ္စုပ္ပန်ဖြင့်နေတတ်ရန် သတိသည် အဓိက ဖြစ်ပါသည်။ သတိရှိပါက မြင်ဆဲ၊ ကြားဆဲ၊ နံ့ဆဲ၊ စားဆဲ၊ ထိဆဲ စသည်တို့၌ ဖြစ်ဆဲနာမ်ရုပ်တို့အပေါ်တွင် အမှန်အတိုင်းသိမြင်ပါက ပစ္စုပ္ပန်ဖြင့်နေတတ် လာပေမည်။ ထို့ကြောင့် ဘုရားရှင်သည် စွဲလမ်းမှု

ကင်းရန် သတိပဋ္ဌာန်ကိုသာ တစ်ကြောင်းတည်း သောလမ်းဟု ဟောကြားတော်မူခဲ့လေသည်။

ထို့ကြောင့် မဟာစည်ဆရာတော်ကြီးသည် စွဲလမ်းမှုကင်းရန်အတွက် ပစ္စုပ္ပန်တွင် သတိဖြင့် နေရန် မြင်ရင်မြင်တယ်မှတ်၊ ကြားရင် ကြားတယ်မှတ်၊ စား စားတယ်မှတ်၊ ထိ ထိတယ်မှတ်၊ တွေး တွေးတယ်မှတ် စသည်ဖြင့် လက်တွေ့ကျကျ လမ်းညွှန်ခဲ့ပါသည်။ သို့သော် သတိဖြင့် ပစ္စုပ္ပန်ကျကျ နေခြင်း၏ ထိရောက်မှု အကျိုးအာနိသင်ကို ကိုယ်တိုင် မသိမြင် နိုင်သော ကြောင့်အလေးမထားမိကြပါ။ ဓမ္မချမ်းသာသည် ပစ္စုပ္ပန် မှတ်ဆဲခဏတွင် စွဲလမ်းမှုကင်းသည်ဖြစ်၍ ဆင်းရဲငြိမ်း၏။ အတိတ်လည်းမပြန် အနာဂတ်လည်း မသွားတော့ဘဲ တောင့်တမှု ကြောင့်ကြမှု၊ စိုးရိမ်မှု ပူဆွေးမှုတို့မှ ကင်းငြိမ်းခြင်း အကျိုးကို လက်ငင်းရရှိလေသည်။

## " သတိ နှင့် ဥပါဒါန် "

သတိရှိလျှင် ပစ္စုပ္ပန်တည့်၍အစွဲလွတ် သဖြင့် ချမ်းသာ၏။ အတိတ်အနာဂတ်အာရုံတို့ကို ဥပါဒါန်ဖြင့် စွဲလမ်းမှုကြောင့် တောင့်တမှု၊ ကြောင့် ကြမှုတို့ဖြင့် ဆင်းရဲကြရသည်။ သတိရှိပါက ပစ္စုပ္ပန်

ခဏာတွင် ရုပ်နာမ် အကြောင်းအကျိုး ဖြစ်ပျက်သာ ရှိ၏။ ထိုအခါ စွဲလမ်းမှု ငြိမ်းနေသောကြောင့် ချမ်းသာရလေသည်။

ဥပါဒါန်ရှိပါက သတ္တဝါအယူဖြင့် အတိတ် အနာဂတ်တစ်လျှောက် ပြေးသွားပြီး လောဘ၊ ဒေါသ၊ မောဟ ကိလေသာတို့ဖြင့် ဆင်းရဲရသည်။ ထို့ကြောင့် သတိရှိပါက ယောနိသောမနသိကာရ နှလုံးသွင်းမှန်၍ ချမ်းသာ၏။ ဥပါဒါန်ဖြစ်ပါက အယောနိသောမနိသိ ကာရ ဖြစ်ပြီး နှလုံးသွင်းမှားကာ ဆင်းရဲရလေသည်။

## "သတိပဋ္ဌာန်လေးပါး"

ဝိပဿနာရှုမှုသည် ပစ္စုပ္ပန်မှာသတိဖြင့် နှလုံးသွင်းနေခြင်းဖြစ်သည်။ ပစ္စုပ္ပန်ဖြင့်နေတတ်အောင် သတိထူထောင်မှုသည် အဓိကဖြစ်သောကြောင့် သတိ ပဋ္ဌာန်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဝိပဿနာ အလုပ်သည် ပစ္စုပ္ပန်ခဏကိုသိမြင်အောင် သတိ ထူထောင်မှုနှင့် စတင်ရခြင်းဖြစ်၏။ သတိကို ဝီရိယဖြင့်ထူထောင်ရ၏။ သတိထူထောင်ရာတွင် ရုပ်၏ဖောက်ပြန်မှုကို ပစ္စုပ္ပန် တည့်တည့် နှလုံးသွင်း၍ သတိထူထောင်မှုကို ကာယာ နုပဿနာ၊ ဝေဒနာ

ဖြစ်ပေါ်မှုကို ပစ္စုပ္ပန်တည့်တည့် နှလုံးသွင်း၍ သတိ ထူထောင်မှုကို ဝေဒနာနုပဿနာ၊ စိတ်ဖြစ်ပေါ် မှုကို ပစ္စုပ္ပန်တည့်တည့် နှလုံးသွင်း၍ သတိ ထူထောင် မှုကို စိတ္တာနုပဿနာ၊ သညာသင်္ခါရဖြစ် ပေါ်မှု တို့ကို ပစ္စုပ္ပန်တည့်တည့်နှလုံးသွင်း၍သတိ ထူ ထောင်မှုကို ဓမ္မာနုပဿနာဟူ၍ ဘုရားရှင်သည် ရုပ်၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဟူသော သတိပဋ္ဌာန်(၄)ပါးကို ဟောကြားညွှန်ပြတော်မူခဲ့ခြင်းဖြစ်လေသည်။

## "ပစ္စုပ္ပန်မှာ ဘာနဲ့နေလဲ"

အရှိတရားသည် ပစ္စုပ္ပန်ဖြစ်၍ ပစ္စုပ္ပန်အရှိ တရားဖြင့်သာ နေထိုင်သင့်၏။ သို့သော် အတိတ်ကို လွမ်းပြီး အနာဂါတ်ကိုမျှော်ကာ ပစ္စုပ္ပန်မှာ နေထိုင်ကြ ပါသည်။ သတိဖြင့် ပစ္စုပ္ပန်မှာ အနေနည်းကြပါသည်။ အများအားဖြင့် နေထိုင်သည်ဟူသော ဝေါဟာရ စကား၏ အဓိပ္ပါယ်ကိုပင် သိပ်နားမလည်ကြပါ။ "ဘာနဲ့နေလဲ"ဟုမေးလျှင် "အိမ်ဖြင့်နေသည်၊ တဲဖြင့် နေသည်၊ တိုက်ဖြင့်နေသည်၊ အဆောင်မှာ နေသည်" ဟု သမ္မုတိနယ်အသိဖြင့် ဖြေကြသလို တစ်ချို့ လည်း "သားနဲ့နေတယ်၊ သမီးနဲ့နေတယ်၊ တူတွေ တူမတွေနဲ့ နေတယ်"ဟု ပြောတတ်ကြပါသည်။

အမှန်မှာ ပစ္စုပ္ပန် အရှိတရားဖြင့်သာ နေထိုင်ခြင်းဖြစ်ပါသည်။ မြင်သည့်အခါ မြင်မှုဖြင့်နေ၏။ ကြားသည့်အခါ ကြားမှုဖြင့်နေ၏၊ သွားသည့်အခါ သွားဖြင့်နေ၏၊ စားသည့်အခါ စားမှုဖြင့်နေ၏၊ ပြောသည့်အခါ ပြောမှုဖြင့်နေ၏၊ လုပ်သည့်အခါ လုပ်မှုဖြင့်နေ၏၊ ထိုကဲ့သို့သိမှ ပစ္စုပ္ပန်တည့်တည့်မှာ သတိဖြင့် နေတတ်ခြင်းဖြစ်သည်။ အချိန်တော်တော်များများတွင် တွေးမှုဖြင့် အနေများသောကြောင့် ပစ္စုပ္ပန်မှာ အတိတ်၊ အနာဂတ်တို့ဖြင့် သတိလွတ်နေသည်သာများကြပါသည်။

## "ပစ္စုပ္ပန်မှာ သတိဖြင့်နေပါ"

"မြင်တာနဲ့နေသလား၊ ကြားတာနဲ့နေသလား၊ သွားတာနဲ့နေသလား၊ စားတာနဲ့နေသလား၊ တွေးတာ နဲ့နေသလားလို့" မိမိကိုယ်ကို သတိထားပြီး မေးကြည့်ပါ။ ဥပမာ "သွားတာနဲ့နေတယ်" ဆိုလျှင် သွားမှုအပေါ်မှာ သတိ၊ ဝီရိယ၊ သမာဓိအားဖြင့် နှလုံးသွင်းကြည့်ပါ၊ သွားချင်သည့်နာမ်နှင့် သွားသည့်ရုပ် တို့သာ အလုပ်လုပ်နေသည်ကိုသတိပြုနိုင်ပါသည်။

ထို့ကြောင့် ပစ္စုပ္ပန်တွင် "သွားတာနဲ့နေတယ်"

ဟု သမုတိနယ်အနေဖြင့် ပြောဆိုကြရသော်လည်း အရိုပရမတ်နယ်တွင် သွားသည့်စိတ် (နာမ်)နှင့် သွားသည့် (ရုပ်)သာ ရှိလေသည်။ ထိုကြောင့် သတိ နောက်ကွယ်မှ ဝီရိယနှင့်သမာဓိအား ပြည့်လာသောအခါ သွားသည့်ရုပ်နာမ်ကို အောက်မေ့နိုင်သော သမ္မာသတိ ဖြစ်ပေါ်လာပေမည်။

သမာဓိလင်းရောင်ခြည် ဖြစ်ပေါ်လာပါက သမ္မာသတိသည် သမ္မာသင်္ကပ္ပက မှန်စွာကြံစီနိုင်ရန် ရုပ်နာမ်တို့ကို အရှုခံအဖြစ် ဉာဏ်တွင် ထင်ရှားပေါ် လွင်စေပါသည်။ အရှုခံရုပ်နာမ်တို့ကို မှန်စွာ ကြံစီခြင်း သမ္မာသင်္ကပ္ပကြောင့် အကြောင်းတိုက်ဆိုင်မှု ဖြစ်ပေါ်၍ အကြောင်းကင်းသည်နှင့် ချုပ်ပျောက်ပုံ၊ အမြဲမရှိပုံ၊ အခိုင်အမာ အနှစ်သာရမရှိပုံတို့ကို ဉာဏ်ဖြင့် ထိုးထွင်း သိမြင်ကာ အရိုပရမတ်နယ်တွင် ပုဂ္ဂိုလ်သတ္တဝါ အတ္တသဘော မရှိကြောင်းကို အမှန်သိမြင်သော သမ္မာဒိဋ္ဌိသည် ဖြစ်ပေါ်လာလေသည်။

ထိုအခါ ပြောချင်သည့်လောဘလည်းမရှိ သလို မပြောချင်သောဒေါသလည်းမရှိပါ၊ ပြောသင့်သည်ကိုသာ ဉာဏ်ဖြင့်ယှဉ်၍ပြောခြင်း (သမ္မာဝါစာ)

သဘောသည် ဖြစ်ပေါ်လာပါသည်။ ထို့အတူ လုပ်ချင်သည့်လောဘလည်း မရှိသလို ဒီအလုပ်ကို မလုပ်ချင်သည့် ဒေါသလည်းကင်းပြီး လုပ်သင့်သည်ကိုသာ လုပ်သော သမ္မာကမ္မန္တလည်း ဖြစ်ပေါ်လာသည်။ သမ္မာဝါစာ သမ္မာကမ္မန္တကြောင့် စင်ကြယ်သော အသက်မွေးမှု သမ္မာအာဇီဝသည်လည်း ဖြစ်ပေါ်လာကာ သီလ မဂ္ဂင်လည်း ပြည့်စုံလာပါသည်။

ထိုအခါ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော ဝိပဿနာ မဂ္ဂင် (၅)ပါးတို့အပြင် သီလမဂ္ဂင် (၃)ပါးပါ ပြည့်စုံပြီး မဂ္ဂင် (၈)ပါးဖြင့် ဝိပဿနာအကျင့်မြတ်ကို လောကီမဂ္ဂင်မှ လောကုတ္တရာမဂ္ဂင်ဖြစ်သည်အထိ ပွားများ အားထုတ်ကြရလေသည်။

## **"ရှေ့သတိ နှင့် နောက်သတိ"**

ပစ္စုပ္ပန်အရှိတရားဖြစ်သော သတိကို နောက်သတိဖြင့်သိနေအောင် နေစဉ်မှာ ဝီရိယစိုက်ပြီး ကြိုးစား ကြည့်ပါ။ မြင်သတိ၊ ကြားသတိ၊ နံသတိ၊ စားသတိ၊ ထိသတိ၊ တွေးသတိ၊ သွားသတိ၊ ထိုင်သတိ၊ ရပ်သတိ၊ လျောင်းသတိ၊ ပြောသတိ စသည်တို့တွင် ရှေ့သတိကို နောက်သတိဖြင့် အသိလိုက်နေရခြင်း

ဖြစ်သည်။ ဥပမာ သတိဖြင့်စားပါက သတိဖြင့် စားနေသည်ကို နောက်သတိဖြင့်ထပ်၍သိပေးပါ။ သတိဖြင့် လမ်းကူးနေပါကလည်း သတိရှိနေသည်ကို ထပ်၍အသိလိုက်ပေးပါ။ ထိုအခါ ပစ္စုပ္ပန်သတိကို နောက်သတိဖြင့် အသိလိုက် နေခြင်းသဘောကို နားလည်လာပေမည်။ ထိုအခါ အတိတ် အနာဂတ် အတွေးများထဲတွင် နစ်မျောမနေတော့ပဲ အတိတ် အနာဂတ်တို့ကို ဥပါဒါန်ဖြင့် နှောင်ဖွဲ့မှုမှ လွတ်မြောက် လာပေမည်။

## " ခဏဖြင့် အသက်ရှင်ခြင်း "

ပစ္စုပ္ပန် အရှိတရားတို့အပေါ်တွင် သတိထား နေပါက ပစ္စုပ္ပန်ဆိုသည်မှာလည်း လှုပ်ခဏ၊ ရပ်ခဏ၊ စားခဏ၊ တွေးခဏ၊ မြင်ခဏ၊ ကြားခဏ၊ နံ့ခဏ၊ ထိခဏအားဖြင့်သာ အသက်ရှင်နေခြင်းကို သိမြင် လာကာ တစ်ခဏပြီး တစ်ခဏ (moment by moment) ဖြစ်ပေါ်ချုပ်ပျောက်နေသော သဘာဝ ကို ထိုးထွင်းသိမြင်လာပေသည်။ တစ်ခဏပြီး တစ်ခဏပေါ်၌ ကပ်ငြိစွဲလမ်းမှုမှလည်း လွတ်ကင်း လာမည်။ ထိုအခါ မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ၊ စားလျှင် စားကာမျှ၊ ထိလျှင် ထိကာမျှ၊

တွေးလျှင် တွေးကာမျှဖြင့် ဖြစ်ကြောမရှည်တော့ပဲ သိကာမျှ သဘောဖြစ်ကာ သတိပညာနှင့်ယှဉ်ပြီး လောကတွင် ထက်ဝန်းကျင်စင်ကြယ်သော ချမ်းသာစစ် ချမ်းသာ မှန်ဖြင့် နေထိုင်နိုင်လေသည်။

## "ဝင်လေထွက်လေနှင့် သတိ"

ဝင်လေထွက်လေအာရုံသည် နှာသီးဖျား၌ အချိန်တိုင်းရှိနေပါသည်။ ယင်းအာရုံကို သတိဖြင့် အောက်မေ့ပြီး ဝီရိယစိုက်ထားပါက ဘာဝနာ အစွမ်း ကြောင့် တည်ကြည်မှု သမာဓိသည် ဖြစ်ပေါ် လာမည်။ ထိုအခါ သတိသည် ထားသတိမှ ရှိသတိဖြစ်လာသည်။

ထိုအခါ သတိရှိလာပါက ပစ္စုပ္ပန်ကျကျ မြင်လျှင် မြင်ကာမျှနှင့် နေတတ်လာမည်။ ကြားလျှင် ကြားကာမျှနှင့် နေတတ်လာမည်။ ဝင်လေထွက် လေတွင် လေနှင့်နှာခေါင်း မပါပဲ ထိလျှင်ထိကာ မျှဖြင့် နှလုံးသွင်းတတ်လာမည်။ ထိုအခါ သတိ ထူထောင်မှုအတွက် အာနာပါန မူလကမ္မဋ္ဌာန်းမှ ထိသိဆိုသော ရုပ်နာမ် ကြောင်းကျိုး ဖြစ်ပျက်တို့ကို သိမြင်ကာ စွဲရာမှ မစွဲရာသို့ ရောက်ပေမည်။

## ဗုဒ္ဓခေတ်၏အမြင်သစ် (ဦးရွှေအောင်)

အမှန်အားဖြင့် အတ္တကို အခြေခံခြင်းသည် သတ္တဝါတို့၏ ပကတိသဘော ဖြစ်သည်။ ချမ်းသာစစ် (သန္တိသုခ)ကို ရရန် မိမိတို့၏ပကတိသဘောဖြင့် အား ထုတ်၍မရ။ အတ္တကိုပယ်ဖျက်၍ အားထုတ်မှသာ ရပေမည်။ အတ္တကိုပယ်ရန် ဤလောက၌ ပုဂ္ဂိုလ် သတ္တဝါ မရှိကြောင်း၊ သင်္ခါရတရားများသာ ရှိကြောင်း သိမြင်ရန် ဘုရားရှင်သည် ဝိပဿနာကို ဟောကြား တော်မူခဲ့ပါသည်။

ဝိပဿနာကျင့်စဉ်အရ သတ္တဝါသိနှင့် ဓမ္မသိ နှစ်မျိုးရှိပါသည်။ သတ္တဝါသိမှာ သူငါသဘော

ဖြစ်သည်။ အမှန်အားဖြင့် သတ္တဝါမရှိပါပဲလျက် မရှိကိုအရှိလုပ်ပြီး ကာယကံ ဝစီကံ မနောကံမှု တို့၌ သတ္တဝါသဘောကို ထည့်သွင်းကြပါသည်။ ထိုကံတို့တွင် သတ္တဝါသဘော ပါဝင်နေသောကြောင့် သံသရာ၌ သတ္တဝါသဘော ပါဝင်သော အကျိုးများ ပေးနေကြခြင်း ဖြစ်သည်။

ထိုကံ တို့၌ အမြဲမပြတ် ပါဝင်သော သတ္တဝါ သဘောကို အနုသယကိလေသာဟုခေါ်ခြင်း ဖြစ်သည်။ အစဉ်တစိုက် ကိန်းနေသော ကိလေသာ ဆိုသည်မှာ သတ္တဝါသဘောပင် ဖြစ်သည်။ ပါဠိ စာပေဖြင့် အနုသယ ကိလေသာဟု ခေါ်ပြီး အရပ် သုံးဝေါဟာရဖြင့် ငါသူဟု ပြောဆိုကြပါသည်။ ထိုကိလေသာကို မင်္ဂဉာဏ်ဖြင့် အကြွင်းမဲ့ မပယ် နိုင်သ၍ ကာယ ဝစီ မနောကံတို့တွင် သတ္တဝါ သဘောသည် ပါဝင်နေကြမည်သာဖြစ်သည်။

အနာ ဂါမ် အရိယာတို့သည်ပင် ရူပ-အရူပ ကုသိုလ်ကံတို့၌ သတ္တဝါသဘောပါဝင်နေသည့် အတွက် သံသရာတွင် ရူပဘဝ အရူပဘဝတို့၌ ကျင်လည်နေရလေသည်။ ထိုအနုသယကိလေသာ သည် အလွန်အစွမ်းထက်လှပေသည်။ ထို့ကြောင့်

အနုသယ ကိလေသာကိုသတ်ရန် ဘုရားရှင်သည် ဝိပဿနာကျင့်စဉ်ကို ဟောတော် မူခြင်းဖြစ်သည်။

စင်စစ်သတ္တဝါဟူသည် တကယ်မရှိပါဘဲ လျက် အရှိလုပ်၍ ရုပ်ကပြသည်ကို ငါကပြသည်၊ ဝေဒနာ ခံစားသည်ကို ငါခံစားသည်၊ သညာမှတ် သားသည်ကို ငါမှတ်သားသည်၊ စေတနာအားထုတ် သည်ကို ငါ အားထုတ်သည်၊ ဝိညာဏ်သိသည်ကို ငါသိသည် စသည်ဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရား တို့၏ လုပ်ဆောင် မှုအပေါ်၌ 'ငါသူ'ဟူသော မှားယွင်း သည့် သတ္တဝါ သဘောပါဝင်သွားခြင်းဖြစ်သည်။

ထိုအမှားကိုပယ်ရန် ရုပ်နာမ်သင်္ခါရတို့ကို သတ္တဝါသဘော မပါဝင်စေပဲ ရှုမှတ်ရပါမည်။ သတ္တဝါ သိပျောက်လျှင် ဓမ္မသိဖြစ်ပေါ်လာမည်။ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့သည်လည်း ဒုက္ခသာ ဖြစ်ကြောင်း၊ ဒုက္ခအဆုံး၌ 'သန္တိသုခ' ရှိကြောင်းကို ကိုယ်တိုင်မျက်မှောကထွင်းဖေါက်သိမြင်နိုင်ပါ မည်။ ယင်းသည်ပင် ဝိပဿနာကျင့်စဉ်ဖြစ်ပါသည်။

# ဝိပဿနာ၏ရှေးဦးလုပ်ငန်းများ

ဝိပဿနာအားထုတ်ရန် ရုပ်နာမ်သိရန်လို၏။ ယင်းတို့၏အကြောင်းကိုလည်းသိရန်လို၏။ ယင်း သင်္ခါရတရားများသည်လည်း "ဣမသ္မိံ သတိ ဣဒံ ဟောတိ" ဤဟာဖြစ်လျှင် ဤဟာဖြစ်၏။ "ဣမသ္မိံ နသတိ ဣဒံနဟောတိ" ဤဟာမဖြစ်လျှင် ဤဟာမဖြစ်ဟူသော ကြောင်းကျိုးဆက်နိယာမအရသာ ဖြစ်ကြရ၏။ ယင်းသည် အကြောင်းဖြစ်လျှင် အကျိုးဖြစ်၏။ အကြောင်းမဖြစ်လျှင် အကျိုးမဖြစ်။ အကြောင်း ဟူသည်မှာလည်း ရုပ်နာမ်သာတည်း။ အကျိုးဟူသည် မှာလည်း ရုပ်နာမ်သာတည်း။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်။

ပရမတ္ထသစ္စာအားဖြင့် လောကဟူသည် ကံ (ကမ္မ) နှင့် ကံ၏အကျိုး(ဝိပါက)၊ ကမ္မဝဋ်နှင့် ဝိပါကဝဋ်၊ ပြုလုပ်ခြင်း (ကြိယာ)နှင့် ပြုလုပ်ခြင်း၏ အကျိုး (ကြိယာဖလ)တို့ မပြတ်မစဲဖြစ်နေခြင်း ပင်ဖြစ်သည်။ ယင်းကို သံသရာဟုခေါ်၍ သစ်စေ့

နှင့်သစ်ပင်ပမာကဲ့သို့ အစရှာမရသောသဘော ရှိပါသည်။ ထို့ပြင် အကြောင်း အကျိုးဖြစ်စဉ်နှင့် ့ပတ်သက်၍ ဗုဒ္ဓပိဋကတ်တော်၌ ဤသို့လာရှိပါသည်။

"ကမ္မဿ ကာရကော နတ္ထိ၊
ဝိပါကဿ စ ဝေဒကော။"

"သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။"

ကံကိုပြုတတ်သူသည်မရှိ၊ အကျိုးကိုခံစား တတ်သူသည်လည်းမရှိ။

သတ္တဝါမဖက် သက်သက်သော ကံနှင့် ကံ၏ အကျိုးတရားတို့သည်သာလျှင် တစ်ပြန်စီ မပြတ် ဖြစ်ကြ ကုန်၏။ ဤအမြင်သည် မဖောက်မပြန် မှန်ကန်သော အမြင်ပေတည်း။ (ဝိသုဒ္ဓိမဂ်-၂။ ၂၃၇)


ပရမတ္ထအားဖြင့် ကံနှင့်ကံ၏အကျိုးမှ တစ်ပါး ပြုလုပ်သူ၊ ခံစားသူ၊ ပုဂ္ဂိုလ်သတ္တဝါ မရှိပါ။ သမုတိသစ္စာ အနေဖြင့်သာ ကံဖြစ်ခိုက်တွင် ဖြစ်ပေါ်သော စိတ်၊ စေတနာနှင့်ကိုယ်နှုတ်အမူ အရာတည်း ဟူသော ရုပ်နာမ်ကိုပင် စွဲမှီ၍ ပုဂ္ဂိုလ် သတ္တဝါလုပ်သည် ဟု ပြောဆိုကြရ၏။ ကံဟူသော ရုပ်နာမ်မှလွဲ၍ ပုဂ္ဂိုလ် သတ္တဝါကား သီးခြားမရှိပါ။ ပြောဆိုရုံသက်သက်မျှ သာ ရှိချေသည်။

ထို့ကြောင့် ဝိပဿနာအားထုတ်ရာတွင် အမှန်မရှိသော ပုဂ္ဂိုလ်သတ္တဝါသဘောကို ဖယ်ရှား၍ အမှန်ရှိသောရုပ်နာမ်သဘောကို သိမြင်ရန်လိုအပ်ပါ သည်။ ရုပ်နာမ်နှစ်ပါးသည်လည်း ကြောင်းကျိုးဆက် နိယာမအတိုင်း အစဉ်မပြတ်ဖြစ်ပေါ်ချုပ်ပျောက် နေခြင်းဖြစ်သည်။

ဤသို့ ရုပ်နာမ် ကြောင်းကျိုးကို အမှန်အတိုင်း သိမြင်လာသောအခါ လောကဖြစ်စဉ်နှင့်ပတ်သက်၍ ယုံမှားမှု ဝိစိကိစ္ဆာကင်းကွာလေသည်။ ကြောင်းကျိုး ဆက်နိယာမအရ ရုပ်နာမ် အဆက်ဆက်မျှသာရှိသည်။ ပုဂ္ဂိုလ်သတ္တဝါမရှိဟူ၍ အမြင်မှန်ကို ထူထောင်နိုင်မည် ဖြစ်သည်။

ဤသို့အမြင်မှန် ထူထောင်နိုင်ခြင်းကိုပင် **'ပစ္စယပရိဂ္ဂဟဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်၊ ယထာဘူတဉာဏ်၊သမ္မာဒဿနဉာဏ်'**စသည်ဖြင့် ခေါ်ဆိုကြပါသည်။ (အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်-ဦးရွှေအောင်)

# “ သတ္တဝါ နှင့် ခန္ဓာ ”




မျက်စိနှင့်အဆင်းတိုက်လျှင် မြင်စိတ်ပေါ်ပါသည်။ မြင်စိတ်(စက္ခုဝိညာဏ်)သည် အာရုံကို ယူပေးသည့်သဘောဖြစ်သည်။ ဝိညာဏ်ယူပေးသော အာရုံကို ဖဿသည် ရသဓာတ်တို့ထွက်ပေါ် အောင် ကြိတ်ချေပေးရသည်။ ဖဿကကြိတ်ချေ ပေးသော ကြောင့် ထွက်ပေါ်လာသော အကောင်း အဆိုး ရသ ဓာတ်တို့ကို ဝေဒနာက ခံစားခြင်း ဖြစ်သည်။ သညာက မှတ်သားသည်။ သင်္ခါရက ကာယကံ ဝစီကံ မနောကံ တို့ဖြင့် အားထုတ်ခြင်း ဖြစ်သည်။

ယင်းဖြစ်စဉ်ကို သာမန်အမြင်ဖြင့် ကြည့် ပါက သတ္တဝါဟုခေါ်ဆိုလေသည်။ ဘုရားရှင်သည် ယင်းကို ရှုထောင့်သစ်မှ သိမြင်ပြီး ခန္ဓာ(၅)ပါးဟု

ခေါ်ဆိုခြင်းဖြစ်သည်။ ခေါင်းကိုယ်ခြေလက်သည် မသိ တတ်သော (ရုပ်)တရားဖြစ်၍ မြင်စိတ် (ဝိညာဏ်)၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့သည် သိတတ်သော နာမ် တရား (၄)ပါး ဖြစ်သည်။ ထိုရုပ် (၁)ပါးနှင့် နာမ်တရား (၄)ပါး စုပေါင်းကာ ခန္ဓာ (၅)ပါး ဖြစ်ပေါ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်သည် အပေါ်ယံ အသွင်သဏ္ဍာန် (appearance)အားဖြင့် အမည်ပေး ပညတ်ထား သောသတ္တဝါကို နောက် ကွယ်အရှိတရား ခန္ဓာ(၅)ပါး အားဖြင့် ပရမတ် ရှုထောင့်သစ် (reality)မှ သိမြင် သွားခြင်းဖြစ်သည်။

မိမိဘက်မှကြည့်ပါက လက်ဖမိုးဟုဆို သော် လည်း သူတစ်ပါးဘက်မှကြည့်ပါက လက်ဖဝါး ဖြစ် သည်။ ထို့အတူ ဒင်္ဂါးပြားကို တစ်ဘက်အမြင် တွင် ခေါင်းဖြစ်ပါက ကျန်တစ်ဘက်သည် ပန်းဖြစ် ပေမည်။ ထို့ကြောင့် အရာရာကို ရှုထောင့်နှစ်မျိုးဖြင့် ကြည့်နိုင် ပါသည်။ မိမိ၏ဖက်မှအမြင် (subjective view) ဖြင့် သတ္တဝါသာရှိတယ်ဟု တစ်ဘက်သတ် စွဲယူထား သောကြောင့် ခန္ဓာအမြင် (objective view)ကို သဘောမပေါက်နိုင်ခြင်းဖြစ်ပါသည်။

ဥပမာ ယား၍ကုတ်ခြင်းကိစ္စတွင် ကိုယ်နှင့်

အထိတိုက်မှုကြောင့် ကာယဝိညာဏ်ဖြစ်ပေါ်သည်။ ကာယဝိညာဏ်သည် အထိအာရုံကို ရယူပေးပါသည်။ ဝိညာဏ်ကရယူပေးသောအာရုံကို ဖဿသည် ကြိတ်ချေပေးသောကြောင့် ယားသည့်ရသဓာတ်များ ထွက်လာသည်။ ထိုရသဓာတ်ကို ဝေဒနာကခံစားသောကြောင့် ဒုက္ခဝေဒနာဖြစ်ပေါ်လာသည်။ ထိုအခါ သညာသည် ယားမှုဒုက္ခဝေဒနာ ဖြစ်ပေါ်ပါက လက်ဖြင့် ကုတ်ရမည်ဟု မှတ်သားထားသောကြောင့် သင်္ခါရဖြင့် အားထုတ်ခြင်း ဖြစ်ပါသည်။ ယင်းကိုပင် သတ္တဝါအမြင်အရ 'ငါယားလို့ကုတ်သည်'ဟု သိခြင်းဖြစ်သည်။ ခန္ဓာအမြင်အရ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သာ ဖြစ်ပေါ်လေသည်။ ဝိညာဏ်စသောနာမ်တရားများသာ မဖြစ်ပေါ်ပါက ရုပ်သည် မသိတတ်သော သစ်တုံးပမာသာ ဖြစ်ပါသည်။

နောက်ဥပမာတစ်ခုမှာ မြင်မြင်ခြင်း ချစ်သည်ဟု ပြောကြပါသည်။ မျက်စိနှင့်အဆင်းတိုက်မှုကြောင့် မြင်စိတ်ဖြစ်ပေါ်ပါသည်။ မြင်မှုသည် မျက်စိမှာ ဖြစ်ပေါ်၍ ဖဿကြောင့် အာရုံသည် မနော နှင့်ထိ ခိုက်ပြီး လှသည့်ယောက်ျား မိန်းမ


အနေဖြင့် မှတ်သားသည့် သညာပေါ်ကာ ဝေဒနာ ကခံစားပြီး သင်္ခါရဖြင့် အားထုတ်ကြခြင်းဖြစ်ပါသည်။ ယင်းခန္ဓာငါးပါး အရှိတရား ဖြစ်ပေါ်သည်ကိုပင် အပေါ်ယံအသွင် သဏ္ဌာန်အားဖြင့် ငါသူ တစ်ပါးအယူမှားပြီး မြင်မြင်ခြင်း ချစ်သည်ဟု ဆိုကြပါသည်။ ထိုအခါ ငါ့ဥစ္စာအနေဖြင့် ပိုင်ဆိုင်နိုင်အောင် ကာယကံ၊ ဝစီကံ၊ မနောကံ သင်္ခါရတို့က အားထုတ်ကြခြင်း ဖြစ်ပါသည်။

## "(heart)ထိတယ်"

ယနေ့ခေတ်စကားဖြင့် ပြောမည်ဆိုပါက (heart)ထိတယ်ဟု ဆိုပါသည်။ (heart)ကို မနော ဟုကောက်ပါက မြင်စိတ်သည် မျက်စိမှာဖြစ်၍ ဖဿ ကြောင့် အာရုံနှင့် မနော(heart)ထိခိုက်ပြီး ဝေဒနာ၊ သညာ၊ သင်္ခါရတို့ ဖြစ်ပေါ်ခြင်းဖြစ်သည်။ မျက်စိ ကမြင်လျှင် မြင်သည့်အတိုင်းသာထားပါက (heart) မထိတော့ချေ။ ဖဿမှ ဖြတ်ထားနိုင်သောကြောင့် ဝေဒနာ၊ သညာ၊ သင်္ခါရတို့လည်း ချုပ်လေသည်။ ထိုအခါ မြင်ရင် မြင်တယ်မှတ်၊ ကြားရင် ကြားတယ် မှတ်နှင့် မြင်စိတ်ဖြစ်ပျက်

မနောကမင်၊ ကြားစိတ် ဖြစ်ပျက် မနောကမင်ဖြစ်ကာ မြင်လျှင် မြင်ကာမတ္တ၊ ကြားလျှင်ကြားကာမတ္တ၊ ထိလျှင်ထိကာမတ္တ၊ တွေးလျှင် တွေးကာမတ္တမျှဖြစ်ကာ (heart)မထိတော့ပဲ မနော ကြွန်တိုက်ကာ အေးငြိမ်းစွာ နေထိုင်နိုင်လေသည်။

## **"အကျိုးတရား နှင့် အကြောင်းတရား"**




မျက်စိနှင့်အဆင်းတိုက်မှုကြောင့် မြင်စိတ်ဖြစ်ပေါ်ခြင်းသည် အကျိုးတရားဖြစ်၏။ ယင်းကို ဝိပါကဝဋ်ဟု ခေါ်ဆိုလေသည်။ မျက်စိကမြင်သော အာရုံသည် မနောနှင့်တွေ့ထိမှု (ဖဿ)ဖြစ်သောအခါ ဝေဒနာက ခံစားမှု၊ သညာကမှတ်သားမှု၊ သင်္ခါရက

အားထုတ်မှုတို့ကြောင့် အကြောင်းတရား ဖြစ်ပေါ်လာသည်။ ယင်းကို ကမ္မဝဋ်ဟုခေါ်ပါသည်။

ထိုအကျိုးတရားနှင့် အကြောင်းတရား (နှစ်မျိုး) အကြားတွင် ကိလေသဝဋ်ဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် အနုသယဓာတ်ဖြစ်သောကြောင့် အကိန်း ဓာတ်၊ အခံဓာတ်၊ အငုတ်ဓာတ် အနေဖြင့်သာ ရှိခြင်းဖြစ်ပါသည်။

အကျိုးတရားတွင် မျက်စိက မြင်စိတ်သည် အဆင်း (colour)ကို မြင်မှု (seeing)ဖြစ်သော (ဝိညာဏ်သိ)သည် ထင်ရှားပါသည်။ အကြောင်းခန္ဓာတွင် မနောကသိစိတ်သည် အသွင်ပုံသဏ္ဌာန် အမည်နာမ (form, shape, name)တို့နှင့် တကွ သိခြင်း (recognizing)ဖြစ်သော (သညာသိ)သည် ထင်ရှားပါသည်။ လောကသည် အသွင်ပုံသဏ္ဌာန် အမည်နာမတို့ဖြင့် ပြောဆိုဆက်ဆံ အသုံးပြုရပါသည်။ မြင်စိတ်ကမြင်သော အဆင်း (colour) သဘောသက်သက်သည် လောကတွင် ပြောဆို အသုံးပြု၍ မရ။ ထို့ကြောင့် မြင်မှုသဘောသက်သက်သည် လောကသိ မဟုတ်တော့ပါ။ လောကမှထွက်ရာ တံခါးပေါက်ဖြစ်လေသည်။

မြင်သည်ကိုအဆင်းလို့ မသိ၊ အသွင်ပုံ သဏ္ဌာန်တို့ကို (ဥပါဒါန်)ဖြင့်စွဲ၍ သတ္တဝါဟုအမှန် ထင်ကာ ပြောဆိုဆောင်ရွက်□ကြပါသည်။ (သတိ)ဖြင့် မြင်လျှင် မြင်တယ်မှတ်၊ ကြားလျှင် ကြားတယ် မှတ်၊ စားလျှင် စားတယ်မှတ်၊ ထိလျှင် ထိတယ်မှတ် စသော (ဝိညာဏ်သိ)တွင် အသွင်ပုံသဏ္ဌာန် အမည် နာမတို့မှ လွတ်အောင် သတိ၊ ဝီရိယ၊ သမာဓိအား တို့ဖြင့် ရှုန်းနိုင် ပါက လောကမှ စတင်ထွက်မြောက် နိုင်ကြောင်းကို ပိုင်းခြားသိမြင်မှု (realise) ဖြစ်လာ ပေမည်။

## "အကြောင်းအကျိုး နှင့် အကျိုးအကြောင်း"

သံသရာဆိုသည်မှာ ရုပ်နာမ် ကြောင်းကျိုး ဆက်နေသော အစဉ်တစ်ခု ဖြစ်ပါသည်။ အကြောင်း ကြောင့် အကျိုးဖြစ်သည်၊ အကျိုးမှ အကြောင်းကို တစ်ဖန်ဖြစ်ပေါ်စေပြန်သည်။ အကြောင်းဖြစ်သည် နှင့်လည်း အကျိုးသည် ဆက်လက် ဖြစ်ပေါ်နေ ခြင်းဖြင့် ကြောင်းကျိုးဆက်အစဉ်သည် အဆက် မပြတ် ဖြစ်ပေါ်နေသည်ဟု သိမြင်နားလည်နိုင်ကြပါ သည်။ သို့သော် အကြောင်းအကျိုးနှင့် အကျိုး

အကြောင်းသဘော တရား (နှစ်မျိုး)မတူမှုကိုတော့ ပိုင်းခြားသိမြင်ရန် မလွယ်ကူလှပါ။

အကြောင်းအကျိုးကို အများစု နားလည်ကြပါသည်။ သမ္မုတိနယ်တွင် အကြောင်းကောင်းမှ အကျိုးကောင်း၏၊ အကြောင်းမကောင်းပါက အကျိုးဆိုး၏ဟု သိနိုင်ကြပါသည်။ ပရမတ်နယ်တွင် အကြောင်းတရားပြည့်စုံပါက အကျိုးတရားသည် သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်ပါသည်။ အကြောင်း တရားသည် အကျိုးတရားအဖြစ်သို့ ကူးပြောင်းသွား ခြင်းမျိုးမရှိပါ။ အကြောင်းတရားသည် ဖြစ်ပေါ်ပြီး ချုပ်ပျောက်သွားသော်လည်း အကျိုး တရားသည် သူ့သဘောသူဆောင်ကာ အသစ်ဖြစ် ပေါ်လာခြင်း ဖြစ်သည်။

အကြောင်းတရားနှင့် အကျိုးတရားသည် တစ်ခုစီ (sperate)သာဖြစ်သည်။ ထို့ကြောင့် အကြောင်းပြည့်စုံသည်နှင့် အကျိုးသည် သူ့သဘော သူဆောင်ကာ အသစ်ဖြစ် ပေါ်လေသည်။ အကြောင်း နှင့်အကျိုးတို့အကြား တွင် ကြောင်းကျိုးဆက် အစဉ်ကို ဘုရားရှင်ကိုယ် တော်တိုင် ဖြတ်၍မရပါ။ အနတ္တ သဘာဝအတိုင်း (နိယာမ)သဘော ဖြစ်ပါသည်။

အကျိုးအကြောင်းသည် သမ္မုတိနယ်တွင် အပြောအဆို အသုံးပြုမှု နည်းကြပါသည်။ ပရမတ်နယ်တွင် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့သည် အကျိုးတရားများဖြစ်ကြ၍ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် တုန့်ပြန်မှုသည် အကြောင်းတရားများ ဖြစ်လေ သည်။ ကံအကြောင်းတို့ကြောင့် နောက်ဘဝ နောက် ခန္ဓာ အကျိုးတရားတို့သည် သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်လာပါသည်။ လက်တွေ့ဘဝတွင် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးဆိုသော (အကျိုး)တရားတို့ ဖြစ်ပေါ် နေကြပြီး ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် တုန့်ပြန် ကာ (အကြောင်း) တရားတို့ ဖြစ်ပေါ်နေကြပြန်ပါသည်။

ဖြစ်စဉ်အမှန်တွင် အကြောင်းဖြစ်ပေါ်သည်နှင့်အကျိုးသည် သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်ပါသည်။ မည်သို့မျှတားမရပါ။ အကြောင်းတရားနှင့် အကျိုးတရားအကြားမှာ ဖြတ်၍မရပါ။ သို့သော် အကျိုးတရားသည် အကြောင်းတရားကို ဖြစ်ပေါ်စေနိုင်သော သတ္တိမရှိသော်လည်း အကျိုးတရားနှင့် အကြောင်းတရားအကြားတွင် (ကိလေသဝဋ်) ဆိုသော အကိန်းခတ်၊ အငုတ်ခတ်၊ အခံခတ်

တစ်မျိုးရှိနေ သောကြောင့် အကျိုးတရားတွင်မရပ်ဘဲ အကြောင်း တရားတို့ ဆက်လက်ဖြစ်ပေါ်နေကြရလေသည်။

ထို့ကြောင့် အကျိုးမှ အကြောင်းမဖြစ်အောင် ကိလေသဝဋ် အကိန်းခေတ်၊ အငုတ်ခေတ်၊ အခံခေတ် ကိုသာ ပယ်ရန်ဖြစ်ပါသည်။ (အကြောင်းနှင့် အကျိုး) နှစ်ခုကြားတွင် ဖြတ်မရသော်လည်း (အကျိုးနှင့် အကြောင်း)နှစ်ခုကြားတွင် ဖြတ်နိုင်ပါသည်။ ထို့ကြောင့် ဘုရားရှင်၏ဝါဒသည် (အကြောင်းသတ်ဝါဒ) ဖြစ်လေ သည်။ ထိုအကြောင်းကို သတ်လိုပါက အကိန်းခေတ် (အနုသယ) ကိလေသဝဋ်ကို (သတိပဋ္ဌာန်)အလုပ်ဖြင့် ပယ်သတ်ရန်သာ ဖြစ်ပါသည်။

## “ဒွိဋ္ဌိ (အထင်မှား၊ အယူမှား)”

မျက်စိနှင့်အဆင်းတိုက်၍ မြင်စိတ်ဖြစ်ပေါ်ပြီးနောက် အာရုံသည် (ဖဿ)ကြောင့် မနောနှင့် တွေ့ထိကာ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ဖြင့် တုန့်ပြန် ကြပါသည်။ ယင်းဖြစ်စဉ်သည် သတ္တဝါ မဟုတ်ပါ။ အဆင်း (ရုပ်)နှင့် မျက်စိ(ရုပ်)တို့ တိုက်မှု အကြောင်း ကြောင့် မြင်စိတ် (ဝိညာဏ်)၊ ဝေဒနာ၊

သညာ၊ သင်္ခါရ စသော ရုပ်နှင့်နာမ် အစုအပေါင်း (ခန္ဓာ)တို့သာ ဖြစ်ပေါ်ကြ၏။ ယင်းခန္ဓာတို့သည် အကြောင်းတိုက် ဆိုင်ခိုက် သာဖြစ်ပေါ်၍ အကြောင်း ကင်းသည်နှင့် ချုပ်ပျောက် ကြပါသည်ဟု သတိဖြင့် နှလုံးသွင်းမှန်ပါက ဒိဋ္ဌိအမြင် မှားကို ပယ်နိုင်ပါသည်။

ထိုအခါ ရုပ်နာမ် အစုအပေါင်း ကို ခေါ်ဝေါ် ပြောဆိုရန်အတွက် သတ္တဝါဟု အမည် ပညတ် ထားရုံမျှကို အရှိတရား အဖြစ်(ဒိဋ္ဌိ)ဖြင့် အခိုင် အမာအနှစ်သာရပြု၍ ပြင်းစွာစွဲလမ်းနေသော ဥပါဒါန်ကို တစ်ကြောင်းတည်းသော သတိပဋ္ဌာန် အကျင့်ဖြင့် ပယ်ရှားနိုင်မည်ဖြစ်ပါသည်။

## "သညာဝိပ္ပလ္လာသ (အမှတ်မှား)"

ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသ သညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာတို့သည် အရှိတရား ပရမတ်များ ဖြစ်ကြပါသည်။ လူ၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ တိုက်၊ အိမ်၊ ကား၊ ရွှေ၊ ငွေတို့သည် ပညတ် သညာများဖြစ်ပါသည်။ ပရမတ်သညာသည် ခန္ဓာ (၅)ပါးဖြစ်၍ ပညတ်သညာသည် လူ၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမတို့ဖြစ်၏။ ပရမတ်သညာသည် အရှိတရားဖြစ်၍ (ပညတ် သညာ)သည် (မရှိတရား)

ဖြစ်ပြီး (လောက)အတွက် ခေါ်ဝေါ်ပြောဆို (အသုံးပြုရန်) အတွက်သာဖြစ်သည်။ ယင်းကို ပိုင်းခြားမသိသောကြောင့် ပညတ်သညာကို အရှိတရားပြုကာ အခိုင်အမာ အနှစ်သာရယူ၍ ပုဂ္ဂိုလ် သတ္တဝါ ဒြပ်ဝတ္ထုပြုပြီး ကာယ၊ ဝစီ၊ မနော သင်္ခါရတို့ဖြင့် အလွန်အကဲအားထုတ်ခြင်း (အဘိသင်္ခါရ)ပြုကြလေသည်။ ယင်းသဘောတရားသည် လောကဖြစ်ပါသည်။

ပရမတ်နယ်တွင် မြင်လျှင်အဆင်းသညာ၊ ကြားလျှင်အသံသညာ၊ နံလျှင်အနံ့သညာ၊ စားလျှင်အရသာသညာ၊ ထိလျှင် အတွေ့သညာ၊ တွေးလျှင်သဘောသညာတို့သာ အကျိုးခန္ဓာ၌ အရှိတရားများဖြစ်ကြသော်လည်း လောကတွင် ပြောဆို ဆက်ဆံရန်အတွက် ပုဂ္ဂိုလ်သတ္တဝါ ဒြပ်ဝတ္ထုတို့မှာ အကြောင်းခန္ဓာတွင် အမည်နာမတို့ဖြင့် ပညတ်တင်ထားသောသညာများသာဖြစ်ပါသည်။ အမှန်အားဖြင့် အရှိတရားများမဟုတ်ကြသောကြောင့် လောကအတွက် သုံးရန်သာဖြစ်၍ စွဲရန်မဟုတ်ကြပါ။

အရှိတရား ပရမတ်သညာသည် ဖြစ်ပြီးပျက် ပါသည်။ ပညတ်သညာသည် မရှိတရားဖြစ်၍ ကာလ လွတ်သောကြောင့် အမည်နာမအားဖြင့် အမြဲရှိတရား အဖြစ် အထင်မှားကြပါသည်။ ထို့ကြောင့်

ပုထုဇဉ်တို့သည် ပရမတ်ကို မမြင်နိုင်ပဲ ပညတ်တို့ဖြင့် လောကတွင် သုံးရုံသာမဟုတ်ဘဲ စွဲသည်အထိ အခိုင်အမာယူကြလေသည်။ ထိုအခါ မြဲတယ်၊ ကောင်း တယ်၊ ကိုယ့်အလိုအတိုင်းဖြစ်တယ်ဟု နိစ္စ၊ သုခ၊ အတ္တ အားဖြင့် အမှတ်မှား အထင်မှားသော ကြောင့် အကျိုးပေးမည့် အကြောင်းတရားတို့ ဖြစ်ပေါ်ရလေသည်။

## "မြင်တာကိုသုံးပါ မစွဲပါနှင့်"

ပရမတ်သညာနှင့် ပညတ်သညာတို့ကို ပိုင်းခြားသိပါက ပရမတ်ဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ အတွေး(ဓမ္မ)သညာတို့သည် အကြောင်းတိုက်ဆိုင်ခိုက်ဖြစ်၍ အကြောင်းကင်း ပါက ပျက်ပါသည်။ စွဲစရာ ဘာတစ်ခုမျှ မကျန်ရစ်ပါ။

ပညတ်သညာသည် ခေါ်ဝေါ်ပြောဆို ဆက်ဆံရုံမျှ အမည်သဘောသက်သက်ဖြစ်၍ မရှိတရားဖြစ်သော ကြောင့် မရှိသည်ကို မရှိမှန်း အမှန်သိပါက စွဲ၍မရပါ။ သို့သော် ယင်းပညတ် မရှိ တရားတို့ကို အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုသော (အနုသယ)ကိလေသာ အကိန်းခတ်ကြောင့်

အထင်မှားပြီး အရှိထင်ကာ အထင်ကြီးခြင်း အထင်သေးခြင်းစသော လောကသုံး သမုတိအမှန်တရား၊ အရှိတရားအဖြစ် စွဲယူကြခြင်းဖြစ်လေသည်။

လောကဝေါဟာရသုံး ပညတ်သညာတို့သည် သုံးရုံသာဖြစ်၍ စွဲစရာအနေဖြင့် အရှိတရားများမဟုတ်ကြပါ။ အရှိတရား ပရမတ်သညာတို့သည်လည်း ဖြစ်သည့်နေရာမှာ ပျက်နေသောကြောင့် စွဲ၍ မရပါ။ ထိုသို့ ပိုင်းခြားမသိပါက သုံးလည်းသုံး၏။ စွဲလည်းစွဲ၏။ **'သုံးသာသုံး မစွဲနဲ့'** ဆိုသော ပြော စကားသည် (အပြောလွယ်)သလောက် (အသိခက်) သောကြောင့် အစွဲကို မပယ်နိုင်ကြခြင်းဖြစ်ပါသည်။

## "သတိနှင့်သညာ"

သညာသည် လိမ်တတ်ကောက်တတ်ပါသည်။ သညာသည် မြင်သမျှ ကြားသမျှတို့ကို မှတ်သားတတ် ပါသည်။ ယင်းတို့တွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဆိုသော (အနုသယ) ကိလေသာ အကိန်းခတ်များ ပါဝင်နေပါသည်။ ထိုသညာတို့သည် အစွဲဥပါဒါန် ကပ်သည့်အတိုင်း မှတ်သားထားပါသည်။ အကြောင်း တိုက်ဆိုင်၍ သညာပေါ်ပါကလည်း

ထိုအစွဲ ဥပါဒါန် အတိုင်းသာ သိပြန်ပါသည်။ ယင်း လောကသညာ သည် မနောသိစိတ်မှာပေါ်ခြင်း ဖြစ်သည်။

သို့သော် သတိပညာဖြင့် ယှဉ်၍ဖြစ်ပေါ် သော သညာသည် အရှိကိုအရှိအတိုင်း မှတ်သား ပါသည်။ တစ်ဖန်ပြန်၍ သတိဖြင့် နှလုံးသွင်းပါက လည်း အမှန် အတိုင်းသိနိုင်ပါသည်။ သတိမရှိ သောအခါ ဥပါဒါန် ကပ်သည့်သညာဖြင့် အလိမ် မိမိနေရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဝင်လေထွက် လေ၌ သတိကို ကိလေသာ ကြားမခိုပဲ ဝီရိယဖြင့် ထူထောင်နေရခြင်းဖြစ်ပါသည်။

## "ကပ်ကျော်သတိ"

ကပ်ကျော်ဘုရားဆိုသည်ကို ကြားဘူးကြ ပေမည်။ အနေနီးသော်လည်း မရောက်ဖြစ်ဘဲ ဝေးသော ဘုရားတို့ကို သွားရောက်ဖူးဖြစ်ကြပါသည်။ ထို့ အတူ တရားအားထုတ်ရာတွင် အဓိကကျသော သတိကို ကပ်ကျော်ပြီး ဘုရားခန်းမှာ တရားရှာနေ ကြပါသည်။ ယောဂီဝတ်စုံဖြင့် ပုတီးစိတ်၊ ဥပုသ် စောင့်၊ တရားအား ထုတ်နေကြပုံတို့ကို အသွင် ပုံသဏ္ဌာန်ဖြင့်မြင်ပြီး ကုသိုလ်အလုပ်တွေဟု (မျက်မြင်)

သိခဲ့ပါသည်။သို့သော် ပုတီးကို သတိကစိတ်သည် ဟုငှင်း၊ ဥပုဉ်ကို သတိက စောင့်သည်ဟုငှင်း၊ ဝင်လေထွက်လေကို သတိက အောက်မေ့သည်ဟုငှင်း၊ အသွင်ပုံသဏ္ဌာန်၏ နောက်ကွယ်မှသတိကို (ဉာဏ်မြင်)မသိခဲ့ပါ။ သတိရှိလို့ ကုသိုလ် ရသည် ဟုလည်း မသိခဲ့။ ထို့ကြောင့် သတိ၏ တန်ဖိုးကို အမှန်အတိုင်း မသိသောကြောင့် သတိကို အလေး ထားပြီး ဘဝတွင် မရှိမဖြစ် ထူထောင်ရမည်ဟု မဆုံးဖြတ်နိုင်ခြင်းဖြစ်သည်။ သတိထူထောင်မှုကို လည်း အလွန်အရေးကြီးသည်ဟု မထင်တော့ချေ။

မိမိ၏ နောက်ဆုံးအချိန်တွင် မည်သူ့ကိုမျှ အားမကိုးဘဲ အပါယ်နှင့် နတ်ပြည် လမ်းခွဲမှာ အကောင်း ဆုံးကုသိုလ် အဖေါ်မွန်အဖြစ် သတိက လက်တွဲ ခေါ် ဆောင်၍သွားပေမည်။

ထို့ကြောင့် နိဗ္ဗာန်ရောက်သည်အထိ ကျေးဇူးပြုမည်ဖြစ်သော သတိအဖေါ်ကို ယခုမှ စ၍ လက်တွဲမဖြုတ်စတမ်း ဝီရိယဖြင့် မြင်ရာ မှာလည်း မမေ့အောင်၊ ကြားရာမှာလည်း မမေ့ အောင်၊ နံရာ၊ စားရာ၊ ထိရာ၊ တွေးရာတို့မှာလည်း မမေ့အောင် ကြိုးစားအားထုတ်ကြရပေမည်။

# "တဏှာ နှင့် ဒိဋ္ဌိ"

တဏှာသည် နှစ်သက်သာယာခြင်း သဘော ဖြစ်ပါသည်။ ဒိဋ္ဌိသည် ထိုနှစ်သက်သာယာမှုကို မြဲသည် ခိုင်သည် ကိုယ့်အလိုအတိုင်းဖြစ်သည်ဟု ထင်ခြင်း ဖြစ်သည်။ ဥပမာ ဒီဆိုင်က လ္ဘက်ရည် ကောင်းသည် ဟု ယူဆထားပါက စိတ်တွင် ကောင်း သည်ကို မြဲသည့် အနှစ်သာရရှိသည့်အနေဖြင့် (ဥပါဒါန်)က စွဲယူထားပါသည်။ လ္ဘက်ရည် မသောက် ခင်အခါ၌လည်း ကောင်းနေသည်ဟု စွဲယူနေပါသည်။

ပရမတ်ဖြစ်စဉ်တွင် လ္ဘက်ရည်နှင့် လျှာတွေ့ ထိသောအခါမှ သုခဝေဒနာပေါ်ပြီး ကောင်းခြင်း ဖြစ်သည်။ သုခဝေဒနာချုပ်ပါက ကောင်းခြင်းသည် မရှိ တော့ပါ။ ကောင်းသည်ကို နှစ်သက်သာယာမှုသည် တဏှာဖြစ်သော်လည်း မြဲသည် (နိစ္စ)၊ ခိုင်သည်၊ အနှစ် သာရရှိသည် (အတ္တ)ဟူသော အယူများတို့သည် (ဒိဋ္ဌိ) ဖြစ်၍ အကြောင်းတိုက်ဆိုင်မှုဖြစ်ပေါ်၍ အကြောင်း ကင်းသည်နှင့် ချုပ်ပျောက်သည်ကို (သတိဖြင့်) အမှန်သိမြင်ပါက မမြဲခြင်း (အနိစ္စ)၊ မခိုင်သည်၊ အနှစ်သာရ မရှိခြင်း (အနတ္တ)တို့ကို ဟုတ်တိုင်းမှန်စွာ (realise) သိမြင်ကာ

အယူမှန် သမ္မာဒိဋ္ဌိ (right view)ဖြစ်လေသည်။
ထိုအခါ စွဲရာမှ မစွဲရာသို့ရောက်ပေမည်။

ဒေါက်တာစိုးလွင် (မန္တလေး)

## “ မှီငြမ်းစာအုပ်များ ”

၁။ နိဗ္ဗာနဂါမိနိပဋိပဒါ (စတုတ္ထတွဲ)
(ဖားအောက်တောရဆရာတော်ကြီး)
၂။ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ် (ဦးရွှေအောင်)
၃။ ချမ်းသာကိုရှာဖွေခြင်း (ဦးရွှေအောင်)

## ဓမ္မလမ်းစာစဉ်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ ဓမ္မလမ်းကို လျှောက်ကြမယ်
၂။ မဇ္ဈိမလမ်းကို လျှောက်ကြမယ်
၃။ မြတ်ဗုဒ္ဓ၏ဝိပဿနာ
၄။ ပိဋကတ်မှတ်စု
၅။ ဓမ္မကောက်နုတ်ချက်စာစုများ
၆။ ဝိပဿနာ 'ဝလုံးတန်း'
၇။ ဝိပဿနာ အခြေခံနှင့် အလုပ်ပေးတရား
၈။ အခြေခံဉာဏ်နှစ်ပါးနှင့် အနတ္တာအမြင်
၉။ သက္ကာယဒိဋ္ဌိ သိပုံပယ်ပုံ
၁၀။ လက်တွေ့လျှောက်လှမ်းဓမ္မလမ်း
၁၁။ အဆန်လမ်း
၁၂။ The Origin of Rebirth
၁၃။ The Four Noble Truths and Anatta